www.burmeseclassic.com




BURMESE
CLASSIC
.com

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၆၄၅၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၄၃၀၈၁၀

အကြိမ် – ပထမအကြိမ်၊
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/-

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်
BURMESE CLASSIC .com

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြဲ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

သျှင်မ

သမိုင်းသစ်ကောင်းကင်/ သျှင်မ၊ – ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၀။

၂၉၆– စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) သမိုင်းသစ်ကောင်းကင်




## အခန်း (၁)

"ဖြည်းဖြည်းလျှောက် .. ဖြည်းဖြည်းလျှောက် .. မြေကြီးတွေ ပတ်ကြားအက်သွားမယ်"

"သေချာငုံ့ကြည့်လျှောက်နော်၊ စောစောကမှ မြွေဟောက်မကို မြွေပွေးက အသည်းအသန်လိုက်ပြီး ပရိုပို့စ်လုပ်နေသေးတာ၊ အဲဒီနားမှာပဲ ..."

"ဟယ် ... ဖြည်းဖြည်းလျှောက်ပါပြောနေမှကွယ် .."

"အေးဟယ် .. ဖိနပ်ပြတ်သွားပြီ၊ ကောက် .. ကောက် .. ဟိုရှေ့ ကျုမှ ချိတ်လေး အပ်လေးနဲ့ ပြန်ထိုးစီးပေါ့"

"နင်တို့ကလဲ .. ဟိုမှာ ဘာလုပ်ရမှန်းမသိတော့ဘူး၊ ...နားပါဟယ် .. ခစ် ခစ် .."

"ဟား ဟား ဟား ..."

ကျောင်းသူတွေရှေ့ကဖြတ်လျှောက်မိတိုင်း ရင်ဆိုင်ရတတ်သည့်ပြဿနာ ..။ ခြေတုန်လက်တုန်ဖြစ်အောင် ရုက်တတ်လွန်းတာတွေ မဟုတ်ပါ။ ဒါပေမယ့် တစ်ခုခုပြောကြတော့မှာပဲလို့ထင်ပြီး တထိတ်ထိတ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာနေ့မှာ စိခန် ရယ်သံတွေ ထွက်လာပြီဆို သူ ခြေလှမ်းများတော့သည်။

"ဟော .. ငါမပြောဘူးလား၊ ကောက်သွားပြီ ..ကောက်သွားပြီ၊ ချိတ်ရောရှိရဲ့လား၊ အပြင်က ကွမ်းယာဆိုင်မှာ သွားဝယ်လိုက် .. သိလား .. ရဘယ်"

သမိုင်း ဖိနပ်ပြတ်ကိုကောက်၍ ကမူးရှူးထိုးများချင်နေသည့် ခြေလှမ်းတွေကို အနိုင်နိုင်အားတင်း၍ထိန်းသည်။ ဖိနပ်ပြတ်ဆိုတော့ လွယ်အိတ်ထဲထည့်လိုက်လို့လည်းမရ။ လုံးချေပြီး လက်သီးဆုပ်ထဲမှာ မြုပ်သွားအောင် ဖိဆုပ်ပစ်လိုက်ဖို့ကျတော့ တစ်ရှူးတစ်စမှမဟုတ်ဘဲ ..။ ပြီးတော့ ဖိနပ်ပြတ်ကတန်ဖိုးကြီးကြီးတောက်တောက်ပြောင်ပြောင်မဟုတ်ဘဲ လေးထောင့်ငါးရာပဲပေးရသည့် သားရေဖိနပ်ခပ်ဟောင်းဟောင်း ..။

ဖိနပ်ကို လက်တစ်ဖက်ကကိုင်၍ တိုရှင်းရှင်းညှပ်ထားသည့် ဆံပင်တွေကို အပြစ်မရှိအပြစ်ရှာ ဖိသပ်သည်။ နောက်ထပ်ပြီး ငုံ့ချပစ်လိုက်သည့်ခေါင်းက မြေပြင်ကို ခေါင်းနဲ့ပစ်ခွဲဝင်တော့မလိုဖြစ်နေမှာသေချာ၏။

ဒီတိုင်း ရယ်သံတွေက လမ်းတစ်လျှောက်လုံး လက်ဆင့်ကမ်းပျံ့နှံ့လာခဲ့ပြီး ...

"အမေ့ ..."

"ဟာ .. ဆောရီး .. တောင်းပန်ပါတယ်ဗျာ .."

ခွတ်ပျံ့သည့်ရေမွှေးနံ့လေးတစ်ချက်နှင့်အတူ နွေးထွေးနူးညံ့သည့် အထိအတွေ့လေးတစ်စုံတစ်ရာကို သူ့မျက်နှာက ခံစားလိုက်မိပြီးနောက်...

"တောက် .."

"မဟုတ်ဘူး .. ဆောရီး .."

ခတ် လက်တစ်ဖက် အင်အားအပြည့်နှင့် မြောက်တက်သွားသည်။ ထိုခဏမှာ ရယ်သံတွေ တိတ်ကျသွားခဲ့ပြီး ပတ်ဝန်းကျင်အနီးအနားက





လှုပ်ရှားနေသမျှအားလုံးလည်း ငြိမ်သက်ရပ်တန့်ကုန်၏။

'ချကုန်ပြီ၊ ဆော်ကုန်ပြီ' ဟု တိုးတိတ်စွာရေရွတ်ကြရင်း မျက်လုံးပေါင်းများစွာ ဝိုင်းဝန်းကြည့်နေခဲ့ကြပေမယ့် မြောက်တက်သွားသည့် ခတ် ရဲ့လက်က လေထဲမှာပဲ ရပ်တန့်နေခဲ့သည်။

နှုတ်ခမ်းပါးပါးနှင့် လက်တစ်ဖက်ကာထားသည့်နောက်မှာရှိနေသောမျက်နှာသည် သူမ၏ ဒေါသမာနတွေကို ဒီမှာပဲ ရပ်တန့်သွားအောင် တားဆီးပစ်လိုက်သည့်နှယ် ..။

သွယ်တန်းသည့် မျက်ခုံးခပ်ဖျော့ဖျော့ မျက်ရစ်မထင်ဘဲ မေးချင်သလိုဖြစ်နေသည့်မျက်ဝန်းအစုံနှင့် ထုံ့ပြည့်သည့်နှုတ်ခမ်းတွေ ..။ မျက်နှာထက်မှာရှိသမျှ အစိတ်အပိုင်းအားလုံးတို့သည် ထိတ်လန့်ချောက်ချားသွားခြင်း၏သရုပ်ကို ညီညွတ်စွာ ဖော်ကျူးနေကြ၏။ အခမရိုက်မှာစိုးလို့ အသည်းအသန်ကာကွယ်ရင်း ကြောက်ပါပြီ အော်နေတာမျိုး ..။

တောင်းပန်တာတွေ၊ ဆောရီးတွေ ကတိုက်ကရိုက်ဆိုလျက် မျက်နှာကို ကာကွယ်လိုက်သည့်လက်ထဲမှာ ဖိနပ်ပြတ်တစ်ဖက်နှင့်။

"လာပါ ခတ် ရယ်၊ သူလဲ ငုံ့ပြီးလျှောက်လာတာ၊ ငါတို့လဲ စကားပြောရင်း ငေးလာကြတာ၊ အတူတူများတာပါ၊ လာပါ"

ဝတ်လွှာက ခတ် မြောက်ထားသဲလက်ကို ဆွဲချပစ်လိုက်၏။ နုမြတ်က ရှေ့ဆက်ဖို့ တွန်းတွန်းထိုးထိုးလေး လုပ်သွားသည်။ ထိုအခါ ခတ် သူ့မျက်နှာဆီမှာ မျက်ဝန်းတွေစူးနစ်နေရင်း သမင်လည်ပြန်မျက်နှာလေးနှင့် ပါသွားခဲ့သည်။

ခဏလေးတိတ်ဆိတ်သွားခဲ့သည့်ပတ်ဝန်းကျင် က ပြောဆိုရယ်မောသံများနှင့် ပြန်လည်၍အသက်ဝင်လာခဲ့၏။

"တော်ပါသေးရဲ့နော်၊ ငါ့ရဲ့ချင်းလေးကို သနားပါတယ်"

"အေးလေ .. ဖိနပ်ကပြတ်၊ ခေါင်းငိုက်စိုက်နဲ့ ဘာမှမသိသာမသိ ဆော်ခံထိမှဖြင့် .."



www.burmeseclassic.com

www.burmeseclassic.com



''ဟား ဟား ဟား ...''

မိန်းကလေးတွေရယ်တာပေမယ့် အသံတွေက ဝါးလုံးကွဲ ..။ ဒီတစ်ခါ သမိုင်း ထိုအသံတွေကြောင့် အာရုံမပျက်ပြားခဲ့ဘဲ ပါးကိုဖြန့်စမ်းရင်း ခြောက်သွေ့သွားသည့်နှုတ်ခမ်းလွှာတို့ကို ဖိပိတ်သည်။

အားလုံး၏အနီးအပါးမှ တဲ့နေးစွာလှမ်းထွက်ခဲ့ရင်း လူသံသူသံတွေလုံးဝဝေးကွာကျန်ရစ်သည့်နေရာမှာ ရပ်တန့်မိပြန်သည်။ ဖိကျစ်ဆုပ်ကိုင်ထားဆဲဖြစ်သည့် ဖိနပ်ပြတ်ကို မျက်နှာရှေ့ထိ ထောင်ကြည့်လိုက်ပြီး နှာကျင်စွာအံကြိတ်မိသည်။

ပြီးတော့ လမ်းပေါ်မှာပစ်ချလိုက်ကာ စီးလျက်ရှိသည့်ဖိနပ်တစ်ဖက်ကိုပါ ချွတ်ခဲ့လိုက်၏။ စိမ်းနုနုမြေးညင်းတစ်ချို့ရှိနေသော ဖွေးနုသည့်ခြေအစုံသည် ...။

ကျွန်တော်ဟာ သတ္တိမရှိတဲ့ကောင် ... ...။





## အခန်း (၂)

''ဘာ .. ဖိနပ်ပြတ်တယ် .. ဟုတ်လား''

အဘွားဒေါ်မိမိညို၏အသံကို ကြားလိုက်ရသည်နှင့် အဘွားနဲ့သူ့နံရံတစ်ချပ်ခြားနေတာတောင် ကိုယ်က တွန့်ခနဲဖြစ်၏။

''ဖိနပ်ပြတ်သွားပြီ .. ဝယ်ပေးပါ .. ဒီလိုလား''

''ဟို .. ကလေးက ..''

''ဘာကလေးလဲ၊ ကျောင်းပဲပြီးတော့မယ်၊ ဒါကလေးလား၊ အိမ်မှာ အတွင်းရေးဘယ်လိုရှုပ်ထွေးနေတယ်ဆိုတာ နားမလည်ဘဲနဲ့ ထစ်ခနဲရှိလက်ဝါးလာဖြန့် ..''

ပန်းပင်တွေရေလောင်းနေရင်း ခြေလှမ်းတွေ တစ်လှမ်းချင်းနောက်ကိုပြန်ဆုတ်နေမိသည်။ ရေပိုက်ကနေယိုနေသည့် ရေများ တွေကပန်းပင်တွေပေါ်မဟုတ်ဘဲ သူ့ခြေလှမ်းအတိုင်း သစ္စာကြီးစွာလှုပ်ခါမျောပါလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ညှိုသစ္စာ' ဆိုသည့်အိမ်ကြီးမှာ ကျိုကျိုတက်ချမ်းသာခဲ့ပါသည် ဆိုလည်း လူတွေပြောကြတာပဲဖြစ်ကာ ဘာမှမရှိတော့ဘူးဆိုတော့လည်း လူပြောသူပြောနဲ့ပဲ အတည်ဖြစ်ခဲ့သည်။

'ညှိုသစ္စာ' ဆိုင်းဘုတ်ကို နွယ်ပင်တချို့ ရစ်ခွေနေသည့် ရှေ့တက်နေသောအုတ်တံတိုင်းထက်မှာတင်ထားတာဖြစ်ပြီး အဖြူရောင်စာလုံးတွေကလည်း ညှိုညစ်ညစ်ဖြစ်နေခဲ့၏။

စံအိမ်ကိုစိန်နဲ့မွမ်းမည်ဟု ကြွေးကြော်ခဲ့ကြသည့် စံအိမ်ရဲ့အရှင်သခင်တွေ တစ်ယောက်ပြီးတစ်ယောက် ထွက်ခွာသွားကြသည်။ သေဆုံးခဲ့ကြသည်။ ဒီနေ့ ဒီအိမ်ကြီးမှာ ညှိုသစ္စာ၏အရှင်သခင်အဖြစ် အသက်ခုနစ်ဆယ်နီးပါးရှိသော ဒေါ်မိမိညှိုနှင့် သူမ၏မြေးတော်နှစ်ယောက်ရှိသည်။ ပြီးတော့ ဆွေတော်မျိုးတော်တချို့နှင့် အစဉ်အဆက်သစ္စာကြီးစွာ တာဝန်ထမ်းဆောင်လာခဲ့ကြသည့် အလုပ်သမားကောင်းတွေ ..။

သည်အိမ်၊ သည်လူတွေကို အခြားလူတွေ ဘယ်လိုပဲဝေဖန်ပါစေ ညှိုသစ္စာ က နွယ်ပင်တွေတက်နေတာကိုလည်း မရှင်း။ ခြံအကျယ်ကြီးထဲမှာ ကိုင်းပင်တချို့ ရှည်လျားစွာဖြစ်နေတာကိုလည်း ဥပေက္ခာနှင့်ကြည့်ဖြူခဲ့သည်။ ခေတ်မီသားနားစွာ ရောင်စုံပြိုးပြက်နေကြသည့် တိုက်မြင့်ကြီးတွေကြားမှာ ညှိုသစ္စာ က မာနကြီးကြီး ရပ်တည်နေဆဲဖြစ်၏။

ရှေးဟောင်းလက်ရာစစ်စစ်များ ခိုင်ခံ့စွာရှိနေဆဲ နှစ်ထပ်ပျဉ်ထောင်နှစ်ဆောင်ပြိုင်အိမ်ကြီးက ရေနံချေးဝလျက် ခေတ်အဆက်ဆက် ဒီအတိုင်းပဲနေသွားမည်ဟု လက်မထောင်ကြွေးကြော်နေသည့်နှယ် ..။

"ဒီအိမ်မှာ ဘယ်သူ့လုပ်စာတွေ အစုလိုက်အပုံလိုက် ရှိနေလို့လဲ၊ လိုတိုင်းလက်ဖြန့်တောင်းရအောင် သင်းက မိဘအမွေအနှစ်တွေ စုရက်ပုံရက်ကျန်ခဲ့တဲ့ သူဌေးသားလား၊ ဟွန်း .. ကိုယ့်ကိုယ်ကို ဘာလဲဆိုတာ ပြန်ဆန်းစစ် .."

နောက်ဆုံးသဲ့သဲ့ပါလာသည့် စကားလုံးတွေ လုံးဝပျောက်ကွယ်





ကျန်ရစ်မှ သူ့ခြေလှမ်းတွေ ထိုနေရာမှာရပ်သွားခဲ့၏။ အဘွားဒေါ်မိမိညှို၏ မျက်မပြေခြင်းကို ခါးစည်းခံခဲ့ရသည့်ကာလအတိုင်းအတာဟာ သူ့အသက်တစ်မျှပဲဖြစ်သည်။

နောက်ထပ် သူ မလာမချင်း သို့မဟုတ် ညှိုသစ္စာကနေ ကျော်ခိုင်းထွက်ခွာသွားတဲ့ထိမဖြစ်မချင်း အဘွား သူ့ကို မုန်းတီးနေမှာဖြစ်သည်။ အဘယ့်ကြောင့်ဆိုလျှင် ...

"မြွေပွေးလို သတ္တဝါကောင်၊ မိခင်ကိုသတ်ပြီးမှ လောကထဲဝင်လာတာ၊ ငါ့သမီးကိုသတ်တဲ့သတ္တဝါ၊ လူသတ်သမား .."

သူ လူမှန်းသိတတ်တဲ့အရွယ်ကတည်းက အဘွား ဒေါသထွက်ပြီဆို ပတ်ဝန်းကျင်ကြောင့်မဟုတ်၊ တိရစ္ဆာန်ကြောင့်မပါ၊ တခြားသောဒြပ်ရှိဒြပ်မဲ့၊ သက်ရှိသက်မဲ့ ဘာကြောင့်မှမဟုတ်ဘဲ နေသမိုင်း ဆိုသည့်သူ့ကြောင့် ..။

"သမိုင်း .. ဟိတ်ကောင် .."

"ဟင် .."

"ဘာလဲ၊ ရေပိုက်ကိုင်ပြီး မတ်တတ်အိပ်ပျော်နေတာလား"

လူထက်အရင် ရေမွှေးနံ့က ရောက်လာသည်။ သမိုင်း လှည့်မကြည့်ပါ။ ရေပိုက်ကိုခေါက်လိုက်ပြီး ရေစက်ဘေးမှာ သေချာသွားတင်လိုက်သည်။ မောင်မောင်က နို့စိမ်းရောင်စပို့ရှပ်ပွပွ၊ ဘောင်းဘီရှည်မရည်ရောင်နှင့် ..။ ဆံပင်တော့ကို ခုခေတ်လူငယ်တွေအတိုင်း မတိုမရှည်ခပ်ပွပွနှင့် ဂျယ်ကြောင့် ဟိုကထောင်၊ ဒီကထောင်။ ဒါပေမယ့် မောင်မောင်က အရပ်မြင့်မြင့်၊ ကိုယ်လုံးဖွံ့ဖွံ့နှင့် မိုက်သားရုပ်တော့ကြည့်ကောင်းသည်။ ဆံပင်ကို မိန်းကလေးတွေလို ပုံစံအမျိုးမျိုးသူလုပ်တတ်ပေမယ့် ရုပ်ဆိုးသွားတယ်ဆိုတာမရှိ။

စီးသည့်ရှူးဖိနပ်မျိုးစုံကလည်း သုံးသောင်းကျော်တန်ဆိုတာ အနိမ့်ဆုံး ..။ ဒေါ်မိမိညှို ဆိုသည့်အဘွားဟာ ဒါကမှ 'ငါ့မြေး' ဟု ကိုယ့်တိုင်



www.burmeseclassic.com

ခွဲခြားသတ်မှတ်ထားခဲ့သော မောင်မောင်ညို့ကိုတော့ လိုလေသေးမရှိဆင်သည်။

မျက်နှာညှိုဖို့မလိုအောင်ထား၏။ မောင်မောင်ညို့မေမေ ဒေါ်မြခွာညိုရှိတုန်းကဆို သူ့မက ရင်သွေးကိုလည်းချစ်သည်။ အစ်မဖြစ်သူကမွေးခဲ့သည့် တူလေးကိုလည်း သားအရင်းနှင့်မခြား ချစ်ခဲ့သည်။ ကိုယ့်သားကိုမေမေအရေးပေးနေတာပဲဆိုပြီး ပိတိဖြစ်နေခဲ့ကယ်ဆိုတာမရှိပါ။

"မေမေရယ် ..၊ သားငယ်လေးရှေ့မှာတော့ စိတ်ထဲရှိတဲ့အတိုင်းမပြောပါနဲ့၊ ခွာညို တို့မှာ ရင်သွေးဆိုလို့ ဒီသားလေးနှစ်ယောက်ပဲရှိတာပါ"

ဟု မျက်ရည်လေးဝဲဝဲနှင့် ပြောပေးရာတဲ့အထိ။ ဒါတွေကို မေမေငယ်ကိုယ်တိုင်ပြောတာ သမိုင်း ကိုယ်တိုင်ကြားရတာလည်းရှိကာ ဒေါ်ကြီးလုံက ပြန်ပြောပြတာတွေလည်းရှိ၏။

"ကြီးလုံတော့ မိထွေးဆိုရင် မိထွေးတော်ဂေါ်တမီပဲ ကောင်းတာရှိခဲ့တယ်မှတ်တာ၊ သားရဲ့မေလေးက တကယ့်ကို ဂေါ်တမီလို အမျိုးပါကွယ်၊ သူ့တူလေး မျက်နှာငယ်ရတယ်ဆိုပြီး သားအရင်းကို ဆေးချထားပြီး တူကိုပဲမွေ့ဖက်ထားခဲ့တယ်၊ ယောက်ျားလုပ်တဲ့လူကလဲ တော်ရှာပါတယ်၊ ငါ့သားကိုတော့ မင်းက တူလောက်တောင်နေရာမပေးပါလားလို့ အပြောင်အပြက်သဘောနဲ့တောင် မပြောခဲ့ဖူးဘူး"ဟု ဆိုသည်။

မောင်မောင့်ကို ဘွား က အရေးပေးသည်၊ ချစ်သည်လို့တွေးပြီးမကျေနပ်နေတာမျိုးမဟုတ်ပေမယ့် ကိုယ်သာ အမုန်းခံလူသား ဖြစ်ခဲ့ရတာကိုတော့ သမိုင်း အမြဲတမ်း ကြေကွဲစိတ်ဖြစ်နေခဲ့မိသည်။ ပြီးတော့ အဘွား ပြောခဲ့တာရှိသေးသည်။

"နောက်ဖေးမှာ သပ်သပ်ခွဲထုတ်ထားတယ်ဆိုပြီး မဆိုင်သလိုနေလို့မရဘူး၊ ငါ့ခြံဝင်းထဲမှာ လက်ခံထားတဲ့အတွက် ငါ့မြေးကို သည်းခံရမယ်၊ ညီအစ်ကိုလို ရင်းနှီးခွင့်မရှိဘူး၊ အရှင်သခင်လို စောင့်ရှောက်"တဲ့။





မူလတန်းကျောင်းသားတွေအရွယ်မှာ မောင်မောင် ရန်ဖြစ်ပြီးနှုတ်ခမ်းပေါက်လာတော့ အဘွားက ကြိမ်းတုပ်ပြီးရိုက်သည်။ မောင်မောင့်ကိုမဟုတ်ပါ။

"ဒီလောက်တောင် တာဝန်မဲ့တဲ့ကလေး၊ စောင့်ရှောက်ရမယ်လို့မှာထားတာကို နှင်ဂရုမစိုက်လို့ ဒီလိုဖြစ်တာ၊ နင့်မှာပဲ အပြစ်ရှိတယ်၊ ဟော့... လာစမ်း .. ဒီကလေးကို တိုင်မှာကပ်ပြီးကြိမ်းတုပ် .."

ကျောပြင်နှင့်တင်ပါးပေါ်၊ ခြေသလုံးတွေမှာ အရှိုးရာတွေ ထပ်နေအောင်အရိုက်ခံရတာ သမိုင်း ပဲဖြစ်လေသည်။

"မနက်က ဘာဖြစ်ကြတာလဲ"

စိတ်ကူးတွေမရှင့်သန်မိ မောင်မောင့်အသံက နှောင့်ယှက်၏။ သမိုင်းနောက်လှည့်လိုက်ပြီးမှ မျက်နှာပြန်ငဲ့ကြည့်သည်။ မောင်မောင် က သမိုင်းဘေးကို ပြန်ရောက်လာပြီး ...

"မင်းကို တစ်ကျောင်းလုံးကပြောနေကြတာ .. သိလား"

"မင်းသိလာရင်ပြီးတာပါပဲ"

"မင်းလဲသိသင့်တာပေါ့ကွ၊ မအူမလည်ပုံနဲ့ နေရာတကာဝင်တိုးတာတွေ ရုပ်ရှင်ထဲမှာဆိုရင်တော့ ကြည့်ကောင်းမယ် .."

သမိုင်း မျက်နှာမော့ကြည့်လာပုံက တစ်ခုခုပြောမလို့မဟုတ်ဘဲမောင်မောင့်ကို ဆွေးမြည့်စွာ ငေးခြင်းဖြစ်၏။ ပြီးတော့ မျက်နှာပြန်လွှဲသည်။

"သမိုင်း .. မင်း သူ့ကိုသိလား"

နောက်ထပ်ခြေလှမ်းပြင်တာကိုလည်း ရပ်ပစ်လိုက်ရပြန်သည်။

"အဟွန်း .. သူများတွေ ဘာပြောပြော မင်း အဲဒီလိုအကြံညာဏ်ထုတ်ဖို့ထိ စိတ်မဝင်စားဘူးဆိုတာ ငါသိပါတယ်"

ပြော၍ သမိုင်း ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့ရယ်၏။

www.burmeseclassic.com



"မင်းက အသက်ရှုသာနေရင် ကျေနပ်ပြီဆိုတဲ့ကောင်ပဲ၊ ဒါပေမယ့် သူတို့က မယုံကြဘူး"

သမိုင်း မျက်ရည်တွေ လက်ခနဲ တစ်ချက်ဖြစ်သွား၏။ ရယ်ခဲပြုံးခဲသည့် နှုတ်ခမ်းသားတို့က ပို၍စေ့ပိတ်သွားကာ ....

"သူတို့ဆိုတာတွေ မင်းစိတ်ဝင်စားရင် အဲဒီတက္ကသိုလ်တစ်ပတ် ဆက်မွှေလိုက်ပါ၊ ငါ့ကို ဘာမှလာမပြောပါနဲ့"

"မပြောလို့တော့ ဘယ်ရမလဲ၊ ငါတို့ဘက်က မေဂျာတွေရဲ့ ဟန်ဆွဲကိုမှ မင်းက မတော်တရော် သွားလုပ်ခဲ့တာ၊ အဟွန်း .. သူတို့ပြောနေကြတာကို ပြောပြတာ .."

"မင်းသိနေတဲ့ငါ့အကြောင်းထဲမှာ အဲဒီလိုမဟုတ်နိုင်ဘူးဆိုတာ သိတယ်ဆိုပြီး ဘာတွေထပ်ပြောနေတာလဲ"

"မင်းအတွက် စာနာလို့ပါ၊ မင်းနဲ့ငါ့ကို ညီအစ်ကိုတော်မှန်း တစ်ကျောင်းလုံးမှာ သိတဲ့လူနှစ်ယောက်လောက်ပဲရှိတာ .."

"ဘာမှမတော်ဘူးလို့ မင်းပဲပြောတာပါ" ဆိုသည့်စကားက ရင်ထဲမှာပဲဖြစ်သွားသည်။ ဒါပေမယ့် သမိုင်း နှုတ်ဖျားက တစ်ခွန်းတစ်ပါဒမျှ မဟခဲ့။

"သူတို့က မင်းအကြောင်း လွတ်လွတ်လပ်လပ်ကြီး ထည့်ဝါးနေတော့ မင်းအစ်ကိုဖြစ်တဲ့ကောင်က နည်းနည်းတော့တင်းတာပေါ့"

သမိုင်း မျက်နှာ ခပ်လွှဲလွှဲနေလိုက်၏။ အစ်ကိုဆိုပေမယ့် မောင်မောင်က သူ့ထက် လေးလပဲကြီးသည်။

"မင်း သူ့နာမည်ရော သိလား .."

"မသိချင်ဘူး"

"ငါက ယုံပါတယ်၊ သူတို့က မယုံဘူး"

သမိုင်း မျက်နှာမှာ စိတ်ပျက်ခြင်းတို့ လွှမ်းမိုးသွားခဲ့၏။ ဒါပေမယ့် ဘာစုခပြောဖြစ်ပေ။





"သူ့နာမည်က 'စောင်းလက်ခတ်'၊ သူ့ကို ခတ် လို့ပဲခေါ်ကြတာ၊ နာမည်အတိုင်း စာလုံးပေါင်းရင်တော့ သူ့နာမည် ခတ် ဆိုတာ ရိုးရိုးပဲ၊ ဒါပေမယ့် ကကြိုးသတ်နဲ့အသံထွက်ကြည့်ရင် ခက် ဆိုတဲ့သဘောကွာ၊ တကယ်ပေါ်ဝါးရခက်တာ၊ အရမ်းလှပြီး ဘယ်သူ့ကိုမှ အထာမပေးဘူး၊ မာနကြီးတာလဲမဟုတ်ဘဲနဲ့ အလိုက်အထိုက်ဆက်ဆံရေးတော့ ပြန်လာတယ်၊ ပရိုပို့စ်သွားလုပ်ရင်တော့ လုံးဝအားမနာတတ်ဘူး"

သူ အားရပါးရကြီးပြောနေသမျှ သမိုင်း မျက်နှာမှာ ကောက်ကြောင်းလေးတွေ ရှိုးတိုးရိပ်တိတ် လှုပ်ရှားသွားသည်သာရှိလျက် မည်သည့်အသံတစ်စုံတစ်ရာမှ ထွက်မလာ။

ဒါဟာ အဆန်းမဟုတ်တော့သည်မို့ မောင်မောင်က သမိုင်းကို ကြည့်လိုက်၊ ပြောလိုက်၊ ငယ်ငယ်ကဆို သူ့ဖွင်းသလောက် ဆော့မယ်၊ ပျော်မယ် သွားပြီးအဖော်စပ်တိုင်း သမိုင်း က ပါးစပ်ပိတ် ခေါင်းခါနေသည်ချည်းမို့ ဒေါသဖြစ်ဖြစ်နှင့် အဘွားကို ပြေးတိုင်ပစ်လိုက်၏။

"အဘွား .. သမိုင်းက သားနဲ့မဆော့ချင်ဘူး၊ လာမခေါ်နဲ့တဲ့"

"ဘာ ..."

"မင်းကို ငါမုန်းတယ်လို့လည်းပြောတယ်" စသဖြင့် ..။

မောင်မောင် ပြေးတိုင်လိုက်တာနှင့် အဘွား က သမိုင်း ကိုခေါ်ကာ အစစ်အဆေးမရှိ ကြိမ်ဒဏ်ခတ်တော့သည်။

"မင်းကလား .. မောင်မောင့်ကို၊ ဟင် .. ဘာအကြောင်းနဲ့ မုန်းတာလဲ၊ ဘာကြောင့် အဘူမဆော့ချင်တာလဲ"

မေးမေးပြီးရိုက်သည်။ သူ့ဘာသာမေးပြီး သူ့ဘာသာပဲ ပြန်ဖြေ၍ ရင်ဘတ်ထုတတ်၏။

"ဖြစ်ရလေနော်၊ ငါးခူကပဲ ငါးခင်ရိုင်းကို နှုတ်ခမ်းမွေးရှည်လှတယ်ပြောလို့၊ မောင်မောင့်ကို နင် ဘာမကျေနပ်နေတာလဲ ငါမသိဘူး၊ မှတ်နေလား၊ ဒူးနေရာဒူး၊ တော်နေရာတော် နေရတယ်၊ အဲဒါကို မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



နေရင် ကြိုက်တဲ့အရပ်ကိုကြွ ..”

ဆိုသည့်စကားတွေနှင့် လိုက်ပိန့်ရိုက်နေပြီဆို မောင်မောင်က ကွယ်ရာမှာ ပျော်လွန်းလို့ ခုန်ပေါက်မပြီးနိုင်။

သမိုင်း ဒါတွေကိုသိသည်။ သိတိုင်း ပြောလို့မရ၊ ဖြစ်တိုင်း ကြည့်ခွင့်မရှိ။ ကိုယ့်ဘဝကို တခြားလူသိတာထက် ပိုသိပါသည်။ သိလို့ သိတဲ့အတိုင်း ပါးစပ်ပိတ်နေလိုက်သည့်အခါ ...

“သမိုင်း .. မင်း အဲဒီလို ပါးစပ်ပိတ်နေတတ်တဲ့စတိုင်လ်ကို သူတို့က ခေါင်းစဉ်တွေတပ်နေကြတယ်”

သမိုင်း က သူ့မျက်နှာကိုတည့်တည့်ကြည့်ပြီး တစ်ခုခုပြောတော့မလိုနှင့် မျက်ဝန်းတွေ ပြန်တိမ်းသွား၏။ မောင်မောင့်မျက်နှာ ကျကျနနမှဲ့သွားသည်။ ပြီးတော့ ဟွန့်ခနဲ ရယ်သံကိုတော့ သမိုင်း ကြားအောင် တမင်ကျယ်လိုက်ကာ ...

“မင်းကို ခေတ် က ဘာမှတုံ့ပြန်မသွားတဲ့အဖြစ်ကို သူတို့ ...”

“သူတို့က ဒါတွေ ငါသိအောင်သွားပြောပေးပါလို့ မင်းကို လူကြုံပါးလိုက်တာမဟုတ်ဘူးထင်တယ်”

မောင်မောင့်မျက်နှာ ကွက်ခနဲပျက်သွား၏။ သို့သော် ...

“ပါးရအောင် မင်းဆီကို ငါလမ်းကြုံတယ်ဆိုတာ ဘယ်သူက သိလို့လဲ”

“ဒါဆို သူတို့မပါဘဲပြောပါ၊ ငါမှားခဲ့လို့ဖြစ်တဲ့ကိစ္စမှာ ပါးရိုက်ခံခဲ့ရသည်ဖြစ်စေ၊ မခံခဲ့ရဘူးဖြစ်စေ မင်းနဲ့ တစ်ခုခုပတ်သက်နေနိုင်တာရှိသလား၊ ဥပမာ .. အဲဒီမိန်းကလေးအတွက် မင်းရင်ထဲကတစ်ခုခု ..”

မောင်မောင့်နှုတ်ခမ်းမှာ ပြုံးရိပ်ထင်လျက် မျက်ဝန်းအစုံမှာ တလက်လက်စူးရဲသွားသည်။ လည်ကပ်ချိုင်းပြတ်စပို့ရှပ်နွမ်းနွမ်း၊ စစ်ရောင်ဘောင်းဘီရှည်ပွပွကို ဒူးဆစ်အထိလိပ်တင်လျက် သမိုင်း တစ်ကိုယ်လုံးကို မပတ်သက် မရင်းနှီးခဲ့သူတစ်ယောက်ကဲ့သို့ ကြည့်၏။





သမိုင်း က အသားဖြူ၍ ပါးပြင်မှာ သွေးကြောစိမ်းတွေက ဝါရွှေရွှေစိမ်းလဲ့လဲ့အရောင်ထင်နေသည်။ မျက်ခုံးနှစ်ဖက်က သွယ်၍ အရောင်ဖျော့၏။

နာတံပေါ်ခြင်း၊ နှုတ်ခမ်းထူခြင်းက သိသာနေသဖြင့် မျက်လုံးကမှေးသလိုဖြစ်သွား၏။ ပြီးတော့ မေးရိုးကားသည်။ သူ့မျက်နှာကိုမြင်လိုက် တာနှင့် မြန်မာစစ်စစ်တစ်ယောက်လို့ထင်တဲ့သူ ရှားလိမ့်မည်။

ထို့ပြင် ညှိုသစွာမှာ ထုသမှုနက်သမှု လိမ့်ခံနေရသည့် ပေတုံးတစ်တုံးလိုကောင်မှန်းလည်း ဘယ်သူမှမသိနိုင်။ ဘာဖြစ်လို့လဲဆိုလျှင် သမိုင်း မျက်နှာမှာ အမြဲတမ်းသုန်မှုန်နေလျက် ချက်ချင်းထပေါက်ကွဲတော့မလို ညို့မှိုင်းသွားတာမျိုးရှိသည်။ ထို့နောက် ခပ်သိမ်းသောအရာအားလုံးကို မမြင်သလို၊ မသိသလို ခံစားချက်မဲ့နေသော အေးစက်သည့်ဥပေက္ခာတွေလည်း ရှိပြန်သည်။

ဒီလိုမျက်နှာမျိုးကို နားလည်သည်းခံနိုင်လွန်းသည့် လူငယ်တစ်ယောက်အဖြစ် ဘယ်သူမြင်မှာလဲ။ မင်းမျက်နှာမှာ မင်းပြဋ္ဌာန်းသလောက်မဖြူစင်ဘူး သမိုင်း ..၊ အဲဒါကြောင့်ပြောချင်တာ၊ မင်းရင်ထဲမှာ တမင်တကာတွေရှိတယ် ..။

ရင်ထဲကစကားသံတွေကို ကိုယ့်ဘာသာပြန်နားထောင်၍ မောင်မောင်က ပြုံး၏။ ဘာပြောလာမလဲလို့ စိုက်ကြည့်နေသည့် သမိုင်း ကလည်း ထိုအပြုံးကို နားလည်သည်။ သူ သိခွင့်မရှိသောစကားတွေ မောင်မောင့်ရင်ထဲမှာ အသံတိတ်ပြီးဆုံးသွားပြီ။

“သမိုင်း ..”

နောက်ထပ် သမိုင်း ခြေလှမ်းတွေ ရပ်တန့်သွားပြန်သည်။

“မင်း သူ့ကိုသိနေလား၊ မသိဘူးလား .. အဲဒါတော့ဖြေ ..”

ကျောပေးထားရင်း သမိုင်း အကြာကြီးတိတ်နေ၏။ ပြီးမှ ရှေ့ဆက်လှမ်းသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com

''ငါက ငါ့ကိုယ်ငါတောင် မသိချင်တဲ့သူ ..''

ခပ်တိုးတိုးပြော၍ မြေကြီးခဲလေးတစ်လုံးကို ခြေဦးထိပ်နဲ့ လှဲ့ကန်လိုက်ပြီး ...

''မင်း မယုံလဲ မတတ်နိုင်ဘူး''

အဝေးရောက်သွားသည့် သမိုင်းရဲ့ကျောပြင်ကိုငေးရင်း မောင်မောင်က မှဲ့ပစ်သည်။

မယုံဘူး ...။





## အခန်း (၃)

ခုံတန်းမှာ ခပ်လျော့လျော့မှီကာ ပေါင်ပေါ်မှာ လက်နှစ်ဖက်တင်လျက် လက်ထဲမှာ စာအုပ်ကဖြန့်လျက်သားမို့ စာဖတ်နေသည့် သမိုင်းရဲ့မျက်ဝန်းတွေက စာမျက်နှာတွေပေါ်မှာ အသံဘိတ်ရွေ့လျားနေခဲ့၏။

ထိုစဉ် စိုက်ချထားသည့် သူ့မြင်လွှာထဲကို ဖိနပ်လှလှလေးတွေစီးထားသည့် ခြေထောက်လေးသုံးစုံ ညီညီညာညာဝင်လာသည်။ စာဖတ်နေသည့် သူ့မျက်ဝန်းတွေ စာမျက်နှာထက်ကနေ ခြေထောက်တွေပေါ်ပြောင်းလဲရောက်ရှိသွားခဲ့၏။ ထို့အထက်ကိုတော့ မော်မကြည့်မိသေးပါ။

မိတ်ကပ်၊ ရေမွှေးနံ့ပေါင်းစုံက နှာခေါင်းထဲမှာ စူးစူးရှရှ နှုတ်ဆက်လာ၏။

''စာမေးပွဲက လိုပါသေးတယ်၊ ရော့ ..''

သူ မော့မကြည့်တော့ မျက်နှာရှေ့မှာ ကဏ္ဍူဘူးတစ်ဘူးကို ခပ်ရိုင်းရိုင်းထိုးပေး၏။ ဘာမှန်းမသိဘဲ ဘူးကိုကြည့်လိုက်မိပေမယ့် ထိုအချိန်အထိ သမိုင်း မျက်လုံးတွေ မိန်းကလေးသုံးယောက်ဆီကို မရောက်။

''ယူပါ၊ တို့တွေက ယူ့ဒုက္ခကိုမမြင်ရက်လို့ ကူညီတာ ..''

သမိုင်း မျက်ခုံးနှစ်ဖက် တွန့်ချိုးသွား၏။ ပြောလိုက်သူကို မော့


www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိတော့ သူမြင်ပုံးနေကျမျက်နှာပဲဆိုတာ သိလိုက်သည်။ သူ သွားနေကျလမ်းမှာ အမြဲတမ်း သွားအဖွေးသားပေါ်အောင် ပြုံးရယ်နေလျက် လက်ခုပ်လက်ဝါးတီး၍ ခြေလှမ်းမှားအောင် ဖြားယောင်းနိုင်သော အသံမျိုးစုံ၏ပိုင်ရှင်လည်းဖြစ်သည်။

ထိုအုပ်စုထဲမှာ ပခုံးလောက် ဆံပင်ကောက်ကောက်ကွေ့ကွေ့များနှင့် အနီရောင်၊ အနက်ရောင်တွေပဲ အဝတ်များ၁လောက် သူမ၏ရယ်သံကပါ အများနှင့်မတူ ..။ ထို့ကြောင့် သူမ ကို သမိုင်း သိနေခဲ့သည်။ တခြားရေနေကြားရတတ်သည့် ရယ်သံပိုင်ရှင်တွေလည်း ဒီသုံးယောက်တည်းတော့ မကနိုင်ပါ။ သူမတို့အုပ်စု အနည်းဆုံး ခြောက်ယောက်၊ ခုနစ်ယောက်တော့ ရှိနိုင်သည်။

သမိုင်း က သူမကိုစိုက်ကြည့်နေပြီးမှ ဘေးကို မျက်လုံးနည်းနည်းေ့သည်။ ပြီးတော့ မှီထားသည့်ကိုယ်ကိုပြန်မတ်၍ စာအုပ်ကို ပိတ်ပြီး လွယ်အိတ်ထဲထည့်လိုက်၏။

"ဟာ .. ကြည့်စမ်း၊ ပေးနေတာကို သူများရှက်အောင် ဒီတိုင်းကြီးထားခဲ့တယ်၊ ဟေ့ .. နေဦး"

သူ့ရှေ့မှာ သူမ တို့သုံးယောက် ကာဆီးလိုက်ကြပြန်သည်။

"ဒါကိုယူပြီးမှသွား၊ ယူ ဟိုတစ်နေ့က တခြားမေဂျာက ကွင်းနဲ့ရင်ဆိုင်မိတာ ဖိနပ်ကြောင့်မို့လား .."

ဖိနပ်ပါလာတော့မှ ဒါဟာ ဖိနပ်ဘူးမှန်း သူသိ၏။ ထင်တော့ထင်ပေမယ့် တကယ်လို့မထင်ခဲ့ပေ။ သူမ က သမိုင်း ခြေထောက်မှာစီးလာသည့် အဖြူရောင်ဖော့ဖိနပ်ကို ငုံ့ကြည့်၍ ...

"ဒီလိုနယ်မြေမှာ ဖော့ဖိနပ်ကြီးနဲ့ မကောင်းပါဘူး၊ ပြီးတော့ လူတွေက ယူ့ကို ဟိုတစ်ယောက်နဲ့ ဘာညာဘာညာတွေပြောနေကြတာလဲ တို့မယုံဘူး၊ ယူ့ဘက်မှာ ဒီဖိနပ်အခက်အခဲကြောင့် မတော်တဆဝင်တိုက်မိတာလေ၊ ဟိုဘက်က ကာယကံရှင်တောင် နားလည်တာပဲ





အဲဒါကြောင့် ပြဿနာမဖြစ်ဘဲ ပြီးသွားတာ၊ မကောင်းတဲ့ဖိနပ်တွေစီးနေရင် ဒီလိုပြဿနာတွေ ထပ်ရှိနေဦးမှာပဲ၊ တို့က ကိုယ့်ရဲ့ကလပ်စ်မိတ်ချင်း ကူညီတာပါ၊ ရော့ ..."

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မလိုချင်ဘူး"

သမိုင်း က ပြေပြေပြစ်ပြစ်ပြန်ပြောပြီး တခြားက ရှောင်ထွက်လိုက်၏။

"ယူက မာနတွေပြနေတာလား .. ဟေ့ .."

"ဟုတ်တယ်၊ အဲဒီလိုလုပ်သွားတာတော့ ဘယ်ကောင်းမလဲ"

နောက်ထပ် ရှေ့မှာပိတ်ပစ်လိုက်တော့ သမိုင်း မျက်လုံးက သူမတို့သုံးယောက်ကို တစ်ယောက်စီ စူးစူးရဲရဲရောက်သွား၏။

"တို့က ရတနာသွန်းစက်၊ သူက အိအိသုန်"

"တို့က မိုးဝသန်"

တစ်ယောက်က သူမကိုယ်သူမ မိတ်ဆက်ပြီး ရှေ့တိုးလာ၏။

"ယူက အမြဲတမ်း တစ်ယောက်တည်းနေတော့ အထီးကျန်ဆန်တာပေါ့၊ အခက်အခဲတစ်ခုခုရှိလာရင်လဲ တစ်ယောက်တည်း ဖြေရှင်းတာထက် အများနဲ့ တိုင်ပင်ဖြေရှင်းမှ ..."

"ကျွန်တော့်မှာ အခက်အခဲတွေ အများကြီးရှိတယ်"

"အဲဒါကြောင့်ပြောတာ .."

"ဒါပေမယ့် တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းဖြေရှင်းလာခဲ့တာ အကျင့်ပါနေပါပြီ"

"ဩော် .. ခက်ပါလား၊ ယူ့ကို တို့ကစပြီး မိတ်ဆက်ကြတာလေ၊ ကာလဲ .. မာနကြီးတာလား"

"မာနကြီးစရာ ဘာမှမရှိတဲ့လူကို အဲဒီမေးခွန်းတွေ ခဏခဏ မမေးပါနဲ့ဗျာ၊ ကျွန်တော် ဖြေနိုင်တာ တစ်ခုပဲရှိတယ်၊ အဲဒါက တစ်ယောက်တည်းနေရတာကို နှစ်သက်လို့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"မိန်းကလေးတွေဆီက အကူအညီကိုလဲ မယူပါရစေနဲ့၊ ကျွန်တော့်ကို နားလည်ပါ"

သူ တစ်ချက်မှ မတုံ့တော့ဘဲ တောက်လျှောက်ခြေလှမ်းကျဲခဲ့သည်။ တလွှားလွှားတိုးတိုက်ရွေ့လျားနေသည့် ကိုယ့်ခြေဦးထိပ်ကိုပဲ စူးစိုက်ငုံ့ကြည့်ကာ ဖိပိတ်အံကြိတ်ထားသည့် မေးရိုးနှစ်ဖက်က သိသာစွာ ကားထွက်နေ၏။

"တောက် .. ကြီးကျယ်လိုက်တာ .."

"အေးလေ .. ကိုယ့်ကိုယ်ကိုရော ပြန်ငုံ့ကြည့်မိရဲ့လား၊ ဒီလောက်မာနကြီးရအောင် .."

ခုန်လွှားပါလာခဲ့သည့်စကားသံတွေက နောက်မှာ ပျောက်ကွယ်ကျန်ရစ်ခဲ့သော်လည်း သူ့နားထဲမှာ ဒီအသံတွေပဲ ပဲ့တင်ထပ်နေသည်။ ပြီးတော့ ရယ်သံတွေ ..။

"ဟိုမှာ လာပြီဟ၊ ခေါင်းငုံ့ကိုယ်တော် ..."

"မဟုတ်ပါဘူး၊ ဒါဝတ်သူရွှေးလေးပါ၊ နိုင်ငံမှားပြီးရောက်လာတာ"

"ဟား ဟား ဟား ..."

နေ့စဉ်လိုလို သူသွားတဲ့လမ်းတစ်လျှောက်မှာ ရယ်သံတွေက တိုးတိုးကျယ်ကျယ် သံစုံမြည်၏။

"ကိုယ့်ဘာသာ ဖိနပ်မဝယ်နိုင်ရင် လက်နှစ်ဖက်ထောက်ပြီး ကင်းမြီးကောက်ထောင်သွား၊ အဝတ်တွေ စုတ်ပြဲကုန်လို့ လဲစရာမရှိရင် ဖျာလိပ်ပတ်ထွက်၊ ငါ့ဆီကို ဘာအကြောင်းမှ လာမပြောကြနဲ့၊ သင်းနဲ့ပတ်သက်တဲ့တာဝန် ငါ့မှာမရှိဘူး"

စကားလုံးပေါင်းများစွာထဲမှ အဘွားရဲ့စကားတွေကတော့ ရိုးတွင်းခြင်ဆီ နှလုံးသည်းပွတ်အထိ တိုက်ရိုက်စူးလေသည်။ ထိုပြင် ဒီလောက်နဲ့လည်း မကခဲ့ပေ။





"လောဘတက်ပြီး ဟိုကြံဒီကြံ ကြံကြည့်၊ သူခိုးဓားပြဖြစ်ဖြစ်၊ ချေးစား၊ မြှူစားတဲ့ဘဝပဲရောက်ရောက်..၊ ငါသိတဲ့နေ့ဟာ ဟောဒီညီသံစွာ ကနေ မောင်းထုတ်တဲ့နေ့ပဲ၊ ငါ့မြေးတစ်ယောက်ကိုပဲ လူကောင်းသူကောင်းဖြစ်အောင် မျိုးထောင်ဖို့ ငါ့မှာ တာဝန်ရှိတယ်၊ ကျန်တဲ့လူကိုယ့်ဘဝကိုယ်ကျောင်း .. ဒါပဲ"

ဟု အဘွားက သူ့မရှေ့မှာ လက်ပိုက်ရပ်နိုင်းပြီး မျက်နှာကိုစေ့စေ့ကြည့်ပြောခဲ့သည်။ လူ့ဘဝဟာ လှေတစ်စင်းလိုပဲဆိုရင်တောင် သူ့ရဲ့ဘဝလှေဟာ ပဲ့ကိုင်မလိုတဲ့လှေပဲဖြစ်သည်။ ဦးထိန်း ပဲ့ကိုင်မရှိဘဲ နေသမိုင်း ဆိုတဲ့ကောင် သူ့ဘဝကို ဘယ်လိုရပ်တည်သွားသည်ဆို တာကို ပြနိုင်ရမည်။

ဒါပေမယ့် ဒီနေ့အထိ သူ ဘာမှဖြစ်မလာခဲ့သေးပါ။ ဘာမှမဖြစ်ခဲ့သူကို ဘာမှဖြစ်မလာနိုင်တဲ့သူလို့ သတ်မှတ်တာလည်း ဘယ်သူမှ မလွှနိုင်ပေ။

တစ်နေ့နေ့ဟာ ကိုယ့်အတွက်ဖြစ်လာပါစေဟုသာ ... ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မိုးပွဲတွေက တဖြည်းဖြည်းစိပ်လာသဖြင့် မျက်နှာစာပိတ်ထားသည့ ဘာဂျာတံခါးနှင့်တိုက်ကြီးရှေ့ကအရိပ်မှာ ခဏဝင်ခိုလိုက်မိသည်။

အဘွားရဲ့ပွဲရုံမှာ ကျောင်းအားရက်တိုင်း သူ တစ်နေကုန်သွားထို နေခဲ့တာ ဒီတိုင်း ငုတ်တုတ်ကြီးတော့မဟုတ်ပေ။ ကုန်တင်ကုန်ချနေရာမှ ဝင်ကူလိုက်၊ ဂိုဒေါင်ထဲမှာ ပဆွည်းနေရာချတဲ့အထဲ ဝင်ပါလိုက်၊ မှန်နေကူ စာရေး၊ အလုပ်သမားနေရာ ဘယ်နေရာမဆို ဝင်ကူခဲ့သည်။

ဒီနေ့ကျမှ တစ်နေ့ကုန်မိုးအုံ့နေကာ နှာစေးခေါင်းကိုက်ဖြစ်လာ သောကြောင့် ညနေတောင်မစောင်းသေးဘဲ တပြန်လာခဲ့ခြင်းဖြစ်သည်၊ သူ့လိုပဲ ဈေးသည်တစ်ယောက်က ငုံးဥပြုတ်ဆွဲခြင်းကို လက်တစ်ဖက်မှ ချိတ်ထားလျက် မိုးဝင်ခိုသည်။

"မိုးက တိတ်မှာလား၊ ဒီ့ထက်ပိုသည်းမှာလား၊ ဘာလဲကွ .. နည်းနည်းပါးပါး အကြောင်းမကြားဘူး၊ တောက် ..."





ဆံပင်မှာစိုနေသည့်ရေကို ခါထုတ်လိုက်ပြီး တက်ခေါက်၍ ဆဲရေး နေသေးသည်။ ပြောနေတုန်း မိုးက ပိုသည်းလာပေတော့ သမိုင်း နှုတ်ခမ်း ပြုံးယောင်သမ်းသွား၏။

"တွေ့လား .. တွေ့လား၊ မိုးပေါက်ကြီးတွေ ဘူးသီးလုံးကြီးတွေ ပြုတ်ကျလာသလားမှတ်ရတယ်၊ ပြောလိုက်လို့ ငါ့ကိုရွဲ့တာ .."

ငုံးဥသည်က မိုးစက်တွေကိုမော့ကြည့်ပြောရင်း သမိုင်း ကို လှည့်၍ တိုင်တည်၏။ သမိုင်း ကပြုံး၍ ...

"ခင်ဗျား ဆဲလိုက်လို့ဖြစ်မှာပေါ့"

"ဟုတ်ပါ့မလား၊ ဒါဆို မြန်မြန်ရွာ မြန်မြန်လင်းသွားအောင် နှာနှာ ဆဲပေးလိုက်ရမလား"

"အဟွန်း ..."

"ဟား ဟား ..."

ဈေးသည်က သူ့စကားနဲ့သူ တဟားဟားရယ်ချလိုက်ပြီး အား ပေးသည်။ မိုးတအားသည်းလာတော့ နောက်ကိုပိုတိုး၍ ဘာဂျာတံခါး နားမှာ ကပ်မှီလိုက်၏။ တံခါးမှာ ဖုန်တွေ၊ ဆေးတွေရှိလျက် အင်္ကျီကို စွန်းကုန်မှာစိုးလို့ နောက်ပြန်လှည့်ကြည့်လိုက်မိတော့ အပြာရောင် စာရွက် ထူလေးကိုခေါက်ပြီး တံခါးကြားမှာညှပ်ထားတာ မြင်လိုက်ရသည်။

တံခါးက ပိတ်ထားတာကြာပြီဖြစ်သည့်တံခါးဖြစ်သည်။ သမိုင်း အားဘီကို လိုက်ရှာကြည့်ရင်း စာရွက်ခေါက်လေးကို ဆွဲထုတ်၍ ဖြန့် ကြည့်လိုက်၏။

စာရွက်ပေါ်မှာ သရုပ်ဖော်ပုံလေးတစ်ပုံကို ဆွဲထားသည်။ ပန်းတွေ ပွင့်နေသော သစ်ပင်တစ်ပင်ရယ်၊ ဂါဝန်လေးတစ်ဖက်စကို မ,ကိုင်ထား လျက် အပင်ပေါ်ကိုမော့ကြည့်နေသည့်ကောင်မလေးတစ်ယောက်ရယ်၊ ပြီးတော့ အပင်အောက်မှာ ဗွက်အိုင်ကြီးတစ်အိုင် ..။

ပုံကို သေချာစူးစိုက်ကြည့်နေရင်း သမိုင်း မျက်နှာပြုံးသွား၏။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘေးဘီကို နောက်ထပ်ဝေ့ကြည့်မိကာ လွယ်အိတ်ထဲက ဘောလ်ပင်ကို ထုတ်ယူလိုက်သည်။

အပင်အောက်ကိုလည်းမဝင်နိုင်၊ ယန်းကိုလည်းလိုချင်နေသည့်ကောင်မလေးလက်ထဲကို ဝါးတံချူလေးတစ်ချောင်း ထည့်ပေးလိုက်၏။ ပြီးတော့ အကြာကြီးငေးကြည့်နေပြီးမှ စာရွက်ကိုပြန်ခေါက်၍ မူလနေရာလေးမှာ ပြန်ညှပ်ထားလိုက်သည်။ ဘေးလူမြင်ရင်တော့ သူ့ကို ဒီကောင်ဂေါက်နေပြီလို့ ပြောတော့မည်။

ဟုတ်တာပဲ၊ သူလိုလူမှ မဂေါက်ဘူးဆိုရင် ဘယ်သူဂေါက်မလဲ။ ဘဝမှာ လွတ်လပ်ခွင့်ဆိုလို့ အဲဒီလို စိတ်ကြိုက် 'ဂေါက်'နေခွင့် တစ်ခုတည်း ..။





## အခန်း (၅)

ထမင်းစားချိန်ဆိုတာလည်း သူ့အတွက်ကတော့ တစ်ယောက်တည်း ထမင်းချိုင့် ဖွင့်စားခြင်းပဲဖြစ်သည်။ ကန်တင်းသွားရအောင်လို့ ဘယ်သူမှလည်းလာမခေါ်၊ ငါတို့နဲ့လာစားကွာလို့လည်း ခေါ်မယ့်သူမရှိ။

ဟိုအစတုန်းကတော့ ဆကားလာပြောကြ၊ ဟိုခေါ်ဒီခေါ် လုပ်ကြတာတွေရှိသည်။ ဘယ်သူနဲ့မှ မရင်းနှီးလိုသည့်စိတ်ထဲမှာ အားလုံးကိုခေါင်းခါတော့ နေသမိုင်း ဆိုတာ အဲဒီလို တစ်ယောက်တည်းငေါင်နေတဲ့ကောင်ကိုခေါ်သည့်ဟုမင် ပါးစပ်ရာဇဝင်လေးဖြစ်လာခဲ့သည်။

"ဒီကောင် .. ဘာကောင်မှန်းမသိဘူး" ဆိုတာတွေ၊ "ပိုက်ဆံမကိုင်နိုင်လို့ ကန်တင်းကို ဘယ်တော့မှ ခေါ်မရတာ" စသည့် တဖြည်းဖြည်းဝေဖန်သံတွေလည်း ကြားလာရ၏။

ဘာကောင်မှန်းမသိဘူးဆိုတာလည်းမှန်သည်။ ပိုက်ဆံမကိုင်နိုင်တာလည်း မမှားပါ။ သူ ဆုပ်ကိုင်ထားတာက ကိုယ့်ကိုယ်ကိုသာသိသောအမှန်တရား ..။

"သူပြောတာ မှန်ပါတယ်၊ ငါတို့ကိုက မှားတာ .."



www.burmeseclassic.com

www.burmeseclassic.com



စကားသံကြားလိုက်ရတာက ကိုယ့်နောက်ကမို့ ထုံးစံအတိုင်း သမိုင်း လှည့်မကြည့်မိခဲ့ပေ။

“ဘာဝဲဖြစ်ဖြစ် ဒါ ယောက်ျားစကားမှမဟုတ်တာ ..”

နောက်ထပ်စကားသံက သူ့ဘေးကနေ ပွတ်ကပ်လျှောက်သွားသည့်မိန်းကလေး၏အသံဖြစ်ကာ မိန်းကလေးတစ်စု၏ ပြောဆိုလှုပ်ရှားသံတွေက သူ့ရှေ့မှာပဲရပ်တန့်၏။

ထမင်းတစ်ဇွန်းခပ်၍ ပါးစပ်ထဲထည့်ခါနီးမှ ဇွန်းကို ပြန်ချလိုက်ရသည်။ မော့ကြည့်လိုက်တော့ ဟိုနေ့က သူမကိုယ်သူမ ရတနာသွန်းစက်ဟု မိတ်ဆက်သွားသည့် မိန်းကလေးနှင့်အုပ်မှ ..။

ဒီနေ့တော့ သုံးယောက်တည်းမကဘဲ အားလုံး ခုနစ်ယောက်။ ထူးခြားနေတာက အားလုံး၏မျက်နှာမှာ အပြုံးအရယ်ကင်းမဲ့လျက် မီးတောက်မတတ်မျက်လုံးများနှင့်ဖြစ်လေသည်။

“ဒီမှာ နေသမိုင်း ..”

မပြောသေးပေမယ့် ပြဿနာတစ်ခုခုဆိုတာသိလိုက်သဖြင့် ထမင်းချိုင့်နှစ်ဆင့်ကို ပြန်ထပ်ထားလိုက်သည်။

“ခေါ်လိုက်ရင် မျက်လွှာပင့်ကြည့်ရုံနဲ့ ဟန်တစ်ခွဲသေးလုပ်လုပ်နေတာ ရှင် အဲဒီလို အသားယူပြောနိုင်ဖို့လား၊ အဲဒီလိုပြောလိုက်ရလို့ အရသာတော်တော်တွေ့သွားလား”

“စကားများမနေနဲ့တော့ သွန်း၊ တစ်ခါတည်း ပါးခွဲရိုက်ပစ်လိုက်”

မျက်နှာရှေ့မှာ ကျီးကန်းတွေအာသလို တစ်ယောက်တစ်ခွန်း ဝိုင်းပြောနေကြသဖြင့် အားလုံးကိုကြည့်ရင်း သမိုင်း နေရာက ထရပ်လိုက်သည်။ ဘယ်တော့မှမဖြုတ်ဘဲထားတတ်သည့်လွယ်အိတ်က သူထရပ်လိုက်သည်နှင့် ပခုံးမှာလွယ်ထားသည့်ပုံစံအတိုင်းပြန်ဖြစ်၏။

ရတနာသွန်းစက်က သမိုင်း ပုံစံကို မဲ့ရွဲ့ကြည့်နေလျက် သူ မတ်မတ်ရပ်မိတော့ မော့ကြည့်ရသည့်အဖြစ်သို့ရောက်ကာ ...





“ဟွန်း .. ပုံစံက ကျားကျားလျားလျားနဲ့ ပါးစပ်က ပေါက်ပန်းလေးဆယ် .. အလကားတော ..”

“ခင်ဗျားတို့ တစ်ခုခုအထင်လွဲနေကြပြီထင်တယ်၊ ကျွန်တော် ဘယ်သူ့အကြောင်းမှ မပြောခဲ့ဘူး၊ ပြောရလောက်အောင်လဲ ကျွန်တော့်မှာ ရင်းနှီးတာ မရင်းနှီးတာ ဘယ်သူမှမရှိဘူး”

“အဲဒီလိုပဲလေ၊ ကွယ်ရာကျမှ ပါးစပ်အရသာခံပြောတတ်တာကိုး၊ ရှင့်ကို မိန်းကလေးတွေ စိတ်ဝင်စားကြတာ ဘာကြောင့်ဖြစ်နိုင်မလဲလို့ ကိုယ့်ကိုယ်ကိုလဲ ပြန်ကြည့်စမ်းပါဦး”

“အေးလေ .. လူ့စဉ်မမီတာကို သနားကြတာများ သူ့ကို ကြိုက်ကြလို့ပဲဖြစ်ရသေးတယ်”

“ဟွန်း .. လက်ခုပ်သံကြားတိုင်း အားပေးတယ်ထင်နေတယ်၊ ရူးပဲ ..”

“ခင်ဗျားတို့ ဘာဖြစ်လို့ ထင်ရာတွေစွတ်ပြောနေကြတာလဲ၊ ကြိုက်တာ ခိုက်တာတွေက ဘယ်ကပေါ်လာတာလဲ၊ ကျွန်တော် အဲဒါတွေကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး”

“ဘာ ...”

“ကဲဟယ် ...”

ထိခတ်သံက ပတ်ဝန်းကျင်လှုပ်ရှားသံအားလုံးကို ထွင်းဖောက်စူးရှသွား၏။ နီးနီးကပ်ကပ်လေး မျက်နှာချင်းဆိုင်ရင်း ရိုက်ချလိုက်တာမို့ သမိုင်းကိုယ် ယိုင်ခနဲဖြစ်သွားသည်။ ပြီးတော့ ထပ်ရုံပဲထပ်ထားသည့်ထမင်းချိုင့်ကို လက်ဖျားနဲ့ထိမိပြီး အထပ်လိုက်ပြုတ်ကျသွား၏။ မြက်ခင်းထက်မှာ ထမင်းစားလက်စများနှင့် ကန်စွန်းရွက်နှင့်ပဲပြုတ်ကြော်တွေ ထွက်ကျဖိတ်စင်ကုန်ကာ ...

“အဲဒါမှတ်ထား၊ ပြောတိုင်းရပေမယ့် စကားဆိုတာ ကိုယ်နဲ့တန်တဲ့စကားပဲပြောရတယ်၊ ပဲပြုတ် နေ့တိုင်းစားပြီး ကန်စွန်းရိုးကိုပဲနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ပါးစပ်က စိန်စော်၊ ရွှေဆော်နံချင်လို့မရဘူး''

''ကောင်းတယ်၊ အဲဒါဆို နောက် မပြောရဲတော့ဘူး''

''သွားကြမယ်''

အားလုံး ဆံပင်တွေခါ၊ ခြေလေးတွေဆောင့်၍ ထွက်ခွာအံ့ဆဲဆဲ ကျောခိုင်းပြီးမှ မျက်စောင်းတွေ ဖုံးကြဲကြ၏။ သို့သော် သွန်း မျက်နှာ ရှေ့ပြန်လှည့်လိုက်သည်နှင့် တစ်စုံတစ်ယောက်နှင့် ရင်ဘတ်ချင်း တိုက်မိမတတ် ဖြစ်သွား၏။

''စောင်းလက်ခတ် ..''

သူမက အဖြူနှင့်ပိတောက်ရောင် စလွယ်သိုင်းအရစ်တွေပါသည့် အပျော့သားဝတ်စုံကို အဖြူရောင်အထပ်ဝတ်အင်္ကျီခါးတိုလေးနှင့် ဝတ်ထား၏။ ကျောလယ်သာသာဆံပင်တွေကို ဖြန့်ချထားကာ အဖြူရောင် နားဆွဲဝိုင်းကြီးတွေနှင့် အရပ်မြင့်သည့် သူမ၏ကိုယ်ဟန်သွယ်သွယ်က ထင်းနေ၏။

ထို့ပြင် ရွှေအိုရောင်လက်နေသည့် နှုတ်ခမ်းသားနှစ်လွှာနှင့် အညိုရောင်မျက်ဝန်းလက်လက်တွေက မျက်နှာလှလှလေးမှာ ဆွဲဆောင်မှုအရှိဆုံး ..။

သူမကိုမြင်သည်နှင့် စောင်းလက်ခတ် ဆိုတာ တက္ကသိုလ်တစ်ခွင်မှာ မသိတဲ့သူမရှိ ..။ အထူးသဖြင့် ဝန်တိုမှုမကင်းတတ်ကြသည့် မိန်းကလေးချင်းတွေဆို ပိုသိသည်။ သူမ ဘာ့ကြောင့်ရောက်လာတာလဲ။

သွန်းနဲ့ခတ်တို့ မျက်လုံးချင်းဆုံစဉ်မှာ နှစ်ဖက်စလုံး စကားသံတွေ တိတ်နေကြ၏။ ခတ် က သွန်း ကိုကျော်ကာ ထမင်းချိုင့်တွေပြန်ကောက်နေသည့် သမိုင်း ကိုလှမ်းကြည့်၍ ...

''သူများစားသောက်နေတုန်း ဒီလိုလုပ်တာ အရမ်းအကျည်းတန်တာပဲ''

ကဲ့ရဲ့သလိုလို၊ အမြင်မတော်လို့ မသက်မသာပြောတာမျိုးလိုလို





ခတ် လေသံထဲမှာ ရန်လိုခြင်းတော့ကင်း၏။ ခတ် ကိုမြင်ကတည်းက သွန်း မျက်နှာက တင်းနေပြီးသားဖြစ်ရာ ...

''ဒေါသဖြစ်လာပါတယ်ဆို သူ့ထမင်းစားပြီးအောင် ငါက စောင့်ရဦးမှာလား''

''အင်းလေ .. စောင့်သင့်တာပေါ့၊ ပြဿနာတစ်စုံတစ်ရာဆိုတာ အသက်လုပြီး ဓားချင်းပြေးခုတ်ကြရတာမှမဟုတ်တာ၊ ပါးရိုက်ဖို့ရှိလဲ ထမင်းစားပြီးမှ ရိုက်ရင်ရတာပဲ၊ သူများထမင်းလုတ်ကို ပြုတ်ကျစေတယ်ဆိုတာ ငရဲကြီးတတ်တယ်လေ''

''ယူက ဘာသိလို့ တို့ကိုဝေဖန်နေတာလဲ စောင်းလက်ခတ်''

ခတ် က နားဆွဲလေးတွေလှုပ်ရှားသွားတဲ့အထိ ခေါင်းခါ၏။

ပြီးမှ…

''မသိဘူး၊ သိလဲမသိချင်ပါဘူး၊ သူများထမင်းချိုင့်မှောက်ကျသွားတဲ့အထိ ဖြစ်တာကိုပဲ ပြောချင်တာ ..''

ပြောပြီး ခတ် က သွန်း ကိုရှောင်ထွက်သွားကာ သမိုင်း ဆီကိုလျှောက်သွား၏။

''ထမင်းချိုင့်မှောက်ကျရုံမကလို့ ဗိုက်ထဲရောက်ပြီးသားတွေပါ ပြန်ထွက်ထွက် .. ဒီမှာ ခတ် ..''

''တော်ပါတော့ သွန်း ရာ၊ ဟိုမှာတွေ့လား၊ မှုန်ပြီးပြောနေတာလာ .. သွားမယ်''

အိအိ က သွန်း ကိုကပ်ပြော၍ အတင်းဆွဲခေါ်သွားသည်။ ထိုစကားကို စုမြတ် ကကြားတော့ ဆတ်ခနဲ ခေါင်းထောင်သွားကာ ..

''ခတ် ကိုပြောသွားတာ .. ကြည့်စမ်း''

''မပြောရဲလို့ မကြားအောင်ပြောသွားတာ အသာနေလိုက်စမ်းပါဟာ ..''

ဝတ်လွှာ က စုမြတ် လက်လေးကို ကိုင်လှုပ်ပြီးသတိပေး၏။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်း ကတော့ နောက်မှာဘာတွေဖြစ်ပျက်နေသည်ကို တစ်ချက်မှ လှည့်မကြည့်ပေ။

"နောသ်မိုင်း ..."

အလျင်စလိုသွားမယ့်ခြေလှမ်းက ခေါသံကြောင့် တုံ့ခနဲ ဖြစ်သွား၏။ သူရပ်နေတဲ့အတိုင်း ခတ် ကလည်း ရှေ့ကိုတိုးမလာဘဲ

"ရှင်တော်တော်အသုံးမကျတဲ့လူမှန်း မျက်ဝါးထင်ထင်မြင်ရမှ ပဲသိတော့တယ်"

သမိုင်းကိုယ် မသိမသာမတ်သွား၏။ ထမင်းချိုင့်ကိုကိုင်ထားသည့် လက်က ပိုတင်းအောင် ဖိဆုပ်ထားခြင်းကိုဖြစ်စေခဲ့သည်။

ဘာတွေလာပြောနေကြတာလဲ၊ ချစ်ကြည်ရင်းနှီးလိုပါသည်ဆိုတော့ လည်း သူတို့၊ မုန်းပါသည်ဆိုပြီး ရိုက်ပုတ်စော်ကားဖို့လာတာလည်း သူမတို့ပင် ..။

ခုထပ်ရောက်လာသူက ကဲ့ရဲ့ရှုံ့ချဖို့လား ..။ ဖိဆုပ်ထားသည့် လက်တွေက တဆတ်ဆတ်တုန်၏။

"ယောကျ်ားပီသချင်တာလား၊ သည်းခံနိုင်စွမ်းတွေ ပြချင်တာ လား၊ ဘာဖြစ်ဖြစ် ပါးရိုက်ခံဖို့ထိတော့မလိုပါဘူး"

သူ အံကြိတ်လိုက်မိသည်။ ပါးကနာတာထက် ရင်ထဲမှာ တခဲခဲ ကိုက်ခဲသလိုဖြစ်နေသည့်ဝေဒနာက ခေါင်းစဉ်မရှာနိုင်။ နောက်ထပ်စကား သံကို နားမခံနိုင်တော့သည့်အဆုံးမှာ ထိုနေရာကနေထွက်လာခဲ့၏။

"အဲဒီလိုလူမျိုးလဲရှိသေးတာပဲ၊ တကယ်အံ့ဩတယ်"

"မအံ့ဩနဲ့ .. သွားမယ်၊ ကြည့်ပါလား ပုံစံကို ..၊ သူကိုက တစ်ခုခု ဖြစ်နေတာ .."

နောက်ဆက်တွဲစကားတွေကို ကြားလိုက်ရသေးသည်။ ပြဿနာ ဘယ်ကစမှန်း သူမသိပါ။ တစ်ယောက်ယောက်ဝင်နောက်လိုက်ခြင်း





ဟုထင်ပေမယ့် ထိုထက်ပို၍ ဘာမှမသိ။ အိမ်ကိုတန်းပြန်ဖို့ စိတ်ကူးပြီး မှ ခြေလှမ်းတွေက ပွဲရုံဘက်ကို ဦးတည်ခဲ့မိ၏။

"မင်း ဒီနေ့ တစ်ခုခုဖြစ်လာပြီထင်တယ်"

မန်နေဂျာအိပ်ခန်းထဲ တောက်လျှောက်ဝင်သွားခဲ့ပြီး စားပွဲဘေးမှာ ငုတ်တုတ်ထိုင်နေခဲ့တာ ဘယ်လောက်ကြာသွားမှန်းမသိ။

"ဟာ .. မင်း .. ဘာဖြစ် ..."

မျက်နှာရှေ့ကို မန်နေဂျာ ဦးမြတ်သိမ်းရဲ့မျက်နှာကြီး ပြူးပြူးပြဲပြဲ ငုံ့ကျလာမှ သတိရတော့ သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေပြည့်သိပ်နေတာ ကို သိမ်းဆည်းချိန်မရလိုက်တော့ပေ။

"ဟာ ... ဒါတော့ စပ်စုမှဖြစ်တော့မယ်၊ ပြောစမ်း ကောင်လေး၊ ဘာဖြစ်လာတာလဲ၊ ညီအစ်ကိုချင်းလား၊ ဘွားတော် ဆူလိုက်လို့လား"

အံကြိတ်နေတာ ကျိခနဲ ကျိခနဲ မြည်သွား၏။ မျက်ရည်တွေကို မျက်ဝန်းထဲ ပြန်ကွေ့စီးအောင် ကြိုးစားနေပုံပေါ်ပေမယ့် အောင်မြင်တာ လည်းမဟုတ်။

မျက်ရည်ကျမှာကိုကြောက်တတ်သည့် ယောကျ်ားတို့၏မာနက သွားခြေတွေမှာ သွေးစို့လာတဲ့အထိ အံကြိတ်နေခဲ့ခြင်းဖြစ်သည်။ ခံတွင်း ထဲမှာ ငံကျိကျိအရသာကို ခံစားမိလာသဖြင့် သမိုင်း မျက်နှာ တစ်ဖက်လှဲ ၍ ငုံ့ပစ်လိုက်မိသည်။ ထိုစဉ်မှာ မျက်ရည်တစ်စက် လွင့်ခနဲကြွေ၏။

ဦးမြတ်သိမ်းကတော့ သူ့ကိုပဲ ကရုဏာမျက်ဝန်းများနှင့် ရှုးစိုက် အကဲခတ်ရင်း ...

"မင်း ကျောင်းကပြန်လာတာမို့လား၊ အိမ်မှာဖြစ်တဲ့ပြဿနာ မဟုတ်နိုင်ဘူး"

"ဟုတ်တယ် ဦးသိမ်း၊ ကျွန်တော် .. ကျွန်တော် ကျောင်းမတက် ချင်တော့ဘူးဗျာ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



သမိုင်း မျက်နှာကို လက်ဝါးတစ်ဖက်ထဲမှာ စိတ်ကြိုက်ဖိကပ် ပွတ်သပ်ပစ်ပြီးမှ ခပ်လွှဲလွှဲမော့လာကာ ...

"လူတိုင်းမှာ ပညာရဖို့တစ်ခုတည်းမဟုတ်ကြဘူးဆိုတာ ကျွန်တော် နားလည်ပြီ"

"မဟုတ်သေးပါဘူးကွာ ... မင်းကလဲ .."

"ဟုတ်တယ်၊ ရှိတော့ရှိတယ် ရှားတယ်ဆိုရင်တောင် အဲဒီရှား တဲ့လူက ကျွန်တော်ပဲ၊ ကျွန်တော် ပညာကိုမလိုချင်တော့ဘူး"

ဦးမြတ်သိမ်း သက်ပြင်းရှည်ကြီးချသည်။ ပြီးတော့ အိပ်ရာဘေး မှာ ခပ်ဖြည်းဖြည်းထိုင်ချလိုက်ပြီး ...

"ဘုရားဖြစ်ကာနီးမာရ်နတ်ဖျက်တယ်ဆိုတာမျိုးပဲကွ၊ မင်း ကျောင်း ပြီးတော့မယ်မို့လား၊ UFL မှာ မင်း အမြင့်ဆုံးအဆင့်နဲ့ကျောင်းပြီးသွားရင် ဘဝအတွက် တစ်ဝက်ချမ်းသာသွားပြီလေ၊ မင်းပဲ ပြောတော့ ကျွန်တော့် ဘဝမှာ ပညာတစ်ခုပဲ အလင်းရောင်ဆို .."

သမိုင်း ဘာမှမပြောဘဲ ခေါင်းခါပစ်လိုက်၏။ ရင်ထဲမှာတော့ စကားတွေပြောနေမိဟာ ဆူညံနေလို့ပင်။

အလင်းရောင်တိုင်း လမ်းပြကြတာမဟုတ်ဘူး၊ အလင်းရောင်ကြောင့် မျက်စိစူးပြီး မျက်လုံးတွေ မှိတ်ပစ်လိုက်ရရင် ဘာဖြစ်တော့မှာလဲ ..။ ဒီအလင်းကြောင့် မျက်စိမှောက်ပြီး တောခြောက်ခံရတာတွေရော မရှိခဲ့ ဘူးလား ..။

သူ့အဖြစ်က အလင်းရောင်နောက်လိုက်ရင်း တောခြောက်ခံနေ ရသည့်လူလို ..။

"မင်း ကျောင်းမှာ ဘာပြဿနာဖြစ်ခဲ့သလဲ သမိုင်း၊ ငါ့ကို ပြော မပြချင်ဘူးလား"

ချော့မော့မေးမိပေမယ့် ပြောမှာမဟုတ်ဘူးဆိုတာကိုလည်း သိသည်၊ သမိုင်း ရဲ့ဘဝမှာ စကားအများဆုံးပြောခြင်းဟာ ဒီပွဲရုံကို ရောက်လာမှပဲ





ဖြစ်သည်။

ဒီကိုရောက်လာမှ ပြုံးတာရယ်တာလေးကို ရှားပါးစွာမြင်ရသည်။ သူနဲ့ကျမှ စကားတွေပြောတတ်နေသည်တဲ့။ တစ်ခါတလေ ဒေါ်လုံမေ ဆိုသည့်အမျိုးသမီးကြီး ဒီထိပါလာတတ်ပြီး သမိုင်း ကိုကြည့်၍ တအံ့ တဩဖြစ်နေခဲ့သည်။

"ကျုပ်ကလေးက ကစားလဲမမက်ခဲ့ဘူး၊ အစားလဲမမက်ဘူး၊ ကစားမမက်တော့ သူငယ်ချင်းကစားဖော် မရှိခဲ့ဘူးလေ၊ အစားမမက် တော့ ကလေးပေမယ့် ပူတယ်ဆူတယ်ဆိုတာလဲ မရှိခဲ့ဘူး၊ အဲဒါတွေ ကောင်းသလား၊ ဆိုးသလားတော့ မသိပါဘူးကွယ်၊ ခုချိန်ထိ စကား ကနည်း၊ အစားကနည်း၊ ပြုံးတာရယ်တာကိုမရှိတော့ဘူး၊ မင်းတို့နဲ့ကျ မှပဲ ဒီမျက်နှာလေးမြင်ရတာ" တဲ့။

ဦးမြတ်သိမ်း ဒေါ်လုံမေ့စကားတွေကို ပြန်တွေးကြည့်မိ၏။ သမိုင်း ကလည်းဟုတ်သည်။ ဒီကိုဝင်ဝင်လာတတ်ပေမယ့် ပါးစပ်က သိပ်ပြော တာမဟုတ်ဘဲ လက်က အငြိမ်မနေတာပဲဖြစ်သည်။ ခါတိုင်းတော့ သိပ်ရယ်တာပြုံးတာမရှိပေမယ့် ကြည်ကြည်လင်လင်ပါ။

"ကျောင်းမှာဆိုတော့ မင်း မောင်မောင်နဲ့ တစ်ခုခုဖြစ်ခဲ့လို့လား"

မောင့်မောင် ဆိုတော့မှ အပြဲတမ်း မရိုးသားစွာပြုံးနေတတ်သည့် မျက်နှာကို ဖျတ်ခနဲ သတိရသည်။ ဒီပြဿနာမှာ မောင်မောင်နဲ့ သက် ဆိုင်နေသလား ..။

ငယ်ငယ်တုန်းက မောင်မောင် ချောက်တွန်းလို့ ခဏခဏအရိုက်ခံ ခဲ့ရသည်။ ဆယ်တန်းတုန်းကလည်း သူပဲ အစီအစဉ်ကောင်းလွန်းလို့ နှစ်ယောက်တစ်ယောက်ချိန်း၍ သမိုင်းနဲ့ ကျောင်းသားနှစ်ယောက် ဘောက်ဆင်ပလေးခဲ့ဖူး၏။

ပြီးတော့ ... ပြီးတော့တွေလည်း အများကြီးရှိခဲ့ဖူးသည်။ ဒါပေ မယ့် ရတနာသွန်းစက် တို့အုပ်စုနှင့်သူ ဒီနေ့ဖြစ်ရသည့်ပြဿနာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်နေ့က အဆင်မပြေမှုကြောင့်ဖြစ်၏။ ဟိုတစ်နေ့ကကိစ္စကို မောင်မောင် သိနေတယ်ဆိုရင်တောင် ...။

"ကျွန်တော် မသိဘူး"

"ဘာ .. မသိဘူး ဟုတ်လား၊ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူး .. ဒါပဲလေ"

"ကျွန်တော် မသိဘူး"

လို့ထပ်ပြော၍ သမိုင်း နေရာမှထရပ်လိုက်၏။

"ကျွန်တော် သွားတော့မယ်"

"နေဦးလေ .. မင်း ငါ့ကို ရင်ဖွင့်လို့မများပါဘူး၊ ဘာဖြစ်လာသလဲ၊ နည်းနည်းဖြစ်ဖြစ်ပြောပြ .."

"ကျွန်တော် ပါးရိုက်ခံခဲ့ရတယ်"

"ဟေ ..."





## အခန်း (၆)

အဘွား၏ ခပ်တွန့်တွန့်ပါးပြင်နှစ်ဖက်က မေးရိုးကားသည့်ပေါ်မှာ ခုံ့ခုံ့ညားညားကြီးရှိနေဆဲပင်။ ပြီးတော့ တစ်ဖက်ကို ငါးရတီခန့်ရှိသည့် စိန်နားကပ်ကြီးက တဖျပ်ဖျပ်လက်နေသည်။

ဟိုတုန်းကဆို အဘွား၏ဦးခေါင်းထက်က ခပ်ပုံ့ပုံ့ဆံထုံးကြီးမှာ စိုက်ဘီးနှင့်၊ စိန်ဆံထိုးနှင့် အချိန်မရွေးဝင်းလက်နေတတ်ကာ လည်ပင်း၊ လက်ကောက်ဝတ်၊ လက်ချောင်းတွေကအစ စိန်ရွှေရတနာတွေ ညွှတ်အိနေအောင်ဆင်ထားတတ်သည်။

လက်နား၊ ခါးစပ်နားတွေပါသည့် ပိုးတွဲကတ္တီပါ စသည့်ရင်ဖုံးပွပွနှင့် ဖဲသားထဘီပြောင်ပြောင်အိအိကို ခါးကမချ။ ခုတော့ အဘွားကိုယ်ပေါ်မှာ ဟိုတုန်းကနဲ့မခြား ခံ့ထည်နေပေမယ့် ရတနာတွေ ပြိုးပြက်လက်နေတာမျိုးတော့ မဖြစ်တော့ပေ။

ကြောင်လိမ်လှေကားကြီး၏ လက်ရန်းပေါ်မှာ လက်တစ်ဖက်တင်လျက် ထဘီတစ်စကို တစ်ဖက်ကမ,၍ အဘွား လှေကားပေါ်က တစ်ထစ်ချင်းဆင်းလာပုံကို သမိုင်း ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာပုံက အသက်ကြီးလို့ တွဲနေးတာမျိုးမဟုတ်ဘဲ နန်းဆန်တာ ဖြစ်၏။ ပြီးတော့ အဘွားက အိပ်ရာထဲလဲတဲ့အထိ လူကြီး ဝီပီသသ နာမကျန်းဖြစ်တာမျိုးလည်း မရှိခဲ့ဖူးပေ။

“အရေသွဲ့တဝင်းဝင်း၊ သီးကင်းတဖြုတ်ဖြုတ်တဲ့၊ သိပ်ကိုမှန်တဲ့ တပေါင်စကားပဲ၊ သားတွေသမီးတွေ စောစောစီးစီး ကွယ်လွန်ခဲ့ကြပြီး မမကြီးက ကျန်းမာလိုက်တာ၊ လူလေးရဲ့မေမေ အရီလေးဆိုရင် မမကြီးနဲ့ ချွတ်စွပ်တူတဲ့သမီးပေါ့၊ မေးရိုးကားပုံ၊ နှာတံပေါ်ပုံ၊ နားသယ်စပ်လေး တွေမှာ ဆံယဉ်စလေးတွေ ဆင်းနေပုံကအစတူတာ၊ မမကြီးက မျက်လုံး အိမ် နည်းနည်းလေးရှည်တယ်၊ နှုတ်ခမ်း နည်းနည်းလေးပိုပါးတယ် ဒါကလဲ သေချာဂရုစိုက်ကြည့်မှသိတာပါ၊ ဒီသမီးကိုမှ မမကြီးကလဲ သည်းသည်းလှုပ်ချစ်ခဲ့တာ” တဲ့။

မေမေကမွေးတဲ့ သူ့ကိုတော့ အဘွား ဘာဖြစ်လို့ ကမ္ဘာမကျေ အမုန်းတွေနဲ့ မွေးမြူခဲ့တာလဲ ..။

“ဟော့ .. မတ်တတ်ရပ်ပြီး ဘာလုပ်နေတာလဲ”

လှေကားခြေရင်းမှာ ခြေစုံရပ်မိတာနှင့် ဒေါ်မိမိညို၏ ဩဇာတိက္ကမ ပြင်းသောအမိန့်သံက ပြတ်တောက်စွာရောက်လာခဲ့သည်။ ကျွန်းဆက်တီ ကြီးတွေ တခမ်းတနားနှင့် အနီရောင်ဆိုဖာတွေဆီ သမိုင်း ခေါင်းငုံ့ လျှောက်ခဲ့သည်။ ပြီးတော့ ဆိုဖာတွေနှင့် ကင်းလွတ်ရာမှာ ဒူးထောက်ထိုင် လိုက်၏။

ဒါဟာ ညိုသစ္စာ မှာ သူရခဲ့သောနေရာဖြစ်သည်။

“ငါတို့က မဟာဆီ မဟာသွေးတွေမဟုတ်ကြပေမယ့် အမျိုးမြတ် တယ်၊ သင်းရဲ့သွေးတစ်ခြမ်းက သွေးပုပ်သွေးညစ်၊ ငါ့အိမ်ရိပ်တော် မနင်းစေနဲ့”

သူပြေးတတ်လွှားတတ်သည့်အရွယ်မှာ ဆော့ကစားရင်း အိမ်ကြီး ပေါ်ကို နယ်လွန်သည့်အခါ ဒီစကားတွေကြားရသည်။





“နောက်ဖေးအိမ်မှာ လုံအောင်မွေးစမ်း၊ ငါ့မျက်စိရှေ့ကိုလာရင် ကြမ်းပေါ်မှာဒူးထောက်”

ထိုအမိန့်ဟာ သူ တစ်သက်လုံးနာခံခဲ့ရသည့်အမိန့်ဖြစ်၏။

“နင့်နာမည်ကို တစ်ယောက်ကခေါ်တိုင်း သတိရစမ်း၊ နောက်ခံ သမိုင်းကြောင်းစလာကတည်းက မအေးချမ်းခဲ့တဲ့လူ၊ ခေါ်မိတိုင်း မြင်ရ တိုင်း မချမ်းသာဘူး”

အဘွားကို အမေနှင့်တူသည်ဟု သူ တမေ့တမောမေးရတတ်ပေ မယ့် အဘွားကတော့ သူနဲ့မျက်လုံးချင်းဆုံတိုင်း မိန်းမငယ်ပေါက်စလေး တစ်ယောက်ကဲ့သို့ ဒေါသတွေ ရှူးရှူးရှားရှားနှင့် ..။ ခုလည်း လှေကား ပေါ်ကနေ မ,ကိုင်လာသည့်ထဘီစကို ဆိုဖာတွေနား ရောက်တဲ့အထိ ကိုင်ထားဆဲဖြစ်ကာ ထိုင်ဖို့နေရာရောက်တာတောင် မထိုင်ဖြစ်ဘဲ ...

“နေသမိုင်း ...”

“ပြောပါ အဘွား ..”

ငုံ့နေသည့်ခေါင်း၊ မော့လာမှ ဒေါ်မိမိညိုက ဆိုဖာမှာထိုင်သည်။

“မင်း ဒီနေ့ ဘာလုပ်ခဲ့သလဲ”

“ခင်ဗျာ ..”

စူးတောက်နေသည့် ဒေါ်မိမိညို မျက်လုံးတွေကိုမြင်တော့ ထစ်ငေါ့ ခြင်းကနေ ဆွံ့အခြင်းကိုဖြစ်စေလျက် ကိုယ့်အပြစ်ကိုလည်း ပြန်မဖော်နိုင်။

ဒီနေ့ သူ ရင်ဆိုင်ခဲ့ရတာတွေ တစ်ခုမကဖြစ်ခဲ့၏။ အဘွား မေး ပြီဆိုကတည်းက မောင်မောင် တစ်ခုခုပြန်တိုင်ထားပြီမှန်းသိသည်။ ဒါပေ မယ့် ဘာအကြောင်းလဲ ..။ မိန်းကလေးတွေနဲ့ ပြဿနာဖြစ်ရသည့် အကြောင်းလား၊ အတန်းလစ်ပြန်ခဲ့တာကိုလား ..။

“မင်းကိုမေးနေတာ ကြားလား နေသမိုင်း”

“ကျွန်တော် ...”

“မင်းက အတန်းလစ်ပြီး တစ်နေ့လုံး ဘယ်မှာ ဘာတွေလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ”

“ဟို …”

“အတန်းလစ်ရတဲ့အကြောင်းရင်းကိုပြောစမ်း”

သူ မပြောနိုင်ပါ။ ကိုယ် ဘာမှမဟုတ်ခဲ့သည့်အကြောင်းကို ကိုယ်ဟုတ်ပါသည်ဟု စွပ်စွဲပြီးရောက်လာကြတဲ့အဖြစ်ဟာ သူတို့ဘာသာဘာတွေနိုင်လုံနေကြမှန်းမသိ။ ဒါပေမယ့် ကိုယ်မဟုတ်တာကို တစ်စုံတစ်ရာမဖြေရှင်း၊ မမေးမြန်းဘဲ ရှက်သည့်စိတ်မွှန်ကာ အတန်းလစ်ခဲ့မိသည်။

“တောက် …”

ဒေါ်မိမိညို မတ်တတ်ရပ်နေဆဲကနေ ဆိုဖာမှာ တောင့်မတ်စွာထိုင်ချလိုက်၏။

“မင်းကို ပိုက်ဆံတွေသိပ်ပေါလို့ ကျောင်းထားနေတယ်များ မှတ်နေလား၊ အို .. ဒေါ်မိမိညို ဟိုတုန်းကလို ကျိုကျိုတက်ချမ်းသာ နေရင်တောင် မင်းအတွက်ကို တစ်ပြားတစ်ချပ်မှ အလဟဿအကုန်မခံနိုင်ဘူး။ ပေးနေတာကို ယူတတ်အောင်ယူ၊ မင်း ဘာကိုအားကိုးပြီး ပညာကိုဂရုမစိုက်တာလဲ”

“မဟုတ်ပါဘူး အဘွား၊ ကျွန်တော် အတန်းလစ်တယ်ဆိုတာလဲ …”

သူ စကားရပ်သွားသည်။ မဟုတ်ဘူးဆိုတာကို ငြင်းနိုင်ပေမယ့် ဘာကြောင့် မဟုတ်ဘူးဆိုတာကိုမပြောနိုင်။ ဒေါ်မိမိညိုက မျက်မှောင်ကြုတ်ထားရင်း သူပြောလာမှာကို စူးစိုက်စွာ နားစွင့်နေ၏။ သို့သော် အတန်ကြာအောင် ထစ်ငေါ့တုံ့နှေးနေရာ …

“မင်းမပြောနိုင်ရင် ငါပြောမယ်၊ ပွဲရုံမှာ အချိန်အားတိုင်းသွားနေတဲ့ကိစ္စကိုထားလိုက်တော့၊ အခု အတန်းလစ်ပြီးသွားရတဲ့အထိဖြစ်လာတာ ဘာလဲ”





ဒါက သူ လုံးဝမထင်မှတ်ခဲ့သည့်လမ်းကြောင်းဖြစ်သည်။ မျက်ဝန်းတွေမှာ အံ့ဩရိပ်တွေဖြစ်သွားတာကို ဒေါ်မိမိညိုက ‘ငါသိတယ်’ ဆိုသည့်မဲ့ပြုံးနှင့် …

“မင်းက နေရာတစ်နေရာရဖို့ ကြိုးစားနေတာလား”

“မဟုတ်ဘူး အဘွား၊ ကျွန်တော် အဲဒီလို လုံးဝမဟုတ်ဘူး”

“မင်းရဲ့မဟုတ်ဘူးတွေက အခြေအမြစ်မှမရှိဘဲ နေသမိုင်း၊ ငြင်းတယ်ဆိုတာ နိုင်လုံတဲ့အကြောင်းပြချက်ရှိရတယ်၊ ငါတို့ ညီသစ္စာမှာ ဒီပွဲရုံလေးတစ်ခုကြောင့် ရုပ်ပျက်ဆင်းပျက် ကျဆုံးမသွားခဲ့တာ၊ ငါ ခါးကိုင်းခေါင်းတုန်နေပေမယ့် ဆက်ခံမယ့်ငါ့မြေးရှိတယ်၊ သူက ပေါ့ပေါ့ပါးပါး ပျော်ပျော်နေတတ်တာကို အခွင့်ကောင်းယူပြီး မင်းက လုပ်ငန်းကျွမ်းကျင်အောင် တစ်ဖက်ကနေ ကြိုးစားနေတာ ..”

“အဘွား .. ကျွန်တော် …”

“ဟော့ .. မင်း ဘာမှမပြောနဲ့၊ ငါပြောတာကိုပဲနားထောင်၊ မင်း ဘာသာ ဘာပညာတွေတတ်တတ်၊ ဘယ်လုပ်ငန်းတွေမှာ ဘယ်လောက်ပဲကျွမ်းကျင်ပစေ၊ ညီသစ္စာမှာ ထာဝရနိုလှုံခွင့် လိုချင်တယ်ဆိုရင်တော့ ယန်းပင်စိုက်၊ ကားမောင်း .. ဒါပဲရမယ်”

သမိုင်း မျက်နှာငုံ့ပစ်လိုက်ပြီး နှုတ်ခမ်းတွေကို ဖိပိတ်ထားလိုက်မိသည်။ ဒေါ်မိမိညို ဆိုသောအဘွားသည် သူ့အတွက် နေ့စဉ် အရက်စက်အရင့်သီးဆုံးစကားတွေ မပြတ်ပြောဆိုနေနိုင်ဖို့ နှုတ်တိုက်ကျက်မှတ်ထားလေသလား ..။

ပြောပါစေ ..၊ အဘွား စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်ပါ။ ရင်ထဲမှာ နှင့်သီးသောဝေဒနာက ကြမ်းတမ်းစွာနှိပ်စက်၏။ ညီသစ္စာ မှာရှိသမျှလူအားလုံး သူ့ကို ဂရုစိုက်ကြသည်။ မောင်မောင့်ကို လေးစားသလိုပဲ တန်းတူဆက်ဆံသည်။ မောင်မောင်ကိုယ်တိုင်လည်း သူ့အပေါ်မှာ ညီအစ်ကိုလိုခင်မင်မှုမျိုးတော့ရှိသည်ဟုထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘွားတစ်ယောက်တည်းကသာ ...

"ဟင်..လူလေး..လူလေး ဘာဖြစ်လာသလဲ၊ ကျောင်းကပြန်လာပြီး အိမ်ကြီးမော်တန်းသွားရတယ်ဆိုလို့ ကြီးလုံ ရင်လေးနေတာ ..."

အိမ်ကြီးဆီကနေ တစ်လှမ်းချင်း လေးကန်စွာလှမ်းလာခဲ့သည့် ခြေလှမ်းတွေက ကြီးလုံ ဆီးမေးလိုက်တော့ အနေးဆုံးနှုန်းနဲ့ရပ်၏။

"သားအဘွား ဘာတွေပြောလိုက်သေးလဲ၊ သား ဘာဖြစ်လာလို့လဲဟင် .."

ဘွားအေဖြစ်သူက တော်ရုံကိစ္စလောက်နှင့် ခေါ်ဆူတဲ့အထိမဖြစ်ဘူးဆိုတာ ဒေါ်လုံမေ သိသည်။ ဆူလိုက်ပြီဆိုရင်လည်း သက်သက်သာသာလေးဖြစ်လာမှာမဟုတ်။

"ပြောပါဦး သားရဲ့"

သူ အထဲဝင်လာတော့ ဒေါ်လုံမေ ဘေးကနေကပ်ပါလာရင်း တတွတ်တွတ်မေးသည်။ သမိုင်း က စာကြည့်စားပွဲအထိ တန်းဝင်သွားပြီး ထိုင်ချလိုက်ကာ ...

"ကျွန်တော် ဒီနေ့ အတန်းလစ်ပြီး ပွဲရုံမှာ သွားထိုင်နေလို့ .."

"ဟင် ..."

"ကြီးလုံ ..."

"ဟင် ... ပြောလေ"

"ကျွန်တော် ပွဲရုံကိုသွားသွားနေတာ ပွဲရုံတစ်နေရာပဲ ကိုယ်နဲ့ ရင်းနှီးခဲ့လို့ပါ"

"အင်းလေ .. ဟုတ်ပါတယ်၊ အဲဒါကို မမကြီးက ဘာပြောလိုက်လို့လဲ"

"ကျွန်တော် ..."

သူ့စကားတွေ ထစ်ငေါ့သွားပြန်သည်။ ကိုယ့်ခံစားချက်နဲ့ကိုယ် နှတ်ဆိတ်နေတတ်သည့်အကျင့်ကြောင့် ရင်ထဲမှာ ထိရှလာပြီဆို ပါးစပ်





ကိုပဲ အရင်ဆုံးပိတ်ထားလိုက်ချင်မိသည်။

ဒါပေမယ့် ကြီးလုံ သိအောင်တော့ ပြောမှဖြစ်မည်။ သူ့ကို အမြဲတမ်းနားလည်ခဲ့တဲ့သူဟာ ကြီးလုံ ပဲဖြစ်ကာ နားလည်တတ်သော အကြင်နာကရုဏာတွေကိုလည်း ကြီးလုံကသာ ပေးစွမ်းနိုင်၏။ ထို့ကြောင့် သူပြောပြလိုက်သည်။

သူမသိသည့်တချို့ကို မသိတဲ့အတိုင်းပြောပြခဲ့ပေမယ့် ကြီးလုံက နားလည်ခဲ့၏။

"မိန်းကလေးတွေကို တစ်ယောက်ယောက်က မဟုတ်တမ်းတရား ပြောလွှတ်လိုက်လို့ဖြစ်မှာပေါ့ သားရယ်၊ ခင်ဖို့မင်ဖို့လာပြောတဲ့သူတွေက ဒီလိုဒေါသဖြစ်လာကြတာဆိုတော့ ဖြစ်နိုင်ဖို့ ဒါပဲရှိတယ်"

ဒေါ်လုံမေက သမိုင်း မျက်နှာကို ကရုဏာမျက်ဝန်းများနှင့် စိုးမိုးကြည့်နေရင်း ဘေးမှာ ခုံဆွဲထိုင်လိုက်၏။ ပြီးတော့ သူ့လက်မောင်းတစ်ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်၍ ...

"ဒီလိုပြဿနာတွေ ခဏခဏကြုံနေရတာ သားမှာ သူငယ်ချင်းအပေါင်းအသင်းမရှိလို့ဘဲ၊ တခြားလူငယ်တွေလို ရင်းနှီးအောင်ပေါင်းသင်းပြီး ပျော်ပျော်ရွှင်ရွှင်နေပါလား လူလေးရယ်၊ ကိုယ်က ကိုယ့်အသိနဲ့ ကိုယ်ဝေဒနာနဲ့ကိုယ်နေတာမှန်ပေမယ့် ဘေးကကြည့်တော့ ဘဝင်မြင့်တာ၊ ငေါ်တောင်တောင်နေတာ ဘာညာတွေဖြစ်ပြီး လူစိတ်ဝင်စားမှုပိုမယ်၊ စိတ်ဝင်စားကြတော့ သားဘက်က လှုပ်ရှားမှုတစ်စုံတစ်ရာကို အာရုံစိုက်လာကြတာလေ၊ ဒီပြဿနာမှာ လူတစ်စု ဒါမှမဟုတ် တစ်ယောက်ယောက်ကတမင်တို့ထောင်ပေးလိုက်တာသေချာတယ်၊ မြင်တိုင်း မပြောရဘူးဆိုတဲ့စကားရှိပေမယ့် အမေးရှိရင်တော့ အဖြေရှိရတယ် သား"

သမိုင်း က တစ်ခွန်းမှမပြောဘဲ ငြိမ်နေ၏။

"ပြစ်မှုတစ်ခုနဲ့ ကိုယ့်ကိုစွဲချက်တင်နေမှတော့ မင်းကျူးလွန်သလားမေးရင် မကျူးလွန်ပါဘူး ဆိုတာလောက်တော့ ပြောရမယ်၊ သင်္ချေပြ



www.burmeseclassic.com

www.burmeseclassic.com



ပါဆိုရင်လဲ ပြရမှာပဲ၊ ဒီနေရာမှာ 'ငါမှန်ရင်ပြီးတာပဲ' ဆိုပြီး ပါးစပ်ပိတ်နေရင် တစ်ဖက်ကပြောသမျှ အတည်ဖြစ်သွားမှာပေါ့"

"အားလုံး ကျွန်တော်မမြင်၊ မသိရတဲ့ကိစ္စတွေချည်းပဲ ကြီးလုံ၊ ဘာနဲ့သက်သေပြပြီးရှင်းရမှာလဲ"

"ရှင်းတတ်သလိုရှင်းရမှာပေါ့ လူလေးရယ်၊ စကားမပြောတတ်တဲ့လူတွေတောင် မပြောနိုင်ပေမယ့် သူများနားလည်အောင် ဟန်ပန်အမူအရာတွေနဲ့ ကြိုးစားကြရှာတယ်၊ သားက ပြောနိုင်တယ်၊ မဟုတ်တာမလုပ်ဘူးဆိုရင် ဘာဂရုစိုက်စရာရှိသလဲ"

မဟုတ်ဘူး ..။ သမိုင်း ကိုယ့်ရင်ဘတ်နဲ့ကိုယ် လက်မခံနိုင်ဖြစ်နေသည်။ ဘာပြောပြော မမှန်တဲ့အချိန်ကစပြီး အမြစ်တွယ်ခဲ့တာက ဘာမှမပြောဘဲနေဖို့ ..။

"လူလေး .."

ဒေါ်လုံမေက ငိုင်နေသည့် သမိုင်း ပခုံးကို ကိုင်လှုပ်ခေါ်ကာ ...

"လောကကြီးက လူလေးထင်သလောက် စိတ်ပျက်ဖို့မကောင်းပါဘူးကွယ်၊ အမှောင်ရှိနေသလို အလင်းရှိတယ်၊ အပူရှိသလို အအေးလဲရှိတာပဲ၊ တစ်ခါတလေ လူတွေ လုပ်ယူဖန်တီးတိုင်းမရပေမယ့် သူ့အလိုလို မျှတညီညွတ်သွားတာတွေရှိတယ်၊ အဲဒါ လောကရဲ့လှည့်စားချက်တွေပေါ့၊ လှိုင်းပုတ်တဲ့အခါ ကမ်းပါးရောက်မှာပဲဆိုပြီး ခြေရော လက်ရော မလှုပ်ရှားဘဲနေရင် ရေနစ်သေမှာပဲ၊ နေရာတကာမှာ အလိုက်သင့် အလျှားသင့်ဆိုတာ ရှိတယ်မို့လား၊ ဆန္ဒမစောရဘူး၊ စိတ်ပျက်မလွယ်ရဘူး၊ ဖြစ်လာတာ မဖြစ်လာတာထား၊ ကိုယ်က အမြဲတမ်းကြိုးစားနေရမှာလေ"

"ကျွန်တော် စိတ်ပျက်လွယ်တာမဟုတ်ပါဘူး၊ ဒါပေမယ့် ..."

"လူလေးကို မမကြီး ရင့်ရင့်သီးသီး ဆက်ဆံနေတာမှာ လူလေးတစ်ဘဝလုံး ထိခိုက်ခံစားနေရတာပါ၊ အဲဒါ ကြီးလုံ နားလည်တယ်၊





စကားဆိုတာ ပြောတိုင်းရတယ် လူလေးရဲ့၊ ချစ်နေတာကို မချစ်သလို မုန်းနေရင်လဲ မမုန်းသလိုပေါ့၊ ဒေါသမဖြစ်ဘဲလဲ ဒေါသဖြစ်နေတဲ့စကားမျိုးတွေ ပြောလို့ရတယ်၊ ကြီးလုံ ပြောတာက မမကြီးက လူလေးကို မချစ်ဟန်ဆောင်နေတာပါလို့ ဆိုချင်တာမဟုတ်ဘူး၊ အစွဲအလမ်းတစ်ခုနောက်ကို ဒေါသလိုက်နေတာ၊ သူ့သိပ်ချစ်တဲ့သမီးက မွေးထားတဲ့ရင်သွေး၊ မချစ်ဘူးဆိုတာ ဟုတ်ပါ့မလား လူလေးရယ်"

မချစ်တာမဟုတ်ဘူး၊ မုန်းကိုမုန်းတာ လို့ ရင်ထဲမှာပြောဖြစ်ရင်း သမိုင်း မျက်နှာ နီလာသည်။

"အဘွား ဘာပြောပြော ကျွန်တော် စိတ်မကွက်ပါဘူး၊ ဒါပေမယ့် .."

"ဒါက မမကြီးကို လူလေးချစ်လို့ ခွင့်လွှတ်နိုင်တာ၊ သူ့ကို စိတ်မကွက်ပေမယ့် ကိုယ့်ဘဝကို အစွန်းကွက်ဖြစ်အောင် နေနေတာကျ တော့ကောင်းသလား"

"ကြီးလုံ ..."

"ပြော ..."

"ကျွန်တော် ကျောင်းမတက်ချင်တော့ဘူးလို့ပြောလိုက်ရင် အဘွားဘာဖြစ်သွားနိုင်လဲဟင် .."

"ဖြစ်ရလေ သားရယ်၊ ဒီလောက်မကြည်ဖြူ၊ ဒေါသဖြစ်ရတဲ့ကြားက မင်းကို ဒီအခြေအနေအထိ ပညာတွေတတ်အောင် သင်ပေးလာခဲ့တာ၊ ဘယ်လိုလုပ်ပြီး ခွင့်လွှတ်မှာလဲ"

ဆယ်တန်းအောင်ပြီဆိုကတည်းက အဝေးသင်ဖြေရင်း အပြင်မှာအလုပ်လုပ်မယ်လို့ပြောဖူးသည်။ ထိုစဉ်တုန်းကလည်း အဘွား ဒေါ်ကြီးဟစ်ကျယ် ထဲဖြစ်ခဲ့တာပင်။

"ညီသစ္စာ ကို မြောင်းထဲရောက်အောင် ပို့မလို့လားဟင်၊ ကျွန်တော်ကတော့ ကျွန်တော့်အဖေ ကလေကချေမို့လို့ ကလေကချေပဲလုပ်မှာပါလို့ လူသိအောင် ကြေညာချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



စသည့် သူ နားမခံနိုင်အောင် စကားလုံးတွေနှင့် ထိုးနှက်ခဲ့သည်။ ပြီးတော့ ဘယ်မှာမှ အလုပ်လုပ်ဖို့ စကားထပ်မပြောရဲအောင် တစ်ချက်လွှတ်အမိန့်ချသည်။

"ကိုယ့်အားကိုယ်ကိုးဖို့ စိတ်ကူးရှိရင် မိဘအသိုင်းအဝိုင်းဇာတိ အားလုံးကို ဒီခြံဝမှာပဲ ပုံချထားခဲ့ပြီး တစ်ခါတည်းအပြီးသွားလိုက်၊ ညိုသစ္စာ က ဘယ်သူဖြစ်ဖြစ် သူများလက်အောက်မှာ အမှုမထမ်းရဘူး"

အဘွား ပြောတုန်းက ကြီးလုံကတော့ အားပေးရှာပါသည်။

"တွေ့တယ်မို့လား၊ ညိုသစ္စာ က အသိအမှတ်မပြုတဲ့ကလေးလို့ ခေါင်းစဉ်တပ်ခံထားရပေမယ့် ဒီလိုပေးလုပ်ခွင့်မပြုတာ ညိုသစ္စာရဲ့ မိသားစုဝင်ဖြစ်နေတဲ့အဓိပ္ပာယ်ပဲ"

ဒီစကားကိုကြားရလို့ ကျေနပ်သလိုရှိပေမယ့် မောင်မောင်နဲ့ နှိုင်းယှဉ်ပြီးအမုန်းခံရတိုင်း ငိုချင်သည်။ နေသမိုင်း ဆိုသည့်လူငယ်လေးဟာ ငယ်စဉ်ကတည်းက မျက်ရည်မဝွေယ်တတ်ခဲ့တာ မည်သူတစ်ဦး တစ်ယောက်၏ သင်ကြားပို့ချမှုမှမပါ။

ခုလိုအရွယ်ရောက်တဲ့အခါမှာ ထုသားပေသားကျနေခဲ့ပြီဖြစ်သည့်နှလုံးသားက အသားမာတက်နေခဲ့သည်လားတော့မသိ။ ဝမ်းနည်းသည့်ခံစားချက်နှင့်ပတ်သက်၍ မျက်ရည်ကျခဲ့တယ်ဆိုတာ မရှိပေ။

"စိတ်ညစ်နေတဲ့အခါ လောကကြီးက ဘာအဓိပ္ပာယ်မှမရှိသလို ဖြစ်နေပေမယ့် လူလေး ပျော်ရွှင်စရာတွေရှိလာတဲ့အခါကျရင် လောကကြီးက သိပ်လှတာပဲလို့ မြင်လာလိမ့်မယ်၊ အားတင်းထားပါ သားရယ်...နော်"

ကြီးလုံရဲ့အားပေးသံက အပေါ်ကတ်နဲ့ပစ္စုပ္ပန် ကူးလူးနေသည့် သူ့စိတ်တွေကို လှုပ်နှိုးလိုက်သလိုပင်။

"သားပြောပြတဲ့အကြောင်းတွေကို မမကြီးနားထဲရောက်အောင် ကြီးလုံ ကြိုးစားပေးပါ့မယ်၊ သူကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်





ဖြစ်စေ ကိုယ့်ရဲ့သဘော ဒီလိုရှိခဲ့တာကို သိအောင်တော့ ရှင်းပြရမှာပဲ၊ တဖြည်းဖြည်းတော့ နားလည်သွားမှာပါ"

ဒေါ်လုံမေ၏အားပေးသံက သက်ပြင်းရှိုက်သံကို ဖုံးလွှမ်းသွားနိုင်ခဲ့၏။ တကယ်ဆို သူမဟာ ဒေါ်မိမိညို အလွန်မုန်းတီးသော သမိုင်းရဲ့မေမေ ဦးလမ်းသစ်ဦး၏အစ်မအရင်း ...။

ထို့ကြောင့် အမုန်းခံလူသားချင်းမို့ ကိုယ့်တူလေးအတွက် ချစ်ကြည်ရေးလမ်းခင်းပေးလိုပေမယ့် မတတ်နိုင်။

ညိုသစ္စာ ၏ ဟိုတုန်းက အတိတ်ကြောင်းတချို့ထဲမှာ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဘာပြောတယ် လမ်းသစ်ဦး၊ နင့်စကားကို အိမ်သာထဲသွားပြောပြီး အဲဒီပါးစပ်ကိုပါ ရေဆေးချခဲ့၊ ဟွန်း .. ပြောလိုက်တာ ကျော်မကောင်း ကြားမကောင်း .."

"ဘာကိုကြားမကောင်းတာလဲ၊ သူဌေးသမီးကို သူဌေးမဟုတ်တဲ့ကောင်က မကြိုက်ရဘူးလို့ ဘယ်သမိုင်းမှာ ပြဋ္ဌာန်းထားလို့လဲ"

"ဟဲ့ .. နင့်အစ်မက သူတို့ရဲ့အိမ်ဖော်လေ၊ အရိပ်နေအခက်ချိုးမလုပ်ရဘူး"

"အဲဒါလဲမဟုတ်ဘူး၊ မမက သူတို့ရဲ့အလုပ်သမား မှန်တယ်၊ ဒါပေမယ့် အဝတ်လျှော်ကြမ်းတိုက်မှုမဟုတ်တာ၊ ဒီအိမ်ကြီးမှာ စက်ချုပ်လခနဲ့နေတာ၊ ဝန်ထမ်း၊ မမဘာသာ တစ်အိမ်လုံးအလုပ်တွေထဲ ဟိုဝင်ပါဒီဝင်ပါလုပ်နေလို့ ..."

လမ်းသစ်ဦးက စကားပြောရိုင်းချင်သည်။ သူက လုံမေ ထက် ရှစ်နှစ်ကျော်ကျော်ငယ်ကာ အဘိုးအဘွားတို့လက်ထဲမှာ မောင်နှမ နှစ်ယောက် ကြီးပြင်းခဲ့ရတာဖြစ်၏။





အဘွားက စက်ချုပ်တတ်တော့ လုံမေတို့အမေက ပြီး မိန်းကလေးတွေ စက်ချုပ်တတ်ခဲ့ကြ၏။ မိဘမဲ့ခဲ့ပေမယ့် လုံမေက ဆယ့်သုံးနှစ်သမီးကတည်းက အော်ဒါချုပ်အထည်စလေးတွေကို ချုပ်နိုင်နေပြီမို့ ဘိုးဘွားတွေ နောက်ထပ်မရှိသည့်အချိန်မှာ လမ်းသစ်ဦး ဆယ်တန်းအောင်တဲ့အထိ စက်ချုပ်ပြီး ရှာဖွေကျွေးခဲ့တာဖြစ်သည်။

ဒေါ်မိမိညို တို့လက်စွဲထားသည့် ယဉ်သူဇာ အပ်ချုပ်ဆိုင်မှာ လခစားဝင်လုပ်နေတုန်း မောင်မောင့်အမေ မြခွာညိုနှင့် ရင်းနှီးခဲ့သည်။

"အပြင်ကို သွားလာနေတာ ငါမကြိုက်ဘူးနော်၊ လမ်းတွေ သိပ်များလာကြတယ် .. ဟွန်း .."

မြခွာညိုနဲ့ အကြီးမ နေညိုရီ နှစ်ယောက် အပျိုအရွယ်လေးတွေဖြစ်လာပြီဆိုသည်နှင့် ဒေါ်မိမိညိုက နေရာတကာ မျက်လုံး ဒေါက်ထောက်ကြည့်လာ၏။

ထိုစဉ်က ညိုသစ္စာ ၏ ဘုန်းရိပ်ကံရိပ်ကလည်း အရှိန်အဝါ အကြီးဆုံးဖြစ်နေခဲ့ရာ ...

"အကျီတစ်ခါအပ်ရင် ပြန်ရွေးခါနီး အပြင်ထွက်ဖို့ကို တစ်ခါလုံးဝန်းရပြန်ရော၊ မလုံ .. ခွာညိုတို့အိမ်မှာ စက်လာချုပ်ပေးပါလား၊ ဒီမှာတဲ့လခထက် အများကြီးပိုပေးမယ်၊ ပြီးတော့ ဒီမှာလို အချိန်ပြည့်ကိုက်နေ၊ ချုပ်နေရမှာလဲ မဟုတ်ဘူးလေ"

အိမ်မှာဝင်ငွေရလေ ကောင်းလေမို့ လစာပိုရမည်ဆိုတာနှင့် လုံမေက ညိုသစ္စာကို ပြောင်းလိုက်သွားခဲ့သည်။ နေစရာ စားစရာ အပြင် လစာက တကယ်လည်းများပါသည်။ အိမ်ရှင်တွေက စေတနာကောင်းတော့ အလုပ်မလုပ်ဘဲမနေတတ်သည့် လုံမေက စက်ချုပ်စရာမရှိလျှင် အိမ်အလုပ်တွေကို ဝိုင်းကူပေးသည်။

နောက်ဆုံး ညီအစ်မနှစ်ယောက် ပန်းပန်ဖို့ကအစ အရောင်ရွေးပေး၊ ပန်းတွေသီပေးနှင့် ညီအစ်မတွေလို ရင်းနှီးလာခဲ့ကြ၏။ ထိုစဉ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိညိုကလည်း လုံမေ့ကိုချစ်သည်။ သမီးတွေအပြင် သိပ်ထွက်ဖို့ မလိုတော့သည့်အပြင် အိမ်မှာလည်း ကူဖော်လောင်ဖက် ရတော့ ကျေနပ်နေခဲ့၏။

လမ်းသစ်ဦး ကတော့ အိမ်ရှင် ကြည်တာ မကြည်တာကို ဂရုမစိုက်ပေ။ အစ်မဖြစ်တဲ့သူဆီ လာချင်တဲ့အချိန်လာသည်။ ပြန်ချင်တဲ့ အချိန်ပြန်၏။

သူ လာတိုင်း ဒေါ်မိမိညိုနဲ့ ထိပ်တိုက်ဆုံတာမရှိတော့ ခြေလှမ်း ကပိုကဲလာခဲ့သည်။ ထို့ပြင် ညီအစ်မနှစ်ယောက်မှာ နေညိုရီက ပိုလို့ တော့ သူမကို ပိုးပန်းလာသေးသည်။

“ရီလေးကို ဘာတွေသွားပြောတာလဲ လမ်းသစ်ဦး၊ ဟင် .. ဟိုမှာ စိတ်ဆိုးသွားတာလား၊ ဘာဖြစ်သွားတာလဲ၊ နင်တော်တော်ဒုက္ခပေး ပါလားဟယ် ..”

ရီလေးကို စကားပြောလိုက်တာ လှစ်ခနဲ ဖျတ်ခနဲ မြင်လိုက်တိုင်း လုံမေ ရင်တုန်ပန်းတုန်ဖြစ်ရသည်။ လမ်းသစ်ဦးက ဂရုမစိုက်။

“မမ နေရာတကာ လိုက်ကြည့်မနေစမ်းပါနဲ့၊ သူ မမ ကို ဘာမှ မတိုင်ဘူးမို့လား၊ အဲဒါမှတ်ထား၊ သူကျေနပ်လို့ ..”

“အို .. မဖြစ်နိုင်တာ ...”

အခြေအနေချင်းက မိုးနဲ့မြေ၊ ပြီးတော့ ညီအစ်မနှစ်ယောက်စလုံး နူးညံ့သိမ်မွေ့ကြတာ သူမ အသိဆုံး ..။ တစ်စုံတစ်ခုကို ကျေနပ်တာ ဖြစ်ဖြစ်၊ မကျေနပ်တာဖြစ်ဖြစ် ထင်ထင်ရှားရှားပြောကြမယ့် စရိုက်မျိုး တွေလည်းမဟုတ်။

မကြီးသိလျှင် မလွယ်ဘူးဆိုတာသိလို့ ရီလေးရဲ့သဘောကို မသိမသာစုံစမ်းကြည့်တော့ ထင်တဲ့အတိုင်းပင် ..။

“အဲဒါ မလုံ ကို ရီလေး ပြောမလို့ ..သိလား၊ မလုံ စိတ်ဆင်းရဲ သွားမှာစိုးလို့ ..”





“ပြောပါ ရီလေးရယ်၊ ပြောပါ၊ မမမောင်အကြောင်း မမက နားလည်ပြီးသားပါ”

“ရီလေးတို့က မလုံ မျက်နှာနဲ့ အလိုက်အထိုက်ဆက်ဆံနေကြ တာလေ၊ သူလဲ အဲဒီလိုပဲ ကိုယ့်အစ်မမျက်နှာကို ငဲ့စေချင်တာ၊ ဘာ မဟုတ်တဲ့စကားတွေနဲ့ မေမေသာသိသွားရင် အားလုံး မျက်နှာပျက်ကြ ရမှာ” တဲ့ ..။

ရီလေး ပြောတဲ့အတိုင်း ပြောပြပြီးတားတော့ လမ်းသစ်ဦး က ဝုန်းဒိုင်းကြဲတော့သည်။

“ဒီလောက် ချစ်ပါရစေ၊ ကြိုက်ပါရစေ ပြောနေတာကို ဘာမဟုတ် တဲ့စကားတွေတဲ့လား၊ တောက် .. ကွာ၊ ဒီက ကြည်နေပြီထင်တာ၊ ခုထိ မီးဝါမကူးသေးဘူး၊ တွေ့မယ် ..”

ဟု ကြိမ်းဝါးပြီး မကြောက်မလန့်ရှေ့ဆက်တော့ တစ်နေ့မှာ ဒေါ်မိမိညိုနှင့် ပက်ပင်းတိုးလေသည်။

“ဘာအားကိုးနဲ့ ရဲတင်းနေတာလဲဟေ့၊ မင်းလိုအဆင့်အတန်းက ညိုသစွာ ရဲခြံရှေ့ကတောင် ဖြတ်လျှောက်ဖို့မထိုက်ဘူး၊ ပညာမတတ် ဦးနှောက်မရှိတဲ့လူတွေ ..”

ဆယ်တန်းအောင်ပြီးတာနှင့် ကျောင်းဆက်မတက်ဘဲ လေလွင့် လှုယ်လိုနေသည့် လမ်းသစ်ဦး အတွက် ထိုစကားက အနာပေါ် တုတ်ကျ သွားခဲ့ခြင်းပင်။

“ဟုတ်တယ်၊ ပညာမတတ်၊ ဦးနှောက်မရှိတဲ့လူပဲ၊ ဒါပေမယ့် မချစ်တတ်သေးတဲ့မိန်းမတစ်ယောက်ကို ချစ်တတ်လာအောင် သင်ပေးဖို့ ဆို ကျွန်တော်က ဆရာကြီး ..”

ဤကဲ့သို့ မိုက်မိုက်ရိုင်းရိုင်းပြောပြီး ကြိမ်းဝါးလိုက်တာနှင့် ဒေါ်မိမိညို ကလည်းလျှော်သည်။ သမီးငယ် မြခွာညိုနှင့်တိုင်ပင်ကာ နေညိုရီကို တခြားပို့ဖို့ ချက်ချင်းစီစဉ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် လုံမေ ကို အလုပ်ကထုတ်ပစ်သည့်ညမှာပဲ လုံမေ မထွက်ခွာရသေးမီအချိန်လေးမှာ အိမ်ထဲကိုရောက်အောင်ဝင်လာပြီး ရီလေးအခန်းထဲအထိ ရောက်သွားခဲ့၏။ ပြီးတော့ လူသိရှင်ကြားဖြစ်ကုန်အောင်ကြေညာမည်ဟု အကျပ်ကိုင်ကာ ရီလေးကို ပါအောင်ခေါ်သွားခဲ့၏။

ဒေါ်မိမိညိုတို့သားအမိက ထိုအဖြစ်ကိုမသိလိုက်ကြသဖြင့် ရီလေးကိုယ်တိုင် ခိုးရာလိုက်ပြေးသည်ဟုထင်ကာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်သည့်ဒေါသများနှင့် အမွေဖြတ်ခဲ့၏။ တကယ်တမ်း ရီလေး ခမျာ အရှုံးပေးခဲ့ရခြင်းသက်သက်သာ ..။

"ထူးမှမထူးတော့တာ မလုံရယ်၊ ရီ ကိုယ်တိုင် လိုက်ပြေးတယ်ထင်သွားရင် ရီ တစ်ယောက်ပဲ အပြစ်ရှိမှာ၊ သူပြောသလိုသာ လူသိရှင်ကြားဖြစ်ကုန်ရင် သမီးက ရည်းစားကို အိပ်ခန်းထဲအထိခေါ်တွေ့တယ်ဆိုပြီး မေမေတို့ ပတ်ဝန်းကျင်မှာ ဘယ်လိုမျက်နှာနဲ့နေကြမလဲ၊ အဲဒါကြောင့် ရီ သူနောက်ကိုလိုက်ခဲ့တာ၊ ထားလိုက်ပါတော့၊ ရီ့ဘဝ ဘာဖြစ်ဖြစ်ပါ"

"ရီလေးရယ် ... ရီလေး သူ့ကို လုံးဝ မေတ္တာမရှိခဲ့ဘူးပေါ့"

"ဟင့်အင်း ..."

လုံမေ ရင်နင့်ခဲ့ရသည်။ မိုက်ရိုင်းလှချည်ရဲ့လို့ တစ်နေကုန် ဆော်ဆဲနေရအောင်က ကိုယ့်မောင်လေးဖြစ်နေသည်။ ရီလေးနဲ့ခွာညို့ကို တကယ့်ညီမလေးတွေလို သံယောဇဉ်ရှိခဲ့တာလည်း တကယ်မို့ ရီလေးအတွက် စောင့်ရှောက်ဖို့တာဝန်ကို ကိုယ့်ဘာသာယူကာ သူတို့နဲ့ပဲ နေလိုက်တော့သည်။

"မမက ဘာလာလုပ်နေတာလဲ၊ အလိုလိုကမှ မကျေမနပ်နဲ့ လူကို မရမကပဲ့ထားရတာ၊ မမရှိနေတော့ အနားကပ်လို့ကိုမရတော့ဘူး"

ဝိုင်းကူ ပူလောင်ပေးဖော်ရပါလားဆိုပြီး အစ်မကို ဂျေးရှုးမတင်သည့်အပြင် လမ်းသစ်ဦး က နှင်ချနေသေးသည်။ သူ တကယ် ရီလေး





ကိုချစ်ရှာပါသည်။ ဒါပေမယ့် ရီလေး က အေးစက်စက်တုံ့ပြန်တော့ မကျေနပ်နိုင်။ ထိုပြဿနာနှင့်ပတ်သက်၍ အိမ်ထောင်ရေးကမပြေလည်။

ရီလေးသည် လမ်းသစ်ဦးကို တည်တည်တင်းတင်းလေး နေတတ်ပေမယ့် လုံမေ့ကိုတော့ ဟိုတုန်းကအတိုင်းပဲ ဆက်ဆံ၏။ လမ်းသစ်ဦးက ဘာတွေရှာဖွေပေးပေး၊ ကျွေးကျွေး ဘာမှမကိုင်၊ ဘာမှလည်းမသုံး ..။

"အဲဒါ မမကြောင့်၊ ကျွန်တော်တို့လင်မယားနှစ်ယောက်တည်းဆို မခေါ်လဲမရဘူး၊ မပျော်လဲမရဘူး၊ ခုတော့ လူကိုဘာကောင်မှန်းကို မသိတော့ဘူး"

"ဟဲ့ .. ရီလေး က ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တဲ့သူဌေးသမီး နင်ဖြစ်သလိုဆွဲချသွားပြီး ထင်သလိုထားလို့ ဖြစ်ပါ့မလား"

"ကျွန်တော်လဲ သူ့ကို ဘာမွေးမှမီးမလောင်အောင် ထားနိုင်တယ်၊ လုပ်မနေနဲ့၊ လူတိုင်းပဲ စိန်ခဲ ရွှေခဲကိုက်ပြီးမွေးတာမဟုတ်ဘူး၊ တစ်နေ့ သူ့အမေထက်သာအောင် ကျွန်တော် ကြိုးစားနိုင်တယ်၊ သူ့ အလုပ်က ယောက်ျားရှာဖွေချင်အောင် ကြည်ကြည်ဖြူဖြူ လိုက်လိုက်လျောလျော လေးနေပေးရုံပဲ"

"နင့်ကိုမှမချစ်တာ ဘယ်လိုလုပ်ကြည်ဖြူမှာလဲ၊ သူ့ခမျာ မိဘက အမွေဖြတ်ထားသေးတယ်"

"အမွေဖြတ်တော့ ဘာဖြစ်လဲ၊ ခုနေ လာပါ၊ နေပါဆိုပြီး ခေါ်သွင်းလဲ အဲဒီခြံကြီးထဲမှာနေဖို့တော့ ဆောရီးပဲ"

လမ်းသစ်ဦး က ပြောချင်ပြီဆို အနားမှာ သူ့သမီးတစ်ယောက်လုံး ရှိနေပါလားဆိုပြီး ဆင်ခြင်ရမှန်းလည်းမသိ။

"ကိုယ့်မိန်းမကို ကိုယ်ချစ်လို့ သည်းခံရမယ်ဆိုရင် ခေါင်းပေါ်ပဲ တင်ထားရ ထားရ .. ယောက်ျားမကိုဘာဆိုင်လို့ကြောက်ရမှာလဲ၊ အဲဒီ လောက်ဘင်းနေတဲ့ယောက်ျားမျိုးနဲ့သာ တစ်အိမ်တည်းနေရရင် တစ်နေ့ အခါ



www.burmeseclassic.com

www.burmeseclassic.com



ရှစ်ဆယ်လောက်ရန့်ဖြစ်ရမယ်၊ အဆင်မသင့်ရင် လူသတ်ပွဲလဲဖြစ်ဖို့ရှိတယ်"

ဤသို့ဤနှယ် မနှုံးညံ့တတ်သည့်ယောက်ျားကို ရီလေး မချစ်ခဲ့တာ တစ်ဖက်က ကိုယ့်မောင်ပေမယ့်လည်း လုံမေက နားလည်သည်။ မချစ် မကြင်နာတာတွေနှင့် အုံဖွဲ့နေခဲ့သော်လည်း အိမ်ထောင်ရေးက သက်တမ်း ရှည်ပါသည်။

အိမ်ထောင်သက် သုံးနှစ်တင်းတင်းပြည့်မှ ရီလေးမှာ ကိုယ်လေး လက်ဝန်ရှိလာခဲ့သည်။ ထိုအချိန်မှာ လမ်းသစ်ဦး ကလည်း စီးပွားရှာ ကောင်းသည့် လူတော်လူကောင်းကြီးဖြစ်နေခဲ့လျက် အပေါင်းအသင်း လေးတမမ၊ အရက်လေးတမြမြနှင့်ဖြစ်လာခဲ့သည်။

ကလေးဆိုတဲ့အသံကြားတော့ သူ့ခြေလှမ်းတွေကို ပြင်ဆင်ဖို့ ကြိုးစား၏။ ဒါပေမယ့် သူပြင်ဆင်ဖို့အတွက် ရီလေး ကလည်း ကြိုးဆို ခြင်းမရှိ၊ မဟုတ်တဲ့ဘက်ကို တွန်းပို့အားပေးဖို့ အသင့်ရှိနေကြသည့် အပေါင်းအသင်းနယ်ပယ်ကလည်း အင်အားကြီးနေပြီမို့ အမှားပြင်ဆင် ခြင်းက မပီပြင်။

ရီလေး မွေးဖွားဖို့အတွက် လိုလေသေးမရှိပြင်ဆင်ပေးရင်း မွေး ဖို့ရက်နီးလာသည်နှင့်အမျှ အိမ်မှာပဲ အပေါင်းအသင်းတွေနှင့် အုပ်စု ဖွဲ့၍ စောင့်ရှောက်ခြင်းမည်စေသည်။

ကံကြမ္မာက ဘယ်လိုဘယ်ပုံ ဆုံစည်းစေခဲ့မှန်းမသိ၊ ရီလေး မွေး ဖွားဖို့ ဗိုက်နာလာသည့်အချိန်မှာပဲ ဒေါ်မိမိညို့ဟို့သားအမိ ရောက်လာ ခဲ့ကြသည်။ ဒါပေမယ့် သားအမိ၊ ညီအစ်မ မဆုံစည်းလိုက်ရဘဲ ကလေး မွေးဖွားပြီးသည်နှင့် ရီလေး ဆုံးသွားခဲ့၏။

အမွေဖြတ်ထားခဲ့ပေမယ့် သမီးက အနစ်နာခံသွားခဲ့မှန်းသိလိုက် သည်နှင့် အမိအရပြေးလာခဲ့မိသည်။ ဒီရောက်တော့ ဆုံစည်းကြဖို့မဟုတ် ဘဲ သမီးရဲ့အလောင်းကောက်ဖို့ဖြစ်ခဲ့ရသောကြောင့် ဒေါ်မိမိညို ရင်ကွဲ မတတ်ဖြစ်သွားခဲ့လေသည်။





ဒီလင်ကိုယူလို့၊ ဒီသားကိုမွေးခဲ့လို့ ..။

လမ်းသစ်ဦး ဆိုသည့်လူသားတစ်ယောက်ကို ဒေါ်မိမိညို အမုန်း ကြီးမုန်းသွားခဲ့၏။ ထို့ပြင် အနီးဖွေးဖွေးထဲမှာ နီကြာရှူရှူလေးရှိနေသည့် ကလေးငယ်လေး ..။

"ငါ့သမီးအသက်ကိုနုတ်ယူပြီးမှလူ့လောကထဲကိုဝင်လာတာ၊ သင်း ကိုမြင်တိုင်း ငါ့ရဲ့စိတ်တွေ ဘီလူးသရဲစီးနေမှာ၊ ခွာညို .. လာခမ်း လက်ဖျား နဲ့တောင်မထိနဲ့၊ သွေးဆိုးသွေးညစ်၊ မကောင်းဆိုးဝါး အမျိုးယုတ် .."

ဒေါ်မိမိညို ပြောသမျှ ဖန်းအတွက် သောကပွေနေခဲ့သည့် လမ်း သစ်ဦး ကလည်းမခံ။ နဂိုကတည်းက ရိုင်းသည့်စိတ်ဟာ ချုန်းအုပ်မရ ဖြစ်သွားခဲ့ပြီး သည်းမခံနိုင်ဆုံးစကားတွေနှင့် ပြန်လည်ပစ်ပေါက်ခဲ့၏။

လုံမေကလည်း တောင်းပန်စကားလေးတောင်မှ မပြောဝံ့ခဲ့ပေ။ ခွာညို ကတော့ မပြောရဲသေးပေမယ့် ပါးစပ်တပြင်ပြင် လက်တပြင်ပြင် ဖြစ်နေခဲ့သည်။

ရီလေး မွေးပြီးသည့်အချိန်မှာ သူမမှာလည်း ကလေးငယ်ငလေး နဲ့ဖြစ်သည်။ ထို့ကြောင့် ကလေးနှစ်ယောက်စလုံးကို ကိုယ့်ရင်သွေး လိုပဲ မွေးမြူသွားဖို့ဆန္ဒတွေ ပြင်းပြစွာ ဖြစ်နေခဲ့သည်။ မြင်းပြင်းထန်ထန် ပေါက်ကွဲနေသည့်မိခင်ကိုလည်း မပြောရဲသဖြင့် လုံမေ့ကိုပဲ အဆက် အသွယ်မပြတ်အောင်နေပေးဖို့ ကပ်မှာခဲ့ရင်း ပြန်ခဲ့ရသည်။

ဒါပေမယ့် သိပ်မကြာလိုက်ပေ။ ကလေး တစ်နှစ်သားမပြည့်မီမှာ လမ်းသစ်ဦး အရက်တွေ အလွန်အကျွံသောက်ကာ ဆိုင်ကယ်လဲမှောက်၍ သေဆုံးသွားပြီဆိုသည့်သတင်းကို ကြားလိုက်ရသည်။ ထိုအချိန်မှာ ခွာညို က ဆုံးဖြတ်ချက်တစ်ရပ်နှင့် ဒေါ်မိမိညိုထံမှာ အယူခံဝင်တော့သည်။

"မမကိုယ်တိုင် မွေးဖွားထားခဲ့တဲ့ရင်သွေး၊ မမရဲ့ကိုယ်ပွား ဒီကလေး ကို ခွာညိုတို့တစ်ဘဝလုံးပစ်ထားတဲ့အထိ ရက်စက်သင့်သလား မေမေ"

"မေဒမ စဉ်းစားကြည့်ပါဦး၊ ကလေးက အခု မိဘမဲ့သွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မလုံတစ်ယောက်တည်း ကလေးကို ဘယ်လိုမွေးမလဲ''

''သမီးကို သေလောက်အောင်ချစ်ပြီး ခုချိန်ထိ မေမေ ရင်ကွဲမှာ ကျနေတုန်းပါ။ မမရဲ့ရင်သွေးကိုကျမှ ဘာဖြစ်လို့ မုန်းတီးနေရတာလဲ မေမေ၊ သူ့အဖေကိုမုန်းတယ်ဆိုလဲ အခု သူမှမရှိတော့တာ ..''

နေ့စဉ်ရက်ဆက် သားအမိနှစ်ယောက် ပဋိပက္ခတွေဖြစ်ကြရသည်။ သမက်ဖြစ်တဲ့သူကလည်း ဖနိုးပြောတဲ့ဘက်က ပြောဆိုကူညီခဲ့၏။ ဒေါ်မိညိုက အချစ်ကြီးလို့ အမျက်ကြီးသည်လား၊ တစ်ယူသန်စိတ်ကြောင့်လား..။ ဘာကြောင့်မုန်းမသိပေမယ့် ဘယ်လိုပြောပြော ခေါင်းမညိတ်ဘဲနေ၏။

''ငါ့သမီး မွေးခဲ့ပေမယ့် သမီးကို ဒီကောင် အနိုင်ကျင့်ယူတာ၊ ဒီကလေးကိုလဲ ငါ့သမီးက မလွယ်ချင်ဘဲလွယ်၊ မမွေးချင်ဘဲမွေးခဲ့ရတာ၊ အဲဒါကြောင့် ငါ့သွေးသားဆိုတဲ့ဘောင်ထဲမှာမရှိဘူး''

''မဟုတ်သေးဘူး အမေ ..''

ခွာညို့ခင်ပွန်းက သူ သဘော်နားနေတုန်းမှာ ပြဿနာအကြီးအကျယ်ဖြစ်နေတာကို စိတ်မချမ်းသာ။ သားအချစ် မြေးအနှစ် ဆိုသည့်စကားကို ကန့်လန့်တိုက်၍ သမီးကိုချစ်လွန်းလို့ မြေးကိုမုန်းပါသည်ဆိုသော ယောက္ခမကိုလည်း အံ့ဩလို့မဆုံးဖြစ်ရင်း ...

''အမေ့သမီး ညညဆို သိပ်အိပ်တယ်မရှိဘူး၊ ကိုယ်မွေးထားတဲ့ကလေးကို ပွေ့ပိုက်ထားရင်းနဲ့ မျက်ရည်ချောင်းစီးနေတာ ..''

''ဘာ ...''

''သူ့သားက ပြည့်ပြည့်စုံစုံနေရပြီး သူ့အစ်မရဲ့သားကတော့ မိဘမရှိ၊ ဆင်းဆင်းရဲရဲနဲ့ဖြစ်နေတော့ ဒါကိုပဲ မပြတ်တွေးပြီး ကြာရင် စိတ်ရောဂါရလာနိုင်တယ်၊ ဖြစ်လဲဖြစ်သင့်နေတာပါ အမေ၊ မိဘမဲ့နေတဲ့ကလေးကိုပြန်ခေါ်ပြီး စောင့်ရှောက်တာအကောင်းဆုံးပါပဲ၊ နောက်ပြီးသွေးသားဆိုတာ ခုတ်ဖြတ်လို့ပြတ်တာမျိုးမဟုတ်ဘူးလေ၊ မကောင်းတဲ့ပတ်ဝန်းကျင်မှာ ပစ်စလက်ခတ်ကြီးပြင်းလာခဲ့လို့ ဒီကလေး ပျက်စီး





လေလွင့်သွားခဲ့ရင် အချိန်လွန်မှ ဖြုပြင်သွန်သင်ဖို့လဲခက်မယ်၊ ဘယ်ဘက်ကမှ မကောင်းပါဘူး''

လင်မယားနှစ်ယောက် အကျိတ်အနယ် ဆွေးနွေးတင်ပြခဲ့ရသည်။ ကလေးကို ပြန်ခေါ်လိုက်တော့လည်း အမိန့်တွေ၊ ရာဇသံတွေအထပ်ထပ် နှင့် ..။

''လုံမေကိုပဲ သူ့တူနဲ့အတူနေပါစေ၊ ဒီခြံထဲကို သူပြန်ပြီး ခြေချတဲ့အချိန်ကစပြီး ဟိုဘက်က ဘယ်ဆွေမျိုးမှ ငါ့ခြံရှေ့က ဖြတ်မလျှောက်စေနဲ့''

''လုံမေ .. ငါတို့မသိဘဲ ခြံရှေ့ကို တစ်လက်မမှ ကျူးကျော်ခွင့်မရှိဘူး .. အဲဒါမှတ်ထား ..''

''ဒီကလေးကို ငါတို့မခေါ်ဘဲ အိမ်ကြီးပေါ်ကိုခြေမချစေနဲ့၊ လောက်လောက်လားလားမသွားတတ်ခင်ကတည်းက စွဲနေအောင်သင်ထား''

ခွာညို့မှာ နောက်ထပ်အမိန့်တွေကို စိတ်မချမ်းသာပေမယ့် ဘာမှမပြောရဲတော့ဘဲ ကလေးနဲ့ပတ်သက်ဖို့ ဘယ်လိုကိစ္စပြဿနာမဆို ကိုယ့်ဘာသာပဲ ကြိုးစားခဲ့ရသည်။

''သားနော် .. သူက သားရဲ့ညီလေး၊ ချစ်ချစ်ခင်ခင်နေရမယ်၊ အနိုင်မယူရဘူး၊ ရန်မဖြစ်ရဘူး၊ ပြောစကားနားမထောင်ရင် မေမေရိုက်မှာ ..''

မောင်မောင်နဲ့သမိုင်း အတူကစားဖြစ်အောင်၊ ညီအစ်ကိုစိတ်နဲ့ ကြင်ကြင်နာနာရှိရအောင် သူမ ပဲ လှုံ့ဆော်ကြိုးစားခဲ့၏။ သမိုင်း ကို ခွာညို ဘယ်လောက်ထိဂရုစိုက်သလဲဆိုလျှင် သဘောထားကြီးပါသည်ဆိုသော ခင်ပွန်းဖြစ်သူကိုယ်တိုင် မကျေမနပ်ဖြစ်လာခဲ့တဲ့အထိပင်။

''မင်းရဲ့ယောက်ျားနဲ့သား ရှိသေးတယ်နော်၊ မေ့များနေသလားလို့ ..''

''ကိုယ် အိမ်မှာနေတဲ့အချိန်လေးတော့ မင်း ကိုယ့်အတွက်ဖြစ်

www.burmeseclassic.com



သင့်တယ် ချာညို၊ ကလေးတွေနဲ့မင်းအမကြားက ပြဿနာက ဘယ်တော့ပြီးမှာလဲ''

စသည့်အဆင်မပြေမှုတွေရှိလာခဲ့ပြီး ချာညို ကလည်း ချူချာလာသည်။ သူပြန်လာတိုင်းလည်း စိတ်တိုင်းမကျဖြစ်ခဲ့ရင်း ပြန်ချိန်တန်လျက်နှင့် ပြန်မလာသောအခြေအနေတွေ ဖြစ်လာခဲ့သည်။

ကလေးတွေ အလယ်တန်းလောက်မှာ ခင်ပွန်းဖြစ်သူ လုံးဝ ပြန်မလာတော့ဘဲ ချာညို တစ်ယောက် ရောဂါသည်လေးဖြစ်လာ၏။ နောက်တော့ တဖြည်းဖြည်း လုံးပါးပါးခဲ့ရင်း ဆုံးခဲ့ရှာသည်။

အားလုံးသော ဖြစ်ပျက်ခြင်းတို့မှာ သံဝေဂပြယုဂ်တွေရှိခဲ့ပေမယ့် ဒေါ်မိမိညိုက အမှန်တရားကို ခေါင်းမာစွာနှင့် လက်ကိုင်ထားခဲ့၏။

ညိုသစ္စာ သည် အမှန်သစ္စာကိုပဲ ဦးထိပ်ပန်ဆင်ထားခဲ့ရင်း ...





## အခန်း (၈)

''မိန်းကလေးတွေက အဲဒီလို မသိသလို မလုပ်သလို ဘာမှန်းမသိမြူစိစိပုံစံတွေကို စိတ်ဝင်စားကြတာကွ''

''မဟုတ်ပါဘူးကွာ၊ စိတ်ဝင်စားအောင်နေတတ်တာပါ၊ နေသမိုင်းဆိုတဲ့ကောင်က ရုပ်ကလဲ သိပ်မချောဘူး၊ ကြည့်လိုက်ရင် နိုင်ငံခြားမင်းသားတွေလို ဟိုကွာ ... မိန်းမမှန်းမသိ၊ ယောက်ျားမှန်းမသိ မှုန်ညက်နေအောင်ပြင်ထားတဲ့ ကိုရီးယားမင်းသားတွေလိုမဟုတ်ဘူး၊ ငါပြောတာက မင်းသားမှန်းမသိ၊ လူကြမ်းမှန်းမသိ ခပ်စုတ်စုတ်၊ ညှင်းသိုးသိုး .. ဒါပေမယ့် သူချည်းပဲ အဓိကနေရာမှာ ဖြစ်ဖြစ်နေတော့ ..''

''မင်းညွှန်းတာ နည်းနည်းပိုနေပြီ''

''ညွှန်းတာမဟုတ်ဘူး၊ ဘာမှမဟုတ်တာကို အဟုတ်ထင်နေကြတာ အသည်းယားလို့ ဘာမှမဟုတ်တဲ့အကြောင်းထုတ်ပြတာ ..''

ဘာမှမဟုတ်တာတွေ ရှုပ်ယှက်ခတ်နေအောင် ပြောနေသည့်စကားသံတွေက ပန်းရုံ၏တစ်ဖက်ခြားမှာရှိနေကြသည့် မိန်းကလေးနှစ်ယောက်ကို စိတ်ဝင်တစားဖြစ်သွားစေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သူတွေလဲ”

စုမြတ် က နှုတ်ခမ်းလှုပ်ရုံလေး မျက်ခုံးပင့်မေး၏။ ခတ် က ခေါင်းခါ၍ …

“မသိဘူး”

လို့ အသံမထွက်ဘဲဖြေသည်။ သူတို့တွေ စကားပြောမပြတ်ပေမယ့် ခမ္မရောက်လာပြီး ထိုင်လိုက်ကြတာဖြစ်သည်။ ခတ် တို့က ရောက်နေတာကြာပြီး ပြန်တော့မလို့ပြင်နေသူတွေ ‥။

ခတော့ မတိုင်ပင်ရဘဲနှင့် နှစ်ယောက်စလုံး အသံတိတ် ငုတ်တုတ်ထိုင်နေမိကြသည်။

“မင်းပဲစဉ်းစားကြည့်၊ စောင်းလက်ခတ် ကတောင် အလံဖြူ သွားတင်တာ …”

“အဲဒါ ဟုတ်တယ်၊ ပြီးတော့ သွန်းစက် ကလဲ ပါးသွားရိုက်ပြီးမှ ငေါင်တောင်တောင်ဖြစ်နေလို့ သူ့ဘော်ဘော်တွေက ပြန်တွေ့ပြီး တောင်းပန်ဖို့တောင် စီစဉ်နေကြတယ်တဲ့”

“မင်းက သိလှချည်လား”

“သိတယ်၊ အဲဒီအုပ်စုထဲမှာ ငါ့ကောင်မလေးရဲ့ဘော်ဘော်ပါလို့”

“ဟား ဟား ဟား …”

ရယ်သံက ပြောသမျှအားလုံးကို မဟုတ်ကဟုတ်ကတွေလို့ ပြောချလိုက်သလို လှောင်ရယ်သံနှင့်တူနေ၏။ ပြီးတော့ …

“မင်းတို့ ငါပြောတာမှမယုံတာ၊ ဒီကောင်က သူ့ဗျူဟာနဲ့သူ တစ်ယောက်တည်းကျင့်ကြံနေတာ၊ သူ့အဖေတုန်းကလဲ ဒီလိုပဲလေ၊ သူက ရာဇဝင်နဲ့ကောင်၊ နာမည်ကိုကကြည့်ပါလား”

“မင်းက တော်တော်သိပါလား”

“ဘာလို့သိသလဲ မမေးနဲ့၊ ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ”

“ပြောပါဦး၊ သူ့အဖေက ဘာလဲ”





“မပြောချင်ဘူး၊ မဆိုင်တာကို …”

“မင်းပဲစပြီးတော့ ‥၊ ပြောစမ်းပါ ‥ နည်းနည်းပါးပါး …”

“သိပ်မသိပါဘူး၊ လူကြီးတွေပြောသံကြားတာတော့ ယောက်ျားဖြစ်ပေမယ့် သူ့ငွေးကြိုက်ရပ်နဲ့ တော်တော်တွင်ကျယ်တယ်ဆိုလား”

“ဟော …”

“အဲလိုကြီးလား ‥၊ ဒါပေမယ့် နေသမိုင်း ကတော့ တော်တော်ဆင်းရဲတာပဲ၊ ဖိနပ်တောင် စီးစရာမရှိတဲ့ဟာ ‥”

“အဲဒါကြောင့် ဖယောင်းကြီးကြီးချပြီး အကွက်ရွှေ့နေတာပေါ့၊ အခု သူ့ဖယောင်းက စောင်းလက်ခတ် ‥”

ထိုစကားကြောင့် ခတ်နဲ့စုမြတ် မျက်လုံးချင်း ဒိုင်းခနဲဆုံသွားသည်။

“ဟိုနေ့က သူ ပါးရိုက်ခံရတဲ့ပြဿနာကို ပါးရိုက်ခံရတဲ့အကြောင်း မပါဘဲ ပါးစပ်အရသာခံပြောနေတာကွာ၊ ငါကအကြောင်းသိနေတော့ အဲ့ထိုးပစ်ချင်လိုက်တာ လက်ကိုယားနေတာပဲ၊ စောင်းလက်ခတ် ကို ဗဟိုပြုပြီး တိုးဇေ့တိုက်ခတ်သွားတဲ့လေက မာနကြီးတဲ့မိန်းမဆိုတာ မရှိဘူး၊ ရင်းနှီးထိတွေ့တဲ့အပေါ်မှာ သာယာလာတာပဲတဲ့”

“သူက …”

“ဟုတ်တယ်၊ ပြီးတော့ မိန်းကလေးတစ်ယောက်ကို မျက်လုံးချင်းဆုံကြည့်လိုက်တာနဲ့ အဲဒီမိန်းကလေး ဘာကိုသဘောကျတယ် ဆိုတာ သူ ခန့်မှန်းနိုင်တယ်တဲ့၊ အဲဒါကြောင့် စောင်းလက်ခတ် သူ့နောက်ကို ကောက်ကောက်ပါလာတာတဲ့ ‥”

“အင်း ‥ ဆရာတင်သင့်တယ်”

“သွားပါကွာ၊ မိန်းကလေးတွေကိုကစားချင်တာနဲ့ မိန်းမဗျူဟာတွေအလွတ်ကျက်၊ ဝက်ဝုဏ္ဏိတွေနဲ့ တစ်ချိန်လုံး နပန်းလုံးနေတဲ့ ကောင်၊ ဒီကောင်ဘွဲ့ရရင် တက္ကသိုလ်ကဘွဲ့ကို ရမှာမဟုတ်ဘူး၊ မိန်းမကျွမ်းကျင်အမိကနဲ့ရမှာ ‥”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား .. ဒါ သူ့ဝါသနာပဲ"

"ဒါပေမယ့် ငါ့ရင်ထဲမှာ ကသိကအောက်တော့ဖြစ်တယ်ကွ၊ သူ့ခြေရင်းရောက်သွားတာတွေက တကယ့်ကွင်းတွေချည်းပဲ"

"မရောက်ပါဘူးကွာ၊ ဒီကောင် သက်သက်ပါးစပ်အရသာခံနေတာပါ၊ ငါမခံချင်တာ အဲဒါပေါ့၊ မိန်းကလေးတွေရှေ့ရောက်ရင် မျက်လွှာချ ခေါင်းငုံ့ပြီး ပေးတိုင်းမယူ၊ ကျွေးတိုင်းမစားတတ်တဲ့ ခပ်ထုံထုံရိုးအအပုံနဲ့ ကွယ်ရာရောက်မှ လက်ဖျစ်တီးကြွားနေတာ .."

"ဒီကောင် အဲဒီအကျင့်မျိုးရှိတာ မထင်ရဘူးနော်၊ မင်းနဲ့ အိမ်နီးချင်းလား"

"ဘာဖြစ်ဖြစ် သူ့အကြောင်း မင်းတို့ထက် ငါပိုသိတာ လက်ခံ .."

"ခံပါတယ် .. ခံပါတယ်"

ခတ် မျက်နှာလေး နီရဲလျက် နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

"ခတ် .. ဘာလုပ်မလို့လဲ"

စုမြတ် ကပျာကယာ လိုက်ရပ်ကာ ...

"ယောက်ျားလေးတွေအများကြီး ပြောချင်တာပြောနေတာကို၊ ကွယ်ရာမှာပြောတော့ အတင်းတဲ့၊ ထားလိုက်ပါဟာ .."

စုမြတ်က ခတ် ကို တိုးတိုးလေးကပ်ပြောရင်း ထိုနေရာမှ ဆွဲခေါ်လာခဲ့သည်။ တက္ကသိုလ်ဝင်းထဲက ထွက်လာမှ ...

"ဘယ်နေရာသွားသွား သွန်းစက်နဲ့ သူ့အကြောင်းချည်းပဲ၊ နင်ဟိုးတစ်ခါ ပါးရိုက်ဖို့ရွယ်လိုက်ပြီးမှ ပိုပေါ်လွင်သွားတာ၊ အခုထိထည့်ပြောနေကြတုန်း၊ ယောက်ျားလေးတွေပါးစပ်များ တော်တော်ကြောက်စရာကောင်းတယ်၊ တကယ်ပဲ ..."

"နင် သူ့ကို ဘယ်လိုထင်လဲ စုမြတ် .."

"ဘာထင်ရမှာလဲ၊ သူ့ဘဝနဲ့သူ၊ ကိုယ့်ဘဝနဲ့ကိုယ် .."

"အရေးထဲမှာ နင်ကလေ .. ဥပေက္ခာတရားတွေ လာရှုတ်နေ





သေးတယ် မိစုရယ် .."

"ဘာဖြစ်လို့လဲ .."

"ငါ သူ့အကြောင်း သေချာသိချင်လာတယ်"

"ဘယ်လို .. ဘယ်လို ..."

စုမြတ် ခြေလှမ်းတွေတောင် ရပ်သွား၏။ ပြီးတော့ တအံ့တသြနှင့် ...

"ခုပဲ မိန်းကလေးတွေ ဘယ်လိုဘယ်ပုံနဲ့ ကဲ့ရဲ့နေကြတာကို ကြားခဲ့ပြီ၊ နင်က ဘာလဲ၊ ငါ့ကို ကွယ်ရာမှာ ဒီလိုပြောရသလားဆိုပြီး ပါးသွားရိုက်ဖို့ကို သေချာအောင်စုံစမ်းဦးမယ် .. ဟုတ်လား"

"ပါးရိုက်ဖို့ဆိုတာကြီးကို ထည့်ထည့်မပြောစမ်းပါနဲ့ဟာ၊ စိတ်ကူးဖျက်လိုက်တာ .."

"ဘာ... ဒါဆို .. နင် .. နင် .. သူ့ကို စိတ်ဝင်စားနေတာလား"

"မဟုတ်တာ စုမြတ်ရယ်၊ ငါသိချင်တယ်ဆိုတာ လူတစ်ယောက်ဟာ ဘယ်လောက်ထိ ဟန်ဆောင်နိုင်သလဲ၊ ဟန်ဆောင်နေတာမှန်းမသိတဲ့လူတွေက ညံ့တာလား၊ သူက အရမ်းတော်နေတာလား"

"ခတ်ရယ် ..."

"ဒါမှမဟုတ်ရင် ဒါဟာ လွဲမှားမှုတစ်ခုခုလား"

"ဒီမှာ .. ဟိတ် .."

စကားပြောနေတုန်း အေးမှ အရိပ်နှစ်ရိပ်နှင့်အတူ ခေါ်သံက ခတ်ကိုဖြစ်၏။ လှည့်ကြည့်လိုက်တော့ မြင်နေကျမျက်နှာတွေက စပ်ဖြဲဖြဲ ..။

"ခတ် .. နင့်ကို ကျော်ဘုန်းက ဖိတ်စာပေးခိုင်းလိုက်လို့ .."

"ဘာဖိတ်စာလဲ"

"သူ့မွေးနေ့ဖိတ်စာပါ"

"ငါလာနိုင်မှာမဟုတ်ဘူး"

"ဟာ .. ခတ် .."



www.burmeseclassic.com

www.burmeseclassic.com



ခတ် က မျက်နှာတည်တည်လေးနဲ့ပြောပြီး ဆက်လျှောက်၏။ ဝင်းဦးတို့ ကမန်းကတန်းလိုက်၍ တားဆီးကာ ...

''သန်ဘက်ခါမှပါဟာ ..၊ နင်ကလဲ .. လာလိုက်ပါ၊ သူ့ကတိအတိုင်း နင့်ကို နောက်ထပ်မနှောင့်ယှက်တော့ဘူးလို့ပြောထားလို့ ငါတို့ကို ဖိတ်ခိုင်းတာ၊ ဒီကောင် ဆွေးနေရတာ နင်သိသားနဲ့၊ ဒါလေး တစ်ခုတော့ ညှာတာပါ''

''ဟား .. ပြဿနာပါလား၊ ဒီမှာ ...''

''နေပါဟာ .. အပြတ်အသတ်ကြီးမခါလိုက်ပါနဲ့၊ ကဲ .. မလာနိုင်ရင်တောင် ဒီဖိတ်စာကိုတော့ယူလိုက်ပါ .. နော် ..''

ခတ် ခြေလှမ်းတွေနှေးကျသွားကာ ဖိတ်စာအပြာရောင်လေးကို ငုံ့ကြည့်လိုက်သည်။

''ရော့ .. ယူပါ''

ဝင်းဦးတို့ တက်တက်ကြွကြွ ကမ်းပေးကြ၏။

''ပြီးရောလေ .. အဲဒီဖိတ်စာပေးခဲ့၊ အိတ်ပြန်ယူသွား ..''

''ဟင် ...''

မျက်နှာတွေပျက်ကုန်တော့ ခတ် က နှစ်ယောက်စလုံးကို ခပ်ရိရိကြည့်လိုက်၏။

''ဖိတ်စာကိုပဲပေးခဲ့လို့ပြောတာ .. ပေး ..''

''အဲ ...''

''ဟာ .. ခတ် ...''

ခတ် က ဖိတ်စာကိုဆွဲယူလိုက်ပြီး သူမဘာသာ အိတ်ဖွင့်၍ ဖိတ်စာကဒ်ကိုယူသည်။

''ရော့ ..''

စာခေါက်လေးတစ်ခေါက်နှင့်အတူ ဖိတ်စာအိတ်ကို ဝင်းဦး လက်ထဲ ပြန်ထည့်ပေးလိုက်ပြီး ...





''ရပြီနော် ...''

''ဟို .. အဲဒါ ... ဒါလေးက ...''

ဝင်းဦး ဖိတ်စာအိတ်ကို ကမ်းပေးမလိုဖြစ်လိုက်၊ လက်ပြန်တွန့်သွားလိုက်၊ ပြီးတော့ ဘေးကကောင်နှင့် ခေါင်းချင်းရိုက်ရင်း ရှုံ့မဲ့ကျန်ရစ်ခဲ့၏။

''အထဲမှာ စာပါလို့လား၊ နင် ဘယ်လိုလုပ်သိနေတာလဲ''

စုမြတ်က အထင်တကြီးလေးကပ်မေးတော့ ခတ် က ပါးရိုးနှစ်ဖက်မှာ ဖြာဆင်းနေသည့်ဆံပင်တွေကို လှလှပပလေး ခါထုတ်ပစ်လိုက်ရင်း ...

''နင်မသိလို့ပါ၊ ဒါ ဘာမှမဆန်းဘူး''



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဘာ ..."

"အဟွန်း ... တကယ်ပြောတာ .. မင်းမယုံဘူးမို့လား .."

"နေသမိုင်း က .. ငါ့ကို ..."

"ဟုတ်တယ် ..၊ အခု သူက စောင်းလက်ခတ် နဲ့ငြိနေပြီလေ၊ ပြောအားရှိနေပြီပေါ့ကွာ၊ မင်းက ကျွန်ခဲ့တဲ့ကောင်ဆိုပြီး ..."

"တော်ကွာ ... စိုင်းလတ် .. တောက် ..."

ကျော်ဘုန်း တက်ခေါက်လိုက်၊ ခေါင်းကို ဘယ်ညာလှည့်လိုက်နှင့် မပြီးနိုင် ..။

"တော်ရမလားကွ၊ မင်းကိုပြောပြချင်လို့ လာခဲ့တဲ့ဥစ္စာ၊ ကျော်ဘုန်းလိုကောင် ပေါမို့လို့ ငတ်တုတ်မေ့ကျန်ခဲ့တာတဲ့၊ ခိုးချင်တာကလဲ ပှာလို့ နေးလိုက်တာလဲ ချာလို့တဲ့၊ ဒါမျိုးဆိုတာ ဖယားမကျွမ်းရင် ခံသွားရမှာပဲတဲ့ .."

"သူကရော .. ဘာကောင်မို့လို့လဲ"





ကျော်ဘုန်း ဝုန်းခနဲ ထရပ်၏။ တံတိုင်းပျက်ပေါ်ကနေ စိုင်းလတ်ကလည်း မတ်တတ်ဆင်းရပ်ကာ ...

"ဘာကောင်ပဲဖြစ်ဖြစ် သူက ရသွားတဲ့သူ ..."

"ရသွားတာ အနိုင်ရတာမှမဟုတ်တာ၊ ကောက်ရသွားတာပဲ၊ တချို့မိန်းကလေးတွေက ထူးဆန်းတယ်"

"ဟုတ်တယ်၊ အဲဒါကို သူသိတယ်လို့ ပြောနေတာပဲလေ၊ မင်းထင်သလို သူကောက်ရတာမဟုတ်ဘူးကွ၊ သူ့ရှေ့ကိုကျအောင် လုပ်ယူသွားတာ ..."

"အဲဒါကိုက မင်းတို့ အထင်တွေစွတ်ကြီးနေတာ၊ နေစမ်းပါဦး၊ ဒါတွေ မင်းကို ဘယ်သူပြောတာလဲ"

"မောင်မောင်ညို ..."

"မောင်မောင်ညို ကဘာလဲ"

"ဆံပင်တွေကို အမြဲတမ်းဂျယ်ထောင်ထားတဲ့ ဖြူချောချော ကောင်၊ လင်းရောင်တို့အဖွဲ့နဲ့ ရောနေတာကွာ .."

"မင်းနဲ့ရော .."

"သိပ်တော့မခင်ပါဘူး၊ သူကလဲ အပေါင်းအသင်းတွေများပြီး ဘယ်ကောင်နဲ့မှ အမြဲတမ်းတွဲနေတယ်မရှိဘူး၊ ဒါပေမယ့် နေသမိုင်း ပတ်သက်ရင် ဒီကောင် တော်တော်သိတယ်"

"တောက် ... ဒီကိစ္စ ဒီတိုင်းနေလို့မဖြစ်ဘူး"

"ဟာ .. နေဦးလေ .. ကျော်ဘုန်း .."

စိုင်းလတ် အသံကို သူ ဂရုမစိုက်တော့ဘဲ ထိုမနက်မှာ နေသမိုင်းကို တစ်ဝင်းလုံးပတ်ရှာခဲ့၏။ နေသမိုင်း သည် အတန်းထဲမှာပဲ ငြိမ်သက်စွာထိုင်လျက် ကဗျာတစ်ပုဒ်နှင့် ခရီးဆက်နေခဲ့သည်ဖြစ်ရာ ...

"ရှူး ..."

ကပ်လျက်ပြတင်းပေါက်မှာ လူရိပ်ထင်လာသဖြင့် မော့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ မောင်မောင် …။

''မင်း ဘယ်မှမသွားဘူးလား ..''

သမိုင်း က ခေါင်းခါပြလိုက်ပြီး စာအုပ်ဆီမှာ မျက်လုံးပြန်ရောက်၏။

''သမိုင်း .. မင်းကို ငါ အကူအညီတစ်ခုတောင်းချင်လို့ …''

နောက်ထပ်ပြောလာသဖြင့် သမိုင်း လှည့်မကြည့်ပေမယ့် မျက်မှောင်ကုပ်သွားသည်။

''ဆရာမ ဒေါ်ခင်သန်းမြင့်ကို နှင်းဆီတွေ သွားပို့ပေးစမ်းပါ''

''ဘာ …''

''မင်းကလဲ … ငါ့ကိုဆို ခေါင်းခါဖို့ပြင်ဆင်ပြီးသားပဲ၊ လုပ်ပါကွာ၊ ငါ မင်းဆီ ဘယ်တုန်းကလာဖူးလို့လဲ၊ ဒီထိလာပြောရတာ ငါ့မှာ အရမ်းခက်ခဲနေလို့ပါ၊ ဆရာမက မေမေနဲ့ ငယ်သူငယ်ချင်းလေ၊ မင်းသိသားနဲ့ ..''

ဒေါ်ခင်သန်းမြင့်ကို သမိုင်း သိပါသည်။ ပထမနှစ်တုန်းကလဲ ဆရာမဆီမှာပဲ ကျူရှင်ယူခဲ့ဖူးသည်။ ဒါပေမယ့် ဒုတိယနှစ်ကစပြီး သပ်သပ်စီပြန်ဖြစ်သွားခဲ့တာ ..၊ ကိုယ့်အတန်းကိုလည်း သင်တာမဟုတ်။

''ငါ သန်းထိုက်မွေးနေ့မှာ ဆရာမနဲ့ စကားလက်ဆုံတွေကျပြီး စကားကြွေးတင်သွားတယ်''

''ကြွေးတင်ရင် ဆပ်လိုက်ပေါ့၊ ဘာဖြစ်လို့လဲ''

''ငါ အဲဒီဘက်ကို သွားလို့မဖြစ်ဘူး၊ လုပ်ပါကွာ .. မင်းကလဲ''

''ငါ မသွားချင်ဘူး''

''ဟား .. မင်းက တင်းနေပြန်ပြီ''

မောင်မောင့်မျက်နှာတင်းသွားကာ သမိုင်း ကို မကျေမနပ် စိုက်ကြည့်၏။

''မင်းနဲ့ငါ ညီအစ်ကိုတော်တာ ဘယ်သူမှမသိပေမယ့် ဆရာမ





ကသိတယ်နော်''

မောင်မောင့်စကားကြောင့် သမိုင်း မျက်နှာလှည့်လာသည်။

''ရတယ်၊ ဆရာမက မင်းနဲ့လာခဲ့ဖို့ပြောတာ၊ မေးရင် သူမလိုက်ချင်ဘူးလို့ပြောတယ် ဆရာမ လို့ ငါပြောလိုက်ရုံပဲ''

မောင်မောင် သက်သက်အကျပ်ကိုင်မှန်းသိပေမယ့် သမိုင်း လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အိမ်မှာ အဝင်အထွက်ရှိတုန်းကတည်း က ဆရာမက သူ့ကိုအလိုလိုက်သည်။ မေလေး ပြောပြထားဖူးသည်။ နားလည်သည့်မျက်ဝန်းတွေထဲမှာ သူ့အတွက် ကရုဏာတွေ အမြဲပြည့်နေတတ်သူ ..။

''သား … တစ်ခုခု အခက်အခဲရှိရင် ဆရာမဆီလာခဲ့နော် ..''

လို့ မှာဖူးသလို ကျူရှင်ယူဖို့ စီစဉ်ပေးခဲ့တာလည်း ဆရာမပဲဖြစ်သည်။ မောင်မောင်က စကားပြောလည်သည်။ ဆရာမဆီကို သူမသွားနိုင်လည်း အထောင်းသက်သာအောင်တော့ အလျှော့ကောင်းနိုင်လိမ့်မည်။

သူ မသွားခဲ့ရင်သာ ဘယ်လိုမှ ဖြေရှင်းမလွယ်သည့်ပြဿနာတွေ သူ့ဘက်လှည့်လာနိုင်သည်ဖြစ်ရာ …

''မောင်မောင် …''

သူ နောက်ကပါလာမယ်မှန်းသိထားသဖြင့် ရှေ့လှည့်နေသည့် မောင်မောင့်နှုတ်ခမ်းတွေ မရှိးသားစွာ ပြုံးအိသွားခဲ့သည်။

''ပန်းက ဘယ်မှာလဲ''

သမိုင်း သူ့ဘေးကိုရောက်လာမှ တည်ခြင်း ပြုံးခြင်းမမည်သော မျက်နှာနှင့်လှည့်ကြည့်ကာ လွယ်အိတ်ထဲကို လက်နှိုက်လိုက်၏။ ဘယ်တုန်းကမှ လွယ်အိတ် ပခုံးပေါ်မတင်တတ်သည့်မောင်မောင်က အလွန်ရှေးကျသော ကချင်လွယ်အိတ်အနီရဲရဲနှင့် ..။

ပန်းတွေထည့်လာဖို့ ဒါ့ကိုတမင်လွယ်လာတာယို့ပဲ သမိုင်း က



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့မြင်သည်။ သူ့လက်ထဲမှာပါလာတော့ အနီရဲရဲနှင်းဆီငုံလေး ဆယ်ပွင့်လောက်ရှိမည်။ ပါကင်လှလှနှင့် ထုပ်ထားတာမဟုတ်ပေ။

''ဆရာမကကွာ၊ ဒီနေ့ ကျောင်းကအပြန် ဘုရားကို တစ်ခါတည်း ဝင်ချင်လို့တဲ့၊ ငါကလဲ ငါတို့ဘေးမှာ နှင်းဆီခြံတစ်ခြံ အသစ်ဖွင့် တယ်ပြောလိုက်မိလို့ တိုင်ပတ်ကုန်တာ''

မောင်မောင် မျက်နှာရှုံ့တွတွနှင့် ပန်းစည်းကို သမိုင်း လက်ထဲ သည့်သည်။

''ဆရာမ က ဘယ်မှာလဲ''

''အင်ဂျင်နီယာဌာနမှာထင်တယ်၊ အဲဒီဘက်မှာရှာကွာ ...''

သမိုင်း က ကိုင်လျက်သားပါလာသည့်ဗလာစာအုပ်ကို လ တစ်ဖက်နှင့် အိတ်ထဲပြန်ထည့်လိုက်ကာ နာရီကိုကြည့်၏။ ညိုညစ် ဒိုင်ခွက်ဖောင်းလေးနှင့် တန်ဖိုးနည်းသောနာရီလေးကို မောင်မော ခပ်ချဉ်ချဉ် နှုတ်ခမ်းမဲ့မဲ့နှင့် လိုက်ကြည့်ကာ ...

''သွားပါ၊ မင်း နောက်တစ်ချိန်ဝင်မယ့်ဆရာ လာမှာမဟုတ်ဘူ

နေရာတကာသိနေသည့် မောင်မောင့်ကို သမိုင်း က စိုက်ကြ ၏။ ကိုယ့်အတွက်ကြောက်စရာကောင်းသော အမှန်တရားတွေ နေသော်လည်း ထိုအမှန်တွေထဲမှာ တရားမပါဘူးထင်သည်။

မောင်မောင့်အပေါ်မှာ သူ ဘယ်တုန်းကမှ နှစ်လိုခင်တွယ်မရခဲ့သ အကြောင်းတွေဟာ အမြဲတမ်း လျှို့ဝှက်နေတတ်သည့် မဲ့ပြုံးတွေပဲဖြစ် လှုပ်ရှားပြေးလွှားလွယ်သည့် မျက်ဝန်းတွေကိုလည်း မယုံချင်။

ပန်းကိုငုံ့ကြည့်ရင်း ခြေဦးထိပ် တစ်လံလောက်ဆီမှာပဲ မျက် စိုက်ထား၍ လျှောက်လာခဲ့စဉ် ...

''ဟွန်း ·· လှပုံကတော့ မဆိုးဘူးကွ၊ ဒါပေမယ့် စိတ်ဓာတ် လောက်တက်နေတယ်''

''မင်းကလဲ ·· အားနွဲ့သူလေးကို ...''





''ကလိမ်ကကျစ် ·· ဟန်ဆောင်ပန်ဆောင်၊ မဟုတ်ကဟုတ်က မှသားပြောတတ်တာလေးပဲရှိတာ ..''

''မင်းတို့မသိဘူးလား၊ မာယာတစ်သိန်း အပလိန်းအနန္တ တဲ့''

''အဲဒါ မိန်းမတွေ မာယာများတာမဟုတ်ဘူးလား''

''အေးလေ ·· တူတူပဲဟာကို ...''

''ဟား ဟား ဟား ...''

ကျောပြင်မှာ ချွန်မြသည့်လက်နက်တွေ တစ်စင်းပြီးတစ်စင်း ပစ်မှန် နေကြ၏။ ဘယ်လိုမှသည်းမခံနိုင်သည့်အဆုံးမှာ သမိုင်း ခြေလှမ်းတွေ ရပ်တန့်သွားခဲ့သည်။

''ဩော် ·· ဒါတော့ကြားသားပဲ၊ ကြားသွားပြီဟေ့ ...''

''ဟုတ်လား ...''

သူတို့ချင်းပြော၍ သမိုင်း ရဲ့ဘေးတစ်ဖက်တစ်ချက်မှာ ခြံရံ၍ ရောက်လာကြသည်။ လေးယောက်ကို တစ်ယောက်စီကြည့်လိုက်တော့ ကျောင်းထဲမှာ မြင်ဖူးတွေ့ဖူးသလိုလိုရှိပေမယ့် ဘယ်သူ့ကိုမှ သေချာမသိ။

''နေသမိုင်း ...''

သူတို့ကတော့ သိလို့ပါလား ··။ နာမည်နဲ့တကွ လိုက်ရှာနေစတာ ဆိုတော့ ကိုယ်ကမသိပေမယ့် သူတို့သိထားတာတစ်ခုခုနဲ့ သူ ငြိနေပြီမှန်း တွက်မိလိုက်၏။

ပြဿနာတစ်စုံတစ်ရာ သူ့ထံရောက်လာတိုင်း သူ ဘာမှမသိရ သည့်အကြောင်းများပဲဖြစ်နေတတ်ကာ မရင်းနှီးသည့်လူတွေနဲ့ပဲ ဖြစ်နေ ခဲ့ရ၏။

ထို့ကြောင့် ကိုယ့်ဘာသာအေးဆေးနေတော့လည်း နေလို့မရသည့် အခြေအနေတွေကို ဖြစ်မလာအောင်ဆင်ခြင်ဖို့က ဘယ်အရပ်မျက်နှာကိုမှ မကြည့်၊ ဘယ်လမ်းကိုမှမသွားဘဲ သွားဖို့ရှိသည့်လမ်းကိုပဲသွား၊ ရောက် သည့်နေရာမှာ ငြိမ်ငြိမ်လေးနေ ·· ဒါပဲရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သွားဖို့ရှိသည့်လမ်းမို့ မျက်နှာငံ့ထွက်လာခဲ့ပေမယ့် …

''ပန်းတစ်စည်းနဲ့ လမ်းများနေတာ မျက်စိနောက်တယ်ကွ၊ ဘယ်ကိုလဲ''

မာနက မဖြေဖို့တားဆီးပေမယ့် သမိုင်း ပင့်သက်ရှိုက်၍ ထိန်းလိုက်ကာ …

''ဆရာမကို သွားပေးမလို့ ..''

ပန်းစည်းကိုပြ၍ ဖြေသည်။ ပြီးတော့ လှည့်ထွက်လိုက်လျှင် ..

''ရယ်စရာကြီးကွာ၊ မင်းပန်းစည်းက ဆရာမကိုပေးမလို့ဆိုပြီး သွားတော့ ကျောင်းသူလေးတွေ စုဝေးနေတဲ့နေရာပါလား''

''အေးလေ .. မင်းကလဲ မသိဘူးလား၊ အဲဒီမှာ စောင်းလက်ခတ်လဲရှိတယ်ကွ''

သူတို့ချင်း ပခုံးတို့ပြော၍ ပခုံးလှုပ်အောင်ရယ်ကြ၏။ သမိုင်း ကျိုခနဲ အံကြိတ်သည်။ တစ်ယောက်က သူ့မျက်နှာရှေ့မှာ ခြေနှစ်ဖက်ချ၍ လှမိုက်ပုံစံနှင့်လာရပ်ကာ …

''ငါသဘောပေါက်ပြီ၊ မင်း ဆရာမ ဒေါ်ခင်သန်းမြင့်ဆီ သွားမှာမို့လား၊ ဒီနေ့ အိုင်တီဌာနက သူ့ရဲ့တပည့်ဟောင်းကျူတာလေးတွေ လာကန်တော့ကြတာ၊ ကားတစ်စီးအပြည့်ပဲ၊ အဲဒီမှာ စောင်းလက်ခတ်လဲရှိတယ်၊ မင်းအတွက်က ပညာတွေစုံနေတာပဲ၊ ပန်းစည်းတောင်မလိုပါဘူး''

သမိုင်း စကားတစ်လုံးမှမဆိုနိုင်။ တဆတ်ဆတ်တုန်ယင်လာသည့်လက်က မမြဲတော့တာမဟုတ်ဘဲ ပန်းစည်းကို လွှတ်ချပစ်လိုက်၏။ မောင်မောင် အကွက်ကျကျ၊ ယောင့်စေ့အောင် မောင်းသွင်းလိုက်သည့် ခြံထဲမှာ သူ့အတွက် လေးဘက်လေးတန် ပိတ်ဆို့ပြီးသားဖြစ်နေခဲ့ပြီ။

ဒါ ကိုယ်ညံ့လို့ခံရတာဆိုရင်လည်း ဘာရှည်ရှယ်ချက်နဲ့လဲ …

ဒီနေ့ ကန်တော့ပွဲရှိနေသည့် ဆရာမဆီကကိစ္စ၊ ဒီပန်းစည်းနဲ့ ဒီနေရာမှာ ခုလိုပိတ်ဆို့ပြီး ချက်ကောင်းကိုထိအောင် ကန်နိုင်သည့်ကောင်တွေနဲ့ ထိပ်တိုက်ဆုံဖို့နည်းလမ်း ..။





အားလုံးကို တကူးတက ညှစ်ထုတ်ကြံဆထားတာဆိုလျှင် ဘာအတွက်လဲ ..။

''ဟိတ်ကောင် …''

ပြုံးတော့မလို၊ မဲ့တော့မလိုနှင့် ထေ့ငေါ့ပြောနေသည့် တစ်ယောက်၏မျက်နှာက ချက်ချင်းပုံစံပြောင်းသွားကာ …

''မင်း ငါ့ကိုသိနေတယ်မို့လား၊ ပြောပါ .. လုပ်စမ်းပါ၊ ဒီအမှုအရာတွေ ကောင်မလေးတွေရှေ့ကျမှလုပ်၊ အခု မေးတာကိုဖြေ ..''

ပခုံးတစ်ဖက်ကို ဖိတွန်းပစ်လိုက်ပြီး စိန်ခေါ်ခြင်းကိုစ၏။ သမိုင်း ခြေတစ်လှမ်းဆုတ်သွားခဲ့ရင်း မျက်နှာမှာ ရဲခနဲဖြစ်သွား၏။

''မင်း ငါ့ကို မိန်းကလေးတွေရှေ့မှာ အတင်းပြော၊ ကွယ်ရာမှာ ရှုံ့ချနဲ့၊ ပြောရဲရင် အခုပြော၊ မင်းကိုယ်မင်း ဘာကောင်ထင်နေလဲ၊ ငါက ဘာလဲ''

''ကျော်ဘုန်း … မင်းပဲ တစ်နေရာမှာချိန်းပြီးမှဆို ..၊ ဒါတွေပြောရင် ဒေါ်တွေပါဦးမယ်၊ ဘယ်နေရာလဲ .. ချိန်းလိုက်လေ ..''

တစ်ယောက်က ကျော်ဘုန်းကိုကပ်ပြီး သတိပေး၏။ သူတို့ကို အကဲခတ်နေသည့် ရှူးရှူးရဲရဲဖြစ်နေတာ မီးပွင့်တွေ ဖြာထွက်လာတော့မလားထင်ရသည်။ မတော်တဆ ဒီနေရာမှာ ပေါက်ကွဲကုန်လျှင်ခက်မည်။

''တောက် … ဒီမှာ ဟိတ်ကောင်၊ မင်းလို မိန်းမလိုမိန်းမရ မာယာတွေမသုံးဘူး၊ လက်သီးတစ်ဖက်ချင်း၊ ဓားတစ်လက်ချင်း မင်း ကြိုက်တာကိုရွေးလိုက်၊ ကွယ်ရာကျမှ အတင်းပြောရဲတဲ့ မင်းပါးစပ်ကို …''

''ဘာလုပ်မှာလဲ သိချင်တယ်၊ အဲဒီတော့ တစ်နေရာရောက်တဲ့အထိမစောင့်နိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ခွပ် ..."

"အင့် ..."

"ဟာ ..."

သမိုင်း လက်သီးနှစ်ချက် ဆက်တိုက်ပစ်ဝင်သွားသည်။ မတုန်မလှုပ်ခေါင်းငုံ့နေတတ်သည့်လူမို့ ဒီလိုတိုက်ခိုက်လာမယ်လို့မထင်၊ ကာကွယ်ထားချိန်လည်းမရလိုက်သဖြင့် ကျော်ဘုန်း မြေပြင်ထက်သို့ ဖင်ထိုင်ကျသွား၏။ နောက်ထပ်ပြေးရွယ်လိုက်သည့်လက်သီးကိုတော့ ဘယ်သူတွေ တားဆီးဆွဲငင်လိုက်သည်မသိဘဲ ထိုနေရာမှာ ရုတ်ရုတ်သဲသဲတွေဖြစ်သွားလေသည်။

နောက်ဆုံး ပါမောက္ခချုပ်ဆီရောက်သွားတော့ ...

"ကျွန်တော်တို့က စတာကို သူထထိုးတာပါ" ဟု ကျော်ဘုန်း၏ အပေါင်းပါတွေက ထွက်ဆိုကြသည်။ သူ တစ်ခွန်းမှမပြောဘဲ အံကြိတ်ရင်း မှဲ့ခနဲ ဖြစ်သွား၏။

ပြောတော့ဖြင့် မိန်းမလိုမိန်းမရ မာယာမသုံးဘူး တဲ့ ..။





## အခန်း (၁၀)

"ငါထင်သားပဲ၊ မျိုးရိုးဗီဇ ဆိုတာ ဘယ်တော့မှမပျောက်ဘူး၊ ဟိုအမျိုးယုတ်ရဲ့သွေးက ဇာတိပြလာပြီမို့လား"

"မဟုတ်ပါဘူး မမကြီးရယ်၊ သူ သည်းမခံနိုင်လွန်းလို့ဖြစ်မှာပါ၊ ကလေးက ..."

"မပြောနဲ့တော့ လုံမေ၊ အခု ငါ ညည်းကိုခေါ်တာ သတိပေးမလို့၊ ပါမောက္ခဆီကိုသွားရင် ညှိုသစ္စာ ကိုရော၊ မိဘနှစ်ပါးနာမည်ကိုရော လုံးဝမသုံးပါနဲ့၊ အုပ်ထိန်းသူပဲရှိပါတယ်ပြော .."

ဒေါ်လုံမေ မျက်နှာငုံ့သွား၏။ ခဏကြာမှ ...

"ဟုတ်ကဲ့ပါ မမကြီး .."

ဟု အသံမပွင့်တပွင့်ထွက်သည်။ သမိုင်း ရန်ဖြစ်သည့်ပြဿနာကို တတ်နိုင်သမျှဖုံးဖိထားဖို့ဟာ မမကြီး သိသွားခဲ့သည်။ ချက်ချင်း အိမ်ကြီးပေါ်ခေါ်ပြီးဆူတော့သည်။ ဘေးမှာ လက်ဖဝါးနှစ်ဖက်ပူးဆုပ်၍ ဒူးပေါ်ကံတောင်နှစ်ဖက်တင်ပြီးထိုင်နေသော မောင်မောင့်မျက်နှာကတော့ စိတ်မကောင်းသလိုဖြစ်သွားလိုက်၊ 'မတတ်နိုင်ဘူး' လို့ပြောတာမျိုး သက်ပြင်းရှိုက်လိုက်၊ ပခုံးတွန့်လိုက် ..။

ကျောင်းကိုသွားဖို့ ထွက်လိုက်ကာမှ ခြံထဲကိုဆင်းလာသည့် မောင်မောင်နဲ့ထပ်ဆုံမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူလေး .. မောင်မောင် ..."

ဒေါ်လုံမေက ခေါ်ပြီး အနားရောက်အောင် ခပ်သွက်သွက်လျှောက်သွားလိုက်၍ ...

"လူလေး လိုက်ခဲ့ပေးပါလားဟင် ..၊ ကြီးလုံ မသွားတတ်လို့ပါ"

"ဟာ ... မလိုက်ချင်ပါဘူး ကြီးလုံကလဲ၊ ပါမောက္ခရုံးထိရောက်တာ ကောင်းတဲ့လမ်းမှမဟုတ်တာ၊ ပြီးတော့ အဘွားသိရင်ဆူမှာ .."

"မဟုတ်ဘူးလေ၊ လူလေးက လက်ညှိုးထိုးပြရုံပါပဲ၊ ကြီးလုံဘာသာ သွားမှာပါ"

"ဟင့်အင်း .. မလိုက်ချင်ဘူး"

မောင်မောင်က ခေါင်းခါပြီး လှည့်မကြည့်စတမ်းထွက်သွားခဲ့၏။ ဒေါ်လုံမေ အကြာကြီးရပ်နေပြီးမှ ခြေလှမ်းသွက်သွက်နှင့် လှမ်းထွက်သွားသည်။ ခေါင်းရင်းမှန်ပြတင်းကနေ ခန်းဆီးစကို မ,ကြည့်နေသည့် ဒေါ်မိမိ ညို၏မျက်လုံးတွေက ဒေါ်လုံမေနဲ့မောင်မောင့်ထံမှာ စူးစိုက်နေခဲ့၏။ အတန်ကြာမှ ပင့်ကိုင်ထားသည့်ခန်းဆီးစကို သာသာလေးပြန်ချလိုက်သည်။ ပြီးတော့ ခပ်လှုပ်လှုပ်လျှောက်သွားသည့်ခြေလှမ်းတွေက အပေါ်ထပ်ဧည့်ခန်းအလယ်မှာရှိနေသော ကန့်တပ်ပေါင်နှင့်ဓာတ်ပုံကြီးတစ်ပုံဆီ ဦးတည်သွားကာ ...

"သမီးကြီး .. နေညိုရီ .."

ဓာတ်ပုံရှေ့မှာခြေစုံရပ်၍ ငိုးလျှစွာခေါ်၏။ ပြီးတော့ ယှဉ်လျက်ရှိနေသည့် မြခွာညို၏ဓာတ်ပုံကို ပြန်လှည့်ငေးသည်။ မျက်ဝန်းတို့သည် ရီလေး၏ဓာတ်ပုံဆီမှာပဲ ပြန်၍စူးစိုက်ရင်း ...

"သမီးတို့နှစ်ယောက် မေမေ့ကို စောစောစီးစီး နှုတ်ဆက်သွားကြတာ ကံကြမ္မာရက်စက်တာလို့ပဲ မေမေ မှတ်ပါတယ်၊ ဒါပေမယ့် မေမေ မလိုလားတဲ့ ဝန်ထုပ်ဝန်ပိုးတွေထားရစ်ပြီး အချစ်စမ်းတာကိုတော့ လက်မခံနိုင်ဘူး"





ဒေါ်မိမိညို၏ တွဲလွဲကျနေသည့်လက်နှစ်ဖက်က မချိတရိ ဖိဆုပ်လျက်...

"မေမေ့သမီး ဒီကလေးကြောင့်သေရတာ၊ သမီးကို မေမေ့မရနိုင်လေသူကိုမုန်းလေ.. မေမေ့ကို သမီးခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ သမီးရယ်..."

လူတွေရှေ့မှာ အမြဲတမ်း မောက်မာခေါင်းမာနေခဲ့သော ဒေါ်မိမိညို၏မျက်နှာထက်မှာ မျက်ရည်စက်တွေ အရှိန်အဟုန်ပြင်းစွာ ပြိုဆင်းလျက် ဓာတ်ပုံအောက်ကန်ရံမှာ နဖူးနဲ့တိုက်၍ ထိကပ်သွားခဲ့၏။

"မေမေကြီးကိုလုပ်ပါဦး"

အသံစူးစူးလေးတစ်ချက်နှင့် အလုပ်သမားတွေ ပြေးလွှားရောက်လာကြတာကို ဒေါ်မိမိညို သိလိုက်၏။

အားလုံးမမြင်အောင် မျက်ရည်တွေကိုသုတ်ပစ်လိုက်ဖို့ စိတ်ကရောက်ပေမယ့် ...

"ဟယ် .. မေမေကြီး ငိုထားတာတော့ .."

"မိစိန် ပါးစပ်ပိတ်နေစမ်း .."

အသက်ကြီးတဲ့သူက ငေါက်ငမ်းပိတ်ပင်၏။ ဒေါ်မိမိညိုသည် သမိုင်းနဲ့ပတ်သက်၍ ရက်စက်စွာ မောင်းမဲပြောဆိုပြီးခဲ့တိုင်း ဒီဓာတ်ပုံရှေ့ကိုရောက်လာတတ်ခဲ့ပြီး ဤကဲ့သို့ ဘေးလူမကြားနိုင်သည့်စကားတွေ တတွတ်တွတ်ပြောဆိုပြီးသည့်အခါ ...

"ဒီလိုပဲ ငိုတတ်ပါတယ်၊ ဒါပေမယ့် သတိလစ်အောင်ဖြစ်တာ ဒါပထမဆုံးပဲ"

ဆရာဝန်ကိုရှင်းပြနေသော ထမင်းချက်ဒေါ်ရွှေ၏စကားကို ကွယ်ရာကနေ ကြားလိုက်ရပြီး မိစိန် မျက်လုံးလေးပြူးသွား၏။

ဒီလိုပဲ ငိုတတ်တယ်ဆိုပါလား ...။



www.burmeseclassic.com

## အခန်း (၁၁)

''တော်ပြီဟာ .. ဂိုဒေါင်ဘက်ကမဝင်တော့ဘူး၊ ဒီကပဲဝင်မယ်''

''နင်ကလဲ … အဲဒီကဆိုရင် သော့ဖွင့်ရမှာ သုံးချက်တောင်၊ ဂိုဒေါင်ကဆိုရင် တစ်ချက်ပဲ''

''ဒါပေမယ့် ဂိုဒေါင်ကသွားရတာ ပစ္စည်းဟောင်းတွေ၊ ဖုံတွေနဲ့ အင်္ဂျီဒွေဦတယ်၊ ပေလဲပေမယ်၊ ခတ် .. ဒီရှေ့ကပဲဖွင့် ..''

ကန့်ကွက်ကြ၊ ထောက်ခံကြနှင့် ခတ် ၏မူလဆန္ဒအတိုင်း ရှေ့တံခါးကပဲ ဝင်ကြဖို့ဆုံးဖြတ်ကာ သုံးယောက်သား ဘာဂျာတံခါးရှေ့ကို ရောက်လာခဲ့ကြသည်။

ဒီဘိုက်ကြီးကို အစတုန်းကတော့ ခတ် ရဲ့ဖေဖေက ကွန်စထရပ် ရှင်ရုံးခွဲတစ်ခုဖွင့်ဖို့ ဝယ်ထားလိုက်တာဖြစ်သည်။ နောက်ကျမှ မလုပ်ဖြစ်ဘဲ ဒီတိုင်းပစ်ထားသည်လို့ဖြစ်ခဲ့တာကြာပြီ။ ခတ် ကတော့ အချိန်အားတာနှင့် သူငယ်ချင်းတွေကိုခေါ်ကာ ဒီမှာပဲ အချိန်ဖြုန်းနေတတ်တာ ပျောသွားခဲ့၏။

''ရော့ .. စုမြတ် .. နင်ဖွင့် ..''

''သိတယ်၊ ဒီတာဝန် ငါ့ပဲကျမှာ ..''





သူက အစကတည်းက သော့ဖွင့်ရမှာပျင်းလို့ ဂိုဒေါင်ဘက်က ဝင်ဖို့ပြောခဲ့တဲ့သူ ..။ စုမြတ် ရှုံ့တွတွလေးဖြစ်သွားပြီး သော့တွဲကို မျက်စောင်းတစ်ဝက်နှင့်ယူ၏။ ဝတ်လွှာ က ပခုံးလေးတွန့်၍ ခကပ်ပုသည်။ ခတ် ရယ်သံလေးထွက်ကာ မျက်လုံးတစ်ချက် လိုက်တာနှင့် တံခါးကြားထဲမှာ ခေါက်လျက်သားရှိနေသည့်စာရွက်လေးကို မြင်သွား၏။

''ဟဲ့ .. ဟိုတစ်ခေါက်က ငါ ညှပ်ပစ်ခဲ့တဲ့စာရွက် တွေ့လား၊ ဘယ်လောက်သစ္စာရှိလဲ''

ပြောရင်း ပြန်ဆွဲယူလိုက်သည်။ သော့ဖွင့်နေသည့် စုမြတ် က လှည့်ကြည့်ပြီး ....

''သစ္စာရှိတာမဟုတ်ဘူး၊ အဲဒါ စာရွက်မို့လို့၊ တစ်ရှူးထုပ်လေးဆိုရင်တောင် နင့်ကို လက်ပြသွားချိန်ရမှာမဟုတ်ဘူး''

''အေးနော် ..''

စာရွက်ကို ဘာရယ်မဟုတ်ဘဲ ပြန်ဖွင့်ကြည့်လိုက်တာဖြစ်သည်။ ဒါပေမယ့် ခတ် မျက်ဝန်းလေးတွေ ဝိုင်းသွား၏။

''ကြည့်စမ်း .. ငါ့ .. ငါ့ပန်းချီပုံလေးကို ဘယ်သူဖြည့်ထည့်သွားတာလဲမသိဘူး''

''ဟင် .. ဘယ်မှာလဲ''

သော့ဖွင့်နေတဲ့သူတောင် သော့ပွင့်နေကာမှ တံခါးမဖွင့်နိုင်သေးဘဲ ခတ် ဘေးကိုရောက်လာ၏။

''အေးနော် .. နင်က ကဗျာလေးဖတ်ပြီး သရုပ်ဖော်ပုံလေးဆွဲလိုက်တာ ...''

ဒီပုံဆွဲတုန်းက လွှာနဲ့စုမြတ်တို့ ခေါင်းချင်းဆိုင်ပြီး ကောင်းကောင်းချီးမွမ်း၏။

''နင့်ပုံက မူကြိုကျောင်းသားလေးတွေ ဆွဲတဲ့ပုံထက်တော့ နည်းနည်းသာပါတယ်''

www.burmeseclassic.com



"နင်ကလဲဟာ ..၊ ခတ် က အများကြီးသာပါတယ်၊ ကလေးတွေက မျက်လုံးကို အစက်လေးပဲချတာ၊ ဒီမှာ မျက်လုံးကို ဒအုပ်ချိုက်ပက်လက်လေးတောင် လုပ်ထားသေးတယ် .. ခစ် ခစ် ခစ် ..."

"အေးလေ .. အပင်ပေါ်ကို မော့ကြည့်စေချင်တာများ ဒအုပ်ချိုက် ပြောင်းပြန်လုပ်ရတယ်လို့၊ မိန်းကလေးပုံဆွဲတာပဲ၊ မျက်တောင်လေးဘာလေးနဲ့ လုလုပပလုပ်ပါလား"

နှစ်ယောက်သား ပုံကိုကြည့်ပြီး ချီးမွမ်းနေကြတာ မပြီးနိုင်။ ခတ် ကလည်း အရေးမပျက်၊ အဆွဲမပျက်ပေ။ ကဗျာထဲမှာ ကိုယ်ခံစားမိတဲ့အတိုင်း ဆွဲချလိုက်တော့ ပန်းတွေဝေနေသည့် ပင်မြင့်တစ်ပင်သည် သူ့ရဲ့ပင်ခြေပတ်လည်မှာ ရွှံ့ဗွက်အိုင်ကြီးရဲ့လျက် နင်းဆီကဲ့သို့ ဆူးခင်းဖို့ မလိုဘဲ လုံခြုံစွာစံနေတော်မူ၏။

ပန်းကိုချစ်သော မိန်းမငယ်လေးတစ်ယောက်က ပင်ခြေကိုလည်း မဝင်နိုင်၊ ပန်းကိုလည်း လိုချင်သည်မို့ ဘေးကနေ မော့ငေးနေရှာသည်။ မလှပေမယ့် ကိုယ်သရုပ်ဖော်တဲ့အတိုင်း ပုံပေါ်လာတော့ ခတ် က ကျေကျေနပ်နပ် အဆုံးသတ်ခဲ့သည်။

"နင့်ပုံကလဲ .. မပြည့်မစုံနဲ့ အထီးကျန်ဆန်လိုက်သလိုပဲ"

"အေးလေ .. ငါတို့က ကဗျာကိုသိနေလို့ပေါ့၊ မသိတဲ့လူဆို ဒီပုံကိုကြည့်ပြီး ဘာကြီးမှန်းမသိဘူးလို့ ပြောသွားမှာ ..."

ပြီးပြီဆိုတော့လည်း တစ်ယောက်တစ်မျိုး ဝေဖန်ကြပြန်သည်။ ခတ် ကရယ်၍ ထိုစာရွက်လေးနှင့် တဖျပ်ဖျပ်ယပ်ခတ်ပြီး ...

"အဆုံးသတ်သတ် မသတ်သတ်၊ ပုံပေါ်ပေါ် မပေါ်ပေါ် ဒါကိုကြည့်ပြီး နင်တို့ ခိုးလိုးခုလုဖြစ်သွားကြတယ်မို့လား၊ အဲဒါ ပညာ .."

ဘာရယ်မဟုတ်ဘဲ စာရွက်လေးကို ကဲ့ရဲ့လိုက်၊ ချီးမွမ်းလိုက်နှင့် ပြန်ကြဖို့ဆင်းလာကြတဲ့အထိ အလိပ်လိုက်လေး ပါလာခဲ့သေးသည်။ တံခါးသော့ခတ်ဖို့လုပ်မှ ပိုက်ဆံအိတ်ထဲမှာ သော့ရှာရင်း စာရွက်လေး





ကို ရှုပ်လာသည်ထင်ကာ တံခါးကြားမှာ ညှပ်ထားလိုက်မိခြင်းဖြစ်သည်။

အစကလည်း ဘာမှမဟုတ်ခဲ့ဘဲ ခုလည်းမေ့နေပါပြီ။ ဒါပေမယ့် ကိုယ်သရုပ်ဖော်ထားတဲ့ပုံကို ကြည့်တဲ့သူကသဘောပေါက်ကာ ထပ်မံဖြည့်စွက်ပေးခဲ့လိုက်တော့ မထင်မှတ်ခြင်း၊ ကြည်နူးခြင်း စသည့် ခံစားချက်များနှင့် ခတ် နှုတ်ခမ်းသားတွေ ပြုံးနေကာ တော်တော်နှင့် စကားမပြောနိုင်။

"ဟဲ့ .. ခြော် .. သိန်းရှစ်ရာလောက် ပေါက်သွားတဲ့ ထီလက်မှတ်ကိုကြည့်နေတဲ့အတိုင်းပဲ၊ နှလုံးခုန်တွေဘာတွေများ ရပ်သွားပြီလား၊ စုမြတ်ကြည့်ပါဦး"

ဝတ်လွှာ က ခတ် ပခုံးလေးကိုဆွဲလှုပ်ပြီး ငေါ့သည်။ စုမြတ်က ခုကျမှ ပညာရှင်ကြီးလိုလေသံမျိုးနှင့် ...

"ဒါကတော့ ပညာရှင်ချင်းတွေ့သွားတာကိုးဟ၊ ကြည့်ပါလား၊ စုတ်ချက်တစ်ချက်တင်ပေးလိုက်တာနဲ့ အဓိပ္ပာယ်တွေ အရမ်းဖြစ်သွားတာ၊ ကဲ .. ငေးငိုင်မနေနဲ့၊ တံချူရပြီမို့လား၊ ချူလိုက်တော့ .."

သုံးယောက်စလုံး ဒုတိယထပ်ကို တက်ခဲ့ကြတဲ့အထိ ဒီအကြောင်းကိုပဲပြောဖြစ်ခဲ့ကြပြီး ခတ် လက်ထဲမှာလည်း စာရွက်က ဖြန့်လျက်သားလေးပဲရှိနေခဲ့၏။ စကားတွေပြောကြ၊ ဝယ်လာတာတွေထုတ်၍ စားသောက်ကြနှင့် စုမြတ် တို့ အမှတ်တမဲ့ဖြစ်သွားပေမယ့် ခတ် က မှန်းစားလိုက်၊ ပုံကိုငုံ့ကြည့်လိုက်နှင့် သူ့အာရုံနှင့်သူ ..။

"ဟင် .. ဆွဲပြန်ပြီ၊ ဘာလုပ်တာလဲ .. ဒီပုံကိုပဲထပ်ပြီး .."

ခတ် က သူတို့ကို အနားကပ်မခံဘဲ တွန်းပစ်လိုက်ကာ ...

"ဝေးဝေးနေကြစမ်းပါ၊ ဒီမှာ ရင်ချင်းဆက်နေတာ .."

"ဘယ်လို ..."

စုမြတ် နားရှုပ်သွားပုံပေါ်ကာ ဝတ်လွှာ ကတော့ ရယ်နေ၏။ နေ့လယ်ပိုင်း သူတို့ပြန်ဆင်းလာကြတော့ ထိုနေရာလေးမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



စာရွက်ကို သေချာလိပ်ပြီး ညှပ်ထားလိုက်လျှင် ..

"ခက် ရယ် .. စိတ်ကူးယဉ်လိုက်တာ၊ သူ့ဟာသူ ခရီးသွားဟန်လွှဲ ကောက်ဆွဲသွားတဲ့ဟာ .."

"အေးလေ .. ဘယ်သူမှန်းမသိ၊ ဘာမှန်းမသိ .."

"သိသိမသိသိ ငါက လူကိုစိတ်ဝင်စားသေးတာမဟုတ်ဘူး၊ ငါ့ စိတ်ကူးတွေကိုဖော်ထုတ်နိုင်တဲ့ သူ့ရဲ့အနုပညာကို အထင်ကြီးသွားတာ"

"ဟွန်း .. ဟိုက အနုပညာသမားစစ်စစ်ကြီးပဲထားပါဦး၊ သူက ဖြင့် ပန်းချီဆရာလဲမဟုတ်၊ ကဗျာဆရာလဲမဟုတ် .."

"ဟုတ်ဟုတ် မဟုတ်ဟုတ် အနုပညာဆိုတာ ခံစားတတ်ခြင်းပဲ၊ ဖန်တီးသူရော၊ ခံစားတဲ့သူရော အဲဒါ အနုပညာသမားအတူတူပဲ"

"အနုပညာသမားစစ်မစစ်က ထားလိုက်ပါ၊ ငါပြောတာက ဒီပုံ က ဒီမှာပဲရှိနေမနေ၊ ပြီးတော့ ဒီလူက ဒီနေရာကို ပြန်ရောက်လာဦးမှ .."

"အဲဒါကို ငါ စိတ်အဝင်စားဆုံးပဲ၊ ဒါက လုံ့လဝီရိယနဲ့မဆိုင်တဲ့ ကံကြမ္မာကသက်သက် .."

ခက် က ဘုကျကျစကားတွေဆိုတတ်ပြီး တစ်ခါတစ်ခါ ရက်စက် ပြတ်သားတတ်ဟာတွေလည်းရှိသည်။ ဒါပေမယ့် သဘောထားနူးညံ့ လွန်းတဲ့သူပါ။ အရမ်းလိုက်စားတာမဟုတ်ဘဲ ကဗျာတွေရေးတာလည်း ဝါသနာပါ၏။ ယခုကဲ့သို့ ခံစားချက်ဖြစ်တဲ့အတိုင်း ပုံတိုလေးတွေ ကောက်ရေးနေတာလည်းရှိသေးသည်။

ကိုယ်တိုင် လုအောင်နေတတ်သလို တခြားသောအလှအပများကို စိတ်ဝင်စားတတ်လို့လည်း ကျောင်းပြီးရင်တော့ နိုင်ငံခြားက ဒီဇိုင်းနာ သင်တန်းတွေသွားတက်ဖို့အထိ စိတ်ကူးတွေရှိတာကို ပြောပြဖူးသည်။

ခုတော့ .. သူမနဲ့ပန်းချီပုံလေးတစ်ချပ် ..။





## အခန်း (၁၂)

ကျောင်းဝင်းထဲကိုခြေချမိတိုင်း ငုံ့ချထားခဲ့သည့်ခေါင်းကို လက်မ ာ်စိတ်လောက်မှ အပေါ်ပြန်မပါအောင် ဂရုတစိုက်ငုံ့သည်။ ဘယ်သူ ာတွေလိုက်ပြောပြော ရယ်သံလှောင်သံ ဘာကြားကြား ဂရုမစိုက်ဘဲ ့ ဥပေက္ခာတရားတွေ အသံတိတ်ရွတ်၏။

သမိုင်း လွယ်ထားသည့်အိတ်ကိုလည်းမကိုင်၊ လက်ထဲမှာလဲ ဘာမှ ါဘဲ ခေါင်းငုံ့၍ ခြေလှမ်းမှန်မှန်နှင့်လျှောက်လာခဲ့သည်။ ဒါပေမယ့် ာင်တိုင်းလည်း တည့်တည့်တိုးနေခဲ့သည့် ကိုယ့်ကံကြမ္မာကို နားလည် ာ ခါတိုင်းလို လူစည်တဲ့လမ်း၊ လူရှင်းတဲ့လမ်းဆိုတာတွေကို မရွေး ာ့ပေ။ ဖြစ်ချင်တာဖြစ်လို့ သဘောထားခဲ့တာမဟုတ်သော်လည်း ့အတွက် မကောင်းခြင်းတရားတွေ ရှိနေသေးသည် ဖြစ်ရာ ...

"သမိုင်း .."

ကန့်တင်းရှေ့ကအဖြတ်မှာ၊ ခေါ်သံကြားလိုက်သဖြင့် စိတ်ထဲမှာ င်းသွား၏။ မောင်မောင်ကလည်း သမိုင်း လှည့်မကြည့်သေးဘဲ က်နာတင်းသွားတာကိုသိသည်။ ဒါပေမယ့် သူ ဘာမှမလုပ်ထားခဲ့ ည့်မျက်နှာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"သမိုင်း … ဟိတ် …"

ခေါ်သံနှင့်အတူ လက်ခုပ်တီးသံပါ ပါလာ၏။ လှည့်ကြည့်လိုက်
တော့ မောင်မောင်က တစ်ခုခုပြောဖို့ရှိနေသလို ဝမ်းသာအားရမျက်
နှင့် အစွန်စားပွဲကနေ လက်ယပ်ခေါ်သည်။

"လာပါဦး … မင်းကလဲ"

အော်ကြီးဟစ်ကျယ်ခေါ်နေပုံက ဘေးလူတွေပင် လှည့်ကြည့်ကြ
ကြသည်မို့ သမိုင်း ဆိုင်ထဲဝင်သွားလိုက်သည်။

"ထိုင်ပါဦး … မင်းကလဲ …"

သူ့လက်ကိုဆွဲ၍ ထိုင်ခိုင်းသည်။ စားပွဲပေါ်မှာ လူသုံးယော
လောက်စားထားသည့်မုန့်ပွဲတွေက လက်စတွေနဲ့ ဒီအတိုင်း …။
ကြည့်လိုက်တာကိုမြင်တော့ မောင်မောင်က မုန့်ပွဲတွေကို သူနဲ့လွ
အောင် ဘေးကို ဂရုတစိုက် ဆွဲသိမ်းပေးလိုက်သေးသည်။

"ဟိုကောင်ကကိစ္စ မင်းဘယ်လိုဖြစ်တာလဲ သမိုင်းရာ၊ မင်းမှာ အရေး
နဲ့အကြောင်းကြောင်းချည်းပဲ၊ မင်း အဲဒီကောင်တွေကို ရှူးရှူးဒိုင်း
ပေါက်ကွဲပစ်လိုက်တာမကောင်းဘူး၊ ဒီကောင်တွေက အားကစား
မှာတောင် သူတို့ငြိုးပြီဆိုရင် ချလန့်ခေါ်တာ …"

သူပြောနေသမျှ သမိုင်း က ဒီတိုင်းထိုင်ကြည့်နေခဲ့၏။

"မင်းက ဒေါသမွှန်သွားပေမယ့် သူတို့က ကျောင်းဝင်းထဲ
မဖြစ်ရဲတာရော၊ မင်းလိုလူက ဒီလိုတုံ့ပြန်လိမ့်မယ်လို့မထင်တာရော
အံ့သြပြီး ခံသွားရတာ၊ နောက်ပိုင်းမှာ မင်းအတွက် အန္တရာယ်ရှိတယ်

ပြုံးခဲ့သည့် သမိုင်း နှုတ်ခမ်းမှာ ခပ်သဲ့သဲ့အပြုံးရိပ်တစ်ချက် ဖြစ်

"သူတို့ အငိုက်မိလိုက်လို့ ခံသွားရတာ၊ မင်းကို လုံးဝကျေနပ်
မဟုတ်ဘူး"

"သူတို့ကပြောတာလား"

မောင်မောင့်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ လှုပ်ရှားလွယ်





က်ဝန်းအစုံက ထောင့်နှစ်ဖက်မှာ နှစ်ခေါက်သုံးခေါက် ပြေးလွှားသွား
မှ …

"ပြောတာပေါ့၊ မင်းတို့ကိစ္စက တစ်ကျောင်းလုံးနီးပါးသိနေကြ
ပဲဥစ္စာ၊ မင်းကတော့ ဒီထက်ပိုပြီး အနေကျပ်ဦးမယ် သိလား၊ အခု
ပြဿနာမှာ နာမည်ကျော်သွားတာက မင်းပဲ"

သမိုင်း က ခေါင်းညိတ်လိုက်သည်။ 'ကောင်းတာပေါ့' ဆိုသည့်
ရှုရဲ့သောအပြုံးက စကားပြောတာထက်ပို၍ပီပြင်၏။ ထို့ပြင် ကမ်
က်တစ်ချက်ဝင့်တက်လာသည့်မျက်လုံးတွေက အေးမက်စက်ဖြစ်နေခဲ့
…

"ငါ ဆရာမနဲ့တွေ့ပြီးပြီ …"

"ဟင် …"

"သူက ငါ့ရှေ့ရောက်လာတာပါ၊ ပါမောက္ခရုံးကအပြန်ပေါ့"

မောင်မောင် မျက်ဝန်းတွေ ပျာလောင်ခတ်သွားသည်။ ဒါပေမယ့်
ထလေးပဲဖြစ်လျက် တည်ငြိမ်မှုရသွား၏။

"မင်းသတင်းကိုကြားပြီး လာဆူတာလား"

ဒါကိုတော့ သမိုင်းက ခေါင်းညိတ်လိုက်၏။ ထို့နောက် …

"ပြောသွားသေးတယ်၊ သူ စာမေးပွဲသွားဖြေနေတာ ခြောက်လ
ကြာတယ်တဲ့၊ ဒီနေ့မှ ကျောင်းကိုလာနိုင်တယ်၊ ငါ့ရဲ့သတင်းကိုကြား
တာ စိတ်မချမ်းသာဘူးတဲ့"

မောင်မောင့်မျက်နှာ ဖျတ်ခနဲ လွဲသွားသည်။ သမိုင်း က ထိုမျက်နှာ
ကိုစိုက်ကြည့်နေကာ …

"ဆရာမနဲ့မင်း လွန်ခဲ့တဲ့ခြောက်လမတိုင်ခင်က တွေ့ခဲ့တာတော့
မဟုတ်ဘူးထင်တယ်"

သမိုင်း ၏မေးသံက တင်းမာသလိုနှင့် တုန်ခါနေခဲ့၏။ မောင်မောင့်
ကို ညီအစ်ကိုဝမ်းကွဲတော်နေပေမယ့် သူ ခင်တွယ်လို့မရခဲ့တာ အမှန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘယ်တုန်းကမှမမုန်းခဲ့ပေ။ ငယ်စဉ်ကနေ ခုချိန်ထိ သူကြ ကြီးကြီးငယ်ငယ်သော ထိခိုက်မှုတွေလည်း ကိုယ့်မှာဖြစ်ခဲ့ဖူးသည ဒါတွေအားလုံးကို အကြောင်းအရာတစ်ခုပေါ်မှာပဲ သုံးသပ်၍ အမှ တမဲ့ဖြစ်ရပ်များအနေနဲ့ ပြီးဆုံးစေခဲ့သည်သာ။

ခုတော့ ဒါတွေအားလုံး အမှတ်တမဲ့တွေ ဟုတ်ခဲ့ရဲ့လားလို့ တ ရေးပြန်ပေါ်လာခဲ့၏။

တစ်လျှောက်လုံးမှာ သူ မရင်းနှီးခဲ့သူတွေကပဲ သူ့အလိုလိုရော လာခဲ့ကြသည်။ ပေးချင်တာတွေပေးကြ၊ ယူချင်တာတွေယူကြ ပါးရိုက်ခံရ၊ ဖော်ကားခံရ …။

ဘဝမှာ သူအကြောက်ဆုံးဆိုတာလည်း မိန်းမများနှင့် ရှုပ်တွေ တစ်စုံတစ်ရာကြောင့် ရှင်းလင်းရမည့်အရေးပဲဖြစ်သည်။ ဒါကလ ကိုးတန်းကျောင်းသားဘဝတုန်းက ဖြစ်ရပ်တစ်ခုကြောင့် အကြောက် ကြောက်သွားခဲ့ခြင်းဖြစ်သည်။

ကျောင်းသားတစ်ယောက်က အတန်းထဲက အလှဆုံးမိန်းကလေး ဘယ်လိုလှပုံ၊ ဘယ်လိုချစ်ကြောင်း ကဗျာလိုလို စာလိုလိုရေ အတန်းရှေ့သင်ပုန်းပေါ်မှာ ကပ်ထား၏။ သူ့အတွက် ကံဆိုးဖို့ဖြစ် တာက အောက်မှာ သူ့နာမည်ကို လက်မှတ်ပုံစံထိုးထားခဲ့ခြင်းဖြစ်သ

အတန်းပိုင်ဆရာက သဘောကောင်းတော့ ဒေါသတကြီးဖြစ် မိန်းကလေးကို ကျေနပ်ပေးဖို့ သူ့ဘက်ကနေ ဝိုင်းကူတောင်းပန်သ သူမ က မကျေနပ်ပေ။ ကျောင်းသားတွေရှေ့မှာပဲ လက်ညှိုးငေါက်ငေ ထိုး၍ ပိုးစိုးပက်စက်ရန်တွေ့သည်။

"ကိုယ့်ပုံကိုပြန်ကြည့်၊ ပလတ်စတစ်ကောက်သမားကမှ ဖြေ ရောင်သေးတယ်၊ လူပါးဝလို့ … ဟွန်း … နင့်လိုကောင်က ဒီလိုပြော ခွေးကိုက်တာထက်နာတယ် သိရဲ့လား၊ နင့်မှာ မိဘမှမရှိဘဲ၊ မိမ ဖမဆုံးမ လို့ပြောလဲ နာမယ့်ပုံမရှိပါဘူး၊ အောက်တန်းစား"





ခေါင်းငုံ့ခံနေသူကို ပြောလို့မပြီးနိုင် …။ ဖျန်ဖြေပေးနေသည့် ဆရာ ကိုတောင် အမိန့်တွေပြန်ပေးကာ …

"သူ့ကို သမီးရှေ့မှာပဲ အားလုံးမြင်အောင် လေးဘက်ထောက် ခိုင်းထားပါ ဆရာ၊ အဲဒါမှ သမီးကျေနပ်မှာ၊ မဟုတ်ရင် သမီးမိဘတွေ ပါလာလို့ကတော့ ဆရာကြီးရုံးခန်းရောက်မှာပဲ"

အခြေအနေတွေတင်းမာကုန်ကာ မိန်းကလေးက အတင်း တောင်း ဆို၊ သူက အလျှော့မပေးခဲ့ဘဲ အားလုံး လူသိရှင်ကြားဖြစ်ကုန်၏။ ဆရာကြီးရုံးခန်းကိုမရောက်သည့်တိုင် နေသမိုင်း ဆိုတဲ့ နာမည်က နံရံကပ်စာစောင်တွေထက် လျင်မြန်စွာ ပျံ့နှံ့ကြီးကျယ်သွားခဲ့၏။

ဒီအဖြစ်ကို ဘာမှမဆန်းပြားသည့်အဖြစ်တစ်ခုလို သတ်မှတ်နိုင် ပေမယ့် သူ့အတွက်ကတော့ မိန်းကလေးတစ်ယောက်၏ လှောင်ပြောင်း ထက်မှုကြောင့် ခံစားခဲ့ရတာ တစ်သက်တာပါ။

ထို့နောက်များမှာ . သူဟာ စိတ်ဓာတ်ပျော့ညံ့ခဲ့တာမဟုတ်ဘဲ ကိုယ့်ခြေလှမ်းတွေကို မယုံချင်သလိုဖြစ်ခဲ့၏။ ကိုယ့်ဘဝကို နားလည် နေသည့်တိုင် ထိုကဲ့သို့ လက်ညှိုးထိုးနှိမ့်ချခံရမှာကိုကြောက်သည်။

ဒါပေမယ့် စာရွက်မဟုတ်ခဲ့သော စာမျက်နှာမှာ ဘဝက ကြက် ခြေခတ်ခဲ့ပြီးသည့်နောက် …

"မင်းက ငါ့ကိုရိတာလား သမိုင်း"

မျက်နှာတည်တည်နှင့်မေးသံကြောင့် သူ့အတွေးတွေ ပြတ်တောက် ကုန်၏။ ထိုပြင် ညာရဲတဲ့သူ့အတွက် ဆင်ခြေတစ်ခုခုက လျှပ်တစ်ပြက် ရောက်ရှိလာတတ်သည်မို့ ထိုမျက်နှာကိုမြင်သည်နှင့် မောင်မောင့်ဘက်မှာ သူလိုက်မမီနိုင်သော ခိုင်မာမှုတစ်စုံတစ်ရာရှိနေပြီကို နားလည်လိုက်သည်။

"မင်းကြောင့် ငါ အသည်းအသန်လုံးပန်းဖုံးဖိထားရတာတွေ ပေါ်ကုန်တာ မင်းမသိဘူး၊ ငါ့မှာ မင်းတစ်ယောက်ပဲ ကူညီမယ့်လူရှိတော့ လို့၊ ပြီးတော့ သွားမပေးမှာစိုးလို့ ပါးစပ်ထဲ တွေ့ကရာပြောလိုက်ရတာ



www.burmeseclassic.com

ဒီလိုတွေဖြစ်လာမယ်လို့ ဘယ်သူထင်မှာလဲ၊ ဆရာမကို ပန်းသွားပေးဖို့ ညာခိုင်းမိတဲ့အပြစ်လေးကို မင်းဖြစ်ခဲ့သမျှ ငါ့ကြောင့်လို့တော့ ခေါင်းစဉ် မတပ်ပါနဲ့''

သမိုင်း က မတည်မပြုံးမျက်နှာနှင့် တစ်ဖက်လှည့်၏။ ဒါဟာ စနစ်တကျမှားယွင်းစေခြင်းဆိုတာကို စိတ်ထဲမှာ အနိုင်အမာခံစားမိနေခဲ့သည်။ ထောက်ပြစရာက မရှိ။

သို့သော် ဒီလူဟာ သတိထားပေါင်းသင်းရတော့မည့်လူတစ်ယောက်အဖြစ် မြင်သာအောင်ပြခဲ့သည့်အဖြစ်တစ်ခုအနေနဲ့ လက်ခံမှီသိမ်ရဦးမည်သာ ..။

''မင်း အဲဒီကိစ္စပြောမလို့လား ..''

''မင်းကိုမြင်လိုက်လို့ ပြောချင်လာတာပါ၊ ငါ ဟိုကောင်တွေကို စောင့်နေတာ၊ မင်း ဘာစားဦးမလဲ''

သူ ခေါင်းခါလိုက်သည်။ ဝမ်းမှာအချင့်၊ လူမှာအကျင့် ဆိုသည့်အတိုင်း ကိုယ့်ဘဝနဲ့ကိုယ် နေတတ်အောင် အများနည်းတူမနေဖို့ လေ့ကျင့်တတ်ခဲ့ပြီးသား ..။

''တောက် .. ဒီကောင်တွေ လူပါးဝလို့ .. ငါ .. ဟင် .. ဟိုမှာ ကြည့်စမ်း ..''

ကိုယ့်ကိုကြည့်ခိုင်းတာမဟုတ်ပေမယ့် လှည့်ကြည့်လိုက်မိသည်။

''မင်း .. ခဏနေဦး''

လို့ပြောပြီး မောင်မောင် ရုတ်ခနဲ ထပြေးသွားတာကို အလှမ်းကွာသွားမှ သူ သတိထားမိ၏။ ဒါပေမယ့် မောင်မောင်က သူငယ်ချင်းတစ်ယောက်နှင့် ဆွဲလွဲပုတ်ခတ်၍ စကားတွေပြောရင်း ဒီဘက်ကိုလှည့်၍မေးဆတ်ပြသေးသည်။

ကိုယ်မြင်နေရတာပဲမို့ ဒီတိုင်းကြည့်နေတုန်းမှာပဲ သူ့ကို လက်တစ်ဖက်မြှောက်ပြကာ နှစ်ယောက်သား ငြင်းခုံနေကြရင်း မြင်ကွင်း





ထဲကနေပျောက်သွား၏။

သမိုင်း ထိတ်ခနဲ ဖြစ်သွားသည်။ အော်ခေါ်ဖို့ကလည်း မဖြစ်နိုင်။ ဒီမှာ စားသောက်ပွဲတွေနှင့်ကျန်ရစ်ခဲ့သည့်အဖြစ်ကို ဘယ်လိုရှင်းမလဲ။

အခက်အခဲပေါင်းများစွာထဲမှာ သူဖြေရှင်းဖို့မတတ်နိုင်သည့် ပြဿနာအခက်အခဲမျိုးကို သေမလောက်ကြောက်သည်။ လူတကာအတွက် ပါးပါးလျားလျားကျော်ဖြတ်သွားနိုင်ကြသည့် ပေါင်းကူးတံတားလေးပဲဖြစ်ပါစေ၊ သူ့အလှည့်ကျရင် တံတားကျိုးမလား၊ ခြေချော်မလား။ ရောက်လေရာမှာ သမိုင်းတွင်ရစ်တတ်သော နေသမိုင်း ..။

''ဟိုမှာ နေသမိုင်း ..''

ဆိုင်ထဲကိုဝင်ထိုင်ပြီးသည်နှင့် ဝတ်လွှာ က ခတ် ကို လက်တို့ပြ၏။

''စားပွဲတစ်ဝိုင်းလုံး စားသောက်ထားတဲ့မုန့်ပွဲတွေ ဗရပွနဲ့၊ ငုတ်တုတ်ထိုင်ပြီး ဖြစ်ပျက်ရှုနေတာလားမသိဘူး''

''အေးနော် .. သူ့ကိုမြင်လိုက်ရရင် တစ်မူထူးခြားနေတာချည်းပဲ''

စုမြတ် က ကောက်ချက်ချသည်။ ခတ် ကတော့ သူ့မျက်နှာဘာဖြစ်နေတာကိုပဲ အကဲခတ်နေမိ၏။ စုမြတ်နဲ့ဝတ်လွှာတို့ စားစရာတွေမှာပြီးကြတဲ့အထိ ခတ် က သူ့ကိုကြည့်နေဆဲနှင့် ..

''ဝတ်လွှာ .. သူဘာဖြစ်နေတယ်ထင်လဲ''

''ဟင် .. ဘာဖြစ်လို့လဲ''

နေသမိုင်း ကို နောက်ဘက်မကျတကျကနေ လှမ်းမြင်နေရသည့်ပုံနှင့် ဝတ်လွှာ က သေချာအကဲခတ်၏။ ပြီးမှ ခေါင်းညိတ်ကာ ..

''တစ်ယောက်ယောက်ကို စောင့်နေတဲ့ပုံပေါ်တယ်''

''သူ့ရှေ့မှာ သူစားထားတာလဲမရှိဘူးနော်''

ခတ် ကပြောတော့ ဝတ်လွှာ က ခတ် နားကို မသိမသာလေးကိမ်း၍ တီးတိုးပြောချင်သည့်ပုံနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း … စားထားတာတွေ အများကြီးပဲဟ၊ သူများစားထားတဲ့ စားပွဲမှာ ဒီတိုင်းကြီးဝင်ထိုင်နေတာတော့မဖြစ်နိုင်ဘူး"

"ဘာတွေပြောနေကြတာလဲ"

နည်းနည်းအလှမ်းဝေးနေသည့် စုမြတ် က ခုံရော လူရော ဖျတ်ခနဲ ရွှေ့တိုးလိုက်ပြီး နားစွင့်၏။ ခတ် တို့က သူမ တို့ အရေးစိုက်ရှင်းပြခြင်း မရှိပေမယ့် သမိုင်း ကိုပဲကြည့်နေကြတာမို့ သဘောပေါက်သွားကာ…

"အဲဒီတေမိမင်းသားကိုပဲ နင်ဘာဖြစ်လို့ စိတ်ဝင်တစားဖြစ်နေ တာလဲဟင်၊ ကျောင်းသားတွေပါးစပ်ထဲမှာ နင်နဲ့သူ့ကို ပြောလာကြ တာတွေမကြားဘူးလား"

"ဟုတ်ပါတယ်ဟာ၊ စိတ်ဒင်စားမနေစမ်းပါနဲ့၊ နင့်ကို သွားပုပ် လေလွင့်ပြောထားတာတွေတောင်ရှိသေးတယ်၊ နင်က သူ့ပုံစံကိုကြည့် ပြီးမယုံပေမယ့် လူရိုးဆိုတာ …"

"သစ်ချိုင်းမှာတောင်မရှိဘူး၊ သေတာနဲ့ ပြာဖြစ်သွားတာ …"

ဝတ်လျှာနှင့်စုမြတ်တို့ အတိုင်အဖောက်ညီနေကြသည်။ မိန်းကလေး တွေရဲ့ တီးတိုးစကားသံတွေကို သတိထားလိုက်မိတော့ ကိုယ့်နာမည် လည်းပါနေတာမို့ သမိုင်း ရင်ထဲမှာ ပူလောင်သွားသည်။

နာရီကိုကြည့်တော့ အတန်းချိန်ကနီးနေပြီဖြစ်သည်။ ကိုယ့်အိတ်ထဲမှာ လည်း ကားစီးဖို့ နှစ်ရာတန်နှစ်ရွက်ပဲပါသည်။ မောင်မောင် တမင်လုပ် သွားတာမှန်း သိလိုက်ပေမယ့် သူ နောက်ကျခဲ့ပြန်ပြီ။

ဖြစ်လာပြီဆိုမှတော့ ငုတ်တုတ်ထိုင်ပြီး ပြာကျသွားအောင် ပူပန်နေ လည်း ဘာမှထူးလာမှာမဟုတ်ပေ။ ထို့ကြောင့် နာရီကိုဖြုတ်၍ ထိုင်ရာမှ ထရပ်လိုက်သည်။

ထိုအချိန်မှာ တီးတိုးသံတွေ တိခနဲ တိတ်ကျသွားတာကို သတိထား လိုက်မိသည်။ သမိုင်း လွယ်အိတ်ကို ပခုံးပေါ်ဆွဲတင်ကာ ဆိုင်ရှင်ရှိနေ သည့်နောက်ကို ဝင်သွားခဲ့၏။





"အစ်ကို … ကျွန်တော် ဟိုစားပွဲကစားထားသမျှအတွက် ဒါလေး ပေးချင်ပါတယ်"

"ဟင် …"

ဆိုင်ရှင်လင်မယားက အသက်လေးဆယ်နီးပါးလောက်တွေ ဖြစ် ကာ အမျိုးသားက သူကိုယ်တိုင်လည်း စားပွဲထိုးလုပ်နေတာမို့ သဘော ကောင်းသည်။

သမိုင်း ထိုးပေးနေသည့် နာရီနဲ့ငါးရာတန်တစ်ရွက်ကို အံ့ဩသလို ငုံ့ကြည့်၍ စားပွဲဆီကိုပြန်ကြည့်လိုက်၏။ ပြီးတော့ မျက်ဝန်းတွေက သမိုင်း မျက်နှာပေါ်ပြန်ရောက်ကာ …

"ဩော် … ခုန လေးယောက်ဝိုင်းတဲ့စားပွဲလား …"

"ဟင် … ဟုတ်ကဲ့ … ကျွန်တော်က ဘာမှမစားပါဘူး၊ သူတို့ကိစ္စ အရေးကြီးပြီး ထထွက်သွားကြတော့ ကျွန်တော်ပဲ …"

"ရပါတယ် ငါ့ညီရေ၊ ကျောင်းသားတွေက ဒီလိုပဲ တစ်ယောက်နဲ့ တစ်ယောက် နောက်တတ်ကြတယ်၊ ရပါတယ်၊ နောက်နေ့မှပေးပါ၊ ဒါတွေမလိုပါဘူး"

သူက အပြစ်တင်စကားမပြောပေမယ့် ဆိုင်ရှင်ကတော့ ဒါ တမင် ထားသွားမှန်းသိပုံပေါ်၏။ ဆိုင်ရှင်အမျိုးသား၏နောက်မှာ မြင်းခွာရွက်တွေ ရေစစ်နေသည့်အမျိုးသမီးက သမိုင်း ပေးနေသည့် နာရီကို လည်ပင်းရှည် ကြည့်၏။ ပြီးတော့ ပြုံးသွားသည်။

ဟောင်းနေပြီဖြစ်သည့် အဖိုးနည်းနာရီကို ဖိဆုပ်ထားလိုက်မိကာ သမိုင်း မျက်နှာနီနီနှင့် မသိမသာ ငုံ့ကျသွားသည်။ ထိုစဉ် …

"ဟေ့ … သမိုင်း၊ ဘာလုပ်နေတာလဲ၊ နာရီသွားပေးနေတာလား၊ အစ်ကို မယူလိုက်နဲ့"

ဆိုင်ရှေ့ကနေလှမ်းအော်လိုက်သည့် မောင်မောင့်အသံကြောင့် အစက အမှတ်တမဲ့ မသိလိုက်သူတွေ နေရာအနှံ့ကနေ ခေါင်းမော့



www.burmeseclassic.com

www.burmeseclassic.com



ထောင်လာကြကာ သမိုင်းနဲ့ဆိုင်ရှင်ထံမှာ မျက်လုံးပေါင်းများစွာ စုဆေးလေသည်။

''ဆောရီးကွာ .. ဟိုကောင်တွေ ငါ့ကိုကျပ်သွားလို့ ဒေါသဖြစ်ဖြစ်နဲ့ လိုက်သွားတာ၊ မင်းကလဲ .. ပိုက်ဆံမရှိဘဲနဲ့ နာရီချွတ်ပေးဖို့ လုပ်နေသေးတယ်၊ မင်းမှာ ဒီလောက်မတတ်နိုင်ဘူးဆိုတာ ငါသိနေသားနဲ့ ပြန်မလာဘဲ ထားခဲ့ပါ့မလား၊ ရော့ .. အစ်ကို .. သူ့နာရီလေး မယူလိုက်ပါနဲ့''

''မယူပါဘူးကွာ၊ ယူကိုမယူရသေးပါဘူး''

သမိုင်း အားလုံးရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဆွမ်းခံရင်း ငှက်သင့်တာမျိုးလား ..၊ နွားရာဝဲစွဲတာလား ..၊ ဒါမှမဟုတ် ကံဆိုးတဲ့ကောင်သွားရာ မိုးလိုက်ရွာတာလား ..။

မည်သို့ပင်ဆိုစေ.. မကောင်းသော ကံဆိုးခြင်းအားလုံး ကျရောက်စုဝေးရာသည် နေသမိုင်း ဆိုသော သူတစ်ယောက်ထံမှာသာ ..။

မင်းတော်ပါတယ် မောင်မောင် .. မင်းအရမ်းတော်ပါတယ် ..။

နောက်ထပ် ဒီထက်ရက်စက်ဖို့နည်းတွေ ရှိသေးတယ်ဆိုရင်လည်း ... ... ...။





## အခန်း (၁၃)

ကန်တော်ကြီးရေပြင်ကိုငေး၍ တဟူးဟူးတိုးဝှေ့နေသည့် လေအရှိန်မှာ ရင်ဘတ်တစ်ခုလုံးကို ဖွင့်ပေးထားပေမယ့် ပူလောင်နေတာက ပျောက်မသွားပေ။

ခပ်လျှောလျှောကုန်းအဆင်းလေးမှာ ရှေ့ကိုနောက်ထပ် ခြေတစ်လှမ်းတိုးလိုက်မိသည်။ အတန်းချိန်မှာ ဘယ်လိုမှ စိတ်မပါတော့လို့ လစ်လာခဲ့သော်လည်း ခါတိုင်းလို ပွဲရုံမှာဝင်ပြီး အချိန်မဖြုန်းရဲတော့ ဖြုန်းလို့ရတဲ့နေရာကိုပဲလာခဲ့ရသည်။

သူ့အတွက် ဒုက္ခနှင့် ခဏတာကင်းလွတ်ခွင့်ရရေးဟာ လူမရှိသည့် နေရာတစ်ခုခုပင်။ ဒါတောင်မှ ...

''တောက် ... ဒီမှာ တစ်ယောက်တည်းစောင့်နေရတဲ့လူကို ဘာမှတ်နေသလဲမသိဘူး''

သူရပ်နေသည့် သစ်ပင်ကြီး၏တစ်ဖက်မှ မိန်းကလေးသံတစ်ချက် ထွက်လာသည်။ ပြီးတော့ ခေါင့်အောင့်လွှင့်ပစ်လိုက်ပုံရသည့် နေကြာစေ့အခွံတွေနှင့် ပလတ်စတစ်အိတ်တစ်လုံးက ကန်ရေပြင်အစပ်ကို ဘုတ်ခနဲ ခုန်ချလာ၏။

တစ်ယောက်ရှိနေတာကို တစ်ယောက်မသိခဲ့ပေမယ့် ကိုယ်နဲ့ ဖုံးနီး



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ မိန်းကလေးတစ်ယောက်ရှိနေမှန်းသိလိုက်သည်နှင့် ဆုံးဖြတ်ချက် ထက်ပိုမြန်သော ခြေထောက်တွေက သည်နေရာမှ ထွက်ခွာခဲ့ပြီဖြစ်သည်။

နောက်ထပ်တိုက်ဆိုင်ဌာဆုံချင်တော့ တစ်ဖက်က စိတ်မရှည်စွာ ထွက်လာသော ခြေလှမ်းများကလည်း သူ့လိုပဲ အပင်ရိပ်အောက်က အထွက်မို့ ...

"နေသမိုင်း ..."

သမိုင်း ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ ကိုယ့်နာမည်ကို ပြန်ကြားရတိုင်း ခေါင်းထဲမှာ မီးပွင့်သွားသလိုပဲဆိုလျှင် လူတွေ ယုံမည်မထင်။

သမိုင်း မျက်နှာ တင်းပြီးသားဖြစ်သွားကာ သူမ ဘယ်သူဘယ်ဝါဆိုတာကိုသိချင်တာထက် ကိုယ့်ကို ဘယ်သူဘယ်ဝါမှန်းသိနေသည့် အဖြစ်ကို မကျေနပ်ချင်။

"တို့ကြောင့် ရှောင်ထွက်သွားတာလား"

ခြေသံမကြားရသော်လည်း သူ့ဆီကို စကားပြောရင်းလျှောက်လာနေမှန်းသိသည်။ သူမ အနားရောက်လာတော့ ခရေပန်းနံ့လေး တစ်ချက်ဝေ့သွား၏။

"သူငယ်ချင်းတွေ ကရဝိက်ဘက်ကိုသွားနေကြလို့ တို့လဲ တစ်ယောက်တည်းပဲ၊ မသိတဲ့လူတွေမှမဟုတ်တာ၊ စကားမပြောချင်ဘူးလား"

သမိုင်း မျက်ဝန်းတွေ သူမ ဆီရောက်သွား၏။

"စောင်းလက်ခတ် .."

သူ့နှုတ်ဖျားမှ ခပ်သဲ့သဲ့အသံထွက်သွားတော့ သူမ ကပြုံးပြ၏။ ပြီးတော့ ခေါင်းညိတ်သည်။ သမိုင်း မျက်နှာက တင်းခနဲဖြစ်လျက် ..

"မင်းနဲ့ဆိုရင်တော့ မပြောချင်ဘူးလို့ ပြောရမှာပဲ၊ ဆောရီးပါ"

"ဟင် .. ဘာ .. ဘာဖြစ်လို့လဲ"

ဒီဘက်လှည့်လိုက်ပြီးမှ သူ ခြေလှမ်းတုံ့သွားပြန်သည်။ သူ့အာရုံ





ထဲမှာ ကျော်ဘုန်းတို့လူစု၏မျက်နှာတွေ ပေါ်လာသည်။ ပြောသွားကြသည့်စကားတွေမှာ သူမ က အဓိက ..။

"မင်းက မိန်းကလေးတွေကို ဆွဲဆောင်နိုင်စွမ်းတဲ့သူလို့ နာမည်ကြီးနေပါလား နေသမိုင်း၊ စောင်းလက်ခတ် ကိုတောင် မင်းအတွက် အသားလေးပဲဆို ..."

"အလကား ... ကလိမ်ကကျစ် .. ပါးစပ်အရသာခံပြောနေတာ"

"မိန်းကလေးတွေက သူ့ကို ဆင်းရဲစုတ်ပြတ်တဲ့ကောင်၊ ငကြောင်ဆိုပြီး သနားလို့ ဖေးမနေကြတာကို ..."

"စောင်းလက်ခတ် ကိုများ ပါးစပ်ထဲထည့်ပြောနေသေးတယ်၊ တန်လို့လား .."

"ဟိုတ်ကောင် .. မင်းကို ပါမောက္ခဆီရောက်မှာစိုးလို့ ဟိုတစ်ခါခံလိုက်ရတာ ဒီတစ်ခါ ဘယ်မှရောက်ဖို့မရှိဘူး၊ မင်းချိန်းစမ်း သတ္တိရှိရင် .. ဘယ်ကိုလာမလဲ" တဲ့။

သူ့စိတ်ထဲမှာ ဘာမှရှိမထားခဲ့သည့်ကိစ္စတွေကို ဘာကြောင့်ယူလာနေကြတာလဲ ..။ ပြဿနာတက်ဖို့၊ ဖြေရှင်းဖို့ ဘာတစ်ခုမှမဖြစ်နိုင်သည့် ကိုယ့်ဘက်က အနေအထားကြောင့် ဘယ်သူဘယ်လိုပဲထင်ထင် သူကတော့ ရှောင်ထွက်လာခဲ့သည်သာ ..။

"ဘယ်မှာမှချိန်းဖို့မလိုဘူး၊ ခောင်းလက်ခတ် မပြောနဲ့၊ မင်းတို့ကိုတောင် ငါမသိတဲ့ကိစ္စတွေ ငါ ဘာမှစိတ်မဝင်စားဘူး၊ ဒီလိုကိစ္စတွေနဲ့ ငါ့ကို နောက်ထပ်မနှောင့်ယှက်ပါနဲ့"

သူ ထွက်လာခဲ့တော့ လူသွားလူလာရှုပ်ထွေးနေတဲ့နေရာမှာမို့ နေရာရွှေ့နေကြသည့်အုပ်စုတွေ လက်သီးတပြင်ပြင်နှင့်ကျန်ခဲ့ကြသည်။

တက္ကသိုလ်မှာ မြင်တွေ့နေသမျှ ကျောင်းသားချင်းပေမယ့် ခေါင်းငုံ့လျှောက်တတ်သည့်သူ့အကျင့်ကြောင့် တချို့ကိုဆို မမြင်ဖူးတာတွေလည်းမနည်းမနောပင်။ ပြီးတော့ ယောကျ်ားလေးတိုင်း နှုတ်ပိတ်ကြရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ တမင်တကာ မနှံ့စပ်အောင်နေ သူမို့ ဘယ်သူက ဘယ်
မေဂျာ၊ ဘယ်သူက ဘယ်အရပ်က ဘာဆို ဘာမှမသိခဲ့။
နောက်ပိုင်းမှာ ပြဿနာတွေ မထင်မှတ်သည့်အရပ်မျက်နှာက
ပစ်ပစ်ဝင်လာကာမှ ဒါဟာ တစ်စုံတစ်ယောက်၏မွေနှောက်ချ
တစ်ခုခုလားဟု တွေးမိလာခဲ့သည်။ ထိုသူ ဘယ်သူဖြစ်နိုင်မလဲလို့ တွေ
ကြည့်လိုက်မိတော့ ...
"နေသမိုင်း .. ယူပြောတာ အရမ်းရင့်တယ်နော်၊ ဆောရီးတွေ
ထဲမှာ အဲဒီဆောရီးက အခံရအခက်ဆုံး"
လိမ္မော်ရောင် အနီကျားလေးနှင့် ဆံပင်တွေဖြန့်ချထားသည့် ခ
ရဲ့မျက်နှာလေးက ဝတ်ထားသည့်အရောင်ထက် ပိုရင့်နေသည်။ မျက်
လေးတွေက ဖိတ်ဖိတ်လက်လက်ဖြစ်နေလျက် သူ့ရှေ့ကိုထပ်တိုးကာ
"ယူနဲ့တို့ အဲဒီလိုဆက်ဆံရလောက်အောင် ဖြစ်ခဲ့ဖူးတာမရှိဘူ
ယောကျ်ားတစ်ယောက်ဖြစ်ပြီး မိန်းကလေးတစ်ယောက်ရဲ့မျက်နှာ
တည့်တည့်ကြည့်ပြီး ဒီလိုစကားပြောထွက်တာ ဂုဏ်ယူနေတာလား၊ အဲ
မပြည့်ဝတာ ..."
"သိပ်မှန်တာပဲ စောင်းလက်ခတ်၊ မင်းက ဘာကိုမပြည့်ဝ
ပြောချင်တာမှန်းမသိပေမယ့် တို့မှာ ပြည့်ဝတာဘာမှမရှိဘူး၊ မရှိခြ
အားလုံးကိုပိုင်တဲ့သူက တို့ပဲ၊ သူများတွေပြောနေကြတာလဲ မင်းကြ
မှာပါ၊ တို့က ဆင်းရဲစုတ်ပြတ်နေတဲ့ကောင်၊ ငကြောင် .."
ပြောပြီး သူ လှည့်ထွက်ခဲ့သည်။
"နေဦး .."
ခတ် က သူ့ရှေ့ရောက်လာပြန်ကာ ...
"ဒီမှာ .. ခတ် ပြောတဲ့ မပြည့်ဝခြင်းဆိုတာ အဲဒါတွေကိုမဟု
ဘူး၊ လူတစ်ယောက်ဟာ အသိုင်းအဝိုင်းတစ်ခု ဒါမှမဟုတ် တ
တစ်ယောက်နဲ့ ဖွင့်ဟတိုင်ပင်မှုတစ်ခုခု ဒါတွေလိုအပ်တယ်၊ မရှိမဖြ





မဟုတ်ရင်တောင် ရှိကိုရှိသင့်တာပါ၊ ယူ့ အခု အဆင်မပြေဖြစ်နေကာ
အားလုံးဟာ တစ်ယောက်တည်း မျက်စိမှိတ်လမ်းလျှောက်နေလို့ .."
"အဟွန်း .."
ခံစားချက်အပြည့်နှင့် မှဲ့လိုက်တော့ တစ်ဖက်သားခံရခက်သွား
ပါ။ ဒါပေမယ့် မတတ်နိုင်။ တစ်သက်လုံး ဒဏ်ရာအပြည့်နှင့် ရုပ်
ည်လာခဲ့ရသည့်ဒီရင်ဘတ်က ပူမှန်းအေးမှန်းလည်းမသိ။ အပေါ်ယံ
နာလောက်နဲ့တော့ 'အမလေး' အော်ဖို့လည်းမလို ..။
"တစ်ယောက်တည်းနေပြီး ဒီပါးစပ်တစ်ခုတည်းနဲ့တောင် ဒီ
လောက်ရှင်းမရဖြစ်နေတာ၊ နှစ်ယောက်ဆိုရင် ပါးစပ်နှစ်ပေါက် ဒီ
ထက်ပိုရင် မတွေးရဲဘူး၊ ဒီမှာ စောင်းလက်ခတ်၊ ငါဘဝ ငါ့နှာမည်မှာ
ယ်လိုဆိုးသွမ်းမှုတွေဖြစ်နေနေ အဲဒါဟာ မိန်းကလေးတစ်ယောက်
တ်သက်နေတာမဟုတ်ဘူးဆိုရင် ထားလိုက်နိုင်တယ်"
"ဘာ ..."
"မင်းသဘောမပေါက်ဘူးထင်တယ်၊ မင်းကြောင့် ငါ့ရဲ့အနာဂတ်
က်စီးရဖို့ရှိနေတယ်ဆိုရင် မင်းနဲ့စကားမပြောချင်တဲ့ငါ့ဘက်မှာ
ဖြစ်ရှိသေးလား"
"ရှိတာပေါ့၊ အဲဒါ ယူ့ဘက်က၊ လူတွေဘာပြောနေနေ ကိုယ်
ဟုတ်ဘဲနဲ့ ပြောနေမှန်းသိရင် ဂရုမစိုက်နဲ့လေ၊ ဒီကပြောတဲ့ မပြည့်ဝ
းဆိုတာ အဲဒါ၊ ခတ် က ယူ့ကို .. အဲ ..."
သူမ စကားထောက်သွားပြီးမှ သူ့ကိုစိုက်ခနဲကြည့်ကာ ..
"ပြောလို့မကောင်းဘူး၊ သမိုင်း လို့ပဲခေါ်မယ်နော်"
သူ ခေါင်းမညိတ်ဘဲ သူမဘာသာ ပါမစ်ရသွားခဲ့ပြီး ...
"သမိုင်းရဲ့ထူးခြားမှုကို ခတ် က သတိထားမိတယ်၊ လူပြောသူ
ပြောတွေဖြစ်နေတာကိုလဲ ခတ် နဲ့ပတ်သက်တာဖြစ်ဖြစ် အခြားဘာ
ကြောင်းဖြစ်ဖြစ် ယူ့ဘွိုင်ရှိမရှိ အမြဲစဉ်းစားတယ်၊ အခု သမိုင်းရဲ့တွေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိတွေ့ခေါ်ပြောခွင့်နေတဲ့လူအရေအတွက်က တစ်လောကလုံးမှာ ရှိတဲ့လူတွေနဲ့စာရင် အများကြီးနည်းပါသေးတယ်၊ ဘာဖြစ်လို့ ရှိသမျှ လူအားလုံး ဒီလိုချည်းပဲလို့ တွက်ထားရတာလဲ''

ခတ်က အဆင်ပြေဖို့ကြိုးစားပေမယ့် သမိုင်း မျက်ဝန်းတွေမှာ အေးစက်ခြင်းအငွေ့အသက်တို့ ရစ်သိုင်းနေဆဲနှင့် ...

''မသိချင်ဘူး၊ တစ်လောကလုံးမှာရှိတဲ့လူတွေအကြောင်းရော၊ အခု ငါ့ရှေ့မှာရှိနေတဲ့မင်းအကြောင်းရော မင်းလဲ ငါ့ကို နားလည်ဖို့ မကြိုး စားပါနဲ့''

သူ နောက်ဆပ်လှည့်ထွက်သွားတော့ ခတ် ရဲ့ဘေးမှာ စုမြတ် တို့ ပြန်ရောက်လာပြီဖြစ်၏။ ခတ် မျက်လုံးလေးတွေကုပ်ကျုံးလျက် သူ့ကျော ပြင်ကိုငေးနေခိဆဲ ..။

''တောက် .. လူ့ပါးဝလို့ .. စောင်းလက်ခတ် ..''

သမိုင်း ကိုကြည့်ပြီးတက်ခေါက်ကာ ခတ် ပခုံးလေးကိုကွန်းပစ် လိုက်၍ စုမြတ် ကခေါ်သည်။

''နင် ဘာတွေသွားပြောနေတာလဲ၊ အဲဒီတစ်ယောက်က ဒီနားကို ဘယ်လိုရောက်နေတာလဲ''

''နင်တို့ ချိန်းထားကြတာတော့မဟုတ်ပါဘူးနော်''

ဝတ်လှာ က အံ့ဩလွန်းလို့ မယုံနိုင်။ စုမြတ် က သူမ ကို နှ လိုက်တာဆိုသည့်မျက်ဆောင်းနှင့် ...

''ပြောသွားတာ မကြားလိုက်ဘူးလား နင် ..၊ ဒါချိန်းတွေ့ဖို့ လာတဲ့လူလား''

သူတို့နှစ်ယောက်ရဲ့ဒေါသတွေကို ဂရုမစိုက်ဘဲ ခတ် က တွေး ချင်ရာတွေးပြီး ငေးနေခဲ့၏။ ပြီးမှ ဒီဘက်လှည့်လာကာ ...

''နင်တို့က ဘာတွေကြားလိုက်လို့လဲ''

''ဩော် .. ဖြစ်ရလေ .. မယ်လက်ခတ်၊ ဘာမှကြားဖို့မလိုဘူး၊





င့်ကို ဆောရီးလုပ်သွားတာတစ်ခွန်းနဲ့တင် ပြည့်ဖြေယ်၊ နေပါဦး .. င် ဒီမှာ နေရစ်ခဲ့တာ၊ အဲဒီတစ်ယောက်နဲ့တွေ့မှာကို ကြိုသိနေလို့ တော့ ဟုတ်ပါဘူးနော် ..''

မေးပြန်ပြီ ဒီစကား ..။ ခတ် ရင်ထဲမှာလည်း နားမလည်နိုင်တာ တွေရော၊ ရှက်မိတာတွေရော အားလုံးပွလောင်ရောထွေးနေ၏။ သချာတာက စုမြတ် တို့ တက်ခေါက်နေသလောက်တော့ ဒေါသ ထွက်တာမျိုးမဖြစ်။

''နင် သူ့ကို ဘာဖြစ်လို့ ခေါ်ချင်ပြောချင်နေရတာလဲ၊ သနားလို့ ချင်လဲ သူက သနားစရာကောင်းနေရင် တစ်မျိုးပေါ့''

''အေးလေ .. လူတကာရဲ့ခြေနင်းဖတ်လို နေနေတဲ့ရုပ်က နင့် ကျမှ ကရုဏာရှစ်ဆယ်သူဌေးသားလို ...''

''အဲဒီလိုတော့ မပြောပါနဲ့ဟာ၊ ငါ့ကြောင့် သူပြဿနာရှင်းရတယ် လဲ ပြောသွားတယ်''

''ဟင် ... ဘာဆိုင်လို့လဲ''

''သူ့ခမျာ ဘာမဆိုင်ညာမဆိုင် စွပ်စွဲခံနေရတာမျိုး ရှိချင်ရှိမှာပေါ့၊ နဲ့သူ့ ရင်ဆိုင်မိကြတာက တစ်ခါနှစ်ခါမကဘူးလေ၊ ပြီးတော့ ငါက ကားသွားပြောခဲ့သေးတယ်၊ အဲဒါ စဉ်းစားကြည့်ပေါ့''

စုမြတ် တို့ မျက်မှောင်ကုပ်လျက်သားတွေနှင့် ငြိမ်သွား၏။ ခတ် ပရိပို့စ်လုပ်ဖူးတဲ့လူတွေ အများကြီးရှိနေတာမှန်သည်။ တချို့က မျိုးထိ ဖွဲ့နပဲနဲ့ဖြစ်တန်း ..။

တချို့ကျတော့ ကွယ်ရာမှာ ကြိမ်းတာ မောင်းတာတွေ အသံ ငှ်၏။ ထို့ပြင် ခတ် မသိရဘဲ သူတို့ချင်းပြဿနာတက်ကြတာတွေ ည်း ပြီးပြီဆိုမှ သတင်းအဖြစ်ပဲ ကြားခဲ့ရတာအကြိမ်ကြိမ်။

ခတ် က သမိုင်း ကို အရေးတယူခေါ်ပြောနေသည့်ကိစ္စဟာ သမိုင်း ပေါ်မှာ မနာလိုဖြစ်သွားနိုင်သည့် ယောကျာ်းလေးတွေ ရန်စကြ၊



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာကြဖြစ်မယ်ဆို ဒါကဖြစ်နိုင်၏။

"ဘာဖြစ်ဖြစ်ဟာ .. နှင့်လိုမိန်းကလေးမျိုးက ပြေပြေလည်လည် ပြောဆိုနေတာကို ဒီလိုကြီးပြောသွားစရာလား၊ သူ့ကိုယ်သူ ဘာမှတ်နေသလဲမသိဘူး"

"ဟယ် ... ငါ ခုမှသတိရတယ်၊ သူနဲ့ကျော်ဘုန်း ပြဿနာတက်ကြတာ အကြီးအကျယ်ပဲတဲ့၊ နှင်တို့ မကြားဘူးမို့လား"

"ဟင့်အင်း ..."

နှစ်ယောက်သံပြိုင်ဆိုရင်း ခေါင်းခါကြ၏။ ဝတ်လွှာ က ခုမှသတိရသည့်ကိုယ့်ကိုကိုယ် အပြစ်တင်ချင်ဟန်နှင့် ခပ်မဲ့မဲ့ခေါင်းညိတ်ကာ ..

"တကယ်အရေးကြီးတာကို မေ့နေတယ်၊ သိပ်တောင်မကြာသေးဘူး သိလား၊ ငါထင်တာတော့ ကျော်ဘုန်းက ရန်စတာပဲဖြစ်မှာ၊ မနှစ်က တရုတ်စကားပြောသင်တန်းက ချစ်ကိုကို သူပဲ ပြဿနာသွားရှာတာလေ"

"ဟုတ်တယ်၊ ချစ်ကို က ရွှေးနွေးတို့နဲ့ခင်ပြီး တို့ကိုလာရောတာ သိပ်တောင်မခင်လိုက်ရပါဘူး၊ သူ့ခမျာ ဘယ်လောက်ထိနာသွားလဲမသိဘူး၊ သင်တန်းမပြီးဘဲ လုံးဝပျောက်သွားရော .."

စုမြတ် က ယောက်ခ်မှ ဝတ်လွှာ က အားပါးတရ ထပ်ဖြစ်သွားပြီး ခတ် မျက်နှာကိုကြည့်၏။

"နှင်ပြောမှ ငါ ဆက်စပ်တွေးမိတယ်၊ သမိုင်း ကို နှင်က စကားသွားပြောတဲ့အထိဖြစ်တော့ သူဘာသာ သဝန်တွေတိုပြီး သွားရမ်းကားတာနေမှာ .."

"ဟုတ်လား ..၊ အဲဒီလိုတော့ သနားပါတယ်၊ သမိုင်း က အရမ်းကို ခေါင်းငုံ့ခံတဲ့သူပါ၊ ဘယ်နှစ်ချက်စာမိသွားလဲ မသိဘူး၊ ခတ် .. သူ့မျက်နှာမှာ ဒဏ်ရာတွေဘာတွေရှိနေသေးလား .."

ခတ် က စုမြတ် ပြောတဲ့အတိုင်း စိုးရိမ်သွားပုံရှိသော်လည်း ဧဝေဧဝါ စဉ်းစားနေသည့်မျက်နှာလေးနှင့် ခေါင်းခါ၏။





"ဘာဒဏ်ရာမှမရှိဘူး၊ ဘယ်လောက်ကြာပြီလဲမှမသိတာ၊ ဒဏ်ရာတွေပျောက်ကုန်တာနေမှာပေါ့"

ဆိုသည့်စကားကို ပြဿနာဖြစ်ခဲ့တာ ဘယ်နှစ်ရက်လောက်ရှိပြီဟု ဝတ်လွှာ ဖြေမှာပဲလို့ မျှော်လင့်သောမျက်ဝန်းများနှင့် ဝတ်လွှာ ဆီ လှမ်းကြည့်၍ပြောသည်။

ဒါပေမယ့် ဝတ်လွှာ က ခေါင်းတယမ်းယမ်းနှင့် ...

"လွဲကုန်ပြီ၊ အထိုးခံရတာ သမိုင်း မဟုတ်ဘူး၊ ကျော်ဘုန်း .."

"ဟင် ... ကျော်ဘုန်း ခံရတာ ဟုတ်လား၊ ဘယ်သူက သမိုင်းဘက်ကဝင်ထိုးတာလဲ"

"အဟွန်း ... အဲဒါ နှင်တို့မထင်ဘူးမို့လား၊ ကြားတဲ့လူတိုင်း ဒီတိုင်းပဲ၊ သမိုင်း က ကျော်ဘုန်း ကိုထိုးတာ၊ လက်သီးနှစ်ချက်တည်းနဲ့ ကျော်ဘုန်း မျက်နှာမှာ သွေးချင်းချင်းနီသွားတာပဲတဲ့ .."

"ဘုရားရေ .."

"ဟင် ..တကယ် .."

စုမြတ် မျက်လုံးပြူးသွားကာ ခတ် နှုတ်ခမ်းလေးက တအံ့တသြပွင့်ဟသွားခဲ့ပြီးသည့်နောက်မှာ ပြုံးယောင်သမ်းလျက် ...

ဒီတိုင်းပဲဖြစ်သင့်သည်။ မာနဆိုတာ ရှိကိုရှိမှ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"ဟော့ .. သမိုင်း .."

ကွန့်မျူတာရှိုးရှမ်းတစ်ခုထဲကို လှမ်းဝင်တော့မည့်ခြေလှမ်းတွေ ခေါ်သံကြောင့် နောက်ပြန်လှည့်သွားခဲ့၏။ ကားရပ်လို့မကော ထွက်လို့မကောင်းနှင့် မြို့လယ်ခေါင် သည့်လိုလမ်းကြားကျပ် လေးထဲမှာ ဦးမြတ်သိမ်း ဟိုဘက်အစပ်မှာ ဘာရပ်လုပ်နေမှန်းမသိ

သူ ထိုဘက်ကိုကူးသွားတော့ ဦးမြတ်သိမ်းက ဘယာကြော်ကု ဆီမှာ နောက်ထပ်တစ်ထုပ်ဝယ်နေတာတွေ့၏။

"ရော့ .. မင်းတစ်ထုပ်ယူ .."

သမိုင်း က ဦးမြတ်သိမ်း ကမ်းပေးသည့်ဘယာကြော်ထုပ် ယူလိုက်ပြီး နောက်ကကားပွန်းသံကြောင့် တိုက်ခန်းအမိုးရိပ်အောက် တိုးကပ်ဝင်ရပ်လိုက်သည်။

"ဦးသိမ်း .. ဒီမှာဘာလုပ်နေတာလဲ"





"ငါ ဘယာကြော်စားချင်တာနဲ့ တမင်ဒီထဲဝင်လာတာ၊ ကားက ပရှည်းသွားချနေတယ်ကွာ၊ ကောင်လေးတွေချည်းခိုင်းနေရတာ ကားပြောရလွန်းလို့ ..၊ မင်းက ဟိုထဲ ဘာဝင်လုပ်မှာလဲ"

"ကျွန်တော် အတန်းချိန်နိုပိုနေလို့ပါ၊ ကိုယ့်မေဂျာနဲ့လဲ တစ်လိုင်း တည်းပဲလေ၊ Fild ဆင်းတဲ့သဘောပေါ့၊ ဒါ ကျွန်တော်ဟွိဆရာမရဲ့ ဆိုင်ပါ"

"သြော် ... ဒါကြောင့် မင်းက ပွဲရုံရောက်မလာတော့တာကိုး"

သမိုင်း မျက်နှာ အနည်းငယ်ငုံ့သွား၏။ တမင် မလာမိအောင် နေတာပါလို့ ရင်ထဲမှာပြောမိရင်း နာကျင်သွားခဲ့၏။ ဒါဗေမယ့် သူ မျက်နှာမပျက်အောင်နေလျက် ...

"တစ်နေ့ညက အလုပ်သမားတစ်ယောက် အိတ်ပိလို့ဆို .."

"ဟုတ်တယ်ကွ၊ ထိခိုက်ဒဏ်ရာရကြ၊ အလုပ်တွေပျက်ကြ၊ ဒီ ကြားထဲ လက်ထောက်မန်နေဂျာ ရဲဇော်က လခရှင်းမယ့်ငွေထုပ်ကို အိမ်သယ်သွားလို့ အလိုက်မြန်လို့ပေါ့ကွာ၊ ဒါတောင် တစ်ဝက်ပဲ ပြန်ရ တယ်၊ သူ မကောင်းတာ သူ့အပြစ်သူခံရတာပဲဆိုပေမယ့် ကိုယ့်မှာလဲ ဆုံးတာပဲ၊ ဒီနှစ်ထဲမှာ ပွဲရုံအတွက်က တော်တော်ရင်လေးဖို့ကောင်း တယ်၊ ညက မင်းအဘွားဖုန်းဆက်တော့ သူလဲ တော်တော်စိတ်ဆင်းရဲ သွားရှာတယ်၊ လူကြီးဆိုတော့ စိတ်ဖိစီးရင် ပိုဆိုးတာပေါ့"

"အဲဒါတွေ ကျွန်တော်လဲကြားပါတယ်"

"အေး .. ပြီးတော့ မင်းအစ်ကိုကလဲ အချိုးမပြေဘူးကွ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ပွဲရုံကိုရောက်လာပြီး အလုပ်သမားတွေကို ဟိုနိုင်းဒီနိုင်း၊ ပဲဂိုဒေါင်က ပဲချိန်တဲ့ကောင်လေးဇော်တွေနဲ့ အလုပ်သမတွေ ဘာလိုလိုဆက်ဆံကြတာကို သူက ပရောပရီ ဝင်မြှောက်ပေးလိုပေး၊ အားဆေလုပ်တဲ့သူက အလုပ်တွေနဲ့ ရင်းနှီးစေချင်တာ၊ သူက ဟိုခြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ရင်းနှီးနေတယ်လေ၊ ပြောဆိုမကောင်းတဲ့ ကောင်လေးပါကွာ"

ဦးမြတ်သိမ်းက အတင်းပြောတာမျိုးမဟုတ်ဘဲ ရှုံ့မဲ့ညည်းနေတာဖြစ်၏။ ပြီးတော့ နာရီကြည့်ပြီး ခပ်သုတ်သုတ်ထွက်သွားလေသည်။

ဘယာကြော်ကုလားက သူ့ပစ္စည်းလေးတွေသိမ်းနေရင်း ပိတ်ထားသည့် ဘာဂျာဟံခါးကြီးဆီလက်လှမ်းကာ တစ်စုံတစ်ခုကို လှမ်းယူလိုက်၏။ ကိုယ့်ကိုယ်နဲ့ ကွယ်သလိုဖြစ်နေလို့ သမိုင်း က ပခုံးတစ်ခြမ်းတောင် စောင်းပေးလိုက်သေးသည်။ ဒါပေမယ့် သူ့မျက်စိရှေ့မှာတင် ကုလားဆွဲဖြန့်လိုက်သည့်စာရွက်ခေါက်လေးကို သတိထားမိသွားလျှင် ...

"ပဲ့ဘာ .. အစ်ကို ... ခဏ .. ခဏလေး ..."

ကမန်းကတန်းတား၍ စာရွက်ကို သူ ဆွဲယူလိုက်မိသည်။

"ဘားဖြစ်လို့လဲ ကန်းလေး၊ ဒီမှာ ဇကာလှုပ်နေလို့ ဒီဟာနဲ့ ညှပ်ခံထားရမှာ .."

"ဟုတ်ကဲ့ပါ၊ ဇကာလှုပ်နေတာကို ခံဖို့စာရွက်လိုရင် ကျွန်တော်ပေးပါ့မယ်၊ ဒါလေးကိုတော့ မလုပ်ပါနဲ့"

သူ့လွယ်အိတ်ထဲက စာရွက်အစားတစ်ရွက်ပေးလိုက်တော့ ကုလားက စာရွက်ကိုလည်းယူသည်။ သူယူထားလိုက်သည့် စာရွက်ကိုလည်း စိတ်ဝင်စားနေသေး၏။

သမိုင်း ဘာကိုမှဂရုမစိုက်တော့ဘဲ ပုံတွေဆွဲထားသည့်စာရွက်လေးကိုဖြန့်ကြည့်ရင်း တံခါးနားမှာ ဆုတ်နေလိုက်သည်။ ဒီပုံလေးကို သူ မသိဘဲနေမလား ..။ ဟုတ်သည်။ မိုးရွာနေတဲ့တစ်နေ့က ဒီတံခါးကြားမှာပဲတွေ့လို့ သူ ထပ်ဖြည့်ဆွဲပေးခဲ့သည်။ ဒါပေမယ့် ဆွဲခဲ့တာရော၊ ဒီမှာ ပြန်ညှပ်ထားခဲ့တာရော ခု ဒီနေရာပြန်ရောက်လာတဲ့အထိ စာရွက်လေးက သူ့ခေါင်းထဲမှာ မှတ်မှတ်ရရဖြစ်မနေခဲ့ပါချေ။

ခုလိုပြန်တွေ့လိုက်တော့ အံ့သြနေမိ၏။ ပြီးတော့ သူထည့်ပေး





ခဲ့သည့် တံချူထိပ်ဖျားမှာ သစ်ခက်လေးတချို့ရစ်ပတ်လျက် ပန်းနှစ်ပွင့်သည့် တစ်ပွင့်က ပင်ခြေအောက်က ရွှံ့ဗွက်အိုင်ကြီးပေါ်မှာ ပပ်စင်းနေခဲ့ပြီး...

တစ်ပွင့်ကတော့ တံချူထိပ်ဖျားမှာ ကြွေကျသွားလက်စပုံမျိုး။ လေထဲမှာပဲ ဝေ့ဝဲနေဆဲဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ထိုပန်းလေးလည်း ဗွက်ထဲကိုပဲကျမှာပါ။ ဒါကိုဖြည့်ဆည်းသွားသူ၏ဆိုလိုရင်းက တံချူနဲ့ ချူပေမယ့်လည်း ပင်ခြေအောက်မှာ ဗွက်အိုင်ကြီးရှိနေသည့်အတွက် ပန်းကို ဘယ်လိုမှမရနိုင်သည့်သဘော ..။ မော့နေသည့်မိန်းမငယ်လေး၏မျက်ဝန်းအိမ်မှ မျက်ရည်တွေကျနေပုံကိုလည်း သိသာအောင် ဆွဲထားသေးသည်။

ပုံကိုကြည့်နေရင်း သမိုင်း မျက်ဝန်းတွေ ပတ်ဝန်းကျင်ကို ဝေ့ပတ်လှုပ်ရှားသွားခဲ့၏။ ဤစာရွက်လေး သည်နေရာမှာ မပျောက်မပျက်ရှိနေခြင်းက တစ်ဦးတစ်ယောက်၏စောင့်ရှောက်ထားမှုလား၊ ဒါမှမဟုတ် ထူးဆန်းစွာ တိုက်ဆိုင်ခြင်းလား ..။

ထို့ပြင် ဤပုံကိုစတင်ရေးဆွဲသူဟာ တစ်ယောက်တည်းမဟုတ်ဘဲ သူကဲ့သို့ ဖြည့်စွက်ပုံဖော်သူ နောက်ထပ်ဘယ်နှစ်ယောက် ရှိနေနိုင်မလဲ။ ပတ်ဝန်းကျင်အနီးအနားမှာ ထပ်ညှပ်ရပ်ထားသည့် ကားတွေရယ် အိလက်ထရွန်းနစ် ရှိုးရွမ်းတွေရယ်၊ အားလုံးဟာ ကိုယ့်လောဘနဲ့ကိုယ် အာရုံစိုက်လှုပ်ရှားနေကြတာပဲရှိသည်။

ဒီတံခါးကြားမှာ အမြဲတမ်းညှပ်လျက်ရှိသည့်စာရွက်ခေါက်လေးကို စောင့်ကြည့်ရင်ခုန်မည့်လူမျိုးမရှိပေ။ ပုံကို သေချာကြည့်မိလေ ပန်းကိုချူပြီး ပန်းမရလို့ငိုနေသည့်မိန်းမငယ်လေးကို ကရုဏာစိတ် တွေဖြစ်မိလေ လက်ရာမြောက်အောင် အကျအနပုံဖော်ထားတာမဟုတ်ဘဲ အနုပညာ၏ ကူးစက်ခြင်းက ဖမ်းစားထားတာလားမသိပါ။

ပထမတစ်ခါ သဘောကျစရာတစ်ခုလို ပေါ့ပါးစွာရေးခြစ်ထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပေမယ့် ခုတစ်ခါ သူ့ရင်ထဲမှာ ပထမတစ်ခါထက် အဆပေါင်းများစွာ နူးညံ့ပျော့ဝင်နေ၏။

ကိုင်ထားသည့်ဘယာကြော်အိတ်ကို တံခါးမှာချိတ်ထားလိုက်ရင်း စာအုပ်နဲ့ဘောလ်ပင်ကို ထုတ်ယူလိုက်မိသည်။ သူ့ရင်ထဲမှာ ပေါများစွာ သွန်းဖြိုးနေမိသည်က ဒီကောင်မလေးလက်ထဲကို ပန်းတွေရောက်ပြီးတော့ မငိုပါနဲ့ မိန်းကလေးရယ်လို့ ချော့မော့ချွေးသိပ် ပေးချင်လို့…။

မင်းအတွက် ကိုယ်ယူပေးမယ် ..။





## အခန်း (၁၅)

"အထဲမှာ ဘယ်သူတွေလဲ ကြီးလုံ .."

အပေါ်ထပ်ကဆင်းလာသည့် မောင်မောင့်ကိုမော့ကြည့်ပြီး ဒေါ်လုံ မျက်နှာမကောင်းစွာနှင့် ပြန်လှဲ၏။

"ခြံတစ်ဝက်ရောင်းမယ်ဆိုတာလား .."

ဒေါ်လုံက သူ့ကိုမကြည့်တော့ဘဲ ခေါင်းညိတ်ပြသည်။ မောင်မောင့် မျက်နှာ ရှုံ့တွမဲ့ထွက်သွား၏။

"စပြီ၊ အဲဒီလိုနဲ့ ဒီခြံ လုံးပါးပါးမှာပဲ"

ဒေါ်လုံ ဘာမှမပြောပါ။ သူမဟာလည်း ဟိုအရင်တုန်းကလို 'ငါက စက်ချုပ်တဲ့လူပဲ' လို့ ခေါင်းစဉ်တပ်နေတာမဟုတ်ဘဲ မိုးလင်းတာနှင့် ဒီအိမ်ကြီးပေါ်ရောက်အောင်လာပြီး ချုပ်စရာ ပြင်စရာရှိတာလည်း သူမပဲ ချုပ်ပေးသည်။ အလုပ်သမားတွေထဲမှာလည်း သူမပဲ ဝင်ပါခဲ့၏။ ဒေါ်မိမိ ညိုက မျက်နှာတည်တည်ကြီးနှင့်နေကာ မလိုအပ်ဘဲ စကားမပြော။ မလာနဲ့ မလုပ်နဲ့လို့တော့ မတားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"လုံမေ .."

"ရှင် .. မမကြီး .."

ရှိုးကော့စ်ကြီးပေါ်က စစ်သူရဲကောင်းရုပ်တုကြီးတွေကို ဖုန်သုတ်နေစဉ် အနားမှာ ဒေါ်မိမိညို ရောက်လာတာကိုမသိလိုက်။

"မမကြီး .. ဘာခိုင်းစရာရှိလို့လဲဟင် .."

"ညည်းတို့ ဟိုဘက်ကခြံကို သူတို့လိုက်ကြည့်လိမ့်မယ်၊ ဝယ်မယ့်သူတွေကို စိတ်ပျက်အောင်မပြောဆိုမိပါစေနဲ့၊ ညည်းတို့တစ်အုပ်စုလုံး စားသောက်ဖို့အတွက် ဖွဲရောင်းနေရတာ .."

"မပြောပါဘူး မမကြီးရယ် ..."

ဒေါ်လုံ့အသံမှာ ကြေကွဲခြင်းအပြည့်နှင့်ဖြစ်၏။ ဒေါ်မိမိညိုကို ငေးကြည့်လိုက်သော မျက်ဝန်းတွေမှာလည်း ယူကျုံးမရခြင်းတွေ ဖြစ်တည်နေခဲ့၏။

ဒီနေ့အထိ သူမနဲ့သမိုင်းအပေါ်မှာ ဒေါ်မိမိညို ဘယ်လိုအငြိုးနဲ့ မုန်းမပြေနိုင်ဘဲရှိပါသနည်း။ ကိုယ့်အတွက်ကတော့ မုန်းတာချစ်တာတွေအပေါ်မှာ ထူးခြားခံစားနေရဖို့မရှိပါ။

ဒီအိမ်မှာ တူဖြစ်သည့် သမိုင်း တစ်ယောက်မှလွဲလျှင် သူမနှင့် သွေးသားတော်စပ်တာ တစ်ယောက်မှမရှိ။ ဒါပေမယ့် သမိုင်း ကတော့ သူ အလွန်မျှော်လင့်နေခဲ့သည့် အဘွားဖြစ်သူ၏ အမုန်းတရားများကို ...

"အိမ်မှာ ဟိုကောင်လေး ရှိလား"

"ဟုတ်ကဲ့ .. ခြံထဲမှာ မြက်တွေရှင်းနေပါတယ်"

"ခြံဝယ်လာကြမှာကို ညည်းပြောထားသလား"

"ဟုတ်ကဲ့ .. မနက်ကတည်းက သူ ခြံထဲဆင်းနေတာပါ၊ မျက်နှာရေ့မှာ တော်တော်ရှင်းနေပါပြီ၊ ခရေပင်ညီနောင်နားက လှမ်းကြည့်တာနဲ့ ခြံအကျယ်ကို ရှင်းရှင်းလင်းလင်း ကြည့်လို့ရပြီ"

"ကောင်းတယ်၊ ဒီနေ့ အရောင်းအဝယ်အဆင်ပြေသွားရင် ခြံရှင်း





ပေးခ မုန့်ဖိုးပေးမယ်လို့ပြောလိုက် .."

နင့်သွားသည့်ရင်က မျက်နှာပြင်မှာအရိပ်ထင်မှာပဲမို့ ဒေါ်လုံ မျက်နှာငုံ့ကျသွားခဲ့၏။

"မြေးလေးရေ .. မောင်မောင် .. လူလေး .."

"ဗျာ .. လာနေပြီ"

တယုတယခေါ်သံနှင့်အတူ ထူးသံတွေကြားရပြီး မြေးအဘွားနှစ်ယောက် ဆုံစည်းသွားကြစဉ်မှာ ဒေါ်လုံ သူတို့နားက လှည့်ထွက်လာခဲ့၏။ ဒါပေမယ့် စကားသံတချို့ကိုတော့ ကြားလိုက်ရလေသည်။

"ဘာ .. မြေးရဲ့အဖေဆီက .. ဟုတ်လား"

"ဟုတ်တယ်၊ အဘွားကို အဲဒါပြမလို့ဟာ ..၊ ငွေသည်တွေ ရှိနေလို့ .."

ပြောပြီး မောင်မောင် က ဟိုဒီလိုက်ကြည့်ကာ ကိုင်ထားသည့်စာကို ဒေါ်မိမိညို လက်ထဲလည်းမထည့် ..။

"အခု ပြန်သွားကြပြီလား၊ အရောင်းအဝယ်မဖြစ်ဘူးလား"

"ဖြစ်တယ်၊ ညနေလာကြည့်ရင်း ငွေချေမှာ .."

မောင်မောင် မျက်နှာမဲ့တော့မလို၊ ပြုံးတော့မလိုနှင့် ဆံပင်တွေထဲလက်ထည့်၍ မျက်နှာကို ဟိုလှည့်ဒီလှည့်၊ ပြီးတော့ ဖျတ်ခနဲ ပြန်လှည့်လာကာ ...

"အဘွားက ငွေတွေ ဒီလောက်တောင် ဘာဖြစ်လို့လိုနေတာလဲ"

"သြော် .. မြေးရယ်၊ အဘွား တစ်ယောက်တည်းနဲ့ ဘာအလုပ်မှမရှိဘဲ၊ မြေးတို့ကို ကျွေးမွေးပြုစုခဲ့ရတာ ဘယ်လောက်ကြာပြီလဲ"

"မြေးတို့ဆိုတာ သမိုင်း ကိုထည့်ပြောတာလား"

"အင်းပေါ့၊ မခေါ်ချင်လို့ရတယ်၊ မတော်ချင်လို့မှမရတာ၊ ပေးရကျွေးရတာတော့ ဘယ်လွတ်ပါ့မလဲ"

"ဟုတ်တယ်လေ၊ သားပြောချင်တာ အဲဒါပဲ၊ သမိုင်း ကို အဘွား



www.burmeseclassic.com

www.burmeseclassic.com



က ဘာတာဝန်တွေယူနေရလို့လဲ၊ အဝတ်အစား ဖိနပ်အထိ ကန့်သတ်ချက်နဲ့ ပေးဆင်တာ ..''

''မြေးက အဘွားကို ပန္နည်းတွေကန့်လို့ အပြစ်တင်ချင်တာလား''

''အဲဒီလိုတော့မဟုတ်ပါဘူး၊ စီးပွားရေးကျဆင်းတယ်ဆိုတာ ကြီးစားဖို့၊ ရှာဖွေဖို့၊ နောက်ဆုံး ဘာလုပ်လို့မှမဖြစ်တော့ရင် စိတ်ဆင်းရဲရမယ်၊ အဲဒါတွေကို အိမ်ထောင်ဦးစီးတွေ၊ မိဘလုပ်တဲ့လူတွေပဲ ခေါင်းခံကြရတာ၊ သားတို့က လူငယ်တွေပါ၊ ပြောမယ်ဆို အနေသာကြီး၊ အဘွား စိတ်ဆင်းရဲရမှာတွေကို သားကပြောပြတာ ..''

ဒေါ်မိမိညို မျက်နှာထက်မှာ မောင်မောင့်ကို အထင်ကြီးခြင်း၊ ကျေနပ်ခြင်းတွေပြည့်နှက်လျက် မောင်မောင်ပြောပြီးတဲ့အထိ ငေးကြည့်နေခဲ့သည်။ ပြီးမှ ...

''မြေးက လူကြီးကြီးတစ်ယောက်လိုပါလားကွယ်၊ အရမ်းကို နားလည်ပြီး ပြောတတ်ဆိုတတ်လိုက်တာ၊ ဒါနဲ့များ ပွဲရုံကိုသွားပါ၊ မြေးနားလည်တတ်ကျွမ်းလာရင် ဦးစီးပါလို့ပြောတော့ ဘာဖြစ်လို့ စိတ်မဝင်စားသလို လုပ်နေတာလဲ''

မောင်မောင့်မျက်နှာမှာ ဂုဏ်ယူဝံ့ကြွားဟန်မရှိဘဲ ခပ်မှဲ့မှဲ့ရယ်လျက် ငြိမ်နေ၏။

''မောင်မြတ်သိမ်းပြောတော့ မြေး က လူငယ်ပီပီ လွတ်လပ်ချင်တဲ့စိတ်လေးရှိသေးတယ် ဘာညာဆိုတော့ အဘွားက ခေါင်းညိတ်ပြီး မြေးလွတ်လပ်သလို နေခွင့်ပေးခဲ့တာ ..''

''အဘွားကလဲ၊ အဘွားရဲ့ပွဲရုံက ရှိတဲ့လူတွေနဲ့တောင် ထပ်ညပ်နေတဲ့ဟာ၊ ဦးငီးဦးဆောင်တွေ ဘယ်လောက်လိုနေလို့လဲ၊ သမိုင်း ခများလဲ အဘွား မျက်နှာသာမပေးလို့ ဟိုမှာမနေရ၊ ဒီမှာမနေရ၊ ပွဲရုံမှာ သူရှိနေတာမကောင်းဘူးလား''

''အို .. အဓိပ္ပာယ်မရှိတာ ..''





''ရှိပါတယ် အဘွားရဲ့၊ ဒီခြံတစ်ဝက်ရောင်းရလောက်တဲ့အထိ အဘွားဖြစ်နေမှန်းမသိခင်က ဒီပွဲရုံလောက်လေးတော့ သူ့ နေရာရသင့်တယ်လို့ သားကထင်တာ၊ အဲဒါကြောင့်လဲ သား အဲဒီကို မသွားချင်တာပေါ့''

''ဖြစ်ရလေ မြေးရယ်၊ လူကငယ်သလောက် သဘောထားတွေကြီးနေလိုက်တာ၊ တစ်အူတုံဆင်းညီအစ်ကိုတွေတောင် ဒီလိုသဘော မျိုးထားနိုင်တာရှားတယ်''

ဒါကျတော့ မောင်မောင်က မျက်နှာမော့၍ရယ်သည်။ ရာစုသစ်တွေထဲမှာ အဆင့်ဆင့်တိုးတက်ပြောင်းလဲနေကြတာ အဘွား ဂရုမစိုက်မိဘူးထင်သည်။ အဲဒီတိုးတက်ခြင်းတွေထဲမှာ လူငယ်တွေရဲ့မျက်လုံးထဲကစာကို လူကြီးမိဘတွေ ဘယ်လိုမှ ဖတ်လို့မတတ်ကျွမ်းနိုင်အောင် ပြောင်းလဲကိုးတက်နေပြီ၊ အဲဒါ မသိဘူးလား ..။

''အခု သမိုင်း က ပွဲရုံကိုသွားနေသေးလား''

ဒေါ်မိမိညို မေးလိုက်တော့ မောင်မောင့်မျက်နှာက တည်တည်တံ့တံ့ဖြစ်သွားလျက် သူ့ အဖြေမှားသွားလျှင် သမိုင်း အတွက် နစ်နာသွားမှာစိုးသလို တော်တော်နဲ့မဖြေ ..။

''ဟင် .. ပြောပါ မြေးရဲ့၊ ဒါက သိထားမှဖြစ်မယ့်ကိစ္စ .. မြေး ကာကွယ်မနေပါနဲ့''

''သား သေချာမသိဘူးလေ၊ ဒီရက်ပိုင်းတွေမှာ သားမှမရောက်တာ၊ မြို့ထဲမှာတော့ ဦးသိမ်းနဲ့အတူ သွားလာနေတာတွေ့နေတာပဲ''

''ဘာ ...''

ဒေါ်မိမိညို မျက်နှာကြီးတင်းသွား၏။ သင်းက ပွဲရုံကိုမသွားဘဲ တော်ဘဲ မန်နေဂျာကိုကပ်ပေါင်းပြီး ကိုဒေါင်ကလေးတွေနဲ့ တစ်ဖက်သည့်ကနေ ဝင်ပါနေတာလား ..။

မောင်မောင်က ဒေါ်မိမိညို မျက်နှာကို မသိမသာငုံ့ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာရှေ့ကို ဖျတ်ခနဲ လှည့်ရပ်ကာ …

"အဘွားကလဲ၊ ဘာဖြစ်သွားတာလဲ၊ သူ့ဘဝမှာ ဒီလိုနေရာလောက်မှမရရင် အဘွားရဲ့မြေးဆိုပြီး ဘယ်လိုရပ်တည်နိုင်တော့မှာလဲ၊ အဘွားလဲ တစ်နေ့နေ့ကျရင်တော့ သူ့အတွက်ခံစားခွင့်ဆိုတာ ပေးရမှာပဲ"

"မပေးနိုင်ပါဘူး၊ အဘွားမှာ မြေးတစ်ယောက်ပဲရှိတယ်လို့ ပြောထားပြီးသား၊ အဲဒါကြောင့်လဲ ဘာမှမမျှော်လင့်ရဲ့အောင် ခုကတည်းက နောက်ဖေးမှာ ခွဲထုတ်ထားတာပေါ့၊ သူ ရပ်တည်လို့ရအောင် ပညာအမွေပေးထားတာ၊ ဒါကိုနားလည်ရမယ်"

ဒေါ်မိမိညို က ကိုယ့်ဒေါသနဲ့ကိုယ် ပြောလို့ကောင်းနေသည်။ မောင်မောင့်မျက်ဝန်းတွေမှာ ရယ်မြူးရိပ်တွေ စွန်းထင်းနေတာကိုတော့ သတိမထားမိပေ။

တကယ်တမ်းကျတော့ သမိုင်း ကိုမြင်တိုင်း သူ့အဖေ လမ်းသစ်ဦးကိုမမေ့နိုင်။ ဒီလူကြောင့်ပဲ ဒေါ်လုံမေကိုလည်း ဘဝင်မကျခဲ့တာ ဖြစ်သည်။ အခြေအမြစ်မရှိ၊ ကလေကချေဘဝတွေကနေ သမီးကို အဓမ္မသိမ်းပိုက်ပြီး သူဌေးသမက်ဖြစ်ဖို့ကြိုးစားသည်။ ဒီသမီးကိုခိုးယူသွားပြီး တစ်မြို့တစ်ရွာမှာ ခြေရာဖျောက်နေတယ်ဆိုတာနဲ့ပဲ ပစ္စည်းမမက်ဘူးလို့ အသံကောင်းလွှင့်နေသေးသည်။

သမီးကိုရမှတော့ သမက်ဖြစ်ပြီပေါ့၊ တစ်နေ့နေ့ဆိုတာမှာ မိဘက ခွင့်လွှတ်လာမည်၊ ပြန်ခေါ်မည်၊ ဇာတ်ပေါင်းခန်းကျတော့ သူတို့တွေ တစ်မျိုးလုံး တိုက်ပေါ်ရောက်ကြ … ဒါပဲ။

သမီးကို မရမက ခိုးယူပေါင်းသင်းခြင်းရဲ့ အဓိကရည်ရွယ်ချက်ကိုက ဒါပဲဖြစ်သည်။ သူတို့ဘာသာ သူဌေးဖြစ်ဖို့ ဇာတ်ရေးပြီး သူဌေးမဖြစ်ဘဲ ခွေးဖြစ်သွားတဲ့ထဲမှာ ကိုယ်က သမီးလေးကို ဆုံးရှုံးခဲ့ရ၏။

ထို့ကြောင့် ဒီလူတွေကို မုန်းတီးနာကြည်းနေမိသည်။ အသက်ကြီးမှ ဥစ္စာရူးရူးတာလည်းမဟုတ်ပါ။ ဒါပေမယ့် ဒီလိုလူတွေ ကျေနပ်





…မ်းသာသွားကြဖို့အတွက်တော့ ကိုယ့်စည်းစိမ်ထဲ…နေ အပ်တိုတစ်…ချောင်းတောင်မှမပေးနိုင် …။

ကလေးနဲ့ကပ်တွယ်ပြီး ဒေါ်လုံမေ ပါလာတာကို အစကတည်းက…ချိန်ထိ ဒေါ်မိမိညို ရင်ထဲမှာ မရှင်းလင်းနိုင်သေးပေ။ နှစ်ပေါင်းများစွာ…ကြည့်နေခဲ့ရင်း မယုံသင်္ကာစရာလည်း ဘာမှမမြင်ခဲ့တဲ့ ဒီနေ့ထိ မယုံတာ…ည်းမဟုတ်၊ ယုံလည်းမယုံ …။ ကြာကြာဝါးမယ့်သွား အရိုးကြည့်…ချောင်ဆိုတာမျိုးလားလို့ တွေးမိနေတုန်း လိုချင်လွန်းတဲ့လူကို မပေးချင်တဲ့…တ်တွေ ဖိစီးနေရင်းနဲ့ပဲ …

"ဘွားရာ … အဘွားမှာ ဘာမှဖြင့်မရှိတော့ဘဲနဲ့ သမိုင်း ကိုမပေး…နိုင်ဘူး၊ မယူရဘူးပြောနေသေးတယ် … ဟား ဟား …"

ဒေါ်မိမိညို၏ အတိတ်ဆီဝေ့လည်သွားသည့်အာရုံတွေ ပစ္စုပ္ပန်ဆီ…ပြန်ရောက်လာ၏။

"ဟုတ်တယ်၊ မရှိတော့ပါဘူး၊ ဒါကြောင့်လဲ ပွဲရုံကို သူ့ဝင်ထွက်…တာ မကြိုက်တာပေါ့၊ အဘွားတို့မှာ ဒီလုပ်ငန်းလေးပဲရှိတော့တာလေ၊ …ဒါပေမယ့် လုပ်ငန်းရဲ့သဘောဆိုတာ အရှုံးအမြတ်နဲ့ပဲ တွက်ချက်ရတာ၊ …တစ်ပိုင်သာဖြစ်လာဖို့ တစ်ကျပ်သားကစတာမဟုတ်ဘူးလား"

ပြောနေရင်း ခုချိန်ထိ သူမ လက်ထဲမရောက်သေးသည့်စာကို …ဒေါ်မိမိညို က ငုံ့ကြည့်ကာ …

"အီးမေးလ်မပို့ဘဲ စာပို့လိုက်တာဆိုတော့ ဘာတွေအရေးတကြီး …ပြောထားလို့လဲ၊ မြေးအဖေဆီက လူကြုံလာတိုင်း အဘွားရင်ပူရတယ် …မြေးရယ် …"

ဟိုစကားကနေ ဒီစကားရောက်လာသဖြင့် မောင်မောင်က သူ…ကိုင်ထားသည့်စာကို သတိတရပြန်ငုံ့ကြည့်၏။ ပြီးမှ မော့လာကာ …

"စာကိုပြောတာလား အဘွား …"

"အင်းလေ … မြေးက အဘွားရဲ့ပွဲရုံကို သေးသေးလေးလို့ပြော…



www.burmeseclassic.com

www.burmeseclassic.com



အပျော်အပါးသွားလာတာတွေကများနဲ့၊ မြေးရဲ့အဖေက ဘာတွေရေးပြီး ဘာတွေပေးနေလဲ ပူရတာပေါ့၊ သူက လော့လောဆယ် အဘွားထက် ချမ်းသာတယ်လေ''

မောင်မောင်ကရယ်လိုက်ပြီး လှေကားပေါ်ကိုတက်သွားတော့ ဒေါ်မိမိညို အနားကနေပါသွားကာ ...

''မြေးရဲ့စာ အဘွားကိုပေးမဖတ်ချင်ဘူးလား''

''ဖတ်မနေပါနဲ့ အဘွားရာ၊ စာစာကတော့ ပြမလို့ဘဲ၊ အဘွားမှာ စိတ်ညစ်စရာတွေများတာပဲအဖတ်တင်မှာ ..''

''ဟင် .. ဘာတွေရေးထားလို့လဲ''

ဘယ်လိုမေးမေး မောင်မောင်ကမဖြေဘဲ ဟိုရှောင်ဒီရှောင်။

''မြေးရဲ့အဖေကို အဘွား အရမ်းစိတ်ဆိုးခဲ့ဖူးတယ်နော်၊ ဒါပေမယ့် ကိုယ့်သမီးကလဲ ရှာလွန်းရှက်တိုက်သလိုလုပ်နေတော့ သူ့ဘက်ကိုယ့်ဘက်မျှကြည့်ပြီး စိတ်ကိုလျှော့ထားခဲ့တယ်၊ အခု မြေးလေးမျက်နှာရှိတော့ ပြေလဲပြေခဲ့တယ်၊ ပြောရမယ်ဆိုရင် မြေးကို သူတော်စပ် ပေးမယ့်ပတ်သက်ခွင့်မရှိဘူး''

''အဘွားကလဲ၊ ဖေဖေက နောက်အိမ်ထောင်ပြုလိုက်ပေမယ့် သားသမီးယူတာမှမဟုတ်တာ၊ အဲဒါ သားကိုငဲ့ပြီးမယူခဲ့တာ၊ ခုလဲ စီးပွားတွေနင်းကန်ရှာပြီး လုပ်ငန်းပိုင်ဆိုင်မှုတွေ ဟိုမှာအများကြီးဖြစ်နေတာတောင် အဘွားဆီမှာ သားဆင်းရဲနေတာကို မြင်ရက်နဲ့ ဘာပြောခဲ့လို့လဲ''

အပေါ်ထပ်ရောက်မှ မောင်မောင်က ညှို့ခန်းထိသွားပြီး ဆိုဖာမှာ ပက်ခနဲ ထိုင်ချလိုက်၏။ ပြတင်းတံခါးဘက်ကို မျက်နှာလှည့်လိုက်တော့ ခြံထဲမှာ မျက်နှာစာဘက်က ပိတောက်ပင်ရိပ်အောက်မှာ အခင်းအကျင်းမပါဘဲ မြေပြင်ပေါ်မှာ ဒီတိုင်းတင်ပျဉ်ခွေထိုင်၍ ဘာတွေ ရေးနေမှန်းမသိသော သမိုင်းက ဖြူညစ်ညစ် စွပ်ကျယ်ချိုင်းပြတ်လေးနှင့် ပေါင်ပေါ်





မှာ လက်တစ်ဝါးလောက်စာအုပ်လေးဖြန့်လျက် ရေးနေသည့်လက်က ခဏရပ်သွားလိုက်၊ ပြန်ရေးလိုက်၊ ပြီးတော့ ဘေးမှာလည်း ပေါက်ပြားနှင့် တောင်းတစ်လုံးရှိနေသည်။

မောင်မောင် လှည့်ကြည့်နေတာမြင်လိုက်သဖြင့် ဒေါ်မိမိညိုလိုက်ကြည့်တော့ သမိုင်း ကိုမြင်သည်။ ဒီမြေးကတော့ တိုက်ပေါ်မှာ ဆိုဖာနှင့် ဒူးနှန့်လို့ ..။ ဟိုမြေးကတော့ မာလီပုံပေါက်လျက် မြေကြီးပေါ်မှာ ပြားပြားပက်ပက်ကြီးထိုင်နေသည်။ ခြားနားသည့်သရုပ်တွေကို ချက်ချင်းပဲမြင်လိုက်၏။

ဒါပေမယ့် စိတ်မကောင်းဖြစ်ခြင်းမဟုတ်ဘဲ ဒေါ်လုံမေနှင့်လမ်းသစ်ဦးတို့မျက်နှာတွေပေါ်လာခြင်းကြောင့် ကရုဏာမဲ့စွာ မျက်နှာလွှဲခြင်းသို့ရောက်၏။ ဒေါသက ဟိုဒီကူးလူးကာ ပြောလက်စကားလည်း ပြတ်သွားမှာစိုးလျက် ...

''မြေး ဘာပြောလိုက်တယ်၊ အဘွား ဆီမှာ မြေးက ဆင်းရဲနေတယ် .. ဟုတ်လား''

မောင်မောင်က စကားမှားသွားပြီးမှ မျက်နှာပူသလို ခပ်ငုံ့ငုံ့နေ၏။

''အဘွား ဘယ်အခြေအနေဖြစ်နေနေ မြေးကို ကားထည်လဲ နိုင်းထားတယ်၊ မုန့်ဖိုး ချို့ငဲ့တယ်ဆိုတာမရှိဘူး၊ စိတ်ကြိုက်ဝတ်၊ ဆင်သလိုဝတ်၊ နောက်ဆုံး အဘွား ခေါင်းဖြူနေပေမယ့် မြေးကို ပူကြီးအမြင်နဲ့ ချုပ်ချယ်ပိတ်ပင်ခဲ့တာမျိုးတောင် မလုပ်ခဲ့ဘူး၊ မြေးက ဘာကိုဆင်းရဲတယ်ပြောတာလဲ''

''မဟုတ်ပါဘူး အဘွားရာ၊ ဟို .. ဘာဖြစ်ဖြစ်ပေါ့၊ ဟိုမှာက ဖေဖေ ရှာတာလေ၊ ပြီးတော့ ခွဲဝေစားမယ့်လူမရှိဘူး၊ အဘွားကတော့ စီးပွားရှာနေတဲ့သူမှမဟုတ်တာ၊ သားကို ဘယ်လောက်အလိုလိုက်လိုက် တစ်ဖက်မှာ တဖြည်းဖြည်းလုံးပါးပါးနေမှာပဲ''

''သြော် .. ဖြစ်ရလေ မြေးရယ်''



www.burmeseclassic.com

www.burmeseclassic.com



"သားက ဘွားကိုသနားလို့ပါ၊ ပြီးတော့ သမိုင်းကိုလဲ သနားတယ်"

"တော်ပြီ၊ မြေး သူ့ကို စကားထဲမထည့်နဲ့၊ ဘာလဲ .. ခုနကပြော တဲ့ ဟိုမှာခွဲဝေစားမယ့်လူမရှိဘူးဆိုတာ ဒီမှာတော့ သမိုင်း ရှိသေး တယ်လို့ပြောချင်တာလား"

မောင်မောင်က ငြိမ်နေ၏။

"ဟုတ်တယ်၊ သူရှိသေးတယ်၊ ဒါပေမယ့် သူ့လိုကလေးမျိုးန ယှဉ်ပြီး ငါ့မြေးနစ်နာအောင် အဘွား ဘယ်တော့မှမလုပ်ဘူး၊ မြေး တန်းတူအခွင့်အရေးဆိုတာ သူ့အတွက် ဘယ်တော့မှမရှိနိုင်ဘူး၊ မြေး ကို အဘွားတစ်ခုပြောပါရစေ၊ မြေးရဲ့အဖေ ဘာပြောပြော မြေးစိတ် ထဲမှာ အထင်ကြီးနားယောင်နေရင်တောင် အဘွားကိုမပြောဘဲ ဘာမှ မလုပ်ပါနဲ့၊ ဒီစာကို ဘွားကိုမပြရင်နေ၊ အဘွားကိုကျော်ပြီး မလွမ်းရ ဘူး၊ မြေးကို အဘွား ဘယ်လောက်ချစ်တယ်ဆိုတာ တစ်နေ့ကျရင် မြေးသိလာမှာပါ၊ လူငယ်ပီပီ လက်သားရာမှာ ပျော်ချင်တာပဲဆိုရင် တော့ မြေး တစ်နေ့နေ့ နောင်တရလိမ့်မယ်"

မောင်မောင်က ပင့်သက်ရှိုက်လျက် အဘွား မျက်နှာကို စိတ် မသက်သာစွာကြည့်နေ၏။

အဘွားကို သူချစ်ပါသည်။ ဒါပေမယ့် ...





## အခန်း (၁၆)

သွားနေရင်း မိုးကရွာလာသည်။ လွယ်အိတ်ထဲမှာပါသည့် ဆားကစ် ပြားတွေ ရေစိုမှာစိုးသဖြင့် ဂျာကင်ထဲထည့်၍ လက်ပိုက်ထားလိုက်သည်။

ညကိုးနာရီဆိုပေမယ့် ညနေကတည်းက မိုးအုံ့နေသည်မို့ ကား လမ်းမကြီးပေါ်မှာလဲ ကားတွေတောင်သိပ်မရှိတော့ပေ။ သမိုင်း ခြေလှမ်း ကို ပိုကျဲလိုက်သည်။ ဒီထက်ညဥ့်နက်လျှင် အိမ်အပြန်မှာ ပြဿနာရှိနိုင် တာကိုသိသောကြောင့် ပတ်သမ်းကျင်ကိုတောင်မေ့သွား၏။

"ဟာ ..."

"ဘာလဲကွ .."

တစ်စုံတစ်ယောက်နှင့် အင့်ခနဲပစ်တိုက်ကာ သူ့ကိုယ် တခေါင်း လည်ထွက်သွား၏။ ကြည့်လိုက်တော့ သူ့ရှေ့မှာသုံးယောက် ..။ အားလုံး က လေတိုက်ရင်လဲတော့မယ့် ပိန်ရှည်ရှည်၊ ညောင်နာမှာပုံစံများနှင့် မျက်နှာတွေက မထီတထီ ..။

"ဟိတ်ကောင် .. မင်းကန်းနေလား"

"ကန်းနေရင် မြင်သွားအောင် ရှင်းပေးလိုက် .."



www.burmeseclassic.com

www.burmeseclassic.com



အသံတွေထွက်လာပြီး သူ့ကို သုံးယောက်ဝိုင်းထားလိုက်၏။ မီးတိုင် နှစ်တိုင်းကြားနေရာမို့ အလင်းရောင်ကလည်း အားနည်းလွန်းနေသည်။ ဒါပေမယ့် သူပိုက်ထားသည့်ပစ္စည်းအိတ်ကိုတော့ သူတို့ကစိတ်ဝင်စား နေကြလျက် …

"မင်း ဘယ်က ပတ်ပြေးလာတာလဲ"

"ဘာ …"

"အဟွန်း … စကားတွေများများမပြောချင်ဘူး၊ မင်းအထုပ် ဒီကို ပစ်လိုက် …"

သမိုင်း က သူတို့သုံးယောက်ကို တစ်ယောက်စီလိုက်ကြည့်ပြီး မိုးစိုနေသည့်နဖူးပေါ်ကို ဆံပင်တွေနှင့် ရေသပ်ခါလိုက်၏။

"ဒီအိတ်ကိုစိတ်ဝင်စားနေရင် မင်းတို့မောရုံပဲရှိမယ်၊ ဘာမှမပါဘူး ရော့ …"

အိတ်ကို လက်လွှတ်စပယ် ပစ်ပေးလိုက်သဖြင့် မရမကတော မို့ ကြမ်းမယ် ရမ်းမယ်ပြင်ထားသည့် ရှေ့တည့်တည့်ကလူ အိတ်နဲ့ရော နောက်ကို ခြေနှစ်လှမ်းလောက်ပါသွား၏။

သမိုင်း က ဂျာကင်ရင်ကွဲနှစ်ဖက်ကိုသိမ်းဖယ်ပြီး ခါးထော လိုက်ကာ …

"ငါ့အတွက် အသုံးဝင်လို့ ဆားပစ်စင်တာတစ်ခုထဲကနေလိုက် ကောက်လာတာ၊ ဒါတွေကို မင်းတို့ အရုတ်အပြတ်ဈေးနဲ့ ပြန်ရောင်း ရမှာမဟုတ်ဘူး"

အိတ်ကို တစ်ဖက်နဲ့ကိုင်လိုက်ပြီး ထိုလက်က တွဲလောင်းကျသွား ၏။ ပြီးတော့ ထိုလူမျက်လုံးတွေက ညမှောင်ထဲမှာ ဝင်းဝင်းလက်လ ဖြစ်လာသည်။ သမိုင်း က ဂရုမစိုက်ပါ။

ဘဝမှာ အနာအဆာဗရပွနှင့် မျက်နှာငယ်စွာ ကြီးပြင်းခဲ့ရသ သူ့ရဲ့မျိုသိပ်အုံဖွဲ့မှုတွေ ဖိနှိပ်သည်းခံခြင်းတွေအားလုံးဟာ ဒီနေရာ





မှာ အကြောက်အလန့်ကင်းကင်းနှင့် အင်တိုက်အားတိုက် ခုန်ပေါက် ဖြိုးဆင်းလေသည်။

"ငါတောင် ကားခမရှိလို့ ဒီတိုင်းသွန်လာရတာ၊ မင်းတို့ အယူ လွဲတာကိုး …"

"ဟိတ်ကောင် … တိတ်စမ်း"

"အင်း … တိတ်လိုက်ပြီ၊ ကြည့်မှာ မြန်မြန်ကြည့်၊ မိုးသည်းလာ ရင် မကောင်းဘူး"

အိတ်ကိုညွှန်ပြပြီးပြောလိုက်သဖြင့် ကြည့်ပြီးရင် ပြန်ပေးဖို့ ဆို လိုက်မှန်း နားလည်ကာ အိတ်ကိုင်ထားသူက မထိတထိရယ်၏။

ထို့နောက် အိတ်ကိုဖွင့်လိုက်ပြီး မှောက်ချပစ်လိုက်ဖို့ လက် မြှောက်လိုက်လျှင် …

"ဟိတ်ကောင် …"

သမိုင်း ၏ခြေတစ်ဖက် ထိုမျက်နှာဆီ ဝိုက်တက်သွား၏။ ရန်သူ ကိုအထင်သေးစွာရှိနေသဖြင့် ဖောင်းခနဲ ထိခိုက်သံမြည်သွားသည်။ ထိုသူ ယိုင်ထွက်သွားကာ အိတ်က သမိုင်း ဆီပြန်ရောက်သွား၏။ နောက်ထပ် နှစ်ယောက်နှင့် သမိုင်း ရှုပ်ယှက်ခတ်သွားစဉ် ပလက်ဖောင်းနှင့်ကပ် လျက်မှာ ကားတစ်စီး သီမှုံခနဲထိုးရပ်သွားသည်။

"ဟော … ဟော … ရပ်လိုက်စမ်း"

ရှေ့ကားကရပ်ပြီး တားဆီးလိုက်သံကြားကာ နောက်ကကား တစ်စီးကလည်း ဆက်တိုက်ရပ်လာ၏။ ထိုအခါ သုံးယောက်က ထွက် ပြေးကြလျက် တစ်ယောက်ကျန်ခဲ့တာက သမိုင်း …။

"သမိုင်း …"

ကားတွေရောက်လာပြီး တားဆီးကြတာကိုသိသည်။ ဒါပေမယ့် မိန်းကလေးသံတစ်သံက ကိုယ့်နာမည်ကိုခေါ်လိုက်တော့ ပါးစောင်ထဲက စီးထွက်ကျလာသည့်သွေးကိုသုတ်နေရင်း ဖျတ်ခနဲ ပှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ခန်းထဲကနေ ဆံပင်ဖားလျားဖြန့်ချထားသည့် မျက်နှ
ဖြူဖြူလေးတစ်ခုက သူမြင်အောင် အပြင်ဘက်အထိ ယိမ်းထွက်လာ၏
သူမ က စောင်းလက်ခေဟ် ဖြစ်လေသည်။

''သမိုင်း ဘယ်သွားမလို့လဲ၊ မိုးတွေရွာနေတယ်လေ၊ ကားထဲကို
လာ ...''

သူ ကြည့်လိုက်တော့ ဒရိုင်ဘာရယ်၊ ဘေးမှာ မျက်မှန်တဝင်းဝင်း
နှင့် အသက်ငါးဆယ်လောက်လူကြီးတစ်ယောက်ရယ်၊ ထို့ပြင် ခေတ်
ဘေးမှာ အမျိုးသမီးတစ်ယောက် ပါလာသေးသည်။ မျက်လုံးတစ်ချက်
ပဲဝေ့ကာ သမိုင်း က ခေါင်းခါလိုက်၏။

''ရတယ်၊ ကျွန်တော် ...ဒီနားတင်ပဲ''

ကျွန်တော် ဆိုတာက ကားနောက်စီးထဲက လူကြီးတွေကိုပါ ရည်ရွယ်
ပြီးပြောလိုက်တာပါ။ ကျေးဇူးသက္ကာယတွေတင်ကြောင်း လိုက်လှဲ့
မပြောဖြစ်သည့်ပါးစပ်ကိုတော့ မပြောတတ်ရကောင်းလားလို့ မဆုံး
ဘဲထားခဲ့တာလည်းကြာပြီဖြစ်သည်။

ထို့ကြောင့် ပတ်ဝန်းကျင်ကိုမကြည့်တော့ဘဲ အိတ်ကိုဖွင့်ကြည့်
ကာ ထွက်ကျသွားသည်ထင်သော ပစ္စည်းတချို့ကို မိုးစက်တွေ
ပေါက်ဆင်းနေသည့်လမ်းပေါ်မှာ လေးဘက်တွားမတတ် ဖြူးပြဲရှာသည်

သူ့ကိုကြည့်ကာ နောက်ကကားအနီရဲရဲလေးက ခေတ် တို့ကား
ကွေ့ရှောင်၍အရင်ထွက်သွား၏။ ခေတ် ကတော့ သူ ဘာရှာတာလဲ
ဆိုတာကို စိတ်မဝင်စားသည့်တိုင် သူရှာနေတာကို မီးရောင်လေး
ပေးလိုက်ချင်သေးသည်။

''မောင်းတော့ ခင်လှိုင် ..''

နောက်ကားထွက်သွားတဲ့အထိ 'သွားမယ် မေမေ' လို့ အသံ
ထွက်မလာဟော့ ဒေါ်စိမ့်သူအသံက စိတ်မရှည်စွာထွက်လာ၏။ ပြ
တော့ သမိုင်း ဆိုသည့်ကောင်လေးဆီ စိတ်မဖြောင့်သလို လည်ပင်





လိမ်ကြည့်နေဆဲရှိသည့်သမီးဖြစ်သူကို ဘေးကနေငဲ့ကြည့်၍ ...

''အဲဒီကောင်လေးက ဘယ်လိုပုံစံလေးလဲ၊ သမီးမှာ ယောကျ်ား
လေးသူငယ်ချင်းရှိနေတာလား''

''မဟုတ်ပါဘူး မေမေ၊ သူ့နာမည်က နေသမိုင်း ..''

ကားထဲကမီးရောင်မှာ မေခေ့မျက်နှာက စိတ်မဝင်စားသလို ခပ်မှုန်
မှုန်ဖြစ်နေခဲ့သည်။

''ကောင်လေးက ကိုယ်ခံပညာနည်းနည်းပါးပါးတော့ တတ်ထား
ပုံရပါတယ်၊ ဒါပေမယ့် ဟိုကသုံးယောက်ဆိုတော့ ပြောလို့တော့မရဘူး''

ရှေ့ခန်းက ဖေဖေ့အသံထွက်လာမှ ခေတ် မျက်နှာလေးကြည်
သွားကာ ရှေ့ကိုလှမ်းကြည့်၍ ...

''သူကထူးဆန်းတယ် ဖေဖေရဲ့၊ ကျောင်းမှာ အပေါင်းအသင်း
တစ်ယောက်မှမရှိဘူး၊ ပြုံးတာရယ်တာလဲမတွေ့ဖူးဘူး၊ ဆက်ဆံရေး
ညံ့ပေမယ့် သူများကိုလဲ ဒုက္ခမပေးတဲ့သူပါ''

''အပေါင်းအသင်းမရှိဘူးဆိုကတည်းက တစ်ရွာလုံးနဲ့တစ်ယောက်
သမား၊ ဒီလိုလူမှာ သည်းခံစိတ်နည်းမယ်၊ ခက်ထန်မယ်''

ဒီစကားကို ဒေါ်စိမ့်သူက ဝင်ပြောတာဖြစ်သည်။

''အဲဒီလိုစိတ်ဓာတ်မျိုးဟာ တစ်ကိုယ်ကောင်းဆန်ကြတာပဲ၊
ယောကျ်ားလေး.. အပျော်အပါးကင်းတယ်၊ မရှုပ်မပွေဘူးဆိုရင် လူတိုင်း
အထင်ကြီးကြတယ်၊ တကယ်ဆို အဲဒီလိုလူမျိုးတွေကမှ ရှုံ့ဖို့ကောင်းတာ၊
ပြစရာမရှိတဲ့ပြစ်ချက်တွေအစုံ သူတို့မှာရှိတယ်၊ အောက်တန်းကျတယ်''

''ဟော့ .. စိမ့် ..`သူများသားသမီးကို မသိဘဲနဲ့လက်လွတ်စပယ်
မပြောနဲ့လေကွာ''

''သူများသားသမီးပေမယ့် ကိုယ့်သားသမီးနဲ့ပတ်သက်လာရင်
မဆိုင်သလိုနေလို့မရဘူး''

''ပြောတာလဲပြောပေါ့၊ ဘာစကားဖြစ်ဖြစ် အကုန်မပြောသင့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ လောကမှာ မရှိနိုင်တဲ့အရာဆိုတာ တို့ဘုရားရှင်ပဲရှိတယ်၊ ပုထုဇဉ် တိုင်း ပုထုဇဉ်စိတ်ပဲရှိမှာပေါ့၊ လူတစ်ယောက်စီရဲ့စိတ်တွေ မတူကြတာ မပြောနဲ့၊ ကိုယ့်စိတ်နဲ့ကိုယ်တောင် အမြဲတမ်း ထပ်တူညီနေတာရှိလို့လား"

"ကောင်းပါတယ်၊ ကို တို့အမေနဲ့တွေကတော့ အဲဒီလို အမြဲတမ်း အေးချမ်းနေတာပဲ၊ ရန်ဖြစ်နေတာကိုမြင်ပြီး သမီးက ကားရပ်ပေးပါ၊ ဝင်တားပေးပါပြောတာနဲ့ ချက်ချင်းရပ်ပစ်တယ်၊ မဆင်မခြင် လှမ်းအော် လိုက်သေးတယ်"

"မတားရင် တစ်ယောက်က ခံသွားရမှာပဲ၊ သမီးက သူ့အသိပါ ဆိုတော့ ဒီတစ်ယောက်က လူကောင်းသူကောင်းလေးဆိုတာ သေချာ နေပြီလေ"

"တော်သေးတယ်လေ၊ နောက်ကားကလဲ ဝင်ရပ်လိုက်တော့ ဟို သုံးယောက်လန့်ပြီးထွက်ပြေးလို့၊ ဒီလိုသာမဟုတ်ရင် လမ်းသရဲ သုံး ယောက်နဲ့ ကိုနဲ့ခင်လှိုင် ကားပေါ်တောင်ပြန်ရောက်မှာမဟုတ်ဘူး"

"တော်ပါတော့ မေမေရယ်၊ ပြီးလဲပြီးပြီဥစ္စာ၊ ဟိုလေ .. သမိုင်း ကတော့ မေမေပြောသလိုလူမဟုတ်လောက်ပါဘူး၊ အဲဒါ ခတ် တို့ တစ်ကျောင်းလုံးသိတယ် မေမေ၊ သူ ခုလိုပြန်ပြီးထိုးကြိတ်နေတာတောင် ခတ် အံ့ဩနေတာ၊ အရမ်းကိုသည်းခံတဲ့လူပါ"

ဒေါ်စိမ့်သူက သမီးမျက်လုံးထဲမှာ ဒီလူငယ်ကို အကောင်းမမြင်စေ ရေး အဓိကနှင့် ...

"အဲဒါမျိုးတွေပဲလေ၊ သွေးအေးလူသတ်သမားဖြစ်ကုန်တာ" တဲ့

ဦးအောင်မြင် မျက်လုံးတွေ မှန်ထဲကနေ ဒေါ်စိမ့်သူဆီရောက်လာသည်၊ လင်မယား မျက်လုံးချင်းဆုံလိုက်တော့ သူ့ပဲ မျက်နှာလွှဲလိုက်ရကာ...

"အဟမ်း .. ဟမ်း ..."





## အခန်း (၁၇)

"ဖြည်းဖြည်းသွားပါဟယ်၊ ဒီလမ်းထဲမှာ ကားတွေခြေချစရာမရှိ အောင် ကျပ်သိပ်နေတာ၊ လမ်းမပေါ်မှာ ဘာမှမဖြစ်ဘဲ ဒီအကြိုအကြား မှာ ကားတိုက်လို့သေဦးမယ်"

"အေးလေ ... သူ့ကိုခေါ်လိုက်ရတာ ငါတို့ကတော့ အာပေါက် မတတ် ဒီနားရွက်မှ ချက်ချင်းကြီးရောဂါထသည်းတယ်"

"နေပါလေ့စေ၊ ငါတို့ ရုပ်ရှင်မဓိလို့ကတော့ သင်းကို ဆိုင်ကောင်း ကောင်းတစ်ဆိုင်ခေါ်သွားပြီး သေချာနှိပ်စက်ပစ်မယ်"

နောက်ကနှစ်ယောက် ဘာတွေဖြစ်ကျန်မှန်းမသိတော့ဘဲ ခတ်က ရပ်နေ၊ သွားနေသည့်ကားတွေကြားထဲမှာ ဘောက်ဆတ်ဆတ် လျှောက် သွားနေတာ သူ့အနေနဲ့သူ ..။

"တွေ့လား .."

တိုက်ခန်းရှေ့ရောက်တော့ ဝတ်လွှာက လက်ပိုက်ရပ်လိုက်ပြီး ရွှဲသည့်အသံနှင့်မေး၏။ ခတ် က ဟိုတစ်ခါ စာရွက်ခေါက်ညှပ်ထား သည့်နေရာလေးမှာ ဟိုဒီလိုက်ကြည့်၍ ဘာမှပြန်မပြောနိုင်။ စုမြတ် ကတော့ မနေနိုင်တဲ့သူမို့ ဝတ်လွှာ လို လက်ပိုက်ရပ်မနေခဲ့ရာ ..

"ဒီမှာ မယ်မင်းကြီးမ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဟုတ်လား .. ငါ့စာရွက်လားဟင် .."

ခတ် မျက်နှာလေး ညိုရာကနေ ဝင်းထိန်သွား၏။ စုမြတ် က စာရွက်ခေါက်လေးအတိုင်း လှမ်းပေးကာ ...

"မသိဘူးလေ၊ ရှာကြည့်တော့ စာရွက်ခေါက်ဆိုလို့ ဒါပဲရှိတာ"

"ကြည့်လုပ်ပါဦးဟယ် ..၊ သူများဝါးဖတ်ဖွေဘာတွေ ထည့်ထားတဲ့စာရွက်ခေါက်ဖြစ်နေပါဦးမယ်"

ဝတ်လှာ က တကယ်စိုးရိမ်လို့ ရှုံ့မဲ့ပြောတာဖြစ်သည်။ ဒါပေမယ့် ...

"ဟယ် .. ဟုတ်တယ်၊ သူ .. သူ တကယ်ဆွဲထားတာ .."

"ဟင် .. တကယ် .."

ခပ်လှမ်းလှမ်းမှာ လက်ပိုက်ရပ်နေသည့် ဝတ်လှာ ခေါင်းထောင်ကြည့်၏။ ပြီးတော့ ချက်ချင်းအနားရောက်လာကာ ...

"ဟုတ်တယ် .. ကြည့်စမ်း၊ ငါ တကယ်ကိုမထင်တာ၊ သူက ဒါလေးပျောက်မှာစိုးလို့ နေရာတောင်ပြောင်းထားခဲ့သေးတယ်နော်၊ နင်တို့တိုက်ဆိုင်ပုံက အံ့ဩစရာပဲ"

အံ့ဩယုံကြည်ပါတယ်ဆိုတော့လည်း ဝတ်လှာ မှာပြောလို့ မပြီးနိုင်။ စုမြတ် ကလည်းခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ ရန်ကုန်မြို့ကြီးမှာ တစ်ခါတိုက်ဆိုင်တယ်ထား နှစ်ခါဖြစ်လာတာ အံ့ဩစရာပဲလေ၊ ဒါပါနဲ့ဆို ဒီပုံလေး လက်ကူးတာ သုံးခါရှိသွားပြီ၊ ဘယ်လိုအနေအထားက အဖျက်အဆီးမှမဖြစ်ဘဲ နင်တို့ လက်ထဲကိုပဲ တည့်မတ်စွာရောက်နေတာ၊ ဘယ်လောက်ထူးဆန်းလဲ"

ခတ် ကတော့ ရင်တွေတဒိန်းဒိန်းခုန်လျက် ခေါက်ရာများနှင့် နွမ်းနေပြီဖြစ်သည့်စာရွက်လေးကို တိတ်ဆိတ်စွာ ငေးမောနေဆဲဖြစ်၏။

"နင် ဟိုတစ်ခါ ဘာလုပ်ပစ်ခဲ့တာလဲ၊ သူက ဘာထပ်ဆွဲလိုက်တာလဲ"





ခုမှမေးဖို့သတိရကာ နှစ်ယောက်သား အလုအယက်မေးကြ၏။ ခတ် က ကြည်နူးနှစ်သက်သည့်နှုတ်ခမ်းသားလေးတွေမှာ နှစ်လိုဖွယ် ပြုံးလျက် ...

"သူက ငါ့လက်ထဲကို တံချူထည့်ပေးခဲ့တာ နင်တို့သိတယ်နော်"

"အင်း ... ဒီတောင်မလေးလက်ထဲကိုပါ"

ခတ် က 'ငါ့လက်ထဲ' လို့ပြောလိုက်သဖြင့် ဝတ်လှာ က မျက်စောင်းတစ်ချက်နှင့် မဲ့ပစ်လိုက်ပြီး အမှားပြင်ဆင်ခြင်း လုပ်ပြသည်။ ခတ် က အသံလေးထွက်အောင်ရယ်ရင်း ...

"ဟုတ်ပါတယ်၊ ဒါငါ့ဆွဲထားတာဆိုတော့ ငါပဲထားလိုက်ပါ"

"မိန်းမနော်၊ ပုံဆွဲတဲ့သူက မိန်းကလေးဖြစ်နေမှ မောဦးမယ်"

"လုံးဝမဖြစ်နိုင်ဘူး၊ မိန်းကလေးတစ်ယောက်ရဲ့လိုအင်ဆန္ဒဆိုကို ယောက်ျားလေးတွေကပဲ ဖြည့်ဆည်းပေးတတ်တာ၊ ဒီမိန်းကလေး ယန်းပင်ကိုမော့ကြည့်နေတာမြင်ပြီး ယန်းကိုယူပေးချင်တဲ့ဆန္ဒဖြစ်လာတာ ရှစ်ဆယ်ရာခိုင်နှုန်းက ယောက်ျားလေးပဲ"

"သေချာနေလိုက်တာ..ဟွန်း.. နှစ်ဆယ်ရာခိုင်နှုန်းကျန်သေးတယ်"

"အဲဒါက စိတ်ချင်းဆက်သွယ်ချက်ပဲ၊ သူ မိန်းကလေးမဟုတ်ဘူးဆိုတာ ငါသေချာသိတယ်"

"ကဲပါဟယ် .. အဲဒါထားလိုက်စမ်းပါ၊ နင် ဘာဆွဲလိုက်လို့ အခု ဘာပြန်ဆွဲခဲ့သလဲပဲပြောစမ်းပါ"

စုမြတ် က သိချင်တာကိုပဲ ဖွတ်မေးနေသည်။

"အပင်အောက်မှာ ရှုံ့ဖွက်တွေချည်းပဲလေ၊ တံချူနဲ့လှမ်းချူလို့ ယန်းက အလွယ်တကူလက်ထဲရောက်ပါ့မလား"

"အဲဒီတော့ ..."

"သူက တံချူပေးလို့ ချူလိုက်တယ်လေ၊ ဒါပေမယ့် တံချူနဲ့ ပါမလာဘဲ ဖွက်ထဲပဲကျသွားတယ်လို့ ငါက ပုံဖော်လိုက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. အဲဒီအိုင်ဒီယာမဆိုးဘူး .. ဆက်ပြော .."

"အခု သူက ဒီမှာလေ .. တံချူထိပ်နားမှာ ခြင်းလေးထည့်ပေးခဲ့တယ်"

"အယ် .. ဟုတ်တယ်နော်"

"ဆွဲထားတာ သေသေသပ်သပ်လေးပဲဟ၊ တစ်ယောက်တစ်မျိုးစီ ဖြည့်ဆွဲနေကြပြီး တစ်ချက်မှ ဖျက်ရာပြင်ရာမရှိဘဲ အဓိပ္ပာယ်လေးတွေပြည့်စုံသွားတယ်နော်"

"နှင့်ရဲ့ဖလိုးက အများကြီးအဓိပ္ပာယ်ရှိသွားပြီ ခတ်၊ ငါတို့တောင်စိတ်ဝင်စားလာပြီ"

"အေး .. ဒီတစ်ခါတော့ နှင် တစ်ခုခုဆွဲလိုက်တာကို ငါတို့ကိုအရင်ပြ .."

"ဘာလို့ပြရမှာလဲ"

"ကြည့်စမ်း .. ငါတို့က 'ကူညီပါရစေ' လို့ နဖူးမှာ ဆိုင်းဘုတ်တပ်မထားပေမယ့် လိုအပ်ရင် အဆင်သင့်ပြင်ထားကြဖို့ဟာ ..."

ဝတ်လွှာ စိတ်ဝင်တစားဖြစ်နေတာကို ခတ် က သဘောတွေကျနေလျက် ...

"ဒါကတော့ သူနဲ့ ငါ့ရဲ့နှလုံးသားက ဆော့ဖ်ဝဲပဲ၊ ဘေးလူသိဖို့မှမလိုသေးတာ .."

စုမြတ်နဲ့ဝတ်လွှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်းငြိမ်ကျသွား၏။ ပြီးမှ ဝတ်လွှာ က ...

"ကဲ .. ထားပါတော့၊ အခု တံချူထိပ်မှာ ခြင်းတပ်ထားတော့ ပန်းခူးဖို့အဆင်ပြေသွားပြီ၊ နှင် ဘာထပ်လုပ်မှာလဲ"

"ဒီထိ ခရီးဆက်လာပြီးမှ အခု ထားခဲ့လိုက်လို့ ဒါလေးပျောက်ပျက်သွားရင် နှမြောစရာ၊ Checkting ထိုင်တာ၊ message ပို့တာတွေ ဘာတွေကမှ မျှော်လင့်ချက်ရှိသေးတယ်"





"နောက်ပြီးတော့ နှင် အခု ရုပ်ရှင်သွားမလို့ ဒီနားရောက်လာရင်း သတိတရပြေးဝင်ကြည့်တာ၊ သူက နှင့်လောက် ဒါကို စိတ်ဝင်တစားဖြစ်ချင်မှဖြစ်မှာ .."

နှစ်ယောက်စလုံး အမျိုးမျိုးဝေဖန်ပြောကြပြီးမှ ခတ် က စာရွက်လေးကိုမခေါက်ဘဲ ဒီတိုင်းကိုင်ထားလျက်နှင့် ...

"ငါတော့ နင်တို့ပူသလိုမပူဘူး၊ သူနဲ့ငါ တစ်နေ့နေ့ဆုံဖြစ်ကြမှာပါ"

"ဟင် .. ဘာလုပ်တာလဲ၊ ရုပ်ရှင်ပြတော့မှာလေ .."

"အေးလေ .. အပြန်ကျမှ လုပ်ပါဟယ်၊ နှစ်နာရီ သုံးနာရီလောက်နဲ့ ဘာမှမဖြစ်နိုင်ပါဘူး"

ခတ် က တံခါးကိုကျောပေးထိုင်လိုက်ပြီး စာအုပ်တစ်အုပ် ထုတ်လိုက်တော့ စုမြတ်တို့ ပျာပျာသလဲတားကြ၏။ ခတ် က ခေါင်းပဲခါပြကာ စာအုပ်ပေါ်မှာ စာရွက်လေးကိုဖြန့်ခင်းလိုက်၏။

သူမ ရင်ထဲမှာ အတိုင်းအဆမရှိကြည်နူးခြင်းများနှင့် ရတ်တရက်ဘာမှရေးလို့မရ။ သူရော .. ဒီတိုင်း ခံစားနေရမည်လား ..၊ ကိုယ့်လိုပဲ တစ်ထပ်တည်းရှိပါစေ ..။

ဘယ်လိုသက်သေပြချက်မှမရှိဘဲ ရင်ခုန်သံချင်း ထပ်တူညီဖို့ကြိုးစားချင်မိသည့် သူမ ကပဲ တစ်ယောက်တည်း ရူးသွပ်မိသူလား။

မည်သို့ရှိနေပါစေ .. ဒါဟာ သူမ အတွက် အမှတ်တရမဲ့ ဘယ်လိုမဖြစ်နိုင်တော့ရာ ... ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ညှော်ခန်းကျယ်ကြီးထဲကိုဝင်လိုက်သည်နှင့် ကျောပေးရပ်နေသည့် အဘွားရဲ့ကိုယ်လုံးခပ်ဖိုင့်ဖိုင့်ဟာ လိုတာထက်ပို၍ တောင့်မတ်နေသည် ထင်မိ၏။ သူ့ ရှေ့ကိုလှမ်းလာစဉ်မှာပဲ လက်တစ်ဖက်က ခါးပေါ် ဆတ် ခနဲထောက်ပစ်လိုက်ပြန်သည်။

"လူလေး .. မင်းကို မမကြီးခေါ်နေတယ်" လို့ပြောသည့် ကြီးလုံ လည်း မျက်နှာမကောင်းပေ။ ထို့ပြင် 'မမကြီး ဘာပြောပြော လူလေး ခေါ်သမဖက်နဲ့နော်၊ မရိုင်းစိုင်းရဘူး' ဟု နောက်ထပ်မှာလိုက်သေးသည်။

သူ့ အပြင်ကပြန်လာသည်နှင့် လွယ်အိတ်ချခဲ့ပြီး ဒီကိုတန်းလာ ခဲ့တာဖြစ်သည်။ ဘာမှန်းမသိခဲ့ပေမယ့် ကြီးလုံ မျက်နှာမကောင်းတာ တွေရော၊ မြင်လိုက်ရသည့်အနေအထားနှစ်ခုပေါင်းစပ်ကာ သူ့အတွက် ရာသီဥတုမကောင်းနိုင်တာကိုတော့ နားလည်လိုက်၏။

ဘာပဲဖြစ်ဖြစ် သူ့ခြေလှမ်းတွေကို ရပ်ပစ်လိုက်ဖို့ စိတ်မကူးခဲ့ပါ၊

"အဘွား .. ကျွန်တော့်ကိုခေါ်တယ်ဆို .."

ဒေါ်မိမိညို မျက်နှာတစောင်းလှည့်မလိုဖြစ်ကာ ရှေ့ကိုပဲ ပြ လှည့်သွားပြီး ...





"မင်း ဒီနားရောက်အောင်လာခဲ့ .."

သမိုင်း ခြေလှမ်းတုံ့ခနဲဖြစ်သွားပြီးမှ နောက်ထပ် သုံးလှမ်းထပ် လိုက်၏။ ဒေါ်မိမိညို၏ကျောနောက်မှာ နီးကပ်စွာ ရပ်လိုက်ပြီး ...

"ကျွန်တော် ရောက်ပါပြီ"

ဒေါ်မိမိညို ဖျတ်ခနဲ လှည့်လာသည်။ ပြီးတော့ သမိုင်း မျက်နှာ မီးထွက်မတတ် ရူးရူးရဲရဲ စိုက်ကြည့်လျက် ...

"မြူစိစိနဲ့ အကြံကြီးကြံတဲ့အမျိုးယုတ်တွေ ..."

တစ်ခွန်းချင်းပြောလိုက်ပြီး လက်ကို အရှိန်ပါအောင် တအား မြှောက်၏။ မြားပစ်ကျင့်တဲ့လူလို လေးတင်တာ၊ လေးညို့ကိုဆွဲတာ းလုံးက အေးဆေးစွာ လှုပ်ရှားသွားခဲ့တာဖြစ်သည်။

ကိုယ့်မှာ ဘာအပြစ်ရှိလို့ဆိုတာမသိ၊ လျှပ်တစ်ပြက်မို့ အငိုက်မိ က်တာလည်းမဟုတ်ဘဲ ရိုက်တော့မှာကိုသိလိုက်သည်နှင့် သမိုင်း က်နှစ်ဖက်စုံချကာ မျက်လွှာချထားလိုက်သည်။

နားထဲမှာ ဖောင်းခနဲ မြည်သွား၏။ မီးစနဲ့ထိုးလိုက်သလို ပြာမိုက် ှင်းသွားပြီး သတိနဲ့တောင့်ခံနေလိုက်တာတောင် ဘေးကို စိုက်ခနဲ ည်ထွက်သွားခဲ့သည်။

"မင်းက ဘာလဲ၊ ဘာမို့လို့လဲ၊ ဒီအိမ်၊ ဒီခြံက မင်းနဲ့ ဘာပတ် က်စရာအကြောင်းရှိလို့လဲ"

သမိုင်း မျက်နှာ ကြေကွဲသည့်မျက်ဝန်းများနှင့် ပြန်လှည့်လာကာ...

"ခြံကိစ္စနဲ့ကျွန်တော် ဘာမှပတ်သက်အောင်မနေခဲ့ပါဘူး၊ ကျွန်တော့် ဘာအပြစ်ရှိလို့လဲ 'အဘွား ..'"

"ဘာအပြစ်ရှိလို့လဲ .. ဟုတ်လား၊ ဒီစာ ဘယ်သူရေးတာလဲ၊ လောက်ယုတ်မာခဲ့တာ ဘယ်သူလဲ"

လုံးကြေနေသည့်စာရွက်လုံးလေး သူ့ရင်ဘတ်ကို ပစ်မှန်၏။ ပြီး ာ ကြမ်းပေါ်ကိုခုန်ဆင်းသွားသည်။ သမိုင်း ကြောင်ငေးငေး လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေပြီးမှ ပြန်ကောက်၍ ဖြန့်ကြည့်လိုက်သည်။

''ဦးတိုင်းမောင်

ခြံတစ်ဝက်အရောင်းအဝယ်ကိစ္စကို ဒီမှာတင်ရပ် လိုက်ပါ၊ ကျွန်တော်က ညီမသစ္စာရဲ့ မိသားစုဝင်တစ်ယောက်ဖြစ်တဲ့အတွက် ဒီကိစ္စ ဆက်လုပ်ရင် ဦးတိုင်းမောင်တို့ ပြဿနာအကြီးအကျယ် တက်မှာပဲ ..

မပြောမရှိပါနဲ့ ...

သက်ဆိုင်သူ ....

စာဆုံးသွားမှ သူ နားလည်သည်။ မနက်ကမှ ဒီစာကို မောင်မောင်က လှူကြုံပါးတာဖြစ်၏။ သူ အိမ်ကထွက်လာတော့ ခြံဝမှာ မောင်မောင်က ရပ်စောင့်နေကာ ..

''မင်းအပြင်သွားမှာမို့လား၊ ဒီစာ ယူသွားပေးလိုက်စမ်းပါ၊ ငါ မသွားချင်လို့ ..''

စာအိတ်နဲ့ သေချာပိတ်ထားသဖြင့် သူ စိတ်ဆင်းသွား၏။ ဒါပေမယ့် မောင်မောင့်မျက်နှာမှာ မြင်နေကျလို ရယ်မြူးရိပ်တစ်စုံတစ်ရာမရှိဘဲ ပြုံကျတော့မလို အုံ့မှိုင်းလျက် ...

''ဘာလဲ .. မင်းမသွားချင်လို့လား၊ မသွားချင်ရင် အဘွားကိုပဲ သွားပြန်ပေးလိုက်တော့၊ ငါက စိတ်မပါတဲ့လမ်းကို တစ်ထွာတစ်သို မှ သွားချင်တာမဟုတ်ဘူး''

''ငါက ဘယ်သူ့ကိုသွားပေးရမှာလဲ၊ အဘွား ခိုင်းတာလား''

''ဟုတ်တယ်၊ မင်းကို ငါ လိပ်စာပြောလိုက်မယ်၊ တိုက်ရှေ့က စာတိုက်ပုံးထဲထည့်ပြီး ဘဲလ်နှိပ်ခဲ့ကွာ''

သမိုင်း ဒီယိ မယုံကြည်ခဲ့သေးပါ။ ဟိုတစ်ခါ ဆရာမကို ဖုန်းဆက် သွားပေးခိုင်းသည့်အဖြစ်က ခုထိ ရင်မှာရှိနေဆဲ ..။ ကျော်ဘုန်းတို့ ကိုယ့်ကိုပတ်ရှာနေကြတုန်း တည့်တည့်တိုးအောင် လမ်းကြောင်းတည့်ပေး လိုက်တာ မောင်မောင် ..။





ခုလည်း စာပေးခိုင်းပြန်ပြီ။ အပြတ်အသတ်ခေါင်းမခါနိုင်တာက တစ်လောမှာ မောင်မောင့်အဖေထံမှ ဆက်သွယ်ချက်တွေ ရောက်လာသဖြင့် အဘွားနဲ့မောင်မောင် သိပ်အဆင်မပြေကြဟု ကြီးလုံ့က ပြောသွား၏။

''လူငယ်ဆိုတော့လဲ နိုင်ငံခြားသွားရမယ်၊ ဟိုမှာ ဖအေရှိနေတယ် ဆိုတော့ သွားချင်မှာပေါ့၊ ကိုယ့်ဘက်ကကိုယ်တော့ မှန်နေတာပဲ''တဲ့။

ထို့ကြောင့် ဒါ တကယ် အဘွား ခိုင်းတာဖြစ်နိုင်သလို အဘွား ပေါ်မှာ မကြည်လင်သည့်စိတ်နှင့် မောင်မောင်က စွမ်းဆောင်မပေး ချင်တာလည်းဖြစ်နိုင်နေသည်။ သူ အကြာကြီးကြည့်နေသဖြင့် မောင်မောင် က စိတ်မရှည်သလိုကြည့်ကာ ...

''မင်းမသွားချင်ရင် ဦးသိမ်းကို တစ်ဆင့်ပြန်ခိုင်းလိုက်ကွာ၊ ဘာမှ ထိုမလုပ်နိုင်ရင်လဲ အဲဒီမှာ လွှင့်ပစ်ခဲ့တော့၊ ငါကတော့ လုံးဝမသွားဘူး၊ သေချာတယ်''

အလွန်အမင်း နာကြည်းသည့်မဲ့ပြုံးနှင့် မောင်မောင် အထဲပြန် ဝင်သွားတော့ သမိုင်း က တားဆီး၍ ...

''ဒါက စာလား၊ အရေးကြီးတဲ့ ပစ္စည်းတစ်ခုခုလား၊ အား နီးဆက်ရင်ရရဲ့သားနဲ့ ..''

''အဲဒါမသိဘူး၊ မင်းစိတ်ဝင်စားရင်သွားမေး ..

နောက်ဆုံးပြောပြီး မျက်နှာလွှဲခဲပစ်ထွက်သွား တာ သူနဲ့လုံးဝမသက်ဆိုင်ဘဲ အဘွား အတွက် တာကိုလည်း စိတ်မဝင်စားသည့်ဥပေက္ခာ ဆောင်သွား၏။

ထိုဥပေက္ခာကြောင့် ဒါဟာ ယုံကြည်ခဲ့ခြင်းဖြစ်၏။ မောင် သေချာသွားပေးပေးခဲ့၏

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်သိမှာလဲ ..။

တကို ခေါက်တုံ့ခေါက်ပြန်ဖတ်ပြီးမော့ကြည့်လိုက်တော့ အဘွား မျက်လုံးတွေက သူ့မျက်နှာထက်မှာ ရှူးရှူးစိုက်စိုက်ကြီးဖြစ်လျက် ..

''ငါက ဘယ်လိုပဲ ခွဲခြားထားထား သွေးသားတော်စပ်နေတာပဲ ဆိုပြီး မင်းက ငါ့ပစ္စည်းတွေကို မျှော်လင့်နေတယ်ပေါ့''

''မဟုတ်ဘူး အဘွား၊ ဒါ ကျွန်တော်မသိဘူး၊ မနက်က ...''

''မင်းအကြောင်းပြချက်တွေရှာနေတာ မင်းမျက်လုံးထဲမှာ ငါ မြင်ပြီးပြီ၊ အေး .. မေ့တတ်လို့ဆိုရင် ထပ်မှတ်သွားလိုက်၊ မင်းရဲ့ကြီးလုံ ပို့ချသမျှသင်ခန်းစာတွေနဲ့ ညီသစ္စာမှာ လက်တည့်လာမစမ်းနဲ့၊ နောက်ဖေး မှာ နေခွင့်ရနေတာလေးပါ ဆုံးရှုံးသွားမယ်''

သမိုင်း မျက်နှာ ဆတ်ခနဲ ငုံ့ကျသွား၏။ ထိုစကားလုံးများသည် သူ့တစ်သက်တာအတွက် နေ့စွဲတိုင်းမှာ မပြောင်းမလဲပါနေခဲ့သည့် ခေါင်းစဉ်များပဲဖြစ်၏။

''မင်းကို ငါ့သမီးမွေးထားတာပါလား ဆိုတဲ့အသိလေးတစ်ခုနဲ့ ဒီခြံထဲမှာ လက်ခံထားတာ၊ မင်းအဖေကို ငါ့သမီးကိုယ်တိုင် မလိုလား မနှစ်သက်ခဲ့တာရယ်၊ ဒီသွေးကို မွေးဖွားလိုက်လို့ ငါ့သမီးကို ငါ ဆုံးရှုံး ခဲ့ရတာရယ်၊ ဒီအမုန်းတွေ၊ မကျေနပ်ချက်တွေအားလုံးက မင်းပဲ၊ မင်း ကိုဘယ်တော့မှ ငါ့မြေးလို့သတ်မှတ်ကြင်နာလို့မရနိုင်တာ ငါ့မှာ ခိုင်လုံ ပြီးသား၊ အဲဒီတော့ ကိုယ့်နေရာကိုယ်သိရင် ဒါနောက်ဆုံးဖြစ်ပါစေ.. သွားတော့ ..''

အကြင်နာလက်တစ်ကမ်းပေမယ့် ..

အသဒ္ဓေသက်တမ်းနဲ့တွက်ရင် ၅၂၈ ဆိုတာအဝေးကြီးမှာ ...



## အခန်း (၁၉)

စာမေးပွဲကတော့ ပြီးသွားပါပြီ။ ရင်ထဲမှာ ဘယ်တော့မှမပြီးနိုင် သည့်ဘဝစာမေးပွဲအတွက်ကတော့ သူ့အတွက် ရုန်းကန်လှုပ်ရှားရင်း ခက်ခဲပြီးရင်းခက်ခဲနေခဲ့၏။

စာမေးပွဲအပတ်တိုင်းမှာ သူ စိတ်ပါခဲ့တယ်ဆိုတာမရှိပေ။ ဒါပေ မယ့် နှစ်တွေတစ်နှစ်ပြီးတစ်နှစ် အောင်မြင်လာခဲ့သည်။ ခုလည်း အောင်မြင်စွာဖြေဆိုနိုင်ခဲ့သည်။ သို့သော် ...

''စာမေးပွဲလည်းရှိတယ်မို့လား သားရယ်၊ အဲဒါတွေကို မေ့ထား လိုက်ပါ၊ တကယ်တော့ မမကြီးက သားကိုမုန်းနေတာမဟုတ်ဘူး၊ မင်းအဖေနဲ့ကြီးလုံကို မုန်းတာပါ၊ ချစ်လို့နိုးပြေးကြဝယ်ဆိုရင်တောင် သူ လက်ခံဦးမှာလေ၊ ခုတော့ ရီလေးက သေတဲ့အထိ မင်းအဖေကို မချစ်ခဲ့ဘူး၊ သူ့ရင်သွေးလေးကိုပါ လက်မခံနိုင်တဲ့အထိဖြစ်သွားတာလား၊ ဒါမှမဟုတ် အမုန်းနဲ့မသက်ဆိုင်ဘဲ မိခင်စိတ်ဓာတ်သက်သက်နဲ့ ချစ်သွား ခဲ့သလား .. ဒါကို ဘယ်သူမှ သိခွင့်မရလိုက်ဘူး၊ မွေးဖွားနေတုန်း မမကြီးတို့ရောက်လာကြတော့ ကြီးလုံလဲ လန့်ဖျပ်ဗျာများသွားတာပေါ့''

''ရီလေးရဲ့ နောက်ဆုံးထွက်သက်ကို ဘယ်သူမှမမိလိုက်ပါဘူး။ ဖြစ်သွားမယ်လို့လဲ မထင်ကြဘူးလေ၊ အဲဒီမှာ အကြည်းစရာတွေဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ သူ့သမီးကို မင်းအဖေ အတင်းအဓမ္မခိုးယူပေါင်းသင်းမှန်းသိလို့ ပြေးလွှားလိုက်လာတဲ့အချိန်မှာ မင်းကိုမွေးပြီးဆုံးသွားတဲ့ သမီးကို စကား ပြောခွင့်တောင် မရခဲ့လိုက်ဘူး၊ အဲဒီမှာပဲ သူ့သမီးကိုယ်တိုင် မကြည်ဖြူ မွေးဖွားခဲ့ရတယ်ဆိုတဲ့ ပုဒ်မတပ်ပစ်လိုက်တာ၊ ဖအေက အဓမ္မပေါင်း သင်းတယ်၊ ဒီကိုယ်ဝန်ကို စိတ်ဆင်းရဲစွာလွယ်ပြီး အသက်ပေးခဲ့ရတယ် ဆိုပြီးတော့ ...''

အကွေးထဲမှာနစ်မျောနေရင်း ခြေလှမ်းတွေက ရပ်ပစ်တော့မလို့အထဲ နှေးကျလာ၏။ ထိုစဉ် မိုးတွေရွာချလာလေသည်။ မိုးစက်တွေကို သူ သည်။ စိုရွှဲကုန်မှာကို မစိုးရိမ်ခဲ့ပေ။

မြင်လွှာထဲမှာ ပုပုရွရွ သွားလာနေသမျှ လူ၊ ကား၊ အရာအားလုံး ဘာမှမရှိတော့သလိုပင်။ သူဟာ တကယ်ပဲ မွေးဖွားခဲ့တဲ့မိခင်ကိုယ်တိုင် က မုန်းတီးခဲ့တဲ့သားဘစ်ယောက်လား၊ ဒါဆို အဘွားရဲ့အမုန်းတွေက တကယ်မုန်းသင့်နေတဲ့ အမုန်တရားတွေလား ..။

''မင်းကို ဘယ်တော့မှ ငါ့မြေးလို့သတ်မှတ်ကြင်နာလို့မရနိုင်တာ ငါ့မှာနိုင်လုံပြီးသား'' တဲ့။

ဤသို့ဆိုလျှင် သူ အသက်တစ်ချောင်းဖြင့် လောကအလယ်ကို ရောက်ရှိရှင်သန်လာခြင်းဟာ ဘယ်လိုအဓိပ္ပာယ်တွေနဲ့လဲ ..။ အကယ် ၍ အမေသာရှိနေမည်ဆိုလျှင် ဒါမှမဟုတ် အမေ့ရဲ့နောက်ဆုံးထွက် သက်မှ အနားမှာရှိနေနိုင်ခဲ့တဲ့ တစ်ဦးတစ်ယောက်သာ ခုထိ ကျန်ရှိ နေဦးမည်ဆိုလျှင် 'အမေ ကျွန်တော့်အပေါ် ဘယ်လိုသဘောထားရှိ သလဲ' ဟု ဦးတိုက်မေးချင်၏။

သူ့ဘဝဟာ မိခင်ကိုယ်တိုင်က အမုန်းတရားများနှင့် ပစ်ချချန်ရစ် ခဲ့ပြီး နောင်အသက်မသေဆုံးခင်အထိ ဒီတိုင်းပဲ ထာဝရရှင်သန်သွားရ တော့မည်ဆိုလျှင် ...

''သမိုင်း ..''





ခေါ်သံနှင့်အတူ သူ့ကိုယ်ပေါ်ကို အင်အားနှင့်ခုန်ဆင်းနေကြသည့် မိုးစက်တွေ တိခနဲ ပြတ်ကျသွား၏။ ခေါင်းပေါ်မှာ ထီး၏အရိပ်ကို သတိထားလိုက်မိပြီး သူ့ဘေးမှာ အရိပ်လေးတစ်ရိပ် ..။

''မိုးတွေသည်းနေပြီလေ၊ ထီးမပါရင်လဲ ခဏဖြစ်ဖြစ် မိုးဝင်ခိုပါလား''

ခတ် က ထီးမိုးပေးထားရင်း သူ့ကိုမော့ကြည့်၍ပြောသည်။ ထီး က ပန်းဆီရောင်ရင့်ရင့်၊ သူမ ဝတ်ထားတာက ပန်းဆီရောင်အရင့်နှင့် ကာလာဖျော့ဖျော့လေးတင်ထားသည့် သူမ မျက်နှာလေးက ဝင်းစက် နှစ်နေ၏။

သည့်တိုင်နဲ့နှားနှစ်ဖက်မှ တဖျပ်ဖျပ်လက်နေသည့်စိန်ပွင့်လေးတွေ အတိုင်း မျက်ဝန်းလေးတွေက သူ့ကိုမော့ကြည့်စဉ်မှာ ရွှန်းလက် တောက်ပလျက် ..။

''ပြန်ဖို့အရေးကြီးနေလို့လားဟင်၊ တို့မှာလဲ ဒီနေ့ သူငယ်ချင်းတွေ မပါဘူး၊ မိုးခိုရင်း ကဲန်တင်းမှာ ခဏထိုင်မလား''

''စောင်းလက်ခတ် ..''

သူ့မျက်နှာ ဘယ်လောက်ထိတင်းနေမလဲဆိုတာ သူ့ကိုယ်သူ ခန့်မှန်းမိသည်။ သူမနှင့်ပတ်သက်နေသည်ဟု အထင်ရှိသည်မှစ၍ မသက်ဆိုင်သည့်ပြဿနာတွေရှင်းရင်း ဘာကောင်မှမဟုတ်သော သူ့ ဘဝသည်သာ တဖြည်းဖြည်းလှသီများလာခဲ့ရသည်။ အကယ်၍သာ သူမ နှင့် ရင်းနှီးခဲ့မိလျှင် ...

''မင်းကိုငါ မရင်းနှီးချင်ဘူးဆိုတာ မင်းသိသင့်ပြီထင်တယ်''

သူ ခြေလှမ်းရပ်လိုက်တော့ သူမ ကလည်း အတူတူရပ်၏။ စကားပြောဖို့ ခြေလှမ်းရွှေ့ရပ်လိုက်လျှင် ထီးရိုးတစ်ချောင်းသာ ခြား နားကာ သူနဲ့သူမ မျက်နှာချင်းဆိုင်ဖြစ်သွားခဲ့၏။

''မင်းက မိန်းကလေးဖြစ်နေတော့ ငါ နှိုထက်ပိုမပြောချင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါနဲ့ပတ်သက်ဖို့ မင်းမကြိုးစားပါနဲ့''

''အဲဒါ ယူ့က ဘဝင်မြင့်နေတာပဲ၊ တို့ဘက်က လုံးဝရိုးသား
ခင်မင်စိတ် ..''

''မင်း ငါ့နမဖြစ်နေရင်တောင် သေလောက်အောင် စိတ်သင်
နေရပြီဆို မတော်ချင်လို့မရပေမယ့် မခေါ်ဘဲနေလိုက်လို့ရတယ်
စိတ်ချမ်းသာမှုကိုရဖို့ အဲဒီလောက်ထိ စတေးပစ်နိုင်တယ်''

''ခတ် ကလဲ ယူ့ကို စိတ်ချမ်းသာစေချင်တဲ့သူပါ''

ပြောလေကဲလေပါလားဆိုသည့် စိတ်မရှည်သည့်အကြည့်တွေ
ပို၍ပြင်းထန်လာ၏။ ခတ် က လေပြင်းအရိုက်မှာ ထီးပါမသွားအောင်
လက်ကလေးနှစ်ဖက်နှင့် ဖိဆုပ်ထားလိုက်ပြီး ပါးတစ်ဖက်ကနေ က
လန့်ဖြတ်လွင့်မျောသွားသည့် ဆံပင်တွေကိုတော့ ဖယ်ရှားဖို့ လက်က
မအားဘဲဖြစ်နေလျက် ..

''ယူက ယောကျ်ားလေးဖြစ်နေပြီးတော့ ပြဿနာဖြစ်ရတိုင်း
တို့ကြောင့်လို့သတ်မှတ်ပြီး မကျေနပ်ဖြစ်နေတာမကောင်းပါဘူး''

''ဟုတ်တယ်၊ ယောကျ်ားမဆန်တဲ့ကောင်ပဲ၊ မင်းနဲ့ငါ မခင်ချင်ဘူး''

ဆံပင်ထိပ်နှင့် မထိတထိလှုပ်ရှားနေသည့်ထီးအစွန်းကို ခပ်ရိုင်း
ရိုင်းပဲ တွန်းပစ်လိုက်၏။ ဟန်ဆောင်လိမ်ညာတာမပါဘဲပြောရလျှင် သူမ
ကို တကယ်ကိုမရင်းနှီးချင် ..။ သို့သော် ...

''ဟာ ...''

''ဘုန်း ...''

''သမိုင်း ...''

အတော်အလှမ်းကွာသွားပြီမို့ ခတ် အော်လိုက်တာကို ခပ်သဲ့သဲ့
ကြားလိုက်၏။ ပြီးတော့ မိုးခိုနေကြသည့်ကျောင်းသားတွေ၊ တစ်လမ်း
လုံးမှာ သွားလာနေကြသူတွေ ဟင်ခနဲ၊ ဟာခနဲဖြစ်သွားကြတာတွေ။

သမိုင်း ရေစပ်စပ်ရှိသည့်ဗွက်ထဲမှာ ဖင်ထိုင်လဲပြိုသွားမှ နှစ်





ယောက်သား မချိုမချဉ်လှည့်ကြည့်ကြ၏။

တစ်ယောက်က ကျော်ဘုန်း၊ တစ်ယောက်ကို မသိပါ။

''ဆောရီးကွာ၊ မတော်တဆ တမင်တကာပါ''

''မတောင်းပန်ပါနဲ့ကွာ၊ သူ့ဟာသူ မိန်းကလေးတစ်ယောက်ရှေ့
ကနေ မူရာမာယာတွေနဲ့ ထွက်လာပြီးကန်းတာ ..''

ဒေါသက ထောင်းခနဲ ဖြစ်သွား၏။ သို့သော် ကျောင်းဝင်းထဲမှာမို့
သူ ဘာမှမတတ်နိုင်။ အများအမြင်မှာ မတော်တဆတိုက်မိသွားကြတာဟု
မြင်သော်လည်း ခတ် ကတော့ ကျော်ဘုန်းတို့ကိုမြင်လိုက်ကတည်းက
သိသည်။

သမိုင်း ကို စိတ်ထဲမှာပြေးတွဲပြီး တောင်းပန်နေမိလျက် တကယ်
တမ်းမှာ အထိတ်တလန့်ငေး၍ လည်ချောင်းဝမှာ ခြောက်သွေ့ကျပ်ခဲသွား
၏။ အမြဲတမ်း ရုပ်အင်္ကျီအဖြူပဲအဝတ်များသည့် သမိုင်းဟာ အဖြူကို
တောင် နသစ်ဖြူစင်နေတာမျိုးမရှိဘဲ ခပ်ညစ်ညစ်အဖြူတွေပဲဝတ်ရရှာ၏။

ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မို့ အဖြူတောက်တောက်လေးဝတ်
လာပုံရှိပေမယ့် ရွှံ့စက်တွေပေကျံနေပြီဖြစ်သည်။ ကျော်ဘုန်းတို့လုပ်သွားပုံ
ကို ဖင်ထိုင်လဲလျက်ကနေ ဒီတိုင်းကြည့်နေပြီး သူတို့ထွက်သွားမှ ဖြည်း
ဖြည်းထရပ်၏။

အားလုံးဝိုင်းကြည့်နေကြတာကို ရှက်ခြင်း၊ ပျာယာခတ်ခြင်း ဘာမှ
ဖြစ်ပုံမရှိ။ လွယ်အိတ်ကို စလွယ်သိုင်းပြောင်းလွယ်လိုက်ရင်း မျက်နှာ
တစ်ခြမ်း ခတ် ဘက်ကိုလှည့်လာသည်။

သူ့မျက်ဝန်းတွေ မီးတောက်နေပြီမှန်း သေချာမမြင်ပေမယ့် ခတ်
သိနေသည်။

''မင်းနဲ့မပတ်သက်ချင်တာ တွေ့ပြီလား'' ဟု ပြောနေသလိုမျိုး
တစ်ချက်စိုက်ကြည့်ပြီးမှ လှည့်ထွက်သွား၏။ ခတ် ရင်ထဲမှာ ရှိနေတာ
ထက်များစွာပိုမိုသော ကရုဏာစိတ်တွေဖြစ်ထွန်းသွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသမိုင်း ဆိုတဲ့ယောကျ်ားဟာ လူပျော့လူညံ့တစ်ယော
မဟုတ်တာ သူမ သိသည်။ ဒါပေမယ့် တချို့နေရာတွေမှာ တကယ့်
လူနုံလူအအတစ်ယောက်လို အသုံးမကျစွာရှိနေခဲ့လျက် ဘေးလူအသည်
ယားလောက်အောင် သည်းခံနိုင်လွန်းသည်။

ခုလည်း ခေါင်းငုံ့လျှောက်တတ်သည့် သူ့ကို ကျော်ဘုန်းတို့ က
လန့်ဖြတ်ပိတ်၍ ဝင်တိုက်ပစ်လိုက်ကြတာဖြစ်သည်။ သူတို့က ထိုးဆော
ထားကြတာဆိုတော့ ထိုးကွယ်ပြီးလျှောက်လာလို့ မမြင်သလိုလို။ ပ
တစ်ခါ စိတ်မထိန်းနိုင်လို့ ပစ်ခတ်ထိုးကြိတ်ပြီးမှ ပါမောက္ခဆီ ရောက်
ရတာကို အသေမှတ်သွားတာလား ..။

ဒါမှမဟုတ် ဝတ်လျှာ ပြောတဲ့ ကျော်ဘုန်းကို သွေးသံရဲရဲဖြစ်အော
ထိုးလိုက်တယ်ဆိုတဲ့ သူ့သတင်းတွေ များနေတာလား ..။ သတင်း
တော့ များဖို့မရှိပါ။ တစ်ခါညကလည်း ပလက်ဖောင်းပေါ်မှာ သူ့ရဲ့တုံ့
တတ်တဲ့မာနကို ခတ် ကိုယ်တိုင်မြင်ဖူးခဲ့သည်။

သမိုင်း ၏ဘဝနှင့် သူ့စိတ်သဘောထားကို ဘယ်လိုမှနားမလည်
နိုင်ဖြစ်ရရင်း ဒူးအောက်ပိုင်းထဘီစတွေ မိုးရေစိုရွှဲနေတာကို မေ့နေခဲ့
လေတဖြန်းဖြန်းပတ်ဝှေ့သွားတိုင်း ထိုးက မော့ခနဲ လန့်ခနဲဖြစ်က ထ
မလုံတော့ ဆံပင်အဖျားနှင့် ကျောအောက်နားတွေအထိ မိုးရေက ရွဲ့စ
တကယ်ပါ။ သူ့အပေါ်မှာ ကိုယ်ဟာ အဖြူရောင်ကရုဏာသ
သက်ဖြင့်သာ စိတ်ဝင်စားခဲ့ပါ၏။ ဤသည်အတိုင်းမှန်ခဲ့ပါလျှင် ...





<u>အခန်း (၂၀)</u>

"မင်း ခုနပဲ ဒီရှေ့ရောက်လာပြီး ဘယ်ကိုပြန်ထွက်သွားတာလဲ"

"မသွားပါဘူး အထဲမှာလူရှုပ်နေလို့ ဘေးမှာရပ်နေတာ .."

သူ မှသားသုံးလိုက်သည်။ ပြီးတော့ သူ့မျက်ဝန်းတွေက စား
လွယ်ခုတ်လောက်မှာရှိသည့် တစ်တိုက်လုံးအပေါ်အောက် အကုန်
ပိတ်ထားသော တိုက်ကြီးဆီရောက်သွား၏။

ရင်ထဲမှာ သောကတွေပါလာခဲ့ပေမယ့် ပန်းလိုချင်တဲ့ မိန်းမငယ်
လေးနှင့်မျက်ရည်စတို့ကို ဒီလမ်းထဲဝင်လာတာနှင့် သူသတိရသည်။
သူ သိမ်းဆည်းခဲ့တာထက်ပို၍သေချာသည့်နေရာလေးမှာ စာရွက်
ခေါက်လေးကို သူတွေ့သည်။ ဖြန့်ကြည့်လိုက်တော့ ...

"မင်းတွေ့လိုက်လား သမိုင်း .."

"ဟင် ..."

ပခုံးကို တစ်ယောက်က ဖတ်ခနဲ ပုတ်လိုက်သဖြင့် စိတ်က ကိုယ်
ခန္ဓာဆီ လုစ်ခနဲ ပြန်ရောက်လာ၏။ ကိုနေမျိုးက သူ့ပခုံးကိုဖက်လိုက်ကာ
မျက်နှာချင်းထိမတတ်ကပ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



“ဟိုမှာ ကားအနီလေးပေါ်တက်တော့မယ်၊ ကြည့်လိုက် .. နက်ပြာရောင်ပခုံးချိတ်လေးနဲ့ ..”

သူကြည့်လိုက်တော့ ဆံပင်ရှည်တွေနှင့် အသားဖြူဖြူက အပြာရောင်ဝတ်ထားသဖြင့် ပတ်ဝန်းကျင်မှာ ထင်းနေ၏။ ဖြန်းခနဲကြည့်လျှင် နာမည်ကြီးမော်ဒယ်တစ်ယောက်ယောက်နှင့်လည်း တော်တော်တူနေသည်။

“အလန်းစားလေး တွေ့လား၊ အဲဒီတစ်ယောက်က မင်းလက်ရာကိုမှကြိုက်ပါတယ်တဲ့၊ ဖရိုက်ဒေးမှပဲ မင်းလာတာလို့ ငါပြောတော့ မင်းလာတဲ့နေ့ကျမှပြင်ပေးပါ၊ စောင့်ပါ့မယ်တဲ့”

ပြောပြပြီး ကိုနေမျိုးက ရယ်နေ၏။ ပြီးတော့ ဖက်ထားသည့် ပခုံးကိုထပ်ရိုက်ပြီးမှ ပြန်လှည့်ဝင်သွားကာ ...

“ငါ့ရဲ့ အီလက်ထရွန်းနစ်ဆားဗစ်စင်တာမှာ မင်းနာမည် တော်တော်ထွက်လာတယ်နော်၊ မဆိုးဘူး၊ ဒါတောင် လူကိုမြင်ဖူးကြတာ မဟုတ်ဘူး”

ကိုနေမျိုးပြောတော့ အထဲကဖုန်းပြောပြီးသည့်တစ်ယောက်က လှမ်းကြည့်ကာ ...

“နာမည်လဲမသိကြပါဘူးဗျာ၊ သမိုင်း ကိုမြင်ဖူးတဲ့လူက ဂျပန် မင်းသားနဲ့တူတဲ့တစ်ယောက်လို့ပြောကြ၊ ကပြားရုပ်လေးနဲ့ကောင်လေး လို့မေးကြနဲ့ နာမည်ကျော်ပုံကတော့ အားကျစရာပဲ”

ဟု ထပ်ဖြည့်ပြောသည်။ ဘယ်သူတွေဘာပြောပြော သမိုင်း မျက်နှာခပ်မှုန်မှုန်က ကြည်ကြည်လင်လင်ဖြစ်သွားခြင်းမရှိ။

“ဘယ်လိုလဲ သမိုင်း၊ မင်းတို့ဆားဗစ်စင်တာထောင်ဖို့ စုစည်း နေကြတာ နီးစပ်ပြီလား”

သမိုင်း ခေါင်းညိတ်ကာ ...

“ကျွန်တော်က လက်နှစ်ဖက်နဲ့ ခေါင်းတစ်လုံးပဲရင်းနိုင်တဲ့သူပဲ





ကို၊ အမြဲတမ်း အဆင်သင့်ရှိနေပြီးသားပါ၊ ငွေးလွှင်တို့အဆင်ပြေပြီ”

“ပြေတယ် ကိုယ့်လူရေ၊ ငွေးလွှင်တို့ညီအစ်ကိုကလဲ မင်းအားကိုး အရမ်းကိုတက်ကြွနေကြတာပဲ၊ ဒီလပိုင်းထဲကျမှ သူတို့အိမ်မှာ နိုင်ငံ ခြားသွားမယ့်သူတွေ တန်းစီနေလို့ စိတ်ညစ်နေကြတာ ...”

နောက်ခန်းထဲကနေ ဒိုင်နမိုလေးတစ်ခု မ,ရွှေလာရင်း မက္ကင်းနစ်က ဝင်ဖြေပေးလိုက်သည်။ သမိုင်း နဲ့ ဒီဆားဗစ်ထဲမှာလာဆုံပြီး ခင်မင်ကြတဲ့သူတွေပါ။

အနီးစပ်ဆုံး အနေကြာခဲ့တဲ့ပတ်ဝန်းကျင်မှာ ပြဿဒါးနေ့ရက်တွေချည်းဖြစ်ခဲ့ပေမယ့် ထိုပတ်ဝန်းကျင်မှကင်းလွတ်ရာနေရာများ မှာတော့ သူ့ကို သံယောဇဉ်မှန်ဖြင့် ခင်မင်ကြတဲ့သူတွေရှိပါသေးသည်။

ထို့ကြောင့်လည်း လုပ်ငန်းတစ်ခုထူထောင်ဖို့အထိ တိုင်ပင်မိခဲ့ကြခြင်းဖြစ်သည်။ အကောင်အထည်ဖော်နိုင်ဖို့လည်း သေချာသလောက်ရှိခဲ့သည်။ ငွေးလွှင်တို့ညီအစ်ကိုက နှစ်ယောက်စလုံး သူ့လောက်ကျွမ်းကျင်မှုမရှိကြပေ။ စက်မှုလက်မှုအားလုံးကို ဝါသနာကြီးပုံကြချင်း တူကြလို့ ရင်းနှီးခဲ့ကြသည်။ ထူထောင်ဖို့အတွက် အစခပ်သိမ်း ဖယား ပြီးဖြစ်ခဲ့၏။

သူ့ဘက်ကတော့ ငွေးလွှင်တို့က ‘အိုခေ’ တဲ့အချိန်မှာ အဆင်ပြေလိုက်ရုံသာ ..။

“ဟင် ...”

မိုးဖွဲလေးတွေကျနေသည့်လမ်းဘက်ကို မျက်နှာအလှည့်မှာ မျက်လုံးက တိုက်ကြီးဆီအရောက် စောင်းလက်ခတ် ..။

ရင်ထဲမှာ ဒိုင်းခနဲ ပစ်ဆောင့်သွားတာ ရင်ခုန်သံမှန်လျှင် ထိုရင်ခုန်ခြင်းဟာ ချစ်ရိပ်မေ့မူး၍မဟုတ်နိုင်။ ဖျတ်ခနဲ မျက်နှာလွှဲပစ်ပြီးမှ နောက်ထပ်ပြန်ကြည့်မိ၏။



www.burmeseclassic.com

ခတ် သည် စာရွက်လေးကို တက်ကြွရယ်မြူးခြင်းများနှင့် ဖြတ်ယူလိုက်ပြီး ဖြန့်ကြည့်နေသည်။ ကျန်သည့်နှစ်ယောက်က သောကနေ ငုံ့မိုးကြည့်လျက် ..။

မဟုတ်ပါနဲ့၊ ဒီလက်ရာပိုင်ရှင်ဟာ သူမ မဟုတ်ပါစေနဲ့။ ထပ်ကြည့်၍ သေချာခြင်းကိုမမြင်လိုသည့်မို့ သမိုင်း ခြေလှမ်းတွေ ဆားဗစ်ခန်းဆီ တောက်လျှောက်လှမ်းခဲ့၏။

ခဏမိုးခိုရင်း ဒီစာရွက်ကို ဆွဲမိလိုက်တာဖြစ်ပါစေ ..။

"ပေါက်ပေါက်ရာရာတွေလျှောက်ခြစ်ထားတယ်" လို့ ဟားရယ်ခြင်းဖြင့် မူလနေရာမှာ ပြန့်ထားရစ်ခဲ့ပါစေ ..၊ မဟုတ်သေးဘူး၊ ဖြစ်သလို ပစ်ချလွှင့်ပစ်ခဲ့ရင်လည်း ကောင်းပါတယ်။

ကောက်ကြောင်းလေးတွေပေါ်မှာ သာယာခဲ့မိတဲ့ သူ့စိတ်တွေ ဒီနေ့ နှိုင်းချုပ်ချင်သည်။ အထဲမှာ ထိုင်နေကျအတိုင်းဝင်လိုင်ပြီး အရင်ဒသတ်က ချသွားရစ်ခဲ့သည့် လုပ်လက်စစက္ကူကို ကောက်ကိုင်မိတဲ့အထိ ရင်ခုန်သံတွေက မငြိမ်။

ဒီဘက်မှာ ပွဲပြင်းလောင်မြိုက်နေခဲ့သော်လည်း ဟိုဘက်မှာတော့ ကြည်နူးရယ်မောခြင်းများဖြင့် ပန်းချီစာရွက်လေးကို ခတ် က ရင်ဘတ်မှာ ဖြန့်လျက်သားလေး ဖိကပ်ထားလျက် ...

"သူ ရောက်ရောက်လာခဲ့တဲ့အချိန်လေးကို ငါသိချင်လိုက်တာဟာ၊ နင်တို့မှန်းကြည့်စမ်း၊ သူ ဘယ်လိုပုံစံရှိနိုင်မလဲဟင် .."

"ဘယ်လိုပုံစံရှိမရှိ မခန့်မှန်းနိုင်ပေမယ့် သူ နင့်လောက်မဟုတ်ဘူးဆိုတာ သိသာတယ်"

စုမြတ် က အတ်အကျေးဖေဖန့်၏။ ဝတ်လွှာ ကထောက်ခံသည်။

"ဟုတ်တယ်၊ နင်မေးတာကို သူ ဖြေမှမဖြေတာ .."

နှစ်ယောက်ပြောကြမှ ခတ် က ရင်ဘတ်မှာကပ်ထားသည့် စာရွက်လေးကို ပြန်ငုံ့ကြည့်သည်။





"ကဲ .. မိုးသည်းလာရင် ခြေထောက်တွေစိုကုန်ဦးမယ်၊ အထဲရောက်မှ စိတ်ကူးယဉ်၊ ဝင်မယ် .."

စုမြတ် က တခါးလှည့်ဖွင့်နေသည်။ ဝတ်လွှာ ကတော့ ခတ် မျက်နှာလေးငယ်သွားတာကို စိတ်မကောင်းဖြစ်လျက် သူမတို့ ဝေဖန်လိုက်မိတာကို နောင်တရနေမိသည်။

"သူမဖြေတာကတော့ နင်တို့ပြောစရာပေါ့လေ၊ ဒါပေမယ့် ဒီပုံလေးပေါ်မှာခံစားတဲ့ သူ့ရဲ့စိတ်ခံစားမှုကတော့ ငါထက်မလျော့နိုင်ဘူးလို့ ငါထင်တယ်၊ တိုက်ဆိုင်ပြီး ဒီကိုရောက်ရောက်လာတာဆိုရင်တောင် ဒါလေးကိုသတိရနေတာဟာ သူ့ရင်ထဲမှာရှိနေတဲ့သဘောမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ငါတို့ကလဲ နင် ဒီထက်ကျွမ်းဝင်နှစ်သက်ခြင်းတွေ တစ်ဖက်သတ်ဖြစ်မလာအောင် ပြောတာပါ၊ ခဉ်းစားကြည့်လေဟာ .. မမြင်မစမ်း ရမ်းသမ်းပြီးတော့ ..."

ခတ် က ဘာမှပြန်မပြောဘဲ ပုံလေးကိုကြည့်နေရင်း တိုက်ကြီးထဲကိုဝင်လာခဲ့သည်။ ပြီးတော့ သူတို့ထိုင်နေကျ အပေါ်ထပ်နောက်ဖေးဝရန်ကလေးမှာ ထိုင်မိကြတဲ့အထိ ငေးနေတုန်း ..။

စုမြတ် က ထည့်ယူလာခဲ့သည့်မုန့်ထုပ်တွေနှင့်ရေဘူးကို ဖြန့်ခင်းနေသည်။ ဝတ်လွှာ က ခတ် နဲ့အတူ ပုံကိုလာထပ်ကြည့်၏။

ခြင်းကလေးထဲမှာ ပန်းဘွေလည်းရပ်ပြီဖြစ်ကာ ငိုနေသည့်မျက်နှာလေးနောက်မှာ ပြုံးနေသည့်မျက်နှာလေးတစ်ခု ထပ်ထည့်ထားလျက် ပတ်ခန်းကျင်ကိုလိုက်ဂျာသည့် မှုက်သုံးပိုင်းလေးတွေက အဓိကသိသာ၏။

"ငါ သူ့ကိုတွေ့ချင်လို့ အဲဒီလိုထပ်ဆွဲလိုက်တာ" ဟု စာစောကပဲ ခတ် ကိုယ်တိုင် ဝန်ခံခဲ့သည်။ သူပြန်ထားခဲ့တာကတော့ Someone ဆိုတဲ့ စာလုံးသေးသေးလေးတစ်ခုတည်း ..။

ထိုစာတမ်းကလေးမှာပဲ စုပြုံကြည့်နေသည့် ခတ် နဲ့ ဝတ်လွှာ တို့ မျက်လုံးချင်းပြန်ဆုံကြ၏။

www.burmeseclassic.com



"ခတ် အခု နှင်းပုံလေးက ပြည့်စုံသွားပြီဆိုတော့ သူ ထပ်လာဦးမယ်လို့ နှင်းထင်သလား"

ဝတ်လွှာ ရဲ့နောက်ကနေ စုမြတ် ကမေးတော့ ခတ် က လှမ်းကြည့်လိုက်ပြီး ...

"မပြည့်စုံသေးပါဘူး၊ ခုမှ စမှာ ..."

"ဟင် ..."

စုမြတ် က နေကြာစေ့နှင့် ဒီးထုပ်တွေအထပ်လိုက်ကို အလယ်မှာလာချပေးရင်း ပြုံးပြုံးမော့ကြည့်၏။

"ရောဂါက အဲဒီလောက်ရင့်သန်နေပြီလား"

"ဟုတ်တယ်၊ ငါ အိပ်ခါနီးမှ ဒီပုံအကြောင်းတွေးမိရင် အိပ်လို့တောင်မရတော့ဘူး၊ ပြီးတော့ ခုတစ်လောမှာ ငါ ဒီကိုပဲလာချင်နေတယ်၊ ဒါကိုပဲ သတိရနေတယ်"

"ငါတို့ကတော့ မပြောဖြစ်ကြပေမယ့် နှင်း သမိုင်း ကို စိတ်ဝင်စားနေတယ်ထင်တာ .."

"ငါ သူ့ကိုခင်တယ်၊ ခင်တာထက်တောင်ပိုနိုင်သေးတယ်"

"ချစ်တာမဟုတ်ဘူးလား"

"ငါ အဲဒီပုံပေါက်နေလို့လား"

ဝတ်လွှာ က ခေါင်းညိတ်ပြ၏။

"ပေါက်ပေါက်မပေါက်ပေါက် နှင်း သူ့ကျမှအရေးပေးနေတာ တစ်ခါတစ်ခါ လူကြားသူကြားမရှောင် အောက်ကျနောက်ကျ လိုက်ခေါ်တာကရှိသေး၊ ငါတို့တင်မကဘူး၊ သူများတွေလဲ ဒီလိုပဲထင်နေကြတာ နှင်းလဲသိသားပဲ၊ ကျော်ဘုန်းတို့ကအစ နှင်းကိုဂရုစိုက်နေတဲ့ကောင်တွေ၊ သမိုင်း ကိုကြည့်မှမကြည့်တာ၊ သူ့ခမျာ နှင်းကြောင့် အများကြီးရင်ဆိုင်နေရတာ .."

"ဟော .. တွေ့လား၊ ခုတော့ သူ့ခမျာ ဖြစ်သွားပြီ၊ အစကတော့





ကိုယ်နဲ့အဆင့်အတန်းတူတာလဲ မဟုတ်ဘဲနဲ့၊ ဒီလောက်မာနကြီးတဲ့ကောင် ဘာညာနဲ့ ဘယ်သူပြောတာလဲ"

မေးလိုက်တော့လည်း စုမြတ် က ဝန်ခံပါသည်။

"ဒါကတော့ ကြာမှနားလည်လာတာလေ၊ သူက အတူးအဆန်းယောက်ျားဆိုတော့ ထူးဆန်းတာကိုရှာကြည့်ရင်းနဲ့ နားလည်လာတာ၊ သူ နှင်းကို ဂျစ်ကန်ကန်ဆက်ဆံနေတာ နှင်းကြောင့် သူ့မှာ ဒုက္ခတွေရည်းပဲဖြစ်နေလို့ပါ၊ ပြီးတော့ သူကြည့်ရတာ ဘဝမှာ နာကြည်းစရာတွေနဲ့ ပြည့်နှက်နေပုံပဲ၊ ဒါမှမဟုတ်ရင်လဲ ဆင်းရဲလွန်းလို့ ဘယ်သူ့ကိုမှ မော်မကြည့်ရဲတာလား .."

"ဟုတ်တယ်၊ သမိုင်း က သနားဖို့ကောင်းမှန်း ခုမှ ငါတို့နားလည်လာတာ၊ ပြီးတော့ ကင်းတို့အုပ်စုထဲက ငါတို့သတင်းတစ်ခု ကြားထားသေးတယ်၊ ဟိုတစ်ယောက်လေ .."

"ဘယ်တစ်ယောက်လဲ ..."

"တို့ ဟိုတစ်ခါ ကန်တင်းမှာ သူနဲ့အတူတူတွေ့လိုက်တဲ့တစ်ယောက်ပေါ့၊ မျက်နှာက ပိုးဟပ်ဖြူနဲ့၊ ဆံပင်မှာ ဂျယ်အမြဲထောင်ထားတယ်ဟာ၊ သူ့နာရီဖြုတ်ပေးနေတာကို စာနာသလိုလို၊ ငဲ့ညှာသလိုလိုနဲ့ တစ်ဆိုင်လုံးကလူတွေရှေ့မှာ သမိုင်း ကို အပိုဖွဲ့သွားတဲ့ဟာ .."

"အမလေး .. အရှည်ကြီးရှင်းနေလိုက်တာ မိစုရယ်၊ မောင်မောင်ဆိုတဲ့ကောင်မို့လား၊ သူ့နာမည်က နောက်မှာတစ်လုံးပါသေးတယ်၊ ဘာလဲတော့မသိဘူး"

ဝတ်လွှာ က နာမည့်ဝင်ပြောမှ စုမြတ် က ခေါင်းညိတ်ကာ ..

"ဟုတ်တယ်၊ အဲဒီမောင်မောင်နဲ့ ညီအစ်ကိုတော်တယ်ဆိုလား"

"ဟုတ်လို့လားဟာ၊ မောင်မောင်တို့က တော်ဝင်မျိုးနွယ်ဆိုလား ဘာလား၊ ကျောင်းလာရင် ကားတွေ ထည့်လဲစီးနေတာ .."

ဝတ်လွှာ က မယုံကြည်။ သူတို့နှစ်ယောက်တွေထဲမှာ ခတ်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှဝင်မပြောခဲ့ပေ။ သူမ ရင်ထဲမှာ သမိုင်း ကို ခင်တွယ်စိတ်တွေက ဖြစ်တည်နေခဲ့တာအမှန် ..။

အဲဒါလား သမိုင်းက စိတ်ဝင်စားစရာကောင်းသည့်လူတစ်ယောက်ဖြစ်နေ၍သာ ..။ ဒီက ဖြည့်စွက်သရုပ်ဖော်သူကို စိတ်ဝင်စားမိတာကျတော့ သူနဲ့ ကိုယ့်ရဲ့ ထူးဆန်းစွာပတ်သက်လာခဲ့သော လျှို့ဝှက်ချက်တစ်စုံတစ်ရာကြောင့်ဖြစ်သည်။

မည်သို့ပင်ဆိုစေ သမိုင်း နှင့် ဒီပုဂ္ဂိုလ်ဟာ သူမ ဘဝအတွက် တွေ့ဆုံကြုံကွဲခြင်းဖြင့် အမှတ်တမဲ့ ကျန်ရစ်ပျောက်ကွယ်သွားမည့် စာရင်းထဲကလူမျိုးမဟုတ်။

"မသေချာပေမယ့် တစ်ခုကြားလိုက်သေးတယ်၊ မောင်မောင်နဲ့ သမိုင်းတို့ ညီအစ်ကိုတော်တာ မတော်တာတော့မသိဘူး၊ ဒါပေမယ့် မောင်မောင်က သမိုင်းအကြောင်း အကုန်သိတယ်တဲ့"

"ဘာအကြောင်းလဲဟင် .."

"သူ့ဘဝအကြောင်းတွေကွာ၊ သူ့စိတ်ဓာတ်စရိုက် ဘာညာပေါ့၊ တစ်ခုတစ်မျိုး နည်းနည်းစီ ထွက်ထွက်လာတတ်တယ်တဲ့၊ ပြောတိုင်းလဲ အကောင်းတစ်ခုမှမပါဘူးတဲ့"

"သူတို့မတည့်ကြလို့နေမှာပေါ့၊ ဆွေမျိုးမတော်ဘူးဆိုတာလဲ ဟုတ်တော့ဟုတ်မှာပါ၊ သမိုင်း က ဖော့ဖိနပ်အစုတ်နဲ့ ကျောင်းတက်ရတဲ့သူ၊ တော်တော်ဆင်းရဲတာ .."

ဝတ်လွှာ က ကျကျနန တူးဖော်ပြီးမှ ခတ် ကို အားနာသွားသလို လေသံလေးတိုးကျသွားပြီး ...

"ငါက တမင်ပြောတာမဟုတ်ပါဘူး"

ဟု ဘယ်သူ့ကိုမှဦးတည်တာမဟုတ်ဘဲ ဖြေရှင်း၏။ စုမြတ် က ခတ် ဘာမှမပြောတာကို ငဲ့ကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ်ဟာ ..၊ သူများဆင်းရဲတာကို ကဲ့ရဲ့တာမဟုတ်ပေ





မယ့် ဒီလောက်ဝေးကွာတဲ့အဆင့်အတန်းကြီးကို ပေါင်းစပ်ဖို့ကြိုးစားရင် နင်ပဲစိတ်ဆင်းရဲရမှာပဲ၊ ငါတို့တော့ ရင်လေးတယ်၊ နင့်အမေကလဲ အလိုလိုကမှ ယောကျ်ားလေးနဲ့ပတ်သက်ရင် ခြံရှေ့က သီချင်းဖြတ်ဆိုတာတောင် မကြိုက်တဲ့သူ .."

ခတ် က စာရွက်ကို ဒီတိုင်းကိုင်လျက်သားနှင့် လှည့်ကြည့်၏။

"နင်တို့က ငါ့ကိုပဲ မတူဘူး မတန်ဘူးနဲ့ နမြောတာသဖြစ်နေတယ်၊ သမိုင်း ကို သွားမေးကြည့်ပါဦး၊ ခတ် ကတော့ နင့်ကိုချစ်နေပြီ၊ နင်က ဘယ်လိုလဲလို့ .."

"ခတ် ရယ်၊ သူ့မှာ ခံစားချက်တစ်ခုခုရှိနေလို့ဖြစ်မှာပါ၊ မဟုတ်လို့ကတော့ ယောကျ်ားလေးဗီဇ ဘာမို့လို့လဲ"

"သူများငွေ့ပြောကြသလို နင့်လိုမိန်းမက အဲဒီလို ထူးခြားစတိုင်မျိုးနဲ့ကျမှ စိတ်ဝင်စားမှာဆိုတာသိပြီး တမင်ထွင်နေတာဆိုရင်လဲ .."

"မဟုတ်နိုင်ပါဘူး၊ သူ့မျက်လုံးတွေကို ငါသိတယ်၊ သမိုင်း ဒေါသဖြစ်သွားတာ၊ မျိုးသိပ်လိုက်တာအားလုံး ဟန်ဆောင်တာ တစ်ခုမှမဟုတ်ဘူး၊ သူ့မှာ သည်းမခံတတ်တဲ့အကျင့်ရှိရက်နဲ့ သည်းခံတတ်လွန်းတာကို စဉ်းစားမရတာ .."

"အေးပါ၊ စဉ်းစားပါ၊ သမိုင်း ကိုမြင်ရင်လဲ တကောက်ကောက်လိုက်ပါဦး၊ အခု ဒီပုဂ္ဂိုလ်ကရော ..."

စာရွက်ကို မျက်ခုံးပင့် မေးဆတ်တော့ ခတ် က ပြန်ငုံ့ကြည့်သည်။ ပြီးတော့ ...

"ငါ့ကို လျှို့ဝှက်ရင်ခုန်သံတွေဖြစ်စေတာတော့ အတူတူပဲ၊ ဒါပေမယ့်ဟာ ကာတွန်းရုပ်ပြတွေ ဖတ်ရတာနဲ့ ဝတ္ထုတစ်ပုဒ်ဖတ်ရသလို ပေါ့၊ မြင်နေရတဲ့ခံစားချက်ကတစ်မျိုး၊ မမြင်ရပေမယ့် ရူးနှစ်စွဲလမ်းပြီးကျန်ခဲ့တာက တစ်မျိုး .."

"ဒါဆိုရင် ဒီကာဖန်တီးရှင်ကို ပိုတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခတ် က မျက်နှာလေးတည်သွားပြီး ခေါင်းညိတ်သည်။

"ငါ သူ့ကို အရမ်းသိချင်တာပဲ၊ သူ့ကိုမြင်လိုက်ရရင် အသားမည်းသွားမေါ ဘာဖြစ်ဖြစ် ခင်မင်စိတ်ဖြစ်ထားတာကတော့ ပျောက်မှာမဟုတ်ဘူး၊ သမိုင်း ဘာပြောပြော စိတ်ဆိုးလို့မရသလိုပေါ့၊ ငါကလေ .. ငါ့ကို စိတ်ဝင်စားခံရတာ မကြိုက်ဘူး၊ ငါက စိတ်ဝင်စားနေရတာကို ကြိုက်တယ်၊ ငါကိုယ်တိုင် စိတ်ဝင်စားနေတာဟာ ကျောက်ခဲသလဲ ဖြစ်ပါစေ .. သူများလက်ထဲက စိန်ခဲရွှေခဲကိုကြည့်ပြီး နောင်တရမှာ မဟုတ်ဘူး၊ လူတွေဟာ မိမိရဲ့စိတ်ကျေနပ်မှုကို မိမိဘာသာ ဖန်တီးကြတာပါဟာ၊ ဒီထဲမှာ ပတ်ဝန်းကျင်တွေ၊ သဘာဝကန့်သတ်ချက်တွေ ချာချာလည်ပြီး ဝမ်းနည်းစရာတွေဖြစ်ကုန်တာ၊ ငါကတော့ ကိုယ့်အတွက် အဓိကမကျတာဆို ဘာမှဂရုမစိုက်ဘူး"

ပြောနေရင်း စာအုပ်ကိုထုတ်ယူပြီး စာရွက်လေးကိုဖြန့်လိုက်၏။

"စာရွက်လေးလဲ ကြေနေပြီ၊ နှုတ်ဆက်တဲ့လူကလဲ နှုတ်ဆက်သွားပါပြီဟာ၊ အဲဒါကိုထားလိုက်ပါတော့ .."

စုမြတ် က ခတ် လက်ထဲက ဘောလ်ပဲန်ကိုကြည့်ပြီး ကွတ်ကီး တစ်ထုပ် အတင်းလက်ထဲထည့်ပေးသည်။ ဘောလ်ပဲန်ကိုချ၍ မုန့်ထုပ်ကိုယူလိုက်အောင်လို့ ..။

ဒါပေမယ့် ခတ် က မုန့်ထုပ်ကို လက်ခုံနဲ့တွန်းပစ်လိုက်၏။

"သူ့ကို ငါတွေ့ဖို့ ကြိုးစားဦးမှာ ..."





## အခန်း (၂၁)

"သမိုင်း ..."

ရေစိုနေသည့်ခုံတန်းလေးမှာ ဒီတိုင်းထိုင်နေတာမို့ သူထိုင်နေတဲ့ နေရာလေးမှာတော့ ခြောက်နေပါပြီ။ ကဗျာလေးတစ်ပုဒ်ကို စိတ်ထဲမှာ ရေရွတ်ကြည့်နေဆဲ ခေါသံကြောင့် လှည့်ကြည့်လိုက်တော့ မောင်မောင်နဲ့ အမြဲတွဲနေသည့်ကောင်တွေမှန်း သိလိုက်၏။

သူတို့က သမိုင်း ရှေ့မှာ ခပ်နွဲ့နွဲ့ရပ်လိုက်ပြီး ...

"အပွင့်မရှိတဲ့ပိတောက်ပင်ပေါ် မော့ကြည့်ပြီး ဘာလုပ်နေတာလဲ၊ မင်းကို အဲဒါကြောင့် ဂေါက်နေပြီလို့ပြောနေကြတာ .."

သမိုင်း က ဘာမှပြန်မပြောဘဲ မျက်နှာလွှဲလိုက်၏။ အလင်းရောင်နှိုင်းလတ်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ပခုံးတွန့်၏။

"မင်း ဟိုဘက်တိုးပါလား၊ ငါတို့ထိုင်ချင်လို့ .."

သစ်သားခုံတန်းလေးက မိုးရေဝကာ ဟိုဘက်တစ်ပြင်လုံး စိုထိုင်းနေ၏။ သမိုင်း က အိမ်ကြီးဆီလှမ်းကြည့်လိုက်ပြီး ခဏငြိမ်သွား၏။ ဒါပေမယ့် သူ ဟိုဘက်ကို တိုးထိုင်ပေးလိုက်သည်။

www.burmeseclassic.com



"တွေ့လား၊ သူ့အောက်မှာခြောက်နေတာပဲ၊ ဟား ဟား … ဒါ ပေမယ့် တစ်ယောက်တည်းရှိတယ်ကွ၊ မင်းထိုင်လိုက် …"

"မင်းကရော …"

"ငါက နောက်ငါးမိနစ်လောက်ဆို ဟာစ်နေရာရဦးမှာ၊ မပူနဲ့"

သမိုင်း မျက်နှာညှိုသွားသည်။ ဆယ်တန်းကျောင်းသားတွေ အရွယ်ကလည်း အလားတူပြဿနာမျိုးဖြစ်ခဲ့ဖူးသည်။ ချစ်စကိုရှည်၊ ရန်စကိုတိုစေ ဟူသောစကားအတိုင်း မောင်မောင်နှင့် ပတ်သက်သူတို့နှင့် ရန်မဖြစ် ချင်တာကြောင့် သူရှောင်ထွက်ခဲ့မိသည်။

သို့သော် "မင်းက ငါတို့ကို အဖက်မလုပ်ချင်တာလား" ဟုမေးပြီး မောင်မောင် က ပြဿနာရှာ၏။ လူငယ်တွေချင်းမို့ မာနက ငုပ်လျှိုးမနေနိုင်ဘဲ မောင်မောင့်သူငယ်ချင်းတွေနှင့် ထိုးကြိတ်ကြတော့မည်အထိ တွန်းလား ထိုးလားတွေ ဖြစ်ခဲ့ကြသည်။ ဒါကို မောင်မောင်က အဘွားရှေ့မှာ ပြောတော့ …

"သားသူငယ်ချင်းတွေက အဲဒီနားသွားတာကို သူ့နေရာ မလာရဘူးတဲ့၊ ဟိုနောက်က စကားပွဲတွေကြွေအောင် အပင်ကိုလှုပ်ရမလား ဆိုပြီး သူပိုင်တာ၊ သူ့နေရာနဲ့ သူပဲ ဒေါသတွေကြီးနေတာ"

ဟု လက်ညှိုးငေါက်ငေါက်ထိုးတိုင်၏။ ရသင့်ရထိုက်ခြင်းနှင့် ပတ်သက်လာတိုင်း ဟိုတုန်းကတည်းက မြက်တစ်ပင်တောင် ထင်သလို မနုတ်ရဘူး၊ အပ်တိုတစ်ချောင်းတောင် ပိုင်ဆိုင်ခွင့်မရှိဘူး စသဖြင့် ပြတ်တောက်စွာ ခွဲခြားထားခဲ့သည့်အဘွားက သူ့ကို လုံးဝခွင့်မလွှတ်ခဲ့ပေ။

"ညည်းတူ အဲဒီလိုပြောခဲ့တာကို ဆုံးမစမ်း၊ ငါ့ရှေ့မှာ ခုချက်ချင်း အပြစ်ပေး …"

ဟု ကြီးလုံ့ ကိုခေါ်ခဲ့သဖြင့် ကြိမ်လုံးရိုက်ချက်တွေ သူ့ကျောပေါ်မှာ အချက်ပေါင်းများစွာ …။ အသားနာခဲ့တာကို မှတ်ထားတာမဟုတ်ပါ။ ဒါပေမယ့် ဒီလိုဖြစ်လာရင် ဒီတိုင်းဆုံးဖြတ်ရမည်ဆိုသော အသိတစ်





ကတော့ အရိုးထဲထိ စွဲသွားခဲ့၏။

ဘောမှာ မထိတထိ ပြောဆိုနေသံတွေကိုကြားပေမယ့် ခုကျမှ သူ ထထွက်သွားလျှင် အလားတူပြဿနာမျိုးတွေဖြစ်လာနိုင်သဖြင့် သူ ဆက်ထိုင်နေလိုက်၏။

"ဒီလောက်ဆို ရပြီထင်တယ်၊ သမိုင်း ဟိုဘက်နည်းနည်း ထပ် တိုးကွာ …"

အလင်းရောင်က ဝင်ထိုင်တော့မည့်ပုံနှင့် အနားတိုးကာ သမိုင်း ပခုံးကို သူ့ခြေထောက်နှင့်တိုက်ပြီး တိုးခိုင်း၏။ သမိုင်း မျက်ခုံးအစုံ ဆတ်ခနဲ တွန့်ကျသွား၏။ ဒါပေမယ့် သူ ဘာမှမပြောပါ။ မျက်မှောင်ကြုတ်လိုက်မိတာကိုလည်း ပြေပြစ်အောင် လျှော့ချ၍ နေရာမှ ထရပ်လိုက်သည်။

"သွားတော့မလား၊ ဟိုဘက်မှာတိုးထိုင်လို့ရတာပဲ"

"သွားပါစေကွာ၊ နောက်တစ်နေရာဆို ဖင်အအေးပတ်မှာစိုးလို့ ဖြစ်မှာပေါ့"

မကြားဝံ့မနာသာတွေပြောပြီး ရယ်ကြလေသည်။ ထိုစဉ် မောင်မောင် ရောက်လာကာ …

"သမိုင်း … ခဏ …"

လှည့်ကြည့်လိုက်တော့ မောင်မောင်က မာလကာပင်အောက် ကနေ လှမ်းခေါ်နေတာဖြစ်၏။

ထိုနေရာကို သူ လျှောက်သွားတော့ အလင်းရောင်တို့လည်း နောက်ကနေ ထလိုက်လာကြသည်။

"မောင်မောင် … မင်းရဲ့ဂရမ်းမား သွားပြီလား"

"သွားပြီ၊ သိပ်တော့ကြာမှာမဟုတ်ဘူး၊ အဘွား သိပ်နေမကောင်း လို့ …"

မောင်မောင် က သူတို့နဲ့ စကားပြောနေရင်း အပင်ပေါ်ကို လှမ်းညှိုး



www.burmeseclassic.com

www.burmeseclassic.com



ထိုးပြကာ …

"မာလကာပင်ပေါ်မှာ ဗျားစွဲနေတယ်၊ ငါ့ကို တက်ဖွပ်ပေးစမ်းပါ"

"ဘာ် …"

ဒီဒေါသကိုကျတော့ မျိုသိပ်ဖို့မေ့သွား၏။ သမိုင်း မျက်နှာတင်းသွားတာကို မောင်မောင်ကလည်း 'ငါ့ကို ဒီလိုပြောရဲသလား' ဆိုသည့်အကြည့်နှင့် ဖျတ်ခနဲ လှည့်ကြည့်ကာ …

"ဗျားဖွပ်ခိုင်းတာ ဘာဖြစ်လို့လဲ"

"ငရုံကြီးတယ်၊ အဲသားနုတယ်၊ မင်းဗျားရည်လိုချင်လို့လား"

"ဘာကွ .. ဟိတ်ကောင် …"

မောင်မောင် က သမိုင်းရဲ့အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲပ လိုက်၏။

"မင်းက ဘာကောင်မို့လို့ ငါ့ကို ဒီလိုပြန်မေးရတာလဲ"

"သူ့ကိုယ်သူ အလုပ်သမားလို့မထင်ဘဲ ခြံပိုင်ရှင်မှတ်နေလို့ပေါ့"

အလင်းရောင် က ဝင်ပြော၍မဲ့သည်။

ထိုအခါကျမှ မောင်မောင့်ဘက်မှာ သူဟာ ညီအစ်ကိုတော်စပ်မရကြံတင်မကဘဲ ခြံအလုပ်သမားဘဝရောက်နေမှန်း သမိုင်း နားလည်သွား၏။ ထို့ကြောင့် သူငယ်ချင်းတွေရှေ့မှာ သူ တစ်ခါမှ မကြားဖူးခဲ့သော မောက်မာရိုင်းစိုင်းခြင်းများနှင့် …။

"မင်းကောင်က ထိုင်ဆိုထိုင်၊ ထဆိုထ၊ ကျောက်ရုပ်ကြီးလို အရုပ်မရှိနေပေးတာတော့ ခွေးတစ်ကောင်ထက် အများကြီးအသုံးဝင်ပါတယ် ဒါပေမယ့် သူ့မျက်နှာမှာ ပေါက်ကွဲအားတွေကတော့ အပြည့်ပဲ"

သမိုင်း မျက်နှာ အနီရောင်သမ်းသွား၏။ မျက်လုံးချင်းဆုံတော့ စိုင်းလတ် က မျက်လုံးပြူးပခုံးတွန့်၍ ကလေးတစ်ယောက်ကိုပြောင်သလို ပြောင်ပြသည်။

သူဟို့စိတ်ထဲမှာ သမိုင်း ဆိုတဲ့ကောင် ဘာမို့လို့ မိန်းကလေးတွေ





ဝိုင်းနေတာလဲဆိုသည့်အဖြစ်နှင့် ဘယ်တုန်းကမှ မကြည်လင်ခဲ့ကြပေ။ နေတော့ တေမိမင်းသားက အဘိုးခေါ်ရတော့မယ့်အတိုင်း။ ဖိနပ်ပြတ်တာတောင် ဖိနပ်ပြတ်ကိုကိုင်ပြီး လျှောက်ရသေးသည်။

ပြီးတော့ အတန်းချိန်အားလို့မှ ကဲန်တင်းထိုင်ခွင့်မရှိတဲ့ အလုပ်သမားငမွဲ ..။

ရုပ်ရည်ရူပကာအားဖြင့် ဆွဲဆောင်နိုင်လွန်းတယ်ဆိုရင်လည်း ထားတော့..၊

ခုကျတော့… .

"ဟုတ်တယ်၊ မင်းထင်သလိုပဲ ငါဗျားရည့်လိုချင်တယ်၊ တက်ဖွပ်ချေ .."

"ဖွပ်မပေးနိုင်ဘူး မောင်မောင်၊ ငါ ဗျားဖွပ်သမားမဟုတ်ဘူး"

သူ ပြောလိုက်တော့ စိုင်းလတ် က ဟင့်ခနဲ မဲ့ကာ …

"ဗျားဖွပ်သမားလဲ ပုဆိုးခြံပြီးတက်တာပါကွာ၊ မီးတုတ်လေး တစ်ဖက်ကကိုင် .."

"အဲဒါဆို မင်းတက်လိုက်လေ"

သမိုင်း ကပြောလိုက်တော့ ရင်ဘတ်မှာ ဆုပ်ဆွဲထားဆဲ မောင်မောင်က တင်းခနဲ ထပ်ဆောင့်ဆွဲလိုက်ပြီး …

"မင်းကို ငါခိုင်းနေတာ သမိုင်း၊ ဘာလဲ .. အပင်မြင့်နေလို့လား"

"ဟုတ်မယ်ကွ၊ ဒီလောက်အစွမ်းအစမရှိရင်လဲ နေပါစေ၊ အဲဒီမှာ မင်းကောင်ကို ကုန်းခိုင်းလိုက်၊ ငါတက်မယ်"

ကုန်းခိုင်းလိုက် ဆိုသည့်စကားမှာ မျက်လုံးထဲမှာ မီးပွင့်သွား၏။ မောင်မောင့်လက်ကို တစ်ချက်တည်းနှင့်ပြုတ်ထွက်သွားအောင် ရိုက်ပုတ်ထုတ်လိုက်ခြင်း၊ စိုင်းလတ် မျက်နှာကို ခွပ်ခနဲ ထိုးချလိုက်ခြင်းတို့သည် ဆက်တိုက်လျှပ်တစ်ပြက်ဖြစ်သွားခဲ့ပြီး …

"ဟိတ်ကောင် …"



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင် ငေးကြောင်ကြည့်နေမိရာမှ သတိဝင်လာသည်။

"ချ .. ဟိတ်ကောင် .."

အလင်းရောင်က သမိုင်း လက်နှစ်ဖက်ကို နောက်ကနေ အမိအရ လုံးထွေးဖက်၍ ချုပ်ပစ်လိုက်သည်။ စိုင်းလတ် က ကျားနာခဲခဲလျက် ပြန်လှည့်လာသည်။

"မင်းတို့ဖယ် .."

မောင်မောင်က အံကြိတ်သံနှင့်ဆိုကာ ...





## အခန်း (၂၂)

"မေမေကြီး .. ဘာဖြစ်လို့လဲဟင်"

အိမ်ပေါ်တက်လာသည့်တောက်လျှောက်မှာ မိစိန်က စိုးရိမ်တကြီး ပါလာ၏။

"ကျွန်မ ဘာဆေးယူပေးရမလဲ၊ မေမေကြီး နေမကောင်းဘူးလား"

"အေး .. ခေါင်းတွေအရမ်းမူးနေတယ်၊ မီးပျက်နေရင် မီးစက် နိုးစမ်း၊ အဲကွန်းဖွင့်မှဖြစ်မယ်"

"ဟုတ် .."

မိစိန် ပြန်လှည့်ပြေးစဉ်မှာ ခပ်သုတ်သုတ်လိုက်တက်လာသည့် ဒေါ်ရွှေနှင့်ဆုံကာ ...

"မမကြီး ဘာဖြစ်လာလို့လဲ"

"နေမကောင်းဘူးထင်တယ် ဒေါ်လေးရဲ့၊ သွားလိုက်ပါဦး၊ ကျွန်မ မီးစက်သွားမောင်းဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြေးလွှားလိုက်ပါလာကြပေမယ့် ဒေါ်မိမိညို့က အိပ်ရာထဲမှာ ပြေးလဲ့မနေပါ။ ခြုံထားသည့်ပဝါနှင့် လက်ကိုင်အိတ်ကြီးကို အိပ်ရာထက်မှာချထားလိုက်ပြီး ပြတင်းတံခါးတွေ ဖွင့်လိုက်၏။

မီးစက်ရုံဆီကို မီးမိန် သွားနေဆဲမှာ လူက မှုးဝေနေပြီမို့ ပြင်ပလေကို လိုချင်၍ဖြစ်သည်။ ဒါပေမယ့် မျက်လုံးထဲမှာ မြင်ကွင်းတစ်ခုက တန်းခနဲ ဝင်လာ၏။

မာလကာပင်အောက်မှာ လူငယ်လေးယောက် ..။ နှစ်ယောက်သည် သမိုင်း ကို တစ်ဖက်တစ်ချက်ကနေ ချုပ်ကိုင်ထားကြပြီး မောင်မောင်က သမိုင်း ရှေ့မှာရှိနေလျက် ...

"ဘုရား .. ဘုရား ..."

ဒေါ်မိမိညို ကိုယ့်ရင်ဘတ်ကိုဖိထားလိုက်မိ၏။ သမိုင်း မျက်နှာကို တစ်ချက်ထိုးလိုက်၊ လက်သီးဆုပ်ကို တသသပွတ်လိုက်၊ ခဏနားလိုက်၊ ပြီးတော့ နောက်တစ်ချက်က ဝမ်းဗိုက် ..။

"အမလေး .. လေး .."

ထိုလက်သီးချက်တို့သည် ကိုယ့်ခန္ဓာကိုယ်ထဲကို ပစ်ဝင်နေသလို ဒေါ်မိမိညို ရင်ဘတ်ထဲမှာ စူးခနဲအောင့်သွားလိုက်၊ မျက်လုံးထဲမှာ မိုက်ခနဲ ဖြစ်သွားလိုက်။

"မလုပ်နဲ့၊ မလုပ်နဲ့တော့ .."

မောင်မောင့်လက်သီးဆုပ်ကို ဖမ်းဆွဲထားချင်သည့်စိတ်နှင့် လက်ကလှမ်းမိသည်။ နောက်ထပ် သမိုင်း စိုက်ခနဲကုန်းကွကျသွားကာ ခေါင်းပြန်မထူနိုင်ဘဲရှိစဉ် ဒေါ်မိမိညို၏ကိုယ်ခန္ဓာသည်လည်း ပြတင်းပေါင်မှာ ပျော့နွဲ့မှိုကျသွားလျက် ...

"တော်ပါတော့၊ တော်ကြပါတော့ .."

"မမကြီး .. မမကြီး ဘာဖြစ်တာလဲ၊ ဟဲ့ .. မြမြတို့ လာကြစမ်း"





ဒေါ်ရွှေ ပြေးဝင်တွဲစဉ်မှာ ဒေါ်မိမိညို မျက်လုံးတွေ မဖွင့်နိုင်တော့ပေ။ သို့သော် တုန်ယင်ချိနဲ့သည့်လက်တစ်ဖက်က ဘာကိုပြနေမှန်းမသိဘဲ ဟိုဒီထိုးညွှန်လျက်ရှိကာ ...

"သွား .. သွားတားစမ်း၊ သွားခေါ်စမ်း .. သွား .."

ဟုပြောနေရင်း သတိလစ်သွားလေသည်။

"လုပ်ကြပါဦး၊ ဟဲ့ .. ဆရာဝန်အိမ် ဖုန်းဆက်ကြပါဦး၊ မောင်မောင်ရေ ..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

မျက်လုံးတွေဖွင့်လိုက်သည်နှင့် မျက်နှာရှေ့မှာ မောင်မောင် က ဝမ်းသာအားရနှင့် …

"အဘွား .. အဘွား သတိရပြီလား၊ အဲဒါကြောင့် နေမကောင်းဘဲနဲ့မသွားပါနဲ့လို့ အဘွားကိုသားပြောတာ၊ အခု ဟိုမရောက်ခဲ့ဘဲ ပြန်လာတာလား"

ဒေါ်မိမိညို က မဖြေပါ။ မောင်မောင့်ကို မေးစင်းသောမျက်ဝန်းများနှင့် ငေးကြည့်နေ၏။

"မစိန် မီးစက်မောင်းတာတွေမှ အဘွား ပြန်ရောက်နေတာကို သိတာ၊ ခု ဘယ်လိုနေသေးလဲ"

မောင်မောင့်စိတ်ထဲမှာ စိုးထိတ်မှုတွေဖြစ်နေကာ အဘွားက စကားမပြန်လေ၊ အနေခက်လေ ..။ သူ တစ်သက်လုံး ဆင်ခြင်ထိန်းသိမ်းခဲ့သမျှ တစ်ချက်တည်းနဲ့ သိသာသွားမှာကိုတော့ မလိုချင်ပေ။

မိစိန် ပြေးလွှားထွက်လာတာမြင်လို့ မေးကြည့်လိုက်မှ အဘွား အပေါ်ပြန်ရောက်နေတာကို သူ သိခဲ့သည်။ အဘွား ဘယ်မှာလဲလို့ သူမေးတော့ …





"အပေါ်ထပ်တက်သွားပြီ၊ အခန်းထဲမှာ လှဲနေမလို့ထင်တယ်၊ မီးပျက်နေလို့ ကျွန်မ မီးစက်လာမောင်းတာ .."

ဟု ဖြေသည်မို့ သူမော့ကြည့်လိုက်တော့ အပေါ်ထပ် အဘွားရဲ့ပြတင်းတံခါးနှစ်ချပ်စလုံး ပွင့်နေတာကိုမြင်ရ၏။ ထို့ကြောင့် သူ ထိတ်လန့် သွားခဲ့တာဖြစ်သည်။

အဘွား က အသက်ကြီးလာသလောက် သတိကတော့ ကောင်းနေဆဲဖြစ်၏။ အပြင်ကိုသွားဖို့ရှိလျှင် အခန်းတံခါးနှင့်တကွ ပြတင်းပေါက်တွေအားလုံးပိတ်ဖို့ကို မေ့လျော့သွားသည်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ပေ။ ဒီပြတင်းပေါက်တွေပွင့်နေတာဟာ အခု ပြန်ရောက်လာမှ ဖွင့်လိုက်တာသာမှန်ခဲ့လျှင် …။

"မြေးတို့ ဘာဖြစ်ကြတာလဲ"

"ဗျာ .. အဘွား ဘာကိုမေးလိုက်တာလဲ"

တွေးနေတုန်းမို့ အဘွား လေသံပျော့ပျော့လေးက နားထဲမှာ ကျယ်လောင်စွာမြည်ဟည်းသွား၏။ ဒေါ်မိမိညိုသည် ဘယ်လိုမှမယုံကြည်မထင်မှတ်နိုင်သည့်မြင်ကွင်းကိုမြင်ပြီး ကြောင်တောင်တောင်ဖြစ်သွားသူကဲ့သို့ ငေးနေသောမျက်ဝန်းသူငယ်အိမ်က လှုပ်ရှားမှုကင်းမဲ့နေ၏။

မျက်တောင်ခတ်ခြင်းသည် မျက်လွှာနှစ်ခု ထိကပ်သွားသည်အထိ ခရီးမဆုံးဘဲ မျက်တောင်များတို့ လှုပ်ခတ်နေရုံမျှဖြင့် ငြိမ်သက်နေလေသည်။

"အဘွား မြင်လိုက်တယ်၊ မြေးတို့ ဘာဖြစ်ကြတာလဲ"

မောင်မောင် မျက်နှာပျက်သွား၏။ ဟန်ဆောင်ထိန်းချုပ်ဖို့ သတိမရခင်မှာ ဖျတ်ခနဲ မျက်နှာလွှဲလိုက်မိသည်။ ဒေါ်မိမိညို၏မျက်ဝန်းတို့က ကိုမျက်နှာမှာပဲ တစိုက်မတ်မတ် ..။

"သမိုင်း က မျိုးသိပ်လွန်းတဲ့ကောင် အဘွား ရဲ့ သား ဘယ်လိုမှမခံနိုင်လို့ ထိုးပစ်လိုက်တာ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိညို မျက်ဝန်းတွေ ဖြည်းလေးစွာ မှိတ်ကျသွား၏။ ထိုးပစ်လိုက်တယ်ဆိုတာက ဒေါသအလျှောက် တစ်ချက်လွှတ်ပေါက်ကွဲတာမျိုး…။ ဒါပေမယ့် မောင်မောင် ထိုးနေသည့်ပုံကတော့ ဖွဲ့အိတ်တစ်အိတ်နဲ့ ဘောက်ဆင်ပလေးနေသလိုကြီးပါ။ ဒေါ်မိမိညို ရင်ထဲမှာ နာကျင်သွားသည်။

သမိုင်း ကို ထိုးကြိတ်တာထက် လိမ်ညာလိုက်ခြင်းကို ကြေကွဲမိခြင်းဖြစ်၏။ ဒါဆို သမိုင်း အပေါ်မှာ ကိုယ်က ခွဲခြားနှိမ့်ချနေတာတော် ပြောရက်လွန်းသည်၊ ရက်စက်လွန်းသည်ဆိုပြီး သနားငဲ့ညာခဲ့တာတွေက ဘယ်အရပ်ကလာတဲ့စေတနာတွေလဲ။

''အဘွား က မယုံလို့လား''

မောင်မောင့်အသံကိုကြားတော့ ဒေါ်မိမိညို မျက်ဝန်းတွေ ခပ်ဖြည်းဖြည်းပြန်ဖွင့်လာ၏။ မောင်မောင်သည် အလွန်အမင်း မကျေနပ်နေသည့် မျက်နှာနှင့် …

''သူက ဘာပြောတယ်ထင်လဲ အဘွား၊ သူ ကန့်ကွက်လိုက်လို့ အဘွား မြို့မရောင်းဖြစ်ခဲ့တာကို မာန်တက်နေတာ၊ တစ်သက်လုံးက သားကို ရန့်စကားမပြောခဲ့ဖူးဘဲနဲ့ အဘွားက အရေးပေးထားလို့ သားက အဘွားနားမှာကပ်ပြီး မြှောက်ပေးနေတာတဲ့၊ အချိန်တန်ရင် သူ့မှာလဲ ပိုင်ဆိုင်ခွင့်ရှိလာမှာပဲ၊ ခြံကိုပိုင်းရောင်းတဲ့အထိ ဘယ်တော့မှ လုပ်လို့မရဘူး၊ ကြည့်ထား ဘာညာနဲ့ ..''

သူ့ဒေါသတွေနောက်မှာ ဒေါ်မိမိညို မျက်နှာပေါ်ကကောက်ကြောင်းတွေ ဘာမှပြောင်းလဲသွားခြင်းမဖြစ်တော့ မောင်မောင် အနည်းငယ်တွဲ့ဆိုင်းသွားကာ …

''သူ့ကို သား ဘယ်လောက်ခင်တွယ်တယ်ဆိုတာ အဘွား သိသားနဲ့၊ အဘွား က မချစ်တိုင်း သူ ရန်စောင်ပုတ်ခတ်သမျှလဲ သားပဲ တောက်လျှောက်သည်းခံလာခဲ့ရတာ၊ အခုက ဒေါသကို ဘယ်လိုမှ





ထိန်းမရတော့တာ ..''

ဒေါ်မိမိညိုက ပက်လက်ကနေ ဘေးမှာ လက်နှစ်ဖက်ဆုပ် ရပ်နေသည့် မိစိန့်ထံ မျက်ဝန်းတွေရွှေ့လျားသွားကာ …

''သမိုင်း ကိုသွားခေါ် ..''

''ဟုတ် ..''

''အဘွား .. အဘွားက …''

သားကိုမယုံလို့လားလို့မေးမယ့်စကားက အံ့သြခြင်းများစွာဖြင့် လည်ချောင်းဝမှာပဲ ပျောက်ကွယ်သွား၏။ သမိုင်း နဲ့ပတ်သက်ပြီး သူ့ပြောသမျှအပေါ်မှာ အစစ်ဆေးမရှိ အပြစ်ပေးတတ်သော အဘွားက ဘယ်လိုဖြစ်သွားတာလဲ ..။

ငေးသွားမိသည့်သူ့မျက်နှာဆီ အဘွား မျက်ဝန်းတွေ ပြန်ရောက်လာကာ …

''နှစ်ယောက်စလုံးရဲ့စကားကို အဘွား ကြားချင်တယ်''

အခန်းထဲမှာ လုံးဝတိတ်ကျသွားခဲ့၏။ အတန်ကြာသောအခါ မိစိန့်ဝင်လာကာ လက်နှစ်ဖက်ဆုပ်ခေါင်းငုံ့၍ …

''ကိုကိုလေး လာပါပြီ မေမေကြီး''

ပြောပြီး စက္ကန့်သုံးဆယ်ကြာမှ သမိုင်း မျက်နှာပေါ်လာသည်။ အလွန်နေးကွေးသောခြေလှမ်းများနှင့် လူက ခါးအနည်းငယ်ကုန်းနေသည်။ ပြီးတော့ မျက်နှာကို ငုံ့ချထားလျက် ..

''ကျွန်တော်ရောက်ပါပြီ အဘွား ..''

''ငါ့ကိုကြည့်စမ်း ..''

ဒေါ်မိမိညို လေသံက အမိန့်ပေးလိုက်တာပေမယ့် တိုးလျဖျော့ကျနေ၏။ သမိုင်း မျက်နှာမော့လာတော့ မှေးစင်းနေသည့်မျက်ဝန်း များက အညိုမည်းကွက်ကြီးဖြစ်နေသည့် သမိုင်း၏ပါးရိုးတစ်ဖက်မှာ စူးစိုက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခပ်ကုန်းကုန်းဖြစ်နေသည့် ကိုယ်ဟန်ကိုငေးကြည့်၍…

"မောင်မောင်နဲ့ ဘာဖြစ်ကြတာလဲ"

သမိုင်း မျက်နှာ တင်းခနဲ ဖြစ်သွားသည်။ မောင်မောင့်ဘက်ကို မျက်ဝန်းတစ်ချက် ဝေ့သွားပြီးမှ မေးရိုးနှစ်ဖက်မှာ တင်းခနဲဖြစ်၏။

ဒါပေမယ့် အဘွား မျက်ဝန်းတွေနဲ့ ရင်ဆိုင်ကြည့်မိသည့်အချိန်မှာ သူ့မျက်ဝန်းတွေမှာ ဘယ်လိုနာကျင်မှန်းတီးခြင်းမှ စွန်းထင်းမနေစေဘဲ …

"ကျွန်တော် … ကျွန်တော့်မှာပဲ အပြစ်ရှိပါတယ် အဘွား …"

"မင်းကို ဝန်ခံခိုင်းနေတာမဟုတ်ဘူး၊ ဘာဖြစ်တာလဲလို့မေးနေတာ …"

သမိုင်း မျက်ဝန်းတွေ ဒေါ်မိမိညို ထံမှာ ငေးသွား၏။ ကြေကွဲခြင်းသက်သက်နဲ့ပါ။ ကျွန်တော်မှန်ပါတယ်လို့ ရှင်းပြဖို့ကြိုးစားတိုင်း အဘွား ဘယ်တုန်းက လက်ခံခဲ့လို့လဲ …။

ရင်ထဲမှာနင့်နေသည်။ မောင်မောင် ထိုးခဲ့တဲ့လက်သီးချက်တွေထက် ပို၍နာကျင်လာခဲ့၏။ သူ ဆုံးဖြတ်ပြီးသားပါ။ မောင်မောင်နှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ကိုယ်နဲ့သက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ နောင် ဘယ်တော့မှမပြော …။

အိမ်မှာ ကြီးလုံ မျက်ရည်လည်ရွဲနှင့် ကျန်ရစ်ခဲ့ရှာသည်။ မှာလိုက်တဲ့စကားတွေကလည်း တတွတ်တွတ် …။

"လူလေးကို ထပ်ရိုက်ဦးမလို့ထင်တယ်၊ ရှင်းပြခွင့်ရအောင်ကြိုးစားပါ သားရယ်၊ ငိုတတ်တဲ့ကလေး နို့စို့ရတယ်တဲ့၊ ဘာမှမမြင်ရတဲ့လေတောင်မှ သစ်ပင်တွေအားကိုးနဲ့ မြည်သံပေးနိုင်သေးတယ်၊ သားဘက်မှာ အမှန်တရားရှိပါတယ်ကွယ်၊ ကြည့်ပါဦး၊ ဗိုက်ကို အထိတောင်မခံနိုင်ဘူး၊ ဘယ်နှစ်ချက်တောင် ထိုးပစ်လိုက်တာလဲ၊ ကြီးလုံ ဘာလုပ်ပေးရမလဲ၊ ဘုရားတရား ကယ်တော်မူပါ"





မောင်မောင်နှင့်ပတ်သက်လျှင် သူ့မှာ တစ်ချက်လွှတ်ဒေါသဆိုတာ …မြူရကောင်းမှန်းတောင် မသိတော့ပါ။ လူငယ်ချင်း အကျောတင်မခံ…သည့်မာနနှင့် အလင်းရောင်ကို သူထိုးပစ်လိုက်စဉ်မှာ မောင်မောင်က …ပါလာတော့ ဘာမှမတတ်နိုင်။

"လူငယ်ချင်းပဲ မြေးရယ်၊ အနိုင်ကျင့်တာကို ကုန်းရုန်းခံတဲ့အထိ …တာ အရှုံးမပေးပါနဲ့၊ တကယ်တမ်း ထိုးကြကြိတ်ကြဖြစ်လာရင် နှစ်…ဘက်စလုံး မြေးတွေပဲ၊ မမကြီး နားလည်မှာပါ" တဲ့။

မြှောက်ပေးတာမဟုတ်ပေမယ့် ကြီးလုံ မချင့်မရဲပြောဖူးသည်။ …ထိုအနောတရဖြစ်ကြတာမဟုတ်ဘဲနဲ့တောင် မောင်မောင်ပြောမှ အဟုတ်၊ …င်မောင်လုပ်တာ မှန်သည်။

ကြိမ်လုံးနဲ့ဖြစ်ဖြစ်၊ လက်နဲ့ရိုက်ရိုက် ပြောခွင့်လုံးဝမပေးဘဲ အရိုက်ခံ…ရတာတွေက တစ်သက်လုံးတည်းက။ ထို့ကြောင့် သူ …ဖြတ်ပြီးသား …။

"သမိုင်း … ငါမေးနေတယ်လေ"

အကြာကြီးပါးစပ်ပိတ်နေခြင်းကို သည်းမခံနိုင်သလို ဒေါ်မိမိညို…တစ်လုံးချင်းမေးသံထွက်၏။ သမိုင်း နောက်ထပ်မျက်လွှာချကာ…

"ကျွန်တော် စထိုးတာပါ၊ ကျွန်တော့်မှာပဲ အပြစ်ရှိပါတယ် အဘွား"

အဘွား မပင်မပန်းရိုက်ပါစေ …။ သူ ရှေ့ကိုတစ်လှမ်းတိုးလိုက်…အဘွား ခုတင်ဘေးမှာ ဒူးထောက်ပေးလိုက်သည်။

မင်းမပြောရဲပါဘူး သမိုင်းရာ၊ ငါသိတာပေါ့ …၊ အဟွန်း …။

ဒူးထောက်ရှာပြီဆိုသည့် စူးခနဲ အကြည့်နှင့် မောင်မောင့်နှုတ်ခမ်း…ဖြစ်သော ခပ်လွန့်လွန့်အပြုံးတစ်ချက်ကို ဒေါ်မိမိညို မျက်လုံးအဝေ…မြင်သွား၏။

လူငယ်နှစ်ယောက်၏မျက်နှာတွေကို မျက်ဝန်းဝေ့ကြည့်လိုက်ပြီး …ဒေါ်မိမိညို မြင်လွှာတွေကို ပိတ်ချပစ်လိုက်သည်။ ထို့နောက် လ…



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ထောင်လာပြီး အားလုံးထွက်သွားဖို့ ခါထုတ်ပြ၏။

မောင်မောင် မျက်မှောင်ကြုတ်ကျသွားသည်။ အဘွား ဘာလု
တာလဲ ..။

ရင်ဘတ်ပေါ်မှာ လက်နှစ်ဖက်တင်ထားကာ မျက်ဝန်းတွေမှိ
လျက် အေးချမ်းစွာ ငြိမ်သက်သွားခဲ့သည့် ဒေါ်မိမိညိုကတော့ မောင်မော
တအံ့တသြဖြစ်ကျန်ခဲ့တာကိုလည်း မကြည့်တော့ ..၊ သမိုင်းကို ဥပေက္
စကားတွေပြောဖို့လည်း စိတ်မဝင်စားတော့သလို နောက်ထပ်လှုပ်ရှာ
ထပ်ဖြစ်မလာတော့ပေ။

ထိုအခါ ခုတင်ဘေးမှာကပ်လျက် ဒူးထောက်ထိုင်နေသည့် သမို
ကို အထက်စီးမှ အံကြိတ်၍ စူးစူးရဲရဲကြည့်နေရင်း မောင်မောင် လက်
နှစ်ဖက်ဆုပ်၏။

သို့သော် အသက်ရှူပြင်းနေတာကို ပြန်လျှော့သည်။ လက်
ဆုပ်ကိုပြန်ဖြေ၏။ နောက်ထပ်ပင့်သက်တစ်ရှိုက်မှာ စူးရဲမှုန်ကုပ်
သည့်မျက်နှာကိုပါ အပြေအပြစ်ပြု၍ ...

''မင်းကိုငါတောင်းပန်ပါတယ် သမိုင်းရာ၊ အပြင်မှာ ငါတို့ စကာ
ပြောရအောင်၊ အဘွား နားပါစေ ..''

ဒူးထောက်ငေးနေရင်း သမိုင်း မျက်နှာမှာ နာကျင်သည့်မျ
တစ်ချက် စွန်းထင်သွား၏။ ဒီလိုမြန်မြန်ဆန်ဆန် ပြုံးနိုင်မဲ့နိုင်ကြသ
သရုပ်ဆောင်ပညာတွေကို ရုပ်ရှင်ပိတ်ကားပေါ်မှာပဲ မြင်ဖူးခဲ့သည်။ အပြ
မှာလည်း ဒီလိုရှိတတ်သလား ..။

သူ နားနဲ့ဆတ်ဆတ်ကြားလိုက်ရတာတော့ အမှန်ပဲဖြစ်လေသည်





အခန်း (၂၄)

[illegible]

ကမ္ဘာကြီးအချည်လည်း [illegible]
အဆုံးမသတ်တဲ့ စာစုလေးတစ်စုကိုဖတ်ရပြီးချိန်မှာတော့
အပျော်တွေအားလုံး လွင့်ပါးပျောက်ဆုံးခဲ့ရပါတယ် ..
ပျော်နေစေချင်ရင် ပျော်စရာတွေပြန်ပေးပါ ..
သူ ဘယ်သူလဲ ...။

ကားမောင်းနေရင်း ကိုယ်ရေးခဲ့တဲ့ စာကြောင်းလေးတွေကို ပြ
းနေမိသည်။ ပြီးတော့ သူပြန်ရေးသွားတဲ့စာတွေကို ပြန်တွေး၍
နေမိရင်း ...

ဒါဟာ ရောဂါတစ်ခုဆိုရင်
တစ်မျိုးရောဂါအမည်ဟာ လူနာမသိတာပိုကောင်းပါတယ် ..
''ဒုတ် .. ဒုတ် ..''



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေတုန်းမှာ ကားက နှစ်ချက်သုံးချက်ဆောင့်ခုန်၍ ရပ်သွား၏။ စိတ်ကူးထဲက အနုအရွတာသားတွေပျောက်ကုန်ကာ နေသည့်စိတ်က ညမှောင်မှောင်ထဲမှာ ပြေးလွှားနေသည့်ကားထဲ ပြန်ရောက်လာခဲ့သည်။

"ဘာဖြစ်တာလဲ သမီး"

"မသိဘူး မေမေ"

မသိဆို ကားရပ်သွားမှ စိတ်က ကိုယ်မှာကပ်တဲ့ဟာ …။

"ခဏလေး .. သမီး ဆင်းကြည့်လိုက်မယ်"

"အို .. နေဦး၊ မိုးဖွဲ့ဖွားတွေကျနေတယ်မို့လား"

ခတ် က တံခါးဖွင့်ဖို့လုပ်တော့ ဒေါ်စိမ့်သူက လက်ကိုဆွဲ

ကာ …

"ဒီတိုင်းပြန်နှိုးကြည့်ပါဦး သမီးရယ်၊ မဆင်းနဲ့၊ မိုးနဲ့လေနဲ့

ပေါ်မှာ ကားတွေတောင်ရှင်းနေပြီ"

ခုမှ ပဲခူးကနေ နေ့ချင်းပြန် ဖွတ်ထွက်လာမိတာကို နောင်

နေမိသည်။ တကယ့်လူရင်းတွေမို့ မင်္ဂလာဆောင်လက်ဖွဲ့

ပို့လိုက်လို့လည်းမဖြစ်၊ ထို့ကြောင့် သားအမိနှစ်ယောက် သွားခဲ့ရ

ဟိုရောက်မှ ပြန်ရမလို၊ ညအိပ်ဖြစ်တော့မလိုနှင့် ခတ် က မနေချင်

ဆိုပြီး ရှုံ့မဲ့နေလို့ ညနေစောင်းမှ ထပြန်လာခဲ့မိ၏။

"မေမေထင်သားပဲ၊ ကားကိုမောင်းထွက်လာကတည်းက

မစစ်ဆေးဘဲနဲ့ .."

"မေမေကလဲ၊ ဒါ ဖေဖေစီးနေတဲ့ကားပဲဟာ၊ ဖေဖေက

ကို ကားပေါ်တက်ခါနီးမှ ပြင်တဲ့လူမျိုးမှမဟုတ်တာ၊ နည်းနည်း

ဖြစ်တာလောက်တော့ သမီး ကြည့်တတ်ပါတယ်၊ ဆင်းကြည့်

မယ်"

ခတ် က ဆံပင်ဖားလျားလေးတဝဲဝဲနှင့် ကားပေါ်ကဆင်းသွာ





အပြောင်အပျောသားအင်္ကျီပွပွနှင့် ဘောင်းဘီရှည်အဖြူလေးဝတ်ထားသဖြင့် ညအမှောင်ထဲမှာ ထင်းနေသည်။ ပြီးတော့ အင်္ကျီက ရယ်ဒီမိတ်အကောင်းစားမို့ ရင်ဘတ်မှာ ပုလဲနှင့်ကိုရီးယားစိန်တွေကို ဖန်းဖောက်သီထားတာက ပြိုးပြက်လက်နေ၏။

ညကြီးမင်းကြီးမှာ ဆံပင်ကဖားလျား၊ ဘောင်းဘီကဖြူဖြူနဲ့ တစ်ကိုယ်လုံးက ပြိုးပြိုးပြက်ပြက်ကြီးဆိုတော့ ဒေါ်စိမ့်သူ သမီးအတွက် ရတက်မအေးဖြစ်ကာ ကားထဲကနေ ရှေ့ကြည့်နောက်ကြည့် ဖြစ်သွား၏။

"ဟင် …"

ယောကျ်ားသုံးယောက် ခပ်သုတ်သုတ်လျှောက်လာနေကြ၏။ ဒေါ်စိမ့်သူ မြင်လိုက်သည့်အချိန်မှာပဲ ကားနောက်မြီးနားရောက်နေပြီဖြစ်သည်။

"မင်းမယုံရင် သွားကိုင်ကြည့်ပါလား၊ နတ်သမီးကိုယ်ထင်ပြနေတာ ဟုတ်လား မဟုတ်လား သိရအောင် .."

"အေးကွာ၊ အနီးကပ်လာလေ လှလေ၊ ယုံပြီ .. ယုံသွားပြီ"

ဒေါ်စိမ့်သူ မျက်လုံးပြူးသွားပေမယ့် ခတ် လှည့်ကြည့်လိုက်ပုံက ကြောက်ရွံ့ဟန်မရှိဘဲ ရှုံ့ရှာသလို နှုတ်ခမ်းမဲ့လျက် …

"ဟိုင်း .. နတ်သမီးလေး .."

လူတွေထက်အရင် အရက်နံ့က ထောင်းခနဲ မွှန်သွား၏။ ဒေါ်စိမ့်သူ ကမန်းကတန်း တံခါးဖွင့်ဆင်းမယ်လုပ်တော့ တစ်ယောက်က တံခါးကို ကိုယ်နဲ့ကပ်ဖိထားလိုက်၏။

"ဟေ့ .. ဘာလုပ်တာလဲ .. ဖယ်စမ်း"

ကားက မှန်လုံတင်ထားသဖြင့် ပြောတာကိုလည်း အပြင်က ကြားမှာမဟုတ်၊ ကြားလည်း အကြောင်းထူးမည်မထင်ပါ။ သမီးအတွက် စိုးရိမ်စိတ်နှင့် အဆင်သင့်ထည့်ဆောင်ထားသည့် သံတုတ်တိုကိုကောက်ယူပြီး ဟိုဘက်တံခါးကိုဖွင့်ဖို့လှည့်လိုက်တော့လည်း ဟိုဘက်မှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်။

ဒေါ်စိမ့်သူ ကားထဲမှာပိတ်မိနေစဉ် တစ်ယောက်သောပုဂ္ဂိုလ်က ပါးနစ်ဖက်ပေါ်အထိ ကော့ကားနေသည့် နှုတ်ခမ်းမွှေးကို လက်ညှိုးနှင့်လက်မခွ၍ မုန်းတီးဖွယ်ပွတ်သပ်နေကာ ...

"နတ်ပြည်မှာ အေးဆေးနေပါလား နတ်သမီးရယ်၊ ဒီအချိန်ကျမှ လူ့ပြည်ဆင်းပြီး round တော့ နတ်ပြည်ကိုပြန်မတက်နိုင်ဖြစ်ရပြီပေါ့၊ ဘာလိုသလဲ ပြောလေ၊ ကိုကြီးတို့က သုံးယောက်ပဲရှိပေမယ့် မင်းအတွက် လိုလေသေးမရှိဖြစ်သွားမှာပါ"

"ခွေးပါးစပ်နဲ့ .. တောက် .."

"ဖြန်း ...."

"ဟ ..."

နှုတ်ခမ်းမွှေးနှင့်မျက်နှာကြီး ပြုတ်ထွက်ပါသွားသလားထင်ရသည်။ မိန်းမသားလက်ဝါးပေမယ့် သူ့ကိုယ်နဲ့ကြီးပါ ရိုက်အားနှောက်ပါကဒယီးဒယိုင်ဖြစ်သွား...

"ဟား .. လုပ်လှချည်လား"

"ဟိတ်ကောင် ... မင်းဘယ်လောက်ဒီ အသားစီးပေးမှာလဲ"

တက်ခေါက်သံတွေရော ဒေါသသံတွေပါ တစ်ယောက်စီကနေ ထွက်လာ၏။ မြန်မြန်ဆန်ဆန်ကြီး ပေါက်ကွဲပစ်လိုက်သည့် သမီးအတွက် ဘာဖြစ်တော့မည်ကိုသိလိုက်သော ဒေါ်စိမ့်သူ သံတုတ်ကို ခါးလယ်ကနေ စုကိုင်လိုက်၏။ ကားဘာဖြစ်သွားသွား ကိုယ့်သမီးကိုတော့ ကိုယ့်ရဲမျက်စိ အောက်မှာ အစော်ကားမခံနိုင်။

မလွတ်မြောက်နိုင်တော့ဘူးဆိုရင်တောင် 'ငါသေမှ ငါ့သမီးကို ဖျက်ဆီးလို့ရမယ်' ဆိုသည့်မေတ္တာစောနှင့် မှန်ကို အထဲကနေ ရိုက်ခွဲပစ်လိုက်ဖို့ အားရပါးရမြှောက်သည်။

သို့သော် မျက်လုံးထဲကို တစ်စုံတစ်ယောက်၏အရိပ်က တိုးဝင်





လာ၏။ အမှောင်ထဲကို လှမ်းမမြင်ရဘဲ ကားနားကိုရောက်မှ ဘွားခနဲ ပေါ်လာတာမျိုး ..။

"ဟိတ်လူ .. မိန်းကလေးကိုလွှတ်လိုက်ပါ"

ခတ် ကို ကားနဲ့ချောင်ပိတ်ရပ်ရင်း အတင်းအကျပ်ပွေ့ဖက်ဖို့ ကြိုးစားနေသူက ဖျတ်ခနဲ လှည့်ကြည့်သည်။

"သမိုင်း ..."

ခတ် ဝမ်းသာအားရခေါ်လိုက်တော့ လက်နှစ်ဖက်ကိုဆုပ်ကိုင်ထားသူက လက်ကိုလွှတ်၍ သမိုင်း ကိုရင်ဆိုင်ရပ်လိုက်သည်။

"သမိုင်းတွေ၊ ရာဇဝင်တွေ ဒီမှာအရာမဝင်ဘူး ကိုယ့်လူ၊ ရုပ်ရှင်ရိုက်ကွင်းမှာလို မင်းကိုလက်မြှောက်ပြီး အမြီးတန်းအောင်ပြေးမယ်ထင်ရင် စမ်းကြည့် .."

"စမ်းမကြည့်ပါဘူး၊ သုံးယောက်တစ်ယောက်ကို အမိုက်ခံပြီး မိန်းခေါ်ရလောက်အောင် ငါက တော်းပမဟုတ်တာ၊ ဟိုမှာတွေ့လား၊ ကားထဲကို နည်းနည်းလှမ်းကြည့်လိုက်၊ ပုလောက်ဆို ၁၉၉ က ဒီနားရောက်နေလောက်ပြီ"

ကားထဲမှာ ဒေါ်စိမ့်သူက ဖုန်းကိုမြင်အောင်ပြပြီးမှ ပိတ်ပစ်လိုက်၏။ သုံးယောက်စလုံး မယုံမကြည်နှင့် ကြောက်စိတ်တွေဖြစ်ကာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

သမိုင်း က ရုပ်အင်္ကျီအဖြူပေါ်မှာ မိုးကာဂျာကင်ကြီးနှင့်ဖြစ်ကာ ဂျာကင်က ဈေးအနည်းဆုံး ခပ်ညံ့ညံ့မို့ လက်လှုပ်တိုင်း တရွမ်းရွမ်း အသံတွေမြည်နေ၏။

လွယ်ထားသည့်အိတ်ကို စလွယ်သိုင်းပြောင်းလွယ်လိုက်ပြီး ဂျာကင်ကို ရင်ဘတ်ကစစ် ဆွဲပိတ်သည့်လှုပ်ရှားမှုမှာ အသံတွေ နားငြီးလောက်အောင် ထွက်ပေါ်သွားလျက် ...

"သုံးယောက်တစ်ယောက်မို့လို့ နိုင်ချင်မှနိုင်မှာပေမယ့် ရဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့အထိတော့ မင်းတို့ကို ထိန်းထားနိုင်ပါသေးတယ်''

ဟုပြောကာ ခတ် ကိုလှမ်းကြည့်၍ ..

''မြန်မာမိန်းကလေးတစ်ယောက်ရဲ့အရှက်ကို ကာကွယ်ဖို့ သွေး
ထွက်သံယိုဖြစ်တာလောက်တော့ စတေးရမှာပဲ''

''အံမာကွာ ...''

''ဟော့ ...''

''ကျွတ် ...''

ခတ် ကိုမဲနေသည့်တစ်ယောက်က မိုက်တိမိုက်ကန်းလက်ဖြ
သည်နှင့် ကားတံခါးတစ်ဖက်စီမှာပဲရှိနေသေးသည့်နှစ်ယောက်က သံ
မြည်သံပေး၍ အချက်ပြ၏။

လှည့်ကြည့်လိုက်တော့ ခပ်ဝေးဝေးဆီမှ ကားမီးရောင်တွေဖြစ်သည
သုံးယောက်စလုံး နောက်ထပ်မတိုင်ပင်ရဘဲ ပြေးထွက်သွားကြလေသည

''အမလေး .. ကျေးဇူးတင်လိုက်တာကွယ်၊ သမီး .. သမီးလေ
တက်နဲ့ ..''

ဒေါ်စိမ့်သူ ကယောင်ချောက်ချားတွေဖြစ်ကာ ချက်ချင်းပဲ ကာ
မောင်းပြေးတော့မလို ထဖြစ်၏။ ကျေးဇူးတင်ပါသည်ဆိုပြီး သမိုင်
ကိုပင်လှည့်မကြည့်ဘဲ တံခါးတစ်ဖက်ဖွင့်၍ ခတ် ကို တက်ခဲ့ဖို့ တွင်တွ
ခေါ်၏။

''ကားကမှ မောင်းလို့မရတာ မေမေရယ်၊ သမိုင်း .. ယူ ကာ
ပြင်တတ်လားဟင်''

မေးပြီး ခဏစောင့်နေတော့ သမိုင်း က ဘာမှမပြောသောကြောင့် ..

''ကူညီလက်စနဲ့ ကားကို တစ်ချက်လောက်ကြည့်ပေးပါလား''

သမိုင်း က ခတ် မျက်နှာကို တစ်ချက်မှမကြည့်ပေ။ စောစေ
ကနှင့်ဘာမှမဆိုင်ဘဲ သူ့ကိုအလုပ်ရှုပ်စေသည့် မှန်ကုပ်ကုပ်မျက်နှာနှင့်...

''နိုးကြည့်လေ ..''





''အင်း .. အင်း ...''

ခတ် က ကားထဲ ကပျာကယာဝင်ထိုင်လိုက်ပြီး စက်နှိုး၏။ ထို
စဉ် မီးပေါက်တွေကမြည်သံပေး၍ ခပ်ကျဲကျဲသွန်ချလာကြသည်။ သမိုင်း
က စက်ထဲကိုငုံ့နေရာကနေ မိုးကာခေါင်းစွပ်ကို ခေါင်းပေါ် ဆွဲတင်
လိုက်သည်။

''မိုးတွေရွာနေပြီ၊ အားနာစရာကြီး ..''

ကိုယ်ကတော့ ကားထဲမှာ အရိပ်ခိုနေရတာကို စိတ်မလုံသလို
ဖြစ်ကာ ထီးကိုလှမ်းယူပြီးဆင်းဖို့ပြင်တော့ ခတ် ကို ဒေါ်စိမ့်သူက
ဆွဲထား၏။

''ဆင်းဖို့လုပ်ပြန်ပြီ၊ ဟိုကားတွေ ဒီဘက်ကို မလာမှန်းသိပြီး ဟို
လူဆိုးတွေပြန်ရောက်လာရင်ခက်မယ်၊ ငြိမ်ငြိမ်ထိုင်နေစမ်းပါ''

''မေမေရယ်၊ ပြန်ရောက်လာရင်လဲ ကိုယ့်ကိုရန်ရှာမယ့်သူတွေ
ရှိမယ်၊ သူက ဝင်ကူညီတဲ့လူ၊ ဘာဖြစ်ဖြစ် ခတ် တို့ရင်ဆိုင်ရမှာပဲဟာ၊
စောစောက မေမေ တကယ်ဖုန်းဆက်လိုက်တာ မဟုတ်ဘူးလား''

''ဆက်တော့ဆက်တာပဲ၊ မှန်တွေတင်ထားတဲ့ဥစ္စာ၊ ဘယ်လိုလုပ်
လိုင်းမိမလဲ၊ ဒီကောင်တွေ ဟန်းဖုန်းမကိုင်ဖူးလို့ပြေးကုန်တာ၊ အဲဒါ
ကြောင့်ပြောတာပေါ့၊ ရဲက တကယ်လာတာမှမဟုတ်တာ ..''

''ဒီကားမကောင်းရင် သမီးတို့ ဆက်သွားလို့ရမှာမှမဟုတ်တာ ..''

''ဒါပေမယ့် အခု အိမ်ကိုဖုန်းဆက်ပြီး ညည်းအဖေကိုခေါ်လိုက်
ရင်ရပြီ၊ ဒါမှမဟုတ်ရင် ဝပ်ခ်ရှော့တစ်ခုခုပေါ့၊ ခုနကတည်းက ဒီလို
လုပ်လိုက်ရင်ပြီးပြီ၊ တံခါးတွေလော့ခ်ချပြီး အထဲမှာနေရင် မြေခွေး
တွေလိုတော့ တစ်ညလုံး ဘယ်သူမှ ငုတ်တုတ်ထိုင်မစောင့်ဘူး၊ အဲဒါ
သမီးဆင်းသွားလို့ဖြစ်တာ ..''

''နိုးကြည့်လိုက်ပါဦး''

ဒီဘက်ကို ဓာတ်မီးရောင် လက်ခနဲ ဝင်းလာပြီး သူ့အသံကြားမှ



www.burmeseclassic.com

www.burmeseclassic.com



သားအမိ စကားပြတ်သွား၏။ ထိုအခါကျမှ သမိုင်း ကို ခတ်မီးပေး ဖို့မေ့နေသည့်အဖြစ်ကို သတိရ၏။

စက်နှိုးကြည့်လိုက်တော့ နိုးသွားမှ သမိုင်း က ခတ်မီးကို သူ့ အိတ်ထဲပြန်ထည့်ပြီး ဘွန်နက်ကို ပြန်ပိတ်လိုက်သည်။ ထိုအခါကျမှ ကားမီးရောင်ထဲမှာ မိုးစက်တွေသိမ်းသည်းနေတာကို သေချာမြင်လိုက် ရ၏။

"သမိုင်း .. သမိုင်း ဘယ်ကိုပြန်ရမှာလဲ၊ လာပါ .. ခတ် တို့ လိုက်ပို့ပါမယ်၊ မိုးတွေလဲရွာနေပြီ"

"ရတယ်၊ မိုးကာပါတယ်"

"ဟဲ့ ..ဟဲ့ ...အို .. မဟုတ်ပါဘူး၊ ဘယ်သူ .. သမိုင်း .."

ပြတ်သားစွာကျောခိုင်းသွားပြီးမှ ဒေါ်စိမ့်သူ လှမ်းခေါ်တော့ ပြန်ငဲ့ ကြည့်၏။ စိတ်မရှည်သည့် မျက်ခုံးခပ်တွန့်တွန့်တွေနဲ့ပါ။

ဖြစ်မှုဖြစ်ရလေ ...။ ဘာဖြစ်လို့ယောက်ျားမျိုးပါလိမ့် ...

ဒေါ်စိမ့်သူ ကျေးဇူးတင်နေသည့်စိတ်က ပိုကဲနေသဖြင့် [illegible] ခေါ်မိတာဖြစ်သည်။ ဒီမျက်နှာကို ခုမှသတိရသည်။ ဟိုတစ်ခါလည်း လမ်းဘေးမှာရန်ဖြစ်နေလို့ သမီးက ခေါ်ဖူးသည်ပဲ။ ထိုစဉ်ကလည်း ဤသို့ဤနယ် ...။

"မင်းနယ်ကွယ် ... မိုးတွေလဲရွာနေတယ်၊ တို့သားအမိကိုလဲ ကူညီထားလို့ ကျေးဇူးဆပ်တဲ့သဘောပါ၊ နောက်မှာ ငါးယောက် လောက် အေးဆေးထိုင်လို့ရတဲ့ဟာ၊ မိုးရေထဲ ဒီတိုင်းမသွားပါနဲ့"

"ဟုတ်ပါတယ် သမိုင်းရယ်၊ ဝင်စရာကိစ္စတစ်ခုခုရှိသေးရင်လဲ လိုက်ပို့ပါ့မယ်၊ တော်ကြာ ဟိုလူဆိုးတွေ တစ်နေရာရာကနေ ချောင်း မြောင်းနေရင်ဒုက္ခ .."

သမိုင်း သည် ခတ် တို့ပြောနေတာကို တည့်တည့်လှည့်ရပ်ပြီး သေချာနားထောင်သည်။ ပြီးမှ ခေါင်းခါ၍ ...





"နေပူပူ မိုးရွာရွာ လမ်းပေါ်မှာ ကျွန်တော် ဒီလိုပဲသွားနေကျပါ၊ ကိစ္စမရှိပါဘူး"

နောက်ထပ်မခေါ်ပါနဲ့လို့ မပြောသော်လည်း အဆုံမတန် လှမ်း ထွက်သွားသည့်ခြေလှမ်းကျဲတွေက ခပ်ဝေးဝေးကို မြန်မြန်ဆန်ဆန်ကြီး ရောက်သွား၏။

ခတ် က သံယောဇဉ်မကင်းနိုင်ဘဲ လိုက်ငေးနေပေမယ့် ဒေါ် စိမ့်သူက ကရုဏာဒေါသနှင့် သက်ပြင်းရှည်ကြီးချကာ ...

"တကယ်ပဲ လမ်းပေါ်မှာနေသလားမသိပါဘူး၊ လမ်းပေါ်မှာပဲ မြင်ရတယ်၊ မြင်ရတိုင်း ရန်ဖြစ်နေတာချည်းပဲ"

"မေမေကလဲ ..., အခုတောင်မှ သမီးတို့ကို ဝင်ကူညီရင်းဖြစ်တဲ့ ဥစ္စာ၊ သူက အရှမ်းကို သည်းခံတတ်တဲ့သူပါ၊ ကျောင်းမှာ သူ့အကြောင်း အားလုံးသိတယ်၊ သူက စကားသိပ်မပြောဘဲ လှက်ပါတာ ..."

"ဘုရားရေ ..."

"မဟုတ်ဘူးလေ၊ စိတ်မြန်လက်မြန်ဖြစ်တာမျိုးကို ပြောတာ မဟုတ်ဘူး၊ သည်းခံပေမယ့် မကြောက်တတ်တာကိုပြောချင်တာ .."

"ဒီလောက်ရှင်းပြမနေပါနဲ့ကွယ်၊ မေမေက သမီးကိုမွေးထား တာပါ၊ ဒီလောက်တော့ လူကဲခတ်တတ်ပါတယ်၊ တစ်ခုရှိတာက ရိုး သားတဲ့ဂုဏ်တစ်ခုရှိနေရုံနဲ့ လူတစ်ယောက်ရဲ့ဘဝက ပြီးပြည့်စုံသွား တာမဟုတ်ဘူး၊ ကဲ .. ကဲ ... မောင်းစမ်းပါ၊ အိမ်ရောက်မှပြောလဲ ရပါတယ်၊ ဟိုလူငယ်ကသွားပြီ၊ မေမေတို့ချည်းကျန်ခဲ့တုန်း ဟိုဟာ တွေပြန်လှည့်လာမှခက်မယ်"

မောင်းထွက်လာခဲ့တော့လည်း သမိုင်း ကိုကျော်ဖြတ်မောင်း ခဲ့ရတာဖြစ်သည်။

ခတ် တင်မကဘဲ မေမေတောင် စိတ်မဖြောင့်နိုင်ဘဲ သမင်လည်ပြန် လှည့်ကြည့်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးက သမီးကတော့ရင်းနှီးပြီး သမီးကို ဘာဖြစ်လို့ မရင်းနှီးတာလဲ"

ဆိုသည့်စကားက ခတ် ကိုမေးတာလား၊ တစ်ယောက်တည်း ရေရွတ်နေသည်လားတော့မသိပါ။ ခတ် ကတော့ ခေါင်းနပန်းကြီး သွားခဲ့၏။

"မေမေမေးတာ ဖြေစမ်း သမီး" လို့ထပ်မေးလျှင် ဘယ်လိုဖြေရမှန်းမသိ။





## အခန်း (၂၅)

"အဟွတ် .. အဟွတ် .. ဟတ်ချိုး .."

"ဒုက္ခပါပဲဟယ် ..."

ကားမောင်းနေရင်း စုမြတ် က ခဏခဏလှည့်ကြည့်သည်။ နှာစေးချောင်းဆိုးဖြစ်နေမှန်းသိပေမယ့် နှာချေတာရော၊ ချောင်းဆိုးတာရော တစ်ပြိုင်တည်းဖြစ်တော့ ခတ် မျက်နှာလေး ငုံ့ကျသွားတာကို စိတ်မချမ်းသာ ..။

"ခတ် ရယ်၊ နင်ကလဲ .. နေမကောင်းဘဲနဲ့ .. ကျွတ် .."

"ကဲ .. မောင်းမှာသာမောင်းစမ်းပါ၊ အဟွတ် .. အဟွတ်..."

"မောင်းနေပါတယ်၊ မိုးရာသီမှာ မိုးထိခံတာလဲမဟုတ်ဘဲ ကိုယ့်ကိုကိုယ် ညှာတာမှပေါ့၊ ဝတ်လှာ လဲရှိတာမဟုတ်ဘူး၊ ငါတို့နှစ်ယောက်တည်း အပြန်မိုးချုပ်မှာသေချာတယ်၊ အန်တီ့ကို နင် ဘယ်လိုပြောခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ရှေ့တင်ပြောခဲ့တာလေ၊ ခေါင်းတွေအုံနေလို့ ကားလျှော
စီးမလို့ပါဆို ..."

ကားကို လမ်းကြားထဲကွေ့ဝင်လိုက်တော့ ကျပ်ကပ်ရှောင်သွား
နေကြသည့် ကားအချင်းချင်း မပွတ်မိ၊ မငြိမိအောင် စုမြတ် ဂရုစိုက်
နေရသည်။ ခတ် ကတော့ လက်ကိုင်ပဝါလေးနှင့် ပါးစပ်ကိုအုပ်ထား
ပြီး ကူရှင်မှာ သက်သောင့်သက်သာမှီနေတာ အေးဆေး။

"ခတ် ..."

"ဟင် ..."

"ဟိုက ရောက်မလာတာ သေချာနေပြီပဲ၊ အဲဒီပုကိစ္စကို မေ
လိုက်ပါဟာ .."

"ငါမှ မေ့လို့မရတာ .."

"ကိုယ့်ရောဂါ ကိုယ်ရှာတာပဲ ခတ်ရယ်၊ ဖုန်းပြောမိကြပြီး အသ
ကို စွဲလမ်းတာဆိုရင်ထားပါတော့ .."

"ဒါက ကိုယ်တိုင်ခံစားဖူးမှသိတာ၊ ငါ့ရဲ့စိတ်ကူး၊ ငါ့ရဲ့ဆန္ဒ ဘယ
လိုဆိုတာ သူခံစားမိနေတာကိုပဲ ငါ အရမ်းကြည်နူးတာ၊ ပြီးတော
သူနဲ့ငါ မမြင်မစမ်းနဲ့ ဆုံစည်းခဲ့ကြတာမှန်ပေမယ့် ဆုံစည်းဖို့ အစပြုခဲ့
ဒီပန်းချီပုံလေး မပျောက်မပျက်ရှိနေခဲ့သေးတာကြည့်၊ စိတ်ဝင်စားခြင်း
က အဲဒီမှာ နည်းနည်းလေးသိပ်သည်းခဲ့တာ .."

ပြော၍ ပင့်သက်လေးရှိုက်သည်။ ပြီးတော့ မျက်နှာလေးအော
ကိုတိမ်း၍ ဟတ်ချီးဖြစ်လိုက်သေးသည်။ မျက်ခွံစပ်စပ်လေးတွေ
နှာတံချွန်ချွန်ထိပ်ဖျားလေးမှာ နီရဲတွတ်နေတာကို မှန်ထဲက လှမ်း ကြည့်
စုမြတ် မျက်နှာမကောင်းနိုင်။

"အစတုန်းကတော့ အဲဒါ စာရွက်လေးတစ်ရွက်ပါပဲ၊ ငါထားရ
ခဲ့တုန်းကလဲ စွန့်ပစ်ခဲ့တာပဲ၊ သူရောက်လာမှာပဲဆိုတာ သိခဲ့တာ
မဟုတ်တာ၊ ဒါပေမယ့် အခု စာရွက်လေးတစ်ရွက်မဟုတ်တော့ဘူ





အဲဒါ ငါ့ရဲ့နှလုံးသားရင်ပြင်၊ သူရေးခြစ်ပုံဖော်သမျှ ငါ့ရင်ထဲမှာ စူးစူး
နစ်နစ်ထင်ကျန်ခဲ့ပြီး နင်တို့ ငါ့ကို စိတ်မဆင်းရဲစေချင်လို့ တားနေကြ
တာ ငါသိပါတယ်၊ ဒါပေမယ့် ရမှမရတာ ..."

"မရတာက မရတာပဲလေ ခတ် ရယ်၊ နင် ဒီလို သေမတတ်ဖြစ်
နေတာ ဟိုကသိလို့လား၊ အခု နင်သွားသွားကြည့်နေတာလဲ ဒါပါနဲ့ဆို
သုံးခေါက်ရှိပြီ၊ သူရောက်မလာတော့ဘူးလေ .."

"အခု သုံးခေါက်မြောက်မှာ ရှိချင်ရှိနေမှာပေါ့"

"ခက်တယ် .."

စုမြတ် က ရှေ့မှာ ဘက်ခ်ဆုတ်နေသည့်ကားတစ်စီးကြောင့်
နောက်မီးဖွင့်လိုက်ပြီး ကားကို ရပ်စောင့်နေလိုက်မိ၏။ ရှေ့မှာရော၊
နောက်မှာရော ကားတွေ တန်းစီနေသဖြင့် ရှေ့ကိုတရွေ့ရွေ့တိုး
ပြနေရတာ ကားတွေမှန်း လိပ်တွေမှန်း မခွဲနိုင်တော့ပေ။

ဒီအချိန် ဒီလိုလမ်းကြားတွေမှာ ဒီလိုပဲဖြစ်တတ်တဲ့ အခက်အခဲ
ကို မယ်လက်ခတ် မသိတာလည်းမဟုတ်ဘဲနဲ့ ...။

"အဟွတ် .. အဟမ်း .."

ခတ် က ဆင်စွယ်ရောက်လက်ရှည်ပါးလေးကို ရင်ဘတ်မှာ
ထပ်၍ဆွဲစေ့ပြီးလက်ပိုက်ကာ နှုတ်ခမ်းတွေမှာ လက်ကိုင်ပဝါနှင့် ဖြန်
ကပ်ထား၍ ...

"ဘာဖြစ်ဖြစ် ဒီစာရွက်လေးက သူနဲ့ ငါ့ရဲ့ပုံရိပ်ပါ၊ ဒါ မပျောက်
မပျက်ရှိနေတာကိုက သူ ရောက်လာဦးမယ်ဆိုတာကိုပြတာ၊ နောက်
ထပ် ဒီကိုခေါ်တိုင်း မညည်းပါနဲ့ဟာ၊ ငါ့မှာ စားလဲဒီစိတ်၊ သွားလဲဒီ
စိတ်ဖြစ်နေပြီ"

"ဒါဆိုရင်လဲ ကဗျာတစ်ပုဒ်ထပ်ရေးဟာ၊ ဒီကတော့ ချစ်နေပါ
ပြီ ရှင် ဘယ်လိုလဲလို့ ..."

"ရေးချင်ရေးမိမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ဟုတ်တယ်၊ သူ ဒီတစ်ခါ ရောက်လာသွားတာမှန်ရင် ငါ ဟ... မဆောင်တော့ဘူး"

"အဓိပ္ပာယ်မရှိတာနော် ခတ်၊ ငါက ငေါ့ပြောတာကို ..."

"ငါကတော့ ရင်ထဲရှိတဲ့အတိုင်းပြောတာ .."

"ဟင် .. ဟိုမှာ .."

စုမြတ် ဆတ်ခနဲ ခေါင်းထောင်ကာ လက်ညှိုးလေးပါထိုး၏။

"ဟိုမှာ ဖြတ်ကူးသွားတာ နင်တွေ့လိုက်လား .."

"ဟင့်အင်း .. ဘာလဲ"

"နေသမိုင်း .."

"သမိုင်း .."

ခတ် ကိုယ်လေး မှိန်နေရာကနေ စိတ်ဝင်တစား ကြွမတ်လာ... သူမမြင်ကွင်းထဲမှာတော့ သမိုင်း ကိုမတွေ့တော့ပါ။ စုမြတ် က ရှေ့က... တွေ့ထွက်သည်နှင့် အသာလေးကပ်လိုမ့်မောင်းရင်း ...

"ဟုတ်တယ်၊ နင့်တိုက်ခန်းလောက်ကနေ ဖြတ်ကူးသွားတာ .."

"တစ်ခုခုထဲဝင်သွားတာဖြစ်မှာပေါ့၊ သမိုင်း ကလဲ တစ်မျိုး... ဟာ၊ မေမေတောင် သူ့ကိုအထင်ကြီးနေပြီလားမသိဘူး၊ ဟိုညက... ကို ဖေဖေ့ကို ပြောပြနေလိုက်တာ၊ သမိုင်း ကိုကဲ့ရဲ့တာ တစ်ခွ... မပါဘူး"

"ဒါနဲ့ ဟိုတစ်ခါကတော့ သမိုင်း ရန်ဖြစ်နေတာကို နင်ဝင်ကူ... တာ အန်တီကဆူတယ်ဆို .."

"အဲဒါပြောတာပေါ့၊ အခု အဲဒီကောင်လေးပါပဲလို့ပြောပြီး တ... တည်တံ့တံ့ ရည်ရည်မွန်မွန်လေးပါဆိုတာတောင် ပါသေးတယ်"

စုမြတ် ကတော့ သမိုင်း မျက်နှာမှုသွားသည့်အခြမ်းဘက်... လိုက်ကြည့်နေရင်းခေါင်းညိတ်ကာ ...





"လူတွေကလဲ ဟုတ်ပါတယ်၊ အဲဒီလို ထူးထူးခြားခြားနေတတ်... ...လို့ဆို သိပ်စိတ်ဝင်စားတာ၊ ဟိုက ထွင်တာလားမသိ၊ မာယာလား ...ယ် .."

"ငါ့ကိုစောင်းပြောနေတာလား"

"တည့်တည့်ပြောတာပါ ဆရာမရယ်၊ ရှင့်ကိုစောင်းပြောနေစရာ ...း၊ သမိုင်း ကိုသနားပါတယ်၊ ခင်စရာကောင်းပါတယ်နဲ့ စိတ်ဝင် ...ခဲ့တာ ဘယ်သူလဲ"

"ငါလေ .."

"မမြင်မစမ်းနဲ့ တိုက်ဆိုင်ဆုံစည်းတာကိုက ပဥ္စလက်ဆန်ဆန် ...လားပါဆိုပြီး အခု စွဲစွဲလမ်းလမ်းဖြစ်နေတာကရော ..."

"ငါပဲ .."

"ကိုယ့်ကိုယ်ကိုသိဖို့ပဲလိုတယ်"

စုမြတ် က တိုက်ခန်းရှေ့မှာ ကားကိုရပ်ဖို့ကြိုးစား၏။ နေရာ ...ကျပ်နေသဖြင့် ရှေ့ကိုကျော်မောင်းသွားရပြန်သည်။ ပြီးတော့ ...တ်သည့်နေရာလေးမှာ ကပ်သပ်ရပ်ပြီးမှ တိုက်ခန်းဆီ ပြန်လျှောက် ...ရသည်။

လူမမာဆိုပြီး ခတ် က ရှေ့ကိုရောက်သွားလျက် စုမြတ် ကတော့ ...် လိုမျိုး ရှေ့မှာအာရုံမရှိပါ။ စောစောက သမိုင်း ပျောက်သွားသည် ...င်သောဘက်ကိုပဲ ဘာမှန်းမသိ ရှာဖွေကြည့်လျက် ..။

"အင်း .. ဒီနားမှာ အီလက်ထရွန်းနစ်ရှိုးရှမ်းတွေနဲ့ ဒီဂျစ်တယ် ...င်မရာအရောင်းခန်းတွေပဲရှိတာ"

တစ်ယောက်တည်း ခပ်တိုးတိုးရေရွတ်မိသေး၏။ ခတ် သည် ...ွက်လေးကို ကမန်းကတန်း ဖြုတ်ယူပြီး ဖြန့်ကြည့်ကာ ...

"ဟယ် .. သူ .. သူ ကဗျာရေးထားတယ် သိလား၊ ဒီမှာ .. ...တ် .."

www.burmeseclassic.com



ခတ် တို့ သိန်းနှစ်ရာတန်စိန်ရင်ထိုးဝာစ်ခုလုံး မိဘက မွေး
လက်ဆောင်ပေးတုန်းကတောင် ဟယ်ခနဲမဖြစ်ခဲ့ဘူးထင်သည်။ ဆ
တန်းတုန်းက ဂုဏ်ထူးလေးခုနဲ့အောင်သည်။ သူများတွေက လာမေး
လက်ဆွဲနှုတ်ဆက်ကြနှင့် သူမ ကတော့ အေးဆေးရယ်။

"ကိုယ်ဖြေထားတာကို သိပြီးသားဥစ္စာ၊ လက်သီးလက်မေ
တန်းအော်စရာလား"တဲ့။

သူ့မှာ ကိုယ့်သူငယ်ချင်းအဖြစ်ကို ကရုဏာဒေါသလည်းဖြ
ပြောလည်းမပြောရက်ဘဲ ကတုန်ကယင် ထိုးပြနေသည့်စာရွက်
ကိုပဲ ငုံ့ကြည့်လိုက်ရ၏။

အပေါ်ပိုင်းမှာ သူရောက်မလာဘဲ ခတ် နှစ်ခေါက်လော
ရောက်လာပြီး ရေးထားတာလေးတွေက သနားစရာ ..။

ရောဂါမဟုတ်ဘူး ..
သိပ်သည်းတဲ့ ခံစားမှုအစုအဝေးပါ
တကယ်ဆိုရင် ကျွန်မက ... ...

/ / / / / / /

ထာဝရစောင့်မျှော်ရင်း ..
ကျောက်ဖြစ်ရုပ်ကြွင်း ဖြစ်သွားပါစေ ..
မနက်ဖြန်များစွာမှာ အားအင်အသစ်များနဲ့ ...

စာကြောင်းလေးတွေကိုဖတ်ပြီး ခတ် ကို ပြန်ငဲ့ကြည့်မိသ
ဒါတွေကို တစ်ယောက်တည်းတွေးရင်း ရေးရင်းနှင့် ကျိတ်ခံစား
တာ ဝတ်လွှာနဲ့သူမကိုတော ် ဖတ်ခွင့်မပေးခဲ့ပါ။

လာပြေးကြည့်လို့ အမှာစာမတွေ့တိုင်း မျက်နှာလေးပျက်ပျ
ခုတော့ အိပ်ရေးတွေပျက်လွန်းလို့ ဖျားတောင်ဖျားသည်တဲ့။





"ဘာကြည့်နေတာလဲ၊ ပြီးပြီလား ..."

သူမ က အမည်မသိစာဆို၏ လက်ရေးဆီကို အင်တိုက်အားတိုက်
းပို့နေရင်း စုမြတ် က ဆုံးအောင်ဖတ်ရသေးပုံမပေါ်တော့ အား
ိအားမရနှင့် လက်ကိုဆွဲလှုပ်၏။

"သူရေးထားတာကို ဖတ်ပါဆို ..၊ ပြီးပြီလားလို့ .."

"ဖတ်ပါ့မယ်ဟယ်၊ နင် ဟိုအခေါက်တွေက ရေးထားခဲ့တာတွေ
ဖတ်ရလို့ အံ့သြနေတာ .."

"မအံ့သြနဲ့၊ အဲဒါကြောင့် နင်တို့ကို ပေးမဖတ်ချင်တာ ..."

"အဲဒါက နင်လုပ်ပုံမှမဟုတ်တာ၊ ယောကျ်ားလေးတစ်ယောက်
ဒီလောက်အထိ ..."

"ကဲ .. တော်ပါတော့၊ မဖတ်နဲ့တော့ ... ပေး .."

"ဟော့အေး .. ဖတ်မှာပဲ"

စာရွက်ကိုပြန်ဆွဲယူတော့မှ စုမြတ် က ကပျာကယာ လွှဲရှောင်
သေချာဖတ်၏။

မျက်ဝန်းတွေကိုမှိတ်လိုက်
မနက်ဖြန်တွေ အရမ်းလှနေလိမ့်မယ်
မြင်လွှာတွေကို ပြန်ဖွင့်လိုက်ရင်တော့ မင်းမေ့လိုက်ပါ
ငါဟာ လွမ်းခွင့်မရှိတဲ့လူ ... ... ...

"မေ့လိုက်ပါတဲ့၊ တွေ့လား .. သူတောင်မှ .."

"စုမြတ်ရယ်၊ မေ့ခိုင်းရုံမကလို့ မုန်းတယ်ပဲပြောပြော သူပြန်ရောက်
တာကိုပဲ ငါ အရမ်း .. အဟွတ် .. အဟွတ် ..."

"ဟော..ခုနကတော့ အပျော်လွန်ပြီး ချောင်းဆိုးဖို့မေ့နေတာလား"

"အဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်း ချောင်းဆိုးရင်းနှင့် မျက်နှာလေးငိုက်အကျမှာ ကျော့ဖြ
ထက်က ဆံနွယ်ရှည်တွေ မျက်နှာလေးနှစ်ဖက်ကနေ ဝါးမြို့သွား
အထိ ခတ် စကားမပြောနိုင်။

မျက်နှာပြန်မော့လာတော့ ဟတ်ချိုးဖြစ်လိုက်၊ လက်ကိုင်ပဝါ
နှာခေါင်းကိုပွတ်လိုက် ..။

"ငါ့ကို နင် အပြစ်ပြောပါ၊ ဒါပေမယ့် ငါ သူ့လက်ရေးလေး
မြင်လိုက်ရတာ အရမ်းကိုပျော်သွားတာ သိလား .. ဟတ်ချိုး .."

"ကဲ .. လမ်းကျမှပျော်ပါ၊ မိုးမချုပ်ခင်ပြန်ရအောင် ..."

"ဟင့်အင်း ..."

"ဘာ .. အထဲဝင်ဦးမလို့လား .."

"မဝင်ပါဘူး၊ ငါပြန်ရေးမှာပေါ့၊ သူ ငါ့ရှေ့ကိုရောက်မလာမချင်း
ငါဒီနေရာကိုရောက်အောင် လာနေနိုင်သရွေ့ ဟောဒီစာမျက်နှာ
စာတစ်လုံးမှရေးစရာမကျန်တော့တဲ့အထိ .."

"ခတ်ရယ် ..၊ အဲဒီအထိ သူ လုံးဝမလာတော့ရင်ရော .."

"သူ လာမှာပါ"

ခတ် သည် ဆုံးဖြတ်ချက်၊ ယုံကြည်ချက်တွေနှင့် ဝေဒနာအ
အဝေးတွေကို မှတ်တမ်းတင်လေသည်။ စုမြတ် က မိုးသက်လေ တို
လာတာကို ခတ် ဆီ တိုက်ရိုက်မရောက်ခင် လေလာရာဘက်က
ကိုယ်နဲ့ကွယ်၍ ရပ်ပေးလိုက်ရင်း ...

"ဟင် ..."

ပါမစ်မလိုတိုင်း ဟိုဒီရောက်သွားတတ်သည့်မျက်လုံးတွေ
မျက်စောင်းထိုးကာ ရှိုးရှမ်းတစ်ခုထဲကို ရောက်သွားခဲ့၏။

"နေသမိုင်း ..."

သေချာမြင်လိုက်တာပေမယ့် သေချာစွာပျောက်ကွယ်သွားရ
ဒီဘက်လှည့်လိုက်တော့ ခတ် က စာရွက်ခေါက်လေးကို စနစ်တ





လည်ထားသိုပြီး ဒီဘက်အလှည့် ...

"ဘာဖြစ်နေတာလဲ"

"ငါ သမိုင်းကိုတွေ့လိုက်တယ်"

"ဘယ်မှာလဲ"

ခတ် က ဟိုဒီလိုက်ကြည့်ရင်း ဘာမှမတွေ့သဖြင့် ...

"နင်ပဲမြင်နေတာပဲ"

"ဟုတ်တယ်၊ မြင်ရုံပဲမြင်တာဆို မထူးဆန်းဘူး"

"ဘာလုပ်ပြသွားလို့လဲ"

ခတ် က သမိုင်း ကိုစိတ်ဝင်စားပေမယ့် စုမြတ် ပြောသည့်
ကြောင်းအရာကိုတော့ ပါးပါးလေးပဲတွက်၍ရယ်သည်။ ပြီးတော့
ယ်မှာ အပူရှိန်တွေတက်လာတာကို ကိုယ့်ဘာသာသိနေသဖြင့် စုမြတ်
တ်ကိုဆွဲ၍ ကားဆီကိုပဲ ပြန်ဖို့ခြေလှမ်းပြင်၏။

စုမြတ် ကလည်း သူမဘာသာတွေးလာခဲ့ရင်း ထိုလမ်းထဲကနေ
ထွက်ခဲ့ပြီးမှ ...

"နင်က ရယ်စရာလို့ထင်သလား၊ ဒါ ဆက်စပ်မှုရှိတယ်လို့ရော
မကြည့်မိဘူးလား"

"ဟင် .. ဘာကိုလဲ"

"ငါတို့လမ်းထဲကိုဝင်လာတော့ သူ အဲဒီတိုက်ခန်းရှေ့ကနေ ဟို
က်ကိုဖြတ်ကူးသွားတာလေ"

ခတ် မျက်နှာလေး ရယ်နေရာကနေ ချက်ချင်းပျက်ယွင်းသွား၏။
မြတ် က ကားကို အရှိန်မှန်လေးမောင်းရင်း ရှေ့ကိုပဲကြည့်၍ ...

"နင့်ကိုငါပြောသားပဲ၊ သူ့ကို မြင်ရုံပဲမြင်လိုက်ရတာဆို မထူးဆန်း
ဘူး၊ အခု သူက ငါတို့ကို ဘယ်တုန်းကတည်းက ကြည့်နေတာလဲ
သိဘူး၊ ငါမြင်သွားမှန်းသိတော့ ဖျတ်ခနဲ ကွယ်သွားတာ ..."

"သူက ဘယ်မှာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့နဲ့မျက်စောင်းထိုးက အီလက်ထရွန်းနစ်ရှိုးရွမ်းထဲမှာ .."

"စုမြတ် .. နင်ပြောချင်တာက .."

"ရှင်းရှင်းကြီးဥစ္စာ ..၊ ဒါပေမယ့် မှားယွင်းမှုတစ်ခုခုတော့ရှိနိုင်တာပေါ့ဟာ၊ ငါကတော့ 'သူ' ဆိုတဲ့သံသယကို ကြီးမားစွာ မွေးမြူလိုက်ပြီ"

"သမိုင်း ..."

ခတ် မျက်ဝန်းလေးတွေ ကြောင်တက်တက်ငေးသွား၏။

'သူ' ဆိုတာ 'သမိုင်း' တဲ့ ..။





## အခန်း (၂၆)

ဟိုတစ်ခါလည်း ဒီနေရာပဲထင်သည်။ ဒီဘက်မှာ ခုံတန်းရှည်လေးနှင့် အလယ်မှာ ရွက်လှယန်းရုံကြီး၊ ဟိုဘက်မှာက ထိုင်သည့်နေရာမဟုတ်ပေမယ့် ယောက်ျားလေးတွေ အမြဲရှိနေတတ်သောအုတ်တိုင်ကြီးဖြစ်၏။

ခတ် တို့ခုံတန်းလေးမှာထိုင်ချလိုက်သည်နှင့် ဟိုဘက်ကစကားသံတွေထွက်လာတာက ကိုယ့်အကြောင်း။

"သေချာလို့လား .. မင်းပြောတာ"

"ဟုတ်တယ်၊ ငါ့ကို မောင်မောင်ပြောတာ၊ သမိုင်းနဲ့ပတ်သက်တာတွေ ဒီကောင်ပဲသိတာဥစ္စာ .."

"သိပဲသိပါစေဦးကွာ၊ သူပြောသမျှ သမိုင်း ကောင်းကြောင်းတစ်ခါမှမပါတာတော့သေချာတယ်"

"အေးလေ .. ကောင်းကြောင်းမပြောတတ်လို့ ဒီသတင်းကဖြစ်နိုင်တာပေါ့၊ အဲဒီတစ်ယောက်က သမိုင်း နောက်ကို တကောက်ကောက်လိုက်နေတာ အခု အဆင်ပြေနေကြပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ဒီလိုဆိုတော့လဲ သူ့စကားမှန်သားပဲ၊ တချို့မိန်းမတွေက ခန့်မှန်းရခက်တယ်ဆိုတာ ..."

"ခက်တယ်ဆိုတာထက်တောင် ပိုသေးတယ်၊ အဲဒီတစ်ယောက်ကိုပဲကြည့် ..၊ ချစ်ကြိုက်ချင်တဲ့သူတွေ ဒီလောက်ဝိုင်းဝိုင်းလည်နေတဲ့ကြားက သမိုင်း လိုကောင်ကိုမှ ထဘီမနိုင် ပဝါမနိုင်ဖြစ်သွားတာ .."

"တောက် ..."

ခတ် ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ ခေါက်ခနဲ ထရပ်သည်။

"ခတ် ...."

"ဖယ်စမ်းပါ၊ ကိုယ့်ကိုပြောနေတာ သိသိကြီးနဲ့ ..."

"ခတ် .. ဩော် .. ဒုက္ခပါပဲ"

ခတ် က ပန်းရုံကိုပတ်၍ ယောကျ်ားလေးအုပ်စုရှိတဲ့ဆီထွက်သွားလျှင် စုမြတ်နဲ့ဝတ်လွှာတို့ ခလုတ်တိုက်မတတ်ပြေးလိုက်၏။

"ဒီမှာ ..."

ခတ် ကိုမြင်လိုက်သည်နှင့် ယောကျ်ားလေးခြောက်ယောက် စလုံးအိုးတိုးအမ်းတမ်းတွေဖြစ်ကုန်ကြ၏။ ပြီးတော့ မရျိသွားဖြဲရယ်ကာ ...

"စောင်းလက်ခတ် .."

"နင်တို့ ယောကျ်ားတွေဖြစ်ပြီး အဲဒီလိုအတင်းပြောနေရတာကို တော်တော်ဝါသနာပါလား၊ နှမသားချင်းမစာမနာဝေဖန်ဖို့ သတင်းအချက်အလက်တွေ စုဆောင်းရတာလဲ အချိန်တော်တော်ယူရမှာပဲ"

အားလုံး အားတုံ့အားနာ မရျိသွားဖြဲတွေဖြစ်နေကြပေမယ့် တစ်ယောက်ကတော့ အားလုံးရဲ့ရှေ့ကိုတိုးထွက်လာကာ ...

"သပ်သပ်စီနေလေ၊ ငါတို့ယောကျ်ားတွေ ဘာပဲဝါသနာပါပါ ဘာတွေပြောနေနေ ..."

"နင့်နာမည် ဘယ်သူလဲ"

"ဒွဲ ..."





"ဒွဲ ဆိုတဲ့ကောင် အလကားနာပူးလို့ နင့်ဘေးမှာ သူများထိုင်ပြောနေရင် နင်ဘယ်လိုလဲ"

ဂျယ်လ်သုံးထားသည့်ဆံပင်ထောင်ထောင်နှင့် ဒွဲ ဆိုသည့်မျက်နှာတင်းခနဲ ဖြစ်သွား၏။ ပြီးတော့ နှုတ်ခမ်းတင်းတင်းစေ့၍မဲ့လိုက်ကာ ...

"ပြောပစေပေါ့၊ မဟုတ်ရင် မနာဘူး"

"နာပူးထက်သာတယ်၊ တဖျောရှူး၊ မိန်းကလေးမြင်တိုင်း ဖြစ်ဖြစ်သွားတဲ့မျက်နှာက တော်သလင်းခွေးလို ..."

"စောင်းလက်ခတ် .. နင် .. တောက် ..."

ဒွဲ အသံ စူးခနဲထွက်လာတော့ ရှေ့ကိုထပ်တိုး၏။ ခတ် က ဒီတိုင်းရပ်နေသဖြင့် ရင်ဘတ်ချင်းပြေးတိုက်တော့မလိုဖြစ်သွား၏။

ဒေါသဖြစ်နေသည့်မျက်နှာနှစ်ခုသည် ကျွယ်လောင်စွာပေါက်ကွဲ၍ ထိုးတက်သွားကြသော မီးရှူးမီးပန်းတွေကဲ့သို့ ..။

"မနာနဲ့လေ၊ မဟုတ်ရင်မနာဘူးဆို ..."

"နင် .. နင်တို့ကိုပြောတာ မောင်မောင်၊ ငါတို့မဟုတ်ဘူး၊ နင်စစ်တိုက်ရုံမှာက အဲဒီကောင် ..."

"သွားမယ်၊ မီးမွှေးတဲ့သစ္စာဝါကိုရော၊ ယပ်ခတ်ပေးတဲ့ဟာတွေကိုရော ..."

"နင်တော်တော့ ..၊ ငါ .. ကွာ .. မိန်းကလေးဖြစ်နေလို့ ..."

ဒွဲ က လက်သီးတဆဆ၊ တက်ခေါက်မပြေဖြစ်လျက် ခတ် က နီရဲနေသည့်မျက်နှာလေးနှင့် ဒွဲ ၏လက်သီးကိုရော၊ ကြိမ်းမောင်းနေတာတွေအားလုံးကို ဂရုမစိုက်စွာရပ်နေ၏။

"လာပါ ခတ်ရယ်၊ ကျောင်းဝင်းထဲမှာ .. နင်ကလဲ"

စုမြတ်နဲ့ဝတ်လွှာက ခတ် ကို အတင်းဆွဲလှည့်ပြီး မပါပါအောင်ခေါ်လာခဲ့သော်လည်း ...

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မောင်မောင် ..."

မောင်မောင်ဘေးမှာ စိုင်းလတ်နဲ့အလင်းရောင်က တောင်ပံနှစ်ဖက်လို ပူးတွဲလျက်ရှိကာ ခတ် ကိုက ယောကျာ်းလေးနှစ်စု၏အလယ်မှာဖြစ်သွား၏။

မောင်မောင်သည် ဖွဲ့ လောက်မဟုတ်သော ဆံပင်ထောင်ထောင်များနှင့် နဖူးပေါ်မှာ ဆံစတချို့ကို ခပ်ပါးပါးပြန်ချထား၏။ ခတ် တို့ကိုမြင်လိုက်တော့ သူတို့သုံးယောက်လည်း ခြေလှမ်းနည်းနည်း တော့ တုံ့သွား၏။ ပြီးတော့ နောက်က ဖွဲ့ တို့အုပ်စုဆီ တစ်ချက်လှမ်း ကြည့်ပြီးမှ ဆက်လျှောက်လာ၏။

"မောင်မောင် .."

ခတ် က မောင်မောင့်ရှေ့ကပိတ်တားလိုက်၏။ သုံးယောက်ချင်းမို့ ဟိုဘက်ဒီဘက် မျက်နှာချင်းဆိုင်တွေဖြစ်သွား၏။

"ဘာတွေဖြစ်လာတာလဲ၊ မင်းနဲ့တို့ငြိထားတာမရှိဘူးထင်တယ်"

"မငြိချင်ဘူး၊ ဒါပေမယ့် နင်ပြောနေသမျှ သမိုင်းနဲ့ငါ့အကြောင်းတွေချည်းဖြစ်နေတယ်၊ ပြောသမျှတွေကလဲ ကွယ်ရာမှာချည်းပဲ၊ ကဲ .. အခုပြောလို့ရပြီ၊ သမိုင်းနဲ့ငါ ဘာဖြစ်သလဲ"

"ဟား ဟား ..."

မောင်မောင်က မျက်နှာမော့ပစ်လိုက်ပြီး ခြောက်ကပ်ကပ်ရယ်သည်။

"သမိုင်း ဆိုတဲ့ကောင်က ကျွန်တော် လူရိုးလူအ,လေးပါလို့ နဖူးမှာစာရေးပြီး တိုင်းခန်းလှည့်လည်နေတဲ့ကောင်ပဲ၊ သူ့အကြောင်းပြောနေကြတာ တို့တစ်ယောက်တည်းမဟုတ်ဘူး၊ သူ့အကြောင်းပြောရင် သူ့ဘေးမှာဝိုင်းဝိုင်းလည်နေတဲ့ လူထူးဆန်းကို နှစ်သက်သူတွေ အကုန်ပါမယ်၊ အထူးသဖြင့် မိန်းကလေးတွေ ..."

"ပြော .. ဆက်ပြော .."





"ခတ် ..."

ခတ် အသားတွေတုန်နေပြီမို့ ဝတ်လွှာ က လက်ဖဝါးကို ဆုပ်ကိုင်အားပေးသည်။ ခတ် က ခါထုတ်ပစ်၏။ မောင်မောင်သည် ဂရုမစိုက်သည့်မဲ့ပြုံးနှင့် ...

"ပြောချင်နေတာက မင်းပဲ၊ မင်းပြောချင်လို့ တို့ကိုလိုက်ရှာနေတာမို့လား"

ခတ် က ဆတ်ခနဲ ခေါင်းညိတ်၏။

"သမိုင်းနဲ့စောင်းလက်ခတ် အဆင်ပြေနေကြပြီဆိုတာ ဘယ်သူပြောတာလဲ"

"ဘယ်သိမလဲ၊ သမိုင်းနဲ့ပတ်သက်တာအားလုံး လူတိုင်းစိတ်ဝင်စားကြတာပဲ၊ ပြောတဲ့လူတွေ အများကြီးရှိမှာပေါ့"

"မဟုတ်ဘူး၊ နင်တစ်ယောက်ပဲပြောတာ .."

"လွဲကုန်ပြီကွာ၊ အဲဒါတွေလျှောက်ကြွားနေတာ သမိုင်း .."

"လူညစ် .."

ခတ် စိတ်ရှိလက်ရှိ လွှဲရိုက်ပစ်လိုက်သဖြင့် မောင်မောင် အဓိုက်မိသွားသည်။

"ဟိတ် .. နင် ဘယ်လိုလုပ်လိုက်တာလဲ"

"စိုင်းလတ် .. နင်တို့ ဒီလိုဝင်မပါနဲ့လေ"

မောင်မောင် အရှိန်ပျက်နေဆဲမှာ စိုင်းလတ်တို့ ဖြူးဖြူးပြဲပြဲ ထ,ဖြစ်၏။ ဝတ်လွှာ က စိုင်းလတ် ကိုအော်၍ လက်ကလည်း အတင်းဝင်တွန်း၏။

"အံမာ .. ယောကျာ်းလေးတွေဖြစ်ပြီးတော့ သူတို့ကများ .. ခတ် ကို ထိဝံ့ရင်ထိလိုက်စမ်း"

စုမြတ် က နဂိုကတည်းက စိတ်မြန်လက်မြန်မို့ ဟိုဘက်က ယောကျာ်းလေးတွေ ရှုံ့ရှုံ့ရားရားဖြစ်ကုန်ကြတာကို စိန်ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ..."

မောင်မောင် တက်ခေါက်တော့ စုမြတ်နဲ့ဝတ်လွှာက ခတ် ကို ဆွဲခေါ်သွားတာ တော်တော်အလှမ်းကွာသွားပြီဖြစ်၏။

"ဘာတက်ခေါက်တာလဲ၊ မိန်းမဖြစ်နေလို့ဘာညာတွေလုပ်မနေနဲ့၊ နင့်လိုအယုတ်တမာကောင်ကို လန့်ဖျပ်သွားမယ်များမှတ်လို့လား"

ခတ် ကလည်း စုမြတ်တို့ကိုင်ထားသည့်ကြားထဲကနေ လှမ်းအော်နေဆဲ ..။

"ဟွန်း .. ဟိုတစ်ခါကလဲ ငါကြားအောင် အနားမှာ အတင်းပြောသလိုလိုလုပ်ပြီး သူများကို ချောက်တွန်းသွားသေးတယ်၊ နင့် လက်ကို နင်ပြန်နမ်းကြည့်ဦး၊ လူနံ့မရှိတော့ဘူး၊ ခွေးဗွက်နံ့ထွက်နေပြီ"

အုန်းခနဲ ဖြစ်သွားသည့်ရန်ပွဲက ခဏလေး၊ ဒါပေမယ့် နာမည်ကြီးသွားတာက သမိုင်း ပဲဖြစ်လေသည်။

'သမိုင်းဆိုတဲ့ကောင်က ချစ်ကဝေ ..'

'သူ့ကိုထိရင် မိန်းကလေးတွေက သည်းမခံနိုင် ..'

'ဒီကောင့်မျက်လုံးမှာ ပဥ္စလက်တွေနဲ့ ..' စသဖြင့် ... ...။





## အခန်း (၂၇)

"ဟိတ် .. ဘာလို့မထွက်သေးတာလဲ"

ပြတင်းတံခါးမှာပေါ်လာသည့်မျက်နှာလေးက ချစ်စဖွယ်ပါ။ ဒါပေမယ့် သမိုင်း မျက်နှာတင်းသွား၏။ ဒီဘက်ကိုပြန်လှည့်လိုက်ပြီး လွယ်အိတ်ကို ပခုံးမှာချိတ်၍ ထလိုက်သည့်အချိန်လေးမှာပဲ သူမ က လူတစ်ယောက်မှမရှိတော့သည့်အတန်းထဲထိဝင်လာကာ ...

"ဟိုအရင်ကကိစ္စအတွက် သွန်း က တောင်းပန်ချင်လို့ပါ"

ရတနာသွန်းစက် ..။ သူမ တစ်ကိုယ်လုံး ရွှေဝါရောင်ဝတ်စုံနှင့် ဝင်းဝင်းစက်စက်လေးဖြစ်နေ၏။ အဖြူရောင်ဘေးအိတ်လှလှလေး ကို လွယ်ထားကာ သမိုင်းနဲ့ တစ်တန်းကျော်သောက်မှာ ကန္တဲ့ကလျ လေးရပ်ရင်း ...

"မကျေနပ်သေးရင်လဲ ကြိုက်သလိုစကားလုံးမျိုးနဲ့ ထိုးနှက်သွားကွာ၊ သွန်း ဘက်က အရမ်းကိုလွန်ခဲ့လို့တောင်းပန်တာပါ၊ တစ်ယောက်တည်း ဆဲဆိုနေတဲ့လူလိုပေါ့၊ ခုတော့ မောင်မောင်ညို ဘာပြောနေနေ သမိုင်းရဲ့အမူအကျင့်က အဲဒီလိုမဟုတ်ဘူးဆိုတာ နားလည်ပြီ၊ သွန်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုရှိုင်းစိုင်းမိအောင် သူ မဟုတ်ကဟုတ်ကတွေ လာထောင်ပေးတာလေ၊ သွန်း တို့က အစကတည်းက သမိုင်း ကို ခင်မင်ချင်တဲ့သူတွေပါ"

"ငါကတော့ မခင်ချင်ဘူး၊ ဘာမှလဲပြန်မပြောချင်တော့ဘူး၊ မင်း အခု ဘာလာလုပ်တာလဲ"

"သမိုင်း ကို ကျောင်းမှာမရှိတော့ဘူးလို့တောင်ထင်တာ ..၊ ခုတလော သမိုင်း က ကျောင်းသားတွေကုန်မှထွက်လာတယ်၊ အတန်းတက်နေပြီဆိုမှ ဝင်တယ်တဲ့"

"ဟုတ်တယ်၊ အဲဒါကိုသိရင် မင်း ဒီထိလာဖို့မသင့်ဘူးဆိုတာ နားလည်သင့်တယ်"

"နားလည်တယ်၊ နားလည်လို့ လည်စင်းပေးနေတာပါ၊ သွန်း ကို စိတ်ဆိုးနေသေးတယ်ဆိုရင် သမိုင်း ဘာပြောပြော တို့က ..."

"တောက် ..."

သမိုင်း ချာခနဲ နောက်ပြန်လှည့်သည်။ သူမ ကို ရှောင်ထွက်ခဲ့သော်လည်း ကော်ရစ်ဒါမှာ စုရုံးရပ်နေကြသည့်မိန်းကလေးတွေကလည်း သူမ ရဲ့အဖွဲ့ပဲဖြစ်နေရာ ...

"ရှင်ကလဲ .. ဒီလောက် မာနမကြီးပါနဲ့၊ ဝသန် တို့က ကိုယ့်အမှားကိုယ်သိလို့ တောင်းပန်ဖို့ ရှာကြံရောက်လာကြတာ .."

ဒေါသသည် ဘယ်လိုအရောင်တွေကွဲပြားပြီး တစ်ကိုယ်လုံးမှာ ပတ်လည်စီးမျောကုန်သည်မသိ။ သမိုင်း ဘာတစ်ခွန်းမှပြောမထွက်တော့အောင် အံကြိတ်၊ မျက်မှောင်ကြုတ်လျက်ရှိလေသည်။

"သမိုင်း ဆိုတဲ့ကောင်က ပါရမီထူးနဲ့..."လို့ မထိတထိ ပြောတဲ့သူကပြော ..၊ "ဒီကောင်မခေဘူး" ဆိုတာတွေကတစ်မျိုး ..။

"သမိုင်း .. မင်းကြောင့် စောင်းလက်ခတ်နဲ့မောင်မောင်တို့ ကွိုင်တက်ကြတယ်၊ အဲဒါသိလား"

"အကြီးအကျယ်ဖြစ်တာနော်၊ သေးသေးလေးမဟုတ်ဘူး၊ ပေါက်





ကွဲထိရှမှုတွေနဲ့ရယ် .."

"မင်းက ဘယ်သူတွေဘာပြောပြော ပါးစပ်ပိတ်နေတာ ကောင်းတယ်ထင်နေလား၊ မိန်းကလေးတွေတောင် ပေါက်ကွဲမှုတွေဘာတွေ ဖြစ်ကုန်ပြီ"

"အေးလေ .. တကယ်ဆို သူပြဿနာသူရှင်းပေါ့၊ မိန်းကလေးတွေက ဝင်ပါနေရတယ်"

"ဘယ်တော့မှ သူရှင်းမှာမဟုတ်ဘူး၊ ကောင်းမှန်းသိသွားပြီလေ၊ အဲဒါ ပညာ ..."

ပြောနေကြတဲ့စကားတွေက ပလုပ်ပုံနေသည်။ သွားမြဲအတိုင်း သွားလာနေတော့ မိန်းကလေးတွေ စိတ်ဝင်စားအောင်နေသည်တဲ့။ ဝေးဝေးကနေ ကွေ့ရှောင်သွားတော့ ဘာမှမရှင်းရဲတဲ့ကောင် ..။

သမိုင်း ခြေလှမ်းတွေမရွေ့လျားခင်မှာ သွန်း သူ့ရှေ့ကိုရောက်လာ၏။

"သမိုင်း .. တစ်ကျောင်းလုံး ဘာတွေပြောပြော သွန်း တို့က ရှင့်ဘက်ကရပ်တည်မှာပါ"

"မင်းတို့ ဝိုင်းဝန်းရပ်တည်ပြမှ ငါက နိုင်နိုင်မတ်မတ်ရပ်နိုင်မယ် ဟုတ်လား .."

"ဟင့်အင်း .. အဲလိုမဟုတ်ပါဘူး"

"မဟုတ်ရင်ဖယ် .. သမိုင်း ဆိုတဲ့ကောင် ဘာကောင်ဆိုပြီး မျက်ထပ်နာမည်တစ်မျိုး ထပ်တိုးသွားလိမ့်မယ်"

သွန်း မျက်နှာလေး ငယ်သွားသည်။ သမိုင်း အတင်းရှေ့တိုးလိုက်တော့ လန့်ဖျပ်ပြီး နောက်ဆုတ်ရှောင်ပေးလိုက်ရ၏။ ဒါပေမယ့် မျက်ကနေမြင်နေရသည့် သမိုင်းရဲ့လွယ်အိတ်ကြိုးက အပ်ချုပ်ရာလေးမှာ မျက်ဝန်းတွေ ကပ်ငြိသွားခဲ့သည်။

"ငါ တော်တော်မှားသွားတယ်ဟာ .."

"မှားတာက မှားတာပဲ၊ ဒီလောက်သဘောင်မြင့်တာတော့ လွန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘဝင်မြင့်တာမဟုတ်ပါဘူးဟာ၊ သူ့စမျာ ပြဿနာကိုချဉ်း ရင်း တည့်တည့်တိုးနေရတော့ ဒေါသဖြစ်မှာပေါ့၊ ငါ သူ့ကိုရိုက်ခဲ့တာ လဲ ကျေနပ်ချင်စရာမှမရှိတာ ..."

"ဘာဖြစ်ဖြစ် သူ့အတင်းအဖျင်းကို မောင်မောင်ညို့ လျှောက်ပြ နေတာသိရက်နဲ့ မရှင်းဘဲနေတာတော့ သဘာဝမကျပါဘူး"

"ဟုတ်တယ်၊ မရှင်းတဲ့အပြင် သူက ပတ်ပြေးနေသေးတယ်၊ ဆင်းရဲတာ ရှက်စရာမှမဟုတ်တာ၊ ဒီတစ်ကျောင်းလုံး လူချမ်းသာတွေ ချည်းပဲရှိတာမဟုတ်ဘူး၊ သူ အဲဒီလိုနေလေ လူတွေကသတိထားမိလေပဲ"

"တကယ်တော့ဟာ .. မိန်းကလေးတွေက သနားလွယ်ကြတာ ပါ၊ သူက ကျားကျားလျားလျားပုံစံနဲ့ ကြောက်သလို ရှံ့သလိုနေတော့ သတိထားမိကုန်တာပေါ့၊ သူနဲ့မိန်းကလေးတွေကြားက အလိုအလျောက် ဆက်သွယ်နေမှုကို မနာလိုပြီး မောင်မောင်တို့လိုကောင်မျိုးတွေက ကြံဖန် အကွက်ရှာချောက်တွန်းတာ .."

"အေးလေ .. ဒါတွေကို ငါတို့က နားလည်နေပါပြီ၊ သူက ဘာလို့ပြေးနေရတာလဲ"

"စောင်းလက်ခတ်နဲ့မောင်မောင် ပြဿနာတက်ကြတာလဲ အဲဒီလို မရှုင့်မရဲဒေါသတွေနဲ့ ပေါက်ကွဲကုန်တာနေမှာ၊ မောင်မောင်ဆိုတဲ့ကောင် သမိုင်း ကိုမှ ဘာဖြစ်လို့လိုက်ဖွဲနေတာလဲမသိဘူး၊ တစ်ခုခုတော့ ရှိနိုင် တယ်"

ဒီစကားကြားမှ သွန်း ကလှည့်ကြည့်ပြီး ခေါင်းညိတ်သည်။ သူ တို့အားလုံး ကော်ရစ်ဒါကနေ လှုပ်လီလှုပ်လဲ့ လျှောက်လာကြရင်း အားလုံး၏မျက်လုံးတွေကလည်း ကျောင်းဝင်းကြီးထဲမှာ ဝေ့ဝဲလျက်၊

"အဲဒါဟုတ်တယ်၊ ရည်းစားလုဘက်တွေလဲမဟုတ်ဘူး၊ သမိုင်း ရော .. သူရော မွေမွေရှုပ်ရှုပ်ရှိကြတာမှမဟုတ်တာ .."

"တချို့ကျတော့ ရည်းစားထားဖို့၊ မိန်းမယူဖို့ထက် အဲဒီလိုမျိုး





...ယောက်ယောက်ကို စွန့်တွန်းလိုက်လုပ်နေရတာပဲ ဝါသနာကြီးတာ၊ ...မောင်မောင့်ရုပ်ကိုကြည့်ပါလား"

"ကြည့်ပြောနေတာပဲ သွန်းရဲ့၊ နင်ပြောတဲ့လူမျိုးက လူပြောင် ...ပြက်တွေပါ၊ အဲဒီလိုလူတွေက ဖြူစင်ပါတယ်၊ မောင်မောင့်မျက်နှာ ...ဖြူစင်တာ တစ်စက်မှမမြင်ဘူး"

အဲ တို့အုပ်စုတွေ သမိုင်း ဘက်မှာလုံးဝရပ်တည်ရင်း ခွဲခြားကြည့် ...ကတော့ အနက်ရောင်နယ်မြေထဲမှာ မောင်မောင်ကရောက်သွား၏။

"မောင်မောင်လုပ်တာနဲ့ပဲ သမိုင်း က ဒုက္ခတွေရောက်၊ မိန်း ...လေးတွေကိုရှောင်၊ ကြာတော့ ရှေ့မရှိဘဲ ထလောင်ပြီး သမိုင်း က ...မမုန်းဝါဒီသမားကြီးဖြစ်မှာသေချာတယ်"

"ငါကတော့ မမုန်းပါဘူး၊ သူမုန်းတယ်ဆိုလဲ နားလည်တယ်"

"အံမယ် ..."

ဝသန် က မျက်စောင်းလေးရွယ်သည်။ သွန်း က ဘာဖြစ်လဲ ...သည့် ခပ်မဲ့မဲ့မျက်နှာနှင့် ...

"ငါက ကိုယ်ထိလက်ရောက်စော်ကားထားမိတာ၊ ငါ့အပြစ်နဲ့ ...လေ .."

"တော်သေးတာပေါ့"

"ဒါဆို ငါတို့က ကူညီရဖို့ရှိတယ်၊ ဒီနေ့ကစပြီး သမိုင်းနဲ့ မောင် ... ဘယ်လိုငြိနေကြတာလဲ ရအောင်စုံစမ်းမယ်"

"ဘယ်လိုစုံစမ်းမှာလဲ"

သွန်း က ဝမ်းသာအားရမေးတော့ အဲက ခေါင်းခါ၍ ...

"ခုတော့ ဘယ်သိဦးမလဲ"

သေပါတော့ ...၊ သွန်း နှုတ်ခမ်းလေး မသိမသာမဲ့လျက် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"အင်း .. အင်း .. ဆက်ပြောပါဦး၊ ဝတ်လွှာ ကမှ အားကိုးရေ
တယ်"

ခတ် က ဝတ်လွှာ ပြောပြနေတာတွေကို စိတ်ဝင်တစားမြ
လျက် စုမြတ် ကိုလှည့်ကြည့်ပြီးမှ၏။

"အေးပါ .. ကျေးဇူးကန်းထားဦးပေါ့"

"နင်တို့ကလဲ .. ဒီမှာပြောရတာ အရှိန်ပျက်လိုက်တာ .."

ဝတ်လွှာ ပြောမှ နှစ်ယောက်စလုံး၏စကားသံတွေရပ်၏။

"ငါလေ .. အဲဒီ ဒေါ်လုံမေဆိုတဲ့ဒေါ်ကြီးကို တမင်တ
တိုက် ပစ်လိုက်ဖို့ မနည်းကြိုးစားရတာ သိလား၊ သူ့ဆွဲခြင်းကြီးပြုတ်
သွားအောင် တိုက်ရတာကိုး"

"အေးလေ .. အဲဒီတော့ နင်ရန်တွေ့ခံရရောလား .."

ဝတ်လွှာ က ခေါင်းခါပြသည်။ သူမ မြင်လိုက်ရသည့်ဒေါ်လုံ
ဆိုသော အမျိုးသမီးကြီးက နာတာပေါ်ပုံ၊ နူတ်ခမ်းထူပုံတွေရော သ
နဲ့တော်တော်ဆင်တူနေလျက် မျက်လုံးချင်းဆုံလိုက်ရတော့ ပိုနားလ
ခဲ့သည်။





တလက်လက်တောက်နေသောမျက်ဝန်းတွေက မာနကြီးခြင်း၊
ပိုသိပ်ခြင်းတွေ ပြည့်နှက်လျက် တွန့်ကုတ်သွားသည့်မျက်ခုံးနှစ်ဖက်
ပြုကျသွားတော့ နှစ်လိုဖွယ်မျက်နှာမျိုးဖြစ်သွားပြန်သည်။

"ကန်တော့နော် အန်တီ .. ကန်တော့၊ သမီး ဟိုဘက်ကို ငေးလာ
လို့ပါ၊ တောင်းပန်ပါတယ်"

"ရပါတယ်ကွယ် .."

ဒိုင်းခနဲ ခွမ်းခနဲတွေဖြစ်သွားတုန်းက ဆတ်ခနဲ လှည့်ကြည့်လိုက်
သည့်မျက်ဝန်းများက အပြင်းစားမိုးအားများနှင့်ဖြစ်ကာ ဝတ်လွှာ ပျာပျာ
ယဲတောင်းပန်ရင်း ဆွဲခြင်းထဲက ထွက်ကျကုန်သည့်ပစ္စည်းတွေကို
ကောက်ပေးတော့ ပြေပြေပြစ်ပြစ်ဖြစ်သွားခဲ့သည်။

"အဲဒါနဲ့ပဲ ခုတစ်ခါထပ်တွေ့တော့ အိမ်တွင်းရေးတွေဘာတွေ
ပြုရောလား၊ နင်က ပေါင်းတတ်သင်းတတ်သားပဲ၊ ကိုယ့်သူငယ်ချင်း
ောက်တော်မှန်း ခုမှသိတယ်"

ပြောပြလိုက်သည်နှင့် စုမြတ် က တစ်လုံးတစ်ဝချီးကျူး၏။ စိတ်ဝင်
စားနားထောင်ချင်နေသည့် သူငယ်ချင်းနှစ်ယောက်အလယ်မှာ ဝတ်လွှာ
ခပ်မိန့်မိန့်အပြုံးလေးနှင့် နောက်ထပ်ဆုံစည်းမှု အကြောင်းကိုဆက်သည်။

"ပဲကြော်နဲ့မုန့်ဟင်းခါးနှစ်ပွဲ ထုပ်ပေးပါ၊ မြန်မြန်လေးလုပ်ပါနော်၊
ရေကြီးလို့ .."

"ရပြီ .. ရပြီ၊ ဒီအစ်မကြီး တစ်ပွဲလုပ်ပြီးရင်ရပြီ"

ဝတ်လွှာ က တမင်စောင့်ကြည့်ပြီးမှ ဒေါ်လုံမေဘေးမှာ ဝင်ရပ်
လိုက်တာဖြစ်သည်။ ဒါပေမယ့် ဈေးသည်ကပြောမှ သတိထားမိသည့်
ပုံနှင့် လှည့်ကြည့်လိုက်၏။

"ဟင် .. အန်တီပါလား၊ ဒီနေ့ ဆွဲခြင်းကြီးမပါတော့ဘူးနော်"

"ဟင် .. သြော် ..."

ဒေါ်လုံမေကတော့ ရုတ်တရက်မမှတ်မိဘဲ စူးစိုက်ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြုံး၏။

"သမီးနဲ့တွေ့တဲ့နေ့က ဈေးဝယ်လာတာလေ၊ သုံးရက်တစ်ခါ ဝယ်တာ၊ အနုက သားလေးအတွက် မုန့်ဟင်းခါးဝယ်ဖို့ သပ်သပ်ထွက် လာတာ၊ အန်တီနေတာက ဒီနောက်လမ်းထဲမှာ ..."

"ဪ .. ဟုတ်လား"

ဘယ်မှာနေတာလဲဆိုသည့်ကိစ္စကို စိတ်မဝင်စားသလိုပုံဖမ်းလို တော့လည်း ဝတ်လွှာ တို့က ပိပိရိရိပြန်၏။

"ဟုတ်တာပေါ့၊ နေ့တိုင်းဘယ်သွားနိုင်မလဲ၊ ဒါပေမယ့် ခုတလေ မီးတွေအရမ်းပျက်တော့ အသားငါးတွေ တစ်ပတ်ဆယ်ရက်စာ ဝ ထားလို့မရဘူး၊ မေမေဆို အရမ်းညည်းတာပဲ"

ဒီလိုပြောတော့ ဒေါ်လုံမေ မျက်နှာပေါ်မှာ ဖြူစင်သည့်အပြုံ လေးတစ်ချက်ဖြစ်လျက် ...

"ရေခဲသေတ္တာလဲမရှိပါဘူး သမီးရယ်၊ သုံးရက်စာဆိုတာ အခြောက်အခြမ်းလေးနဲ့ဖက်ဝယ်ရတာကိုပြောတာပါ၊ အန်တီ သွ မယ်နော်"

ဈေးသည်က မုန့်ဟင်းခါးထုပ်လှမ်းပေးတော့ ဒေါ်လုံမေ တစ်ဖက်က ပိုက်ဆံပေးရင်းနှုတ်ဆက်၏။

"မပေးနဲ့ အန်တီ၊ သမီးနဲ့ ရောရှင်းလိုက်မယ်၊ မငြင်းပါနဲ့ တစ်ခါ ဆွဲခြင်းထဲကနေ ထွက်ကျပြီး လေလွင့်ကျန်ခဲ့တာတွေအ ပြန်ယူပါဆိုတာလဲ မယူဘူး"

ဝတ်လွှာ က သူငယ်ချင်းတွေဆုံရင်သာ ဟိုလူပြောဒီလူပြောအားပေး ဒီလူအကြံပေးတာကိုဆုံးဖြတ်နှင့် စကားနည်းသလိုလုပ်နေခဲ့ပေမ လိုအပ်ပြီဆိုတော့ ဖောင်သာဝေအောင်ပြောတတ်၏။

မေးခွန်းတွေကိုပြန်ဖြေနေရင်း ဒေါ်မေလုံ ချက်ချင်းမသွားဖြစ်တေ ဘဲ သူမ ကိုစောင့်ခေါ်သလိုဖြစ်သွားတော့ အများကြီးရင်းနှီးခွင့် ရသွ





သည်။

ထိုအခါ နာမည်ထင်ရှားလူသိများနေသည့် မောင်မောင်ကအစ ကြ သမိုင်းသစ်ကောင်းကင်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့၏။

"အဲဒီနေ့က မောင်မောင့်ဘက်ကနေ ဒေါသဖြစ်ကြပေမယ့် သူတို့ ထဲမှာလဲ မောင်မောင်ညာနေတာကို နည်းနည်းတော့ရင်ခံနေပြီဟ၊ ဒေါ်လုံမေ ဆိုတဲ့နာမည်ကို နိုင်းလတ် ပြောမှ ငါသိတာ .."

ဝတ်လွှာ က နိုင်းလတ်နဲ့သူမ မေးထူးခေါ်ပြောရှိခဲ့ဖူးတာနှင့် ဒေါ်လုံမေ ပြောပြချက်တို့ ဆက်စပ်သွားပုံကို ဆက်ရှင်းပြသည်။

"နိုင်းလတ်နဲ့အလင်းရောင် ညှိသစ္စာခြံကြီးထဲကို ရောက်ဖူးတယ်၊ မောင်မောင်က အဲဒီနေ့ကျမှ သမိုင်းနဲ့ တစ်ခြံတည်းနေတာကိုဝန်ခံတာ"

"ဝန်ခံတာဆိုတော့ သူတို့က သမိုင်းနဲ့မောင်မောင် ဝတ်သက်မှု တာကို အရင်က မေးထားကြဖူးလို့လား .."

"မေးဖူးတယ်တဲ့၊ ဒါပေမယ့် မောင်မောင်က ဟုတ်တယ်၊ မဟုတ် ဘူးမပြောဘဲ ဇွေလည်ကြောင်ပတ် ရှောင်ရှောင်ထွက်သွားတာတဲ့"

"ခြံထဲကိုရောက်သွားတာက မောင်မောင်ကိုယ်တိုင် ခေါ်သွားတာ လား"

ခတ် က စိတ်လှုပ်ရှားသံလေးနှင့် သူမ ကချည်း မေးခွန်းတွေ ပစ်နေ၏။ ဝတ်လွှာ ကလည်း သိသမျှဖြေသည်။

"မဟုတ်ဘူး၊ ဘီလိယက်ခုံကနေ သူတို့အတူထပြန်ကြရင်း ဝင် လိုက်သွားတာတဲ့၊ သမိုင်း ကိုမြင်တော့မှ ဆွေမျိုးမကင်းလို့ သူ့အဘွား လက်ခံထားရတာလို့ပြောပြတာ၊ သူပြောပုံက ဒေါ်လုံမေကပဲ အိမ်ဖော် ဘ်နေရသလိုလို၊ ပြီးတော့ သမိုင်း က မိန်းကလေးတချို့ကနောက်သလို ပြင်သလိုစကြရင်း ခင်ခင်မင်မင်တွေဖြစ်ကုန်တာကို သူများသဝန်တို ဖြစ်အောင် ထပ်ပြောတော့ ..."

ထိုနေ့ကအဖြစ်တွေကို နိုင်းလတ်ကပဲ ပြောပြခဲ့တာဖြစ်ကာ ဝတ်လွှာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ခတ် တို့ကို သေချာပြန်ပြောပြ၏။ တကယ်တော့ အိမ်ချင်း သိပ်မနီးပေမယ့် စိုင်းလတ်နဲ့ဝတ်လွှာတို့က ဟိုတုန်းကတည်းက မျက်မှန်း တန်းမိနေတာဖြစ်သည်။

တက္ကသိုလ်တက်ကြတော့ တစ်ခါတလေ ရင်ဆိုင်တွေ့ဖြစ်ကြပြီ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ခေါ်ပြောဖြစ်ကြ၏။ နှုတ်၏ စောင့်မခြင်း၊ လက်၏စောင့်မခြင်း မကင်းကြတာမျိုး ..။

ထို့ကြောင့် ဝတ်လွှာ က စုမြတ် လောက်တော့ စကားမသွက် ပေမယ့် သမိုင်း ကို ခတ် လိုပဲ အကောင်းမြင်တတ်လာသည်မို့ သိချင် တာတွေများလာခဲ့၏။

နောက်ဆုံး ဟိုဒီဆက်စပ်တွေးကြည့်ရင်း စိုင်းလတ်ကို ကိုယ်တိုင် မေးကြည့်မိတဲ့အထိ ဖြစ်သွားခဲ့ခြင်းပင်။

"မောင်မောင်က တော်တော်ယုတ်မာတာပဲ"

စုမြတ် က ရှုံ့ရှုံ့မဲ့မဲ့ ကဲ့ရဲ့၏။ ခတ် ကလည်း ခေါင်းညိတ်ကာ ...

"အေးလေ ... ညီအစ်မအရင်းတွေက တစ်ယောက်စီမွေးထား တာကိုများ သွေးမျိုးမကင်းရှိပဲတော်တယ်တဲ့၊ ဖြစ်စဉ်ကိုလဲ ပြန်ကြည့်ပါဦး သူ လျှောက်ဖွတဲ့အတိုင်း သမိုင်း ဒုက္ခရောက်ခဲ့တာတွေ ..."

"ခတ် ရယ်၊ မိန်းကလေးတော်တော်များများလဲ နင့်လိုပေါ့ဟာ သူ့ကို ခပ်လှမ်းလှမ်းကနေ စနောက်လှောင်ပြောင်ဖူးကြပေမယ့် ရင်ဆိုင် တွေ့ပြီး ဒုက္ခပေးဖို့အထိဖြစ်လာရင် လက်တွန့်ကုန်ကြတာပဲ၊ ပြီးတော့ သူ့ကို နားလည်သွားကြတယ်"

ဝတ်လွှာ က ခုမှ ကျေကျေနပ်နပ် ရှင်းမွမ်းမှု၏။

"ငါက နင့်ရဲ့ ပုံဖော်ရေးဆွဲသူဟာ သမိုင်း ဖြစ်ဖို့အကြောင်းရှေ့ ရှိနေတယ်ဆိုကတည်းက သူ့အကြောင်းကိုသိအောင်စုံစမ်းဖို့ ဆုံးဖြတ် လိုက်တာပါ၊ အဲဒီနေ့က အိမ်ဖော်ကောင်မလေးရောက်လာပြီး မောင်မောင် ကို ကိုကိုကြီး၊ သမိုင်းကို ကိုကိုလေးလို့ခေါ်လိုက်တာကိုကြားမှ စိုင်းလတ်





တို့ သဲသဲယဲဝင်သွားကြတာတဲ့ .. သိလား၊ သူတို့ဖြစ်စေ ချင်တာက ဟာ... သူငယ်ချင်းချင်း ဒီလောက်အကြာကြီးလျှို့ဝှက် ထားစရာလား"

"အေးပေါ့၊ ယုတ်မာတာကိုး .."

"ဒါတောင် သူတို့သေချာမသိသေးဘူး၊ ငါကမေးတော့မှ သူသိ သလောက်ပြောပြပြီး သူတို့လဲ သေချာသိချင်တဲ့အကြောင်းပြောတာ၊ လူငယ်ချင်းဟာ .. ဘာဖြစ်ဖြစ် ကိုယ်နဲ့ထက်သာရင် မနာလိုတာ သဘာဝ ကျပါတယ်၊ အထူးသဖြင့် သူတို့ကြိုက်နေ၊ လိုက်နေတဲ့မိန်းကလေး တွေက တခြားတစ်ယောက်ကို ရင်းနှီးနေကြတယ်ဆိုရင် သဝန်မတိုဘဲ နေမလား၊ ဒါလဲ ဖြစ်တတ်တဲ့သဘာဝတရားပဲ၊ မောင်မောင် လှုပ်ရှားနေ တာကျတော့ ယုတ်မာလွန်းတဲ့အပိုင်းကိုရောက်သွားတယ်လေ၊ ပြီးတော့ ဒါကို ဘယ်သူမှမသိအောင် ဖုံးထားခဲ့တယ်၊ ဘာမှမပတ်သက်တော့လို့ စကားထဲထည့်မပြောချင်ဘူးဆိုရင်တောင် ခွင့်လွှတ်လို့ရသေးတယ်၊ အခု တစ်ခြံတည်းနေ၊ တစ်ရေတည်းသောက် .."

ခေါင်းတွေညိတ်၍ သမိုင်း မျက်နှာကိုမြင်နေရင်း သုံးယောက် သား ခဏတော့ တိတ်ဆိတ်သွား၏။ ပြီးမှ ...

"လျှို့ဝှက်ချက်က တစ်ခုပဲကျန်တော့တယ်၊ သမိုင်းကို မောင်မောင် ဘာဖြစ်လို့ ဒီလောက်ထိ ဒုက္ခပေးချင်နေတာလဲဆိုတာ .."

"ရှင်းနေပြီပဲဟာ .. မနာလိုတာပေါ့"

စုမြတ် ဖြေလိုက်တာကို ခတ် က ခေါင်းခါ၏။

"အဲဒီလောက်တော့ မရိုးစင်းဘူးထင်တယ်"

"အစစ်ပေါ့ ခတ်ရယ်၊ အန်တီဒေါ်လုံမေဆို သူ့တူအကြောင်း ပြောတာနဲ့ မျက်ရည်ပဲကျတော့မလိုလို၊ ငိုချင်တာကို မချိမဆန့်တားဆီး နေရမလိုလိုနဲ့ မျက်လုံးတွေနီပြီး စိုစိုလက်လက်ဖြစ်လာတာ သိလား၊ သားလေးက သိပ်ကို ကံဆိုးခဲ့တဲ့သူပါလို့ပြောတာ ခဏခဏပဲ၊ နောက်ပြီး လူမမယ်အရွယ်လေးတွေကတည်းက မောင်မောင်က အမြဲတမ်း ပေါ်ပါး

www.burmeseclassic.com



နပ်နပ်ပေါင်းတာတဲ့၊ သူ ချောက်ချသမျှ သမိုင်း က အမြဲအသားမှာတယ်တဲ့"

"သူ့အဘွားဆိုတာကလဲ မြေးချင်းအတူတူကို ဒီလောက်ပဲ ခွဲခြားရက်သလားဟယ် .."

စုမြတ် က သနားခြင်းကြီးစွာ ဖြစ်ထွန်းနေသည့်လေသံနှင့် ...

"ဒီတိုင်းတောက်လျှောက် ဒီအရွယ်ထိပေါ့ .. ဟုတ်လား .."

"အေးလေ၊ အန်တီဒေါ်လုံမေက ဒီတိုင်းပြောတာပဲ၊ ကျုပ်တာကတော့ သူတို့မိသားစုရဲ့ အတွင်းရေးတွေဖြစ်မှာပေါ့ဟာ၊ ဒီလောက်ထိပြောပြတာတောင် သမိုင်း ကို အိမ်ဖော်ရဲ့သားဆိုတဲ့အမြင်မျိုး အမြင်မခံနိုင်လို့ရယ်၊ ငါ့ကို သမိုင်း နဲ့အတူကျောင်းတက်တဲ့မိန်းကလေးလို့သိသွားမှ လိုက်လိုက်လှဲလှဲပြောပြတာလေ၊ သူ့ခမျာ တစ်သက်လုံး မျိုသိပ်ထားရရှာတာဖြစ်မယ်၊ သူက သမိုင်း ရဲ့အဖေဘက်ကတော်တဲ့ ကြီးတော်ဆိုတော့ ဒီလိုနေရပုံထောက်ရင် သူတို့ဘက်က နိမ့်ပါးခဲ့တဲ့အခြေခံပဲဖြစ်မှာ ..."

"ဖြစ်နိုင်တယ်ဟ၊ အဲဒီမှာ အတွင်းရေးတွေ တော်တော်ရှုပ်ခဲ့မှာသေချာတယ်၊ ဘာဖြစ်ဖြစ် မောင်မောင် စိတ်ကောင်းမရှိတာ ရှုံ့စရာကောင်းပါတယ်ဟာ၊ ဒါတွေကို ငါတို့ ဖော်ထုတ်မှဖြစ်မယ်ထင်တယ်"

စုမြတ် က တက်ကြွစွာ ခြေလှမ်းပြင်သည်။ ဒါပေမယ့် ဘယ်သူမှ နောက်ကလိုက်လုပ်မည့်သူမရှိ။

"သမိုင်း ကိုယ်တိုင် သိနေသားနဲ့ ငြိမ်ခံနေတာ ဘာဖြစ်လို့လဲဆိုတာလဲ သိဖို့လိုတယ်"

ခတ် ၏စကားသံလေးကြောင့် ဝတ်လွှာ က သေချာစိုက်ကြည့်ကာ ...

"ခတ် .. နင် သမိုင်း ကို ဟိုတစ်ယောက်ဖြစ်မှာပဲလို့ ယုံနေပြီလား"





"ဘာဖြစ်လို့လဲ"

"သမိုင်း ကို နင် အစက သနားတာလေ၊ ပုံဖော်ရေးဆွဲသူကိုတော့ နင်စွဲလမ်းနေခဲ့တာ၊ အခုပုံစံကြည့်ရတာ သမိုင်း ဘဝက အစကောင်းနဲ့ပုံမပေါ်ဘူး၊ အဘွားဖြစ်တဲ့သူကိုယ်တိုင် စွန့်လွှတ်ချင်နေတဲ့အတွက် နောင်ရေးကလဲ ရင်လေးစရာ ..."

"အဲဒီတော့ ဘာဖြစ်လဲ"

"ဒီနှစ်ယောက်က တစ်ယောက်တည်းဖြစ်နေပြီဆိုရင် နင် မစဉ်းစားတော့ဘူးလား"

"ဟင့်အင်း .."

ထင်ပြီးသားပါပဲ၊ ဒါပေမယ့် ဒီလောက်မြန်မြန်ကြီးဖြေလိုက်တော့ ဝတ်လွှာ မျက်ခုံးလေးတွေ ပင့်သွားသည်။ ပြီးတော့ စုမြတ်ကို ကြည့်၏။

"မကြည့်နဲ့ မိန်းမ၊ ခုမှ ခေါင်းစဉ်အောက်ကိုဝင်ပြီး နိဂုံးရေးတော့မှာ၊ တစီတကုံးရဲ့နာမည်က ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"

"အင်း .. ကောင်းပါတယ်၊ ဆက်သာလုပ် .."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"သမိုင်း ..."

ကားမှတ်တိုင်ဆီ ရွေ့လျားနေသည့်ခြေထောက်တွေက တုံ့ခဲ့ဖြစ်သွားပြီးမှ ရှေ့ပြန်ဆက်၏။ မိန်းကလေးတစ်ယောက်၏အသံကို ကြားရတိုင်း ကိုယ်နှာမည်က လှုပ်သေနိုင်သည့် ကျောက်တုံးကြီးတစ်တုံးလိုဖြစ်သွားတတ်သည်။

ခေါင်းကို အရှိန်နဲ့ပစ်တိုက်သွားသလို နားထဲမှာ မိုးကွဲသွားသလို လို ..။

"သမိုင်း .. ဒီနေ့ အတန်းမတက်တော့ဘူးလားဟင် .."

အမိုးရိပ်အောက်မှာ သူ ရပ်လိုက်တော့ ခတ် ကလည်း လိုက်ရပ်သည်။ သူက ရှပ်အင်္ကျီလက်ရှည်အဖြူကို နာရီပေါ်ရုံလေး ခေါက်တင်ဝတ်ထားသလို ခတ် ကလည်း ဖြူဖွေးတဲ့ရှုပ်အင်္ကျီလက်တို လေးနှင့် အဖြူနှင့်ပန်းရောင်ရောသော စကတ်အရှည်လေးက အံတွဲနေ၏။

ခတ် ကို သူကမကြည့်ပါ။ ရှေ့မှာထိုးရပ်သွားသည့် တောင်းအော်





ကားမှန်မှာ မြင်လိုက်ရခြင်းကြောင့် သူမ၏ဆံပင်ရှည်တွေ ဖြန့်ချထားသည်အထိ သတိထားမိနဲ့ခြင်းဖြစ်သည်။

ခတ် ကတော့ သူ့မျက်နှာမှတစ်ပါး ဘယ်အရပ်မျက်နှာဆီကိုမှ ဂရုမစိုက်မိပေ။

"ခတ် မေးတာကိုဖြေဦးလေ"

"ဟုတ်တယ်၊ မတက်တော့ဘူး၊ မင်းဘာလုပ်မလို့လဲ"

"ဟို .. သမိုင်း ကိုမေးစရာရှိလို့ .."

သမိုင်း က ခတ် မျက်နှာပေါ်ကနေ စီးမိုးကြည့်လိုက်ကာ ...

"မင်းနဲ့ငါ့ကြားမှာ မေးခွန်းတစ်ခု ဖြစ်လာဖို့မရှိဘူးထင်တယ်၊ ပြီးတော့ ..."

"နေပါဦး သမိုင်းရဲ့၊ ခဏလေးနားထောင်ပါ"

ခတ် က သမိုင်း ဆက်မပြောဖြစ်အောင် လက်ဝါးလေးပါကာ၍ တားဆီးသည်။

"တို့မေးချင်တာက ကျောင်းကပြဿနာတွေနဲ့မဆိုင်ပါဘူး၊ ဘယ်သူနဲ့မှလဲ မပတ်သက်ဘူး၊ သမိုင်းနဲ့ခတ် ..."

"မင်းနဲ့လဲမပတ်သက်ချင်ဘူး၊ တော်ပါတော့ကွာ၊ မင်းတို့တာပ်ပေးထားတာ နေသမိုင်း မှာ ဘွဲ့တွေတစ်သီကြီးနဲ့ပါ၊ နောက်ထပ်ဘာကျန်သေးလို့လဲ"

သမိုင်း က နေသားကျပြီးသည့်လွယ်အိတ်ကို ဒေါသနှင့်ထပ်ဆွဲတင်သည်။ ပြီးတော့ ရောက်လာသည့်ကားကို ဘယ်ကားမှန်းမသိဘဲ ဘယ်ကားဖြစ်ဖြစ်ဆိုသည့် စိတ်တုံးတုံးချခြင်းနှင့် တက်ပစ်လိုက်၏။

သူ တက်လိုက်ပေမယ့် ကားကတန်းမထွက်ဘဲ လူခေါ်နေသဖြင့် ခတ် ဒီတိုင်းလေးကျန်ခဲ့ရာကနေ သူ့နောက်က တက်လိုက်သွားမိသည်။

ကားပေါ်မှာ ခုံက နောက်ဆုံးမှာ နှစ်ယောက်တွဲထိုင်ခုံတစ်လုံးပဲကျန်သည်။ သူ့နောက်ကနေ ခတ် ဒီလိုလိုက်လာမည်မထင်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုနံမှာ သမိုင်း အကျအနထိုင်ပြီးမှ ...

"ရပြီ ဆရာ .. ဆွဲ .."

သူ မျက်နှာမော့လိုက်တော့ စပယ်ယာ၏အသံနှင့်အတူ သူ့ဘေးမှာထိုင်ဖို့ လျှောက်လာနေသည့် ခတ် ကလည်း အနားရောက်နေပြီဖြစ်၏။ ခတ် က ဘေးမှာဝင်ထိုင်ကာ မျက်မှောင်ကြုတ်၍ တစ်ဖက်လှည့်နေသည့် သူ့ကို ပြုံးမိသည်။

"ကဲ .. ယာဉ်စီးခလေးတွေခင်ဗျာ .."

တချို့က အိတ်ပိုက်နေကြတော့ စပယ်ယာ၏နှုတ်ဆော်သံ ထွက်လာသည်။ သူ့ကိုပဲ သတိထားကြည့်မိနေသည့် ခတ် လည်း ထိုအသံကြားမှ ပိုက်ဆံအိတ်ဖွင့်ရ၏။

"နှစ်ရာပါခင်ဗျာ .."

"ဘာ .. နှစ်ရာ ..."

"ဟုတ်ပါတယ်၊ ဒါက အထူးကားမို့လို့ပါ"

ထိုအခါကျမှ မိုးတိုးမတ်တတ်ရပ်တဲ့သူ မပါဘဲ နံ့ပြည့်တာနှင့် ထွက်လာတာကို သတိထားမိသည်။ ဆင်းရဲတဲ့ဘဝမှာ အထူးကားဆိုတာတောင် သိပဲသိသည်၊ တစ်ခါမှ မစီးဖူးခဲ့ပေ။

"အစ်ကို .. နှစ်ရာတန်က ပြတ်ကျတော့မယ်"

စပယ်ယာမျက်နှာက စပ်ဖြဲဖြဲနှင့် သမိုင်း ပေးသည့်နှစ်ရာတန်ကို ကိုင်ပြ၏။

"ပြတ်မကျသေးဘူးမို့လား၊ ယူထားလိုက်၊ လဲပေးစရာ အပိုမပါတော့ဘူး"

သမိုင်း မျက်နှာကလည်း ရှက်ကြောက်ရှိန်းဖိန်းသွားသည့်ပုံမျိုး။

"ယူမှာပါ၊ ဒါပေမယ့် ခရီးသည်ကိုပြန်အမ်းရင်တော့ နည်းနည်းရှေ့ရှိတယ်"

ထိုစဉ် ခတ် က ငါးရာတန်ပေးလိုက်တော့ တိပ်ကပ်ရာဗရပွနှင့်





တစ်ရာတန်တစ်ရွက်အပိုဆောင်းကာ သုံးရာပြန်အမ်းသည့်အထဲမှာ ထိုနှစ်ရာတန် အလှည့်ကျသွားသည်။

"အစ်မ .. ဒါမကြိုက်ရင် အဲဒီမှာ ပြန်လဲလိုက်ဗျာ .."

"ကြိုက်ပါတယ်"

"ဟား .. အိုခေ .."

စပယ်ယာက အပိုစကားတွေ ပြောနေသည်။ မိန်းကလေးဖြစ်ဖို့သူကလည်း ပြောရဲလွန်း၏။ သမိုင်း ၏ မလိုလားသောမျက်ဝန်းတွေ ခတ် ဆီ တည့်တည့်မတ်မတ်ရောက်လာသည်။

ခတ် က မသိသလိုလေးနေလျက် နှစ်ရာတန်ကို ပိုက်ဆံအိတ်ထဲ သေချာထည့်သိမ်းလိုက်၏။

"မှတ်တိုင်ပါတယ်"

သူ ဆတ်ခနဲ ထရပ်ပြီး ဆင်းမယ်လုပ်တော့ ခတ် က ဖယ်ပေးတာမဟုတ်ဘဲ အတူလိုက်ရပ်သည်။ ပြီးတော့ သူနဲ့အတူတူဆင်း၏။

"စောင်းလက်ခတ် ..."

"ဟင် ..."

"မင်း .. ဘယ်သွားမယ့်အစီအစဉ်ရှိလဲ"

"မရှိပါဘူး၊ သမိုင်း နဲ့ စကားပြောချင်လို့ဟာ .. နားမထောင်သေးလို့ .. ဟို ..."

"မင်း မိန်းကလေးဆိုတာ နားလည်ဖို့ကောင်းတယ်"

"လည်တာပေါ့ သမိုင်းရဲ့၊ ခတ် ဘယ်လိုမိန်းကလေးလဲဆိုတာ သမိုင်း လဲ ..."

"သိတယ်၊ မင်းကြောင့် အစကနေ ခုထိ နောက်ဆက်တိုက် ဘယ်လိုဒုက္ခတွေရောက်ဦးမယ်၊ ဘာပြဿနာတွေဝင်မယ်ဆိုတာ .."

"သမိုင်း က တို့ကို နည်းနည်းလေးမှ ရင်းနှီးစိတ်မဝင်ဘူးလားဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"မဝင်ဘူး"

သမိုင်း က ယောက်ျားခြေလှမ်းမို့ ပိုကျဲသည့်အပြင် တမင်မြန်မြန် လျှောက်နေသဖြင့် ခတ် အတွက် မီအောင်လိုက်နေရတာ မသက်သာ။

"ရှင် ခြေလှမ်းနည်းနည်းလေးစိပ်လိုက်ပါလား သမိုင်းရယ်၊ ဒီမှာ ခလုတ်တိုက်လဲတော့မယ်"

သမိုင်း ခြေလှမ်းနှေးကျသွား၏။ ဒါပေမယ့် ငုံကြည့်သည့်မျက်နှာ က တင်းပြတ်ပေါက်ထွက်တော့မယ့်အတိုင်း ..။

"ရှင် ဘယ်သွားမှာလဲ"

"မင်းပြောချင်တာ အဲဒါလား"

"မဟုတ်ဘူးလေ၊ ဒါပေမယ့် အခု ဒီကမောနေပြီ၊ တစ်ခုခုစား ရင်း ..."

"မင်းနဲ့မပတ်သက်ချင်လို့ ထွက်လာတာ၊ ကိုယ့်ခြေထောက်ကို ဘယ်ဆီဦးတည်နေမှန်းတောင်မသိဘူး၊ အကောင်းဆုံးက တက္ကသိုလ်ပြ မင်းပြန်လိုက်တော့ .."

"မပြန်ဘူး၊ ခတ် လဲ ကိုယ့်ကိုကိုယ် ဘယ်ရောက်နေမှန်းမသ တော့ဘူး၊ ရှင့်နောက်ကိုလိုက်ခဲ့တာက ရှင်ကမခင်ပေမယ့် ခတ် က ခင်တယ်၊ ရှင်က အထင်မြင်သေးနေပေမယ့် ခတ် က ရှင့်ကို ယုံကြည် လေးစားတယ်၊ ရှင့်ပါးစပ်က ဘယ်လိုစကားတွေပြောပြော စိတ်ဆ ရှက်ကြောက်သွားမယ်မထင်နဲ့၊ အဲဒါ မရှက်တတ်လို့မဟုတ်ဘူး၊ ခတ် စိတ်ထဲက ရင်းနှီးနေခဲ့တဲ့ ခင်မင်မှု .."

သူ ခြေလှမ်းတွေနှေးသွား၏။ ရပ်ပစ်တော့မလိုဖြစ်ပြီးမှ မြန်မြ ဆန်ဆန် ပြန်ဖြစ်သွားကာ ...

"မင်းပြန်တော့ .."

ဟုပြောပြီး လှည့်မကြည့်စတမ်း ထွက်သွားလေသည်။

"အား ..."





နောက်က ခတ် ရဲ့ညည်းသံသဲ့သဲ့ကြောင့် သူ တုံ့ခနဲဖြစ်သွား၏။

"ဒီမှာ ဖိနပ်ပြတ်သွားပြီ၊ နည်းနည်းမှပြန်မကြည့်ဘူး၊ ရှင် သိပ်ကို ိုင်တယ် သိလား .."

ခတ် က သူကြားအောင် အသံမြှင့်ပြောတာမဟုတ်ပါ။ သူမ သာ ထိုင်ချလိုက်ပြီး တစ်ကိုယ်တည်းရေရွတ်လိုက်တာဖြစ်သည်။

သမိုင်း လှည့်ကြည့်ကာ ခဏတော့ ဒီတိုင်းရပ်နေမိသေးသည်။ ပေမယ့် ထားခဲ့ပြီးထွက်သွားဖို့ ခြေထောက်တွေက ငြင်းဆန်နေ ကြ၏။ အနားကိုပြန်ရောက်လာတော့ မော့ကြည့်လာသည့်မျက်ဝန်းလေးမှာ က်ရည်စတို့ ဝေ့သီလျက် ..

"ဖိနပ် တကယ်ပြတ်သွားတာ၊ ရှင့်ကိုညာတာမဟုတ်ဘူး"

လမ်းဘေးမှာ သွားလာနေသူတွေရှိပေမယ့် ခပ်ကျဲကျဲပါ။ သမိုင်း လွယ်အိတ်ကို ပခုံးပေါ်ထပ်ဆွဲတင်ရင်း မျက်စိတစ်ဆုံး ဟိုဒီ က်ငေ့ကြည့်ကာ ...

"အဲဒါ .. မင်း ကိုယ့်ပြဿနာကိုယ်ရှာတာ ..."

ဟုပြောရင်း သူမ ရှေ့မှာ ခြေဖျားထောက်ထိုင်လိုက်သည်။ ါက်မြင့်ဖိနပ်က တော်တော်မြင့်ကာ ကြိုးသေးသေးလေး လေးချောင်း ပါ၏။ ဒီလောက်မြင့်တာကြီးက ကြိုးတစ်ချောင်းပြတ်ထွက်သွား ာ ဘယ်လိုထိန်းလျှောက်ဖို့မှ မဖြစ်နိုင်တော့ပေ။

"အနားမှာလဲ ဖိနပ်ဆိုင်မတွေ့ဘူး၊ မင်းစီးတဲ့ဖိနပ်မျိုးကိုလဲ ငါ မှုလုပ်မပေးတတ်ဘူး၊ တကယ်လို့ ဖိနပ်ဆိုင်ရှိရင်တောင် မင်း ွက်ပြေးဝယ်ပေးစရာ ငါ့မှာ ခြူးတစ်ပြားမှမရှိဘူး"

"ဘူးတွေများလိုက်တာ သမိုင်းရယ်၊ အဲဒါတွေ ခတ် သိပါတယ်"

"သိရင် မင်း ငါ့ကို ဘာဖြစ်လို့ နေနိုင်တယ်ဘာညာနဲ့ ပြောတာ အခု ငါက မင်းအတွက် ဘာမှမတတ်နိုင်တဲ့လူ .."

"ခတ် က ဘာတွေလုပ်ပေးပါပြောနေလို့လဲ၊ သမိုင်း ဒီတိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ ခတ် က မရင်းနှီးတဲ့နေရာမှာ ဖိနပ်ပြတ်ကြီးနဲ့ တစ်ယောက်တည်းလေ၊ အနားမှာ ခုလို သမိုင်း ရှိနေပေးရင်ရပြီ''

သမိုင်း၊ မျက်နှာမှာ ခက်ထန်ခြင်းတစ်ဝက် ပြေးတက်လာ၏။ ခတ် ဖိနပ်ပြတ်တာကိုတောင် မယုံသင်္ကာဖြစ်သွားသည့်အကြည့်နှင့်။

''ခတ် တို့ ကားငှားပြီးပြန်ရအောင်လေ၊ ဖိနပ်ဆိုင်တွေ့တော့ ဆင်းဝယ်လိုက်မှာပေါ့''

''ငှားပေးလိုက်မယ်''

ပြောပြီး သမိုင်း ထရပ်လိုက်တော့ ခတ် က မျက်လုံးလေးဝိုင်းလျက် အတူရပ်လိုက်ကာ ...

''ငှားပေးလို့မရဘူး၊ သမိုင်း ပါလိုက်ရမှာလေ၊ ခတ် တစ်ယောက်တည်း အငှားကားမစီးဖူးဘူး၊ စီးလဲမစီးရဲဘူး''

သမိုင်း အသံတိတ်သွား၏။ ကားငှားပြီးအတူထိုင်ကြတော့ ခတ်၏မျက်နှာလေးက ပြုံးနေလျက် ...

''ခတ် ကလေ .. သမိုင်း ကို စမြင်ဖူးကတည်းက ခင်မင်စိတ်ဖြစ်ခဲ့တာ ...''

ပါးရိုက်ချလိုက်ဖို့ အားရှိပါးရှိလွှဲလိုက်သည့်လက်တစ်ဖက်ကို ဖျတ်ခနဲ သတိရကာ သမိုင်း မျက်နှာမှာ မဲ့ပြုံးတစ်ချက်ဖြစ်၏။ သမိုင်း သတိရသွားတာကို ခတ် က ရိပ်မိကာ ...

''အဲဒါက ...''

ပြောမလို့ပြင်ပြီးမှ ခတ် မျက်နှာလေး အနီရောင်သမ်းသွား၏၊ ဘယ်သူက ပေးလာမှန်းမသိပေမယ့် ပစ်စလက်ခတ်တိုက်မိလိုက်သည့်ခဏမှာ ဖွေးနုသော ခတ် ရဲ့ ရင်သွေးလှလှလေးကို သူ့မျက်နှာ ကပ်သွားခဲ့တာ မိန်းကလေးက မရှက်ရတော့ဘူးလား ..။

''အဲဒီလိုအချိန်မှာတော့ ရှက်ရှက်နဲ့မှန်ထုပြီး ရိုက်ပစ်လိုက်ဖို့ထိဖြစ်သွားတာပေါ့၊ ဒါပေမယ့် ခတ် မရိုက်ခဲ့ဘူးလေ၊ ပြန်လဲစဉ်းစားကြည့်





ပြီး၊ အဲဒီတုန်းက သမိုင်း တစ်ခွန်းမှ တောင်းပန်စကားမပြောဘဲနဲ့ တ် က နားလည်သွားခဲ့တာ ..''

သမိုင်း မျက်ခုံးခပ်တွန့်တွန့်က ပြေကျလုလုဖြစ်သွားသည်။ ခတ် ဆံပင်တွေ သူ့ပခုံးပေါ် ပြေးရိုက်လာတော့ ခေါင်းလျှော်ရည်နံ့လေး ခုနေပါလာ၏။

ခတ် က ဆံပင်တွေကို သူမ ဘာသာသိမ်းယူလိုက်ပြီး သူ့မျက်နှာ ကြည့်၍ ...

''ယောကျ်ားလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က စပြီး ပြောမိတ်ဆက်တိုင်း အဲဒီမိန်းကလေးကို အထင်သေးပစ်လိုက်တာ ကောင်းပါဘူး''

''အဲဒီလောက်ထိ ငါ မဆိုလိုဘူး၊ မိန်းကလေးနဲ့ဖြစ်ဖြစ်၊ ယောကျ်ား လေးနဲ့ဖြစ်ဖြစ် မပတ်သက်ချင်တာ ငါ့ဘဝနဲ့ငါ ...''

''အဲဒါလဲ ခတ် နားလည်တယ်၊ နားလည်လို့ သမိုင်း ဘယ်လိုပဲ င်ထင် ခတ် လိပ်ပြာသန့်သန့်နဲ့ ခေါ်ပြောနေတာပေါ့၊ အဆင့်အတန်း တာ အကြီးအကျယ်သတ်မှတ်ပြီး ခွဲခြားကြည့်တတ်တဲ့လူတွေအတွက် မြဖြစ် အရေးကြီးချင်ကြီးမယ်၊ ဒါကို အသေးအဖွဲ့ပဲသဘောထားတဲ့သူ တွက် ဘာမှအရေးမပါဘူး၊ ခတ် က သမိုင်းရဲ့တည်ကြည်မှုကို လေးစား ။ တချို့ကျတော့ အဲဒီလိုသီးခြားနေတယ်၊ ကြောက်တတ်တယ်၊ ပျော့ညံ့ မျိုးပေါ့၊ သမိုင်း က သည်းခံတတ်တာလေ၊ မပျော့ညံ့တဲ့အပြင် ွှိလဲရှိတယ်၊ လူတစ်ယောက်ရဲ့စိတ်ဓာတ်စရိုက်က စကားပြောတာ စ်ခုတည်းနဲ့ အကဲခတ်လို့မရနိုင်ပါဘူး''

''ဒါပေမယ့် မင်းနဲ့ငါ ပတ်သက်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး ဓောင်း က်ခတ်၊ ငါ့ကို နားလည်ပါတယ်လို့ မင်းပြောနေတဲ့အချက်အလက် ွလဲ ငါ့မှာ တကယ်ရှိမရှိ မသေချာဘူး၊ တစ်ယောက်နဲ့ပတ်သက် တိုင်း ရှင်းရတဲ့ပြဿနာတွေကို ငါကြောက်တယ်၊ ငါလဲကြောက်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ယောက်ျားပဲ၊ အဲဒါကြောင့် မင်းကို ...''

ခတ် က ခေါင်းခါလိုက်တော့ သူ့စကား ဒီမှာတင်ရပ်သွား၏။ ကားပြေးနေတဲ့အတိုင်း လွင့်ပါသွားသည့်ဆံပင်တွေက ဒီတစ်ခါ သူ့ရင်ဘတ်အထိ ဖြတ်ပြေးသွားလေသည်။ ခတ် ကလည်းမဖယ်၊ သူကလည်း မလှုပ်။

''ဓောင်းလက်ခတ် ကို ထားလိုက်ပါ၊ ပန်းလိုချင်လို့ မော့ငေးနေတဲ့ကောင်မလေးတစ်ယောက်ကိုတော့ သူ့အကူအညီမတောင်းဘဲ ချူတဲ့လေးတစ်ခု လက်ထဲထည့်ပေးလိုက်တယ်မို့လား''

သမိုင်း မျက်နှာ ဖျတ်ခနဲ ဟိုဘက်လှဲသွား၏။ ခတ် က သေချာလိုက်ကြည့်ပြီးပြုံး၏။

''ရှင့်ရင်ထဲမှာ အရမ်းစာနာသနားတတ်တဲ့စိတ်လေးရှိတယ်၊ အဲဒါကို ရှင်က ...''

''မင်း ဘာတွေလာပြောနေတာလဲ၊ ဟိုရှေ့မှာ ဖိနပ်ဆိုင်၊ ကားဆရာ .. ခဏရပ်ပေးပါ''

သူ့ ပြသည့်ဆိုင်ကို ကားဆရာက ကြည့်ချင်ကြည့်လိမ့်မည်။ ခတ် က တစ်ချက်မှငဲ့မကြည့်။

''နောက်ထပ် ပန်းရဖို့ ခြင်းကလေးတောင် ရှင်တပ်ပေးသေးတယ်၊ သူ့ကိုတော့ ရှင် အလိုလိုက်ကြင်နာစိတ်တွေ ဖြစ်ခဲ့တယ်လေ''

ကားက ရပ်သွား၏။ သမိုင်း တံခါးဖွင့်ဖို့ပေမယ့် လမ်းမဘက်မှာ ထိုင်မိတော့ ဘေးက ဖြတ်သန်းနေကြသည့်လူသွားလူလာတွေ၊ ဆိုက်ကားတွေနှင့်မလွတ်ခြင်းကြောင့် ရုတ်တရက်ဆင်းလို့မရ။

''သမိုင်း .. ခတ် အဲဒါကိုသိချင်တာ၊ အဲဒါကိုတော့ဖြေပါ၊ ရှင်က အဲဒီကောင်မလေးရဲ့ ချူတဲ့ရှင်မို့လားဟင် ..''

''မဟုတ်ဘူးလို့ ဖြေပြီးပြီ၊ မင်း ဒီကနေ ဖိနပ်ဝယ်ပြီးပြန်လို့ရပြီလား''





''မရသေးဘူး၊ ခတ် တစ်ယောက်တည်း ကားမစီးဖူးပါဘူးလို့ ရှင့်ကိုပြောထားတာပဲ၊ ရပါတယ်၊ ရှင်ထားခဲ့ရင်လဲ ဆက်မလိုက်တော့ဘူး''

သူ ဆင်းလိုက်တော့ ခတ် က လိုက်ဆင်းသည်။ ဖွေးနုနီမြန်းနေသည့်ခြေဖဝါးလေးက လမ်းမပေါ်မှာ မကြည့်ရက်စရာ ..။

''မင်း ...''

'ဒီမှာပဲနေ ..' လို့ပြောပြီး သူ သွားဝယ်ပေးချင်သည်။ ဒါပေမယ့် သူ့မှာ ပိုက်ဆံမပါပေ။ ပိုက်ဆံပေးလို့ လက်ဝါးဖြန့်မယ့်အစား လဲသေလိုက်ဖို့ဝန်မလေးတဲ့အထိ မာနက တင်းခံနေခဲ့၏။ ခတ် က တက္ကစီခပေးဖို့ ပိုက်ဆံအိတ်ဖွင့်နေလျှင် ...

''ခဏနေဦး''

သမိုင်း က ကားသမားဘေးကို လျှောက်သွား၍ ...

''ဟိုဘက်ထိပ်ကနေ ဖိနပ်ဆိုင်များထိ ပို့ပေးမလား၊ ခက်ခဲရင်လဲ ငါးရာပိုယူဗျာ''

ရန်ကုန်မှာ တချို့နေရာတွေက ကားဝင်ဖို့၊ ကွေ့ဖို့မလွယ်ကူတာတွေ၊ မရတာတွေရှိသည်။ ကားဆရာက ဖိနပ်ဆိုင်ကိုလှမ်းကြည့်၍ ...

''သိပ်တော့မလွယ်ဘူး ညီလေးရ၊ ဒါပေမယ့် ...''

''ရပါတယ်၊ ရှေ့ .. တက္ကစီခ ..''

''ဘာရတာလဲ''

သမိုင်း က ခတ် လက်ကို သူ့လက်နဲ့တိုက်ဖယ်ပစ်ကာ ...

''ဆိုင်က အဝေးကြီးပဲ၊ မင်း ဒီတိုင်းသွားမှာလား''

ခတ် မျက်နှာလေး သွေးဆိုးခနဲ ရောက်လာ၏။ သို့သော် ပေါ့ပါးဟန်လေးနှင့် ပြုံးပြကာ...

''ရပါတယ်၊ ခတ် တစ်ယောက်တည်းဆိုတော့ လိုင်းကားတိုးစီးပြန်တော့မှာ ..''



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ပိုက်ဆံပေးဖို့လက်ကို သမိုင်း က ထပ်၍ဖယ် လိုက်ပြီး ...

"ပြန်ဝင်"

သူ့ပဲ တံခါးဖွင့်ပေးလိုက်၏။ ပြီးတော့ သူ ဟိုဘက်ကနေ ဝင် ကာ ..

"လုပ်ပါဗျာ၊ အနီးဆုံးအထိရွှေ့လိုက်ပါ"

ဖိနပ်ဆိုင်ထိပ်နားအထိ ကားရပ်ပေးတော့ ခတ် က ဆင်းဖို့ တံ ဖွင့်ပြီးမှ သူ့ကိုပြန်ကြည့်၍ ...

"ခတ် ကို စောင့်ပေးမှာလားဟင် .."

မျက်နှာမကြည်ပေမယ့် ခေါင်းညိတ်ပြလိုက်သည်မို့ ခတ် က သည်။ ကလေးတစ်ယောက်လို ဟန်ဆောင်ခြင်းကင်းစွာ ဝမ်းသာ သွားတာမျိုး ..။ ဘာရယ်မဟုတ်ဘဲ ဖိနပ်မပါဘဲထွက်သွားသည့် ၏ခြေဖနောင့်လေးတွေ ရဲတွတ်နေတာကို နောက်ကနေလှမ်း မြင်လိုက် တစ်ခုခုဖြည့်ဆည်းလိုခြင်းတွေ ရုန်းရင်းဆန်ခတ် ဖြစ်သွား၏။

သမိုင်း မျက်နှာ ဖျတ်ခနဲလွှဲသည်။ ပြီးတော့ ဆံပင်တွေ အမိပွာယ်မဲ့ ဖိသပ်နေမိ၏။

ခတ် ကတော့ ဖိနပ်ဝယ်ရင်း ကားစပယ်ယာကောင်းမှုပြ ရထားခဲ့သော သမိုင်း ရဲ့နှစ်ရာတန်လေးကို မြင်တာနှင့်ပြုံးနေ မပြီးနိုင်။ ဖိနပ်ဖိုးပေးဖို့ ပိုက်ဆံထုတ်တာတောင် နှစ်ရာတန်လေ ဖိကြိတ်တွန်းထိုးမိမှာစိုးလို့ အတွင်းအိတ်လေးထဲကို ပြောင်းထား သေးသည်။

"ရော့ .. ရေကြည့်ပါဦး၊ မြန်မြန်လေးလုပ်ပါနော်၊ ကား နေလို့ ..."

ဆိုင်ရှင်အမျိုးသမီးက ခတ် ပေးနေတာကိုလှည့်မယူဘဲ အ ငါးဆယ်အရွယ်လောက်အမျိုးသမီးကြီးတစ်ယောက်နှင့် မပြေမ





တွေဖြစ်နေခဲ့၏။

"ကျွန်မတို့က တစ်ခွန်းဆိုင်လို့တော့ စာရေးမထားပါဘူး၊ ဒါပေ မယ့် ကပ်ဈေးအတိုင်းပဲ ရောင်းလို့ရတာ၊ အန်တီ့ကို သုံးရာတောင် လျှော့ပေးထားတာပါ"

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီကလဲ သမီးတို့ပစ္စည်းကို မတန် လို့ဈေးဆစ်နေတာမဟုတ်ပါဘူး၊ ပိုက်ဆံက နှစ်ရာလိုနေလို့ ငါးရာတော့ လျှော့ပါလို့ပြောတာပါ၊ တကယ်မပါလို့ပါ"

အမျိုးသမီးကြီးက ပိုက်ဆံအိတ်ပြားလေးထဲက ပါသမျှကို တကယ် ထုတ်ပြသည်။ ဆိုင်ရှင်က ယုံတာမယုံတာတော့မသိပေ၊ ဖိနပ်ကို ရှုံ့းကော့စ် ထဲ ပြန်ထည့်နေပြီဖြစ်သည်။

"ဒီမှာ အစ်မ ..."

ခတ် က ဆိုင်ရှင်ပြန်သိမ်းနေသည့်ဖိနပ်ကို လက်ညှိုးထိုး၍...

"ဒီက အဒေါ်လိုချင်တဲ့ဖိနပ်ကိုပေးလိုက်ပါ၊ လိုတဲ့နှစ်ရာ ကျွန်မ စိုက်ပေးပါ့မယ်"

"ဟင်..."

အမျိုးသမီးကြီးက လှည့်ကြည့်၏။ ကျေးဇူးတင်သည့်မျက်ဝန်းတွေ ဖြစ်သွားပြီးမှ မျက်နှာမကောင်းစွာနှင့် ခပ်လေးလေးခေါင်းခါ၍ ...

"နေပါစေကွယ် ထားလိုက်ပါတော့ ..အန်တီ့မှာရှိပါတယ်၊ ပါလာ တာက မပြည့်လို့ပါ၊ ဒီပိုက်ဆံပေးထားခဲ့မယ်၊ နှစ်ရာပြန်ယူပြီးမှ ဖိနပ် ကို ယူပါ့မယ်၊ အဲဒီလိုတော့ရတယ်မို့လား"

ဆိုင်ရှင်က အားနာသလိုဖြစ်သွားပြီးမှ ခေါင်းညိတ်လိုက်ဖို့ပြင် လျှင်...

"နှစ်ရာလောက်ကတော့ အလွယ်ရှိကြမှန်းသိပါတယ် အန်တီ ရယ်၊ နောက်တစ်ခေါက်ပြန်လာရတော့ သွားလာနေရတဲ့စရိတ်နဲ့ နှစ်ရာက မတန် ပါဘူး၊ ခု ယူသွားလိုက်ပါ၊ ခတ် က ကိုယ်ချင်းစာလို့ ကူညီတာ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့မှမဟုတ်ဘူး၊ ဖိနပ်ထည့်လိုက်ပါ အစ်မ''

ခတ် က ပိုက်ဆံအတင်းပေးရင်းပြောမှ အမျိုးသမီးကြီးက လ
၏။ သူမ ဝယ်နေတာက ယောက်ျားစီးဖိနပ်ဖြစ်သည်။

''ကတ္တီပါသည်းကြိုးနဲ့ သားရေဖိနပ်ကို လေးထောင့်နစ်ရာ
တာ အရမ်းတန်ပါတယ် အန်တီရယ်၊ ဒါ ကျွန်မတို့ဆိုင်က ဈေး
ဆုံးပဲ၊ တခြားမှာမေးကြည့်လို့ တစ်ကျပ်များတယ်ဆိုရင် အချိန်မ
ပြန်လာခဲ့၊ အဲဒါကြောင့် မလျှော့နိုင်တာပါနော်၊ စိတ်မဆိုးပါနဲ့''

ဖိနပ်ဖိုးပိုက်ဆံတွေကိုရေတွက်ရင်း ဆိုင်ရှင်က တောင်းပန်နေသ
အမျိုးသမီးကြီးမျက်နှာက အပြုံးအရယ်ကင်းမဲ့လျက် ဖိနပ်အိတ်က
လိုက်ပြီးမှ ခတ် ကိုလှည့်၍ပြုံး၏။

''သမီးကိုကျေးဇူးတင်ပါတယ်၊ အန်တီ့ကိုခွင့်ပြုဦးနော်''

''ဟုတ်ကဲ့၊ အန်တီက ဘယ်ကလဲဟင်''

ဆိုင်ထဲက အတူတူထွက်လာတာမို့ ခတ် ကမေးတော့ အမျိုးသ
ကြီးက မဖြေဘဲပြန်ကြည့်သည်။ ခတ် က သူမ တစ်မျိုးထင်သွား
မိုးကာ ...

''မဟုတ်ဘူးနော်၊ ခတ် က တက္ကစီငှားထားလို့ပါ၊ အန်တီ
ကားစောင့်မကျန်တော့ဘူးထင်လို့ အထင်သေးတာမဟုတ်ပါ
လမ်းကြုံရင် ခတ် နဲ့လိုက်ခဲ့ပါလားလို့ပြောမလို့ ..''

ဒီတစ်ခါ အမျိုးသမီးကြီးပြုံးလိုက်ပုံက ခင်မင်နှစ်လိုဖွယ်ပါ။ ဆံ
ရှည်လေးတွေတနွဲ့နွဲ့နှင့် မျက်တောင်ကော့ကော့လေးတွေထင်
အောင်ပေါ်သည့် ခတ် မျက်ဝန်းညိုလေးတွေကိုစိုက်ကြည့်ရင်း ...

''အရမ်းကျေးဇူးတင်ပါတယ် သမီးရယ် ..''

ခတ် နဲ့ အမျိုးသမီးကြီးတစ်ယောက် ကားဆီပြန်လျှောက်လာ
မြင်တော့ အမှတ်တမဲ့ကြည့်လိုက်မိတာဖြစ်သည်။ ဒါပေမယ့် အမျိုးသ
ကြီးကို နှစ်ခါပြန်ကြည့်မိအောင် အံ့သြခြင်းတွေဖြစ်လျက် ...





''ကြီးလုံ ..''

သမိုင်း မျက်နှာပျက်ပျက်နှင့် ကားထဲကထွက်လိုက်၏။ ပြီးတော့ ဒီနေရာကနေ ထွက်သွားလိုက်ချင်သည့်စိတ်တွေနှင့် ယောက်ယက်ခတ်သွားခဲ့သည်။

''ဟင် .. လူလေး ..''

ဒေါ်လုံမေက သမိုင်း ကိုမြင်လိုက်တာနှင့် အပြေးတစ်ပိုင်းလျှောက်လာပြီး လက်မောင်းကိုဆုပ်ကိုင်၏။ ဘာမှနားမလည်ဘဲ သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်၍ အံ့သြနေသူက ခတ် ပဲဖြစ်၏။

''ဘာဖြစ်လို့ အိမ်ပြန်မအိပ်တာလဲ သားရယ်၊ ခုဆို သုံးရက်တောင်ရှိပြီ၊ မနက်အစောကြီးကပဲ သားနေတဲ့တိုက်ခန်းကို ကြီးလုံ ရောက်သေးတယ်၊ လူလေး ဒီနေ့ အစောကြီးထထွက်သွားတယ်တဲ့''

''ကျွန်တော် ပြန်လာမှာပါ''

စိတ်တခြား လူတခြားဖြစ်နေသော မှုန်ကုပ်ကုပ်မျက်နှာနှင့် ဖြေပုံက မပွင့်တပွင့် ..။ တကယ်က 'ညီသုဇာ' ကို ပြန်ကိုမပြန်ချင်တော့တာဖြစ်သည်။ မောင်မောင်နဲ့သူငယ်ချင်းနှစ်ယောက်ကို သေးထွက်သံယိုတုံ့ပြန်ခဲ့မှုနှင့်ပတ်သက်၍ သူ့ဘက်မှာ ဘယ်လိုနစ်နာခဲ့ပါစေ ..၊ တုံ့ပြန်ခွင့်မရှိ၊ လွန်ကျူးလို့မရ။

ဒီနေ့ ဒီလိုဖြစ်သွားခဲ့သည့်အပေါ်မှာ အဘွား ဘယ်လိုဆုံးဖြတ်၍ ဘယ်လိုစီရင်ချက်မျိုးချတော့မလဲဆိုတာလည်း သူ သိနေသည်။ လူဆိုတာ ပြောမှသိရမှာမဟုတ်၊ 'မင်းသွားတော့' ဆိုမှ သွားသင့်ပြီ ကိုသိသည်ဆိုလျှင် သူ ဘယ်လိုအမျိုးအစားဖြစ်သွားမလဲ ..။

''ဒီတစ်ခါ မမကြီးကလဲ နားလည်သွားပုံပေါ်ပါတယ်၊ နောက်ထပ် ဘာမှပြောသံမကြားသေးဘူး၊ ဘာဖြစ်ဖြစ် လူလေးရယ် .. ပညာစုံလို့ စုံကန်ထွက်တယ်ဆိုတာမျိုး မဖြစ်သင့်ဘူးမို့လား''

''ပညာမစုံသေးပါဘူး ကြီးလုံ၊ ကျွန်တော့်မှာ ရပ်တည်စရာ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



နိုင်နိုင်မာမာမရှိသေးပါဘူး၊ ဒါပေမယ့် ယောကျ်ားတစ်ယောက်ရဲ့ အားဟာ ဝမ်းစာလို့ပဲ လောလောဆယ် သတ်မှတ်ထားတယ်၊ အ အဆင့်ကနေ နောက်ထပ်ကြိုးစားဖို့ စိတ်ကူးသစ်တွေနဲ့ ကောင်းက တစ်ခု ဖန်ဆင်းကြည့်ချင်တာ၊ ခရီးကတော့ ဝေးပါသေးတယ်''

သမိုင်း က စကားပြောရင်း လက်ရှိအကြောင်းရင်းကို သတိ သွားသည့်ပုံနှင့် ဖျတ်ခနဲ လှည့်ကြည့်ကာ ...

''ကြီးလုံနဲ့ သူနဲ့ ဘယ်လိုသိသွားတာလဲ''

''ဟင် .. ဪ .. ဟို ...''

ဒေါ်လုံမေ အမှတ်တမဲ့ ဖိနပ်အိတ်ကိုမြှောက်ပြလိုက်ပြီးမှ ဘာ ပြောမထွက်ဘဲဖြစ်နေစဉ် ...

''ခုနကပဲလေ၊ ဖိနပ်ဝယ်ရင်းသိလာတာ၊ တိုက်ဆိုင်လိုက်တာနော်''

ခတ် က ဂရုမစိုက်သလိုလုပ်ပစ်လိုက်တာပါ။ ဘာကိုပြောချ နေမှန်းမသိသော သမိုင်း မျက်ဝန်းတွေမှာ မေးခွန်းပေါင်းများစွာ ဖြ ထွန်းလျက် သံသယလှိုင်းတွေထန်နေတာကို မြင်နေရသည်။

ဒီလှသုံးဦး ဤကဲ့သို့ တိုက်တိုက်ဆိုင်ဆိုင်ကြီး လာရောက်ဆုံစည် မိနေတာကို တကယ်မှန်းသိလျက်နှင့် မယုံနိုင်အောင်ဖြစ်နေသော မျက်ဝ တွေက ခတ် ကိုပဲ သံသယကြီးစွာဖြစ်နေခဲ့တာအမှန်။

''အဒေါ်နဲ့သမိုင်း ဒီလိုတော်စပ်မှန်း ခတ် တကယ်မသိခဲ့ဘူး၊ ပိုအဆင်ပြေသွားတာပေါ့၊ ခတ် ကိုပို့ပြီးရင် သမိုင်း တို့အိမ်အထိ အတူ ပြန်လို့ရတယ်''

သမိုင်း က ဒေါ်လုံမေကိုလှမ်းကြည့်၏။ ဒေါ်လုံမေ မျက်နှာမှ ထိုနည်းအတိုင်း 'အလိုက်အထိုက်စီးမျောလိုခြင်းတွေ ရှိနေသည်မို့ ..

''ဒါဆို ကြီးလုံ သူနဲ့လိုက်ပေးလိုက်ပါ၊ ကျွန်တော် သွားစရာရှိလို့''

''ဟင် .. နေဦး .. နေဦး ..၊ သမီးနဲ့သားက ...''

''သူငယ်ချင်းတွေပါ''





နှစ်ယောက်သံပြိုင်ကြီးဖြေလိုက်သံက ပျာပျာသလဲဖြေရှင်းလိုက် တာနှင့် တူသွားသဖြင့် သမိုင်းနှင့်ခတ် မလုံမလဲ မျက်လုံးချင်းဆုံ၏။

''ဒါဆိုရင်လဲ သားရယ် ...''

''မဟုတ်ဘူး၊ ကျွန်တော် သွားစရာရှိလို့ပါ၊ သူ တစ်ယောက်တည်း မပြန်ရဲဘူးဆိုလို့ ..''

သမိုင်း က ဘယ်လိုမှ ပြေပြေပြစ်ပြစ် ထားလို့မရတော့သည့် သူ့မျက်နှာကို မျက်လွှာချလျက်နှင့် ဟိုလွှဲ ဒီလွှဲလုပ်ပစ်ရင်း ...

''မင်းကို ကြီးလုံ ပြန်ပို့လိမ့်မယ်''

ဆို၍ ထွက်သွားခဲ့လေသတည်းမှာ ခတ် ကတော့ ဝမ်းမြောက် ဝမ်းသာကျန်ရစ်လေသည်။ တစ်လမ်းလုံး ဒေါ်လုံမေနှင့်ခတ်တို့ စကား တွေပြောမကုန်နိုင်။

ဒေါ်လုံမေက စကားသိပ်မများတတ်ပေမယ့် ခတ် က အမေး အမြန်းထူသမျှ စိတ်ရှည်သည်းခံစွာဖြေ၏။ ထိုအခါ သိပ်မသဲကွဲသေး သည့် မောင်မောင်နဲ့သမိုင်းရဲ့ကြားက ကွာဟမှုတချို့ကိုပါ ဆက်စပ် မိလာခဲ့သည်။

ဘယ်လောက်ထိ သိခွင့်ရလိုက်သလဲဆိုလျှင် သမိုင်းသည် ဖခင် ဘက်က နိမ့်ပါးခဲ့သည့်အဖြစ်နှင့် သူ့ကိုမွေးဖွားပြီးသည်နှင့် မိခင်ဆုံးပါး သွားသဖြင့် 'အမိသတ်သား အမျိုးယုတ်' ဟု ဘွားအေကိုယ်တိုင်က မုန်းတီးစွာ ပစ်ပယ်ထားခဲ့တဲ့အထိ ..။

''အဒေါ် အဲဒီလို အတွင်းရေး၊ အပြင်ရေးတွေ ပြောဆိုနေတတ်တဲ့ သူမဟုတ်ပါဘူး၊ ဒါပေမယ့် သားလေးဘဝကို အရောင်တက်စေချင် တယ်၊ မောင်မောင်ညိုက 'ညိုသစ္စာ'ရဲ့အရှင်သခင်လေး ဖြစ်ခွင့်ရခဲ့ပြီး နေသမိုင်း ကျမှ ပူလောင်ခဲ့တာကို ရင်နာတယ် ..

အဲဒါတွေကြောင့်ပါ၊ မဟုတ်ရင် ဒါတွေကို ဘယ်တော့မှ ပြောဖြစ် မှာမဟုတ်ဘူး၊ ခုတော့ အားလုံးလဲ မုန်းတီးကွဲကွာကုန်ကြပါပြီ'' တဲ့။



www.burmeseclassic.com

ခတ် က သိချင်တာတွေ မေးပြီးသည့်အပြင် သမိုင်း နေသည့်
ဆိုသော အလုပ်ခန်းနေရာကိုပါ သိခွင့်ရခဲ့သေးသည်။

"ဘယ်လိုမှ မအောက်မေ့နဲ့နော် သမီး၊ အဒေါ်က မခေါ်ချင်လို့
မဟုတ်ပါဘူး"

ခြံတံခါးဝမှာဆင်းပြီး အိမ်ထဲထိခေါ်လို့မရတာကို ဒေါ်လှံမေက
တောင်းပန်သည်။ တကယ်က ခတ် ကို အိမ်ထိလိုက်ပို့ခဲ့ပြီးဖြစ်သည်
ဒါပေမယ့် ...

"အဒေါ်တစ်ယောက်တည်း ပြန်ရမှာမို့လား၊ ခတ် ပြန်ပို့ပေးမယ်
ခတ် က တစ်ယောက်တည်း လိုင်းကားတွေ၊ တက္ကစီတွေ မစီးရဲတာ
ကိုယ့်ကားနဲ့ကိုယ်ဆိုရင် ဘယ်ဖြစ်ဖြစ် သွားတာပဲ"

ဟု စကားခင်း၍ 'ညီသစ္စာ' ၏ခြံဝအရောက် တိုက်ရိုက်မောင်း
ပို့ခဲ့သည်။

ခြံဝမှာ ကားရပ်တာကအစ ကျောလယ်သာသာ ဆံနွယ်တွေ ဖြာ
လျက် တစ်ကိုယ်လုံး ဖြူဝင်းကျော့ရှင်းနေသည့် မိန်းကလေး တစ်ယော
ဆင်းလာတာကိုလည်း ဒေါ်မိမိညို မြင်သည်။ သူမကိုယ်တိုင် တစ်ဖက်
တံခါးသွားဖွင့်တာရော၊ ဒေါ်လှံမေ ဆင်းလာတာကိုရော၊ စကားေ
ရပ်ပြောနေကြတဲ့အထိ အားလုံးကို အပေါ် ထပ်အိပ်ခန်းပြတင်းပေါက်
နေ စီးမိုးမြင်နေရ၏။

ဒေါ်မိမိညို၏မျက်ဝန်းများသည် စူးစိုက်ကျဉ်းမြောင်းနေရာ
တဖြည်းဖြည်းပြေကျသွားကာ သက်ပြင်းနှင့်အတူ မျက်ဝန်းအစုံကို မှိ
ပစ်လိုက်ခြင်းသို့ရောက်၏။

ထိုအခါ စိတ်မျက်ဝန်းထဲမှာ ဒေါ်လှံမေနှင့် သမိုင်းတို့၏ပုံရိပ်
ထင်လာ၏။

မောင်မောင်နှင့်သမိုင်းတို့ ရှစ်နှစ် ကိုးနှစ်အရွယ်တွေဖြစ်သည်
တင်ပါးလောက်ရှိသော သံပင်ရှည်ကို ကျစ်ဆံမြီးတစ်ချောင်းတည်





ချထားသော ဒေါ်လှံမေက ထိုစဉ်က နုပျိုလှပတုန်း ..။

ကလေးနှစ်ယောက်မှာ ရေတွေစိုရွှဲလျက် ဒေါ်လှံမေက သမိုင်းကို
ရင်ခွင်ထဲမှာ မွေ့ပိုက်ကာကွယ်ထားခဲ့သည်။ မောင်မောင်က
ကိုယ်ကရေတွေကို ငုံ့ကြည့်လိုက်၊ ငိုလိုက်။

"သားက ဘောလုံးကောက်မိုင်းတဲ့ဟာကို သူ့ဘာသာ ခြေချော်
ပြီး သားကိုပါ ဆွဲချတာ၊ သူရေစိုသလို သားကိုစိုအောင်လုပ်တာ၊
နေမကောင်းပါဘူးဆိုမှ တမင်လုပ်တာ .."

"သား .. လူလေး .. လူလေး .. မဟုတ်ဘူးလား၊ ဟုတ်သလား
ကို ပြောပြလိုက်လေ .."

"... ... ..."

"လူလေး .. ပြောလိုက်လေ .."

ဒေါ်လှံမေသည် တူဖြစ်သူကို မျက်နှာလေးမော့ယူပြီး တိုက်တွန်း
၊ ပန်းလေးကနေ ဆွဲလှုပ်ပေးလိုက်နှင့် အသံတွေပါ တုန်နေ၏။
ကတော့ မောင်မောင် တမြဲမြဲငိုနေတာကို မှုန်ကုပ်ကုပ် စိုက်ကြည့်
နည်းနည်းလေးတောင်မလှုပ်ပေ။

"ကျွန်မတူလေးက အဲဒီလောက် အငြိုးမထားတတ်ပါဘူး မမ
၊ ကလေးချင်းမပြောတတ်တာဖြစ်မှာပါ၊ သား .. သမိုင်း က
ညီလေးလေ"

ဒေါ်မိမိညိုကိုပြောရင်း မောင်မောင့်ကိုပါလှမ်းပြောတော့ ဒီနေရာ
ကြမ်းခဲ့တာ ဘယ်သူလဲ။

"သွား .. ခေါ်သွားစမ်း၊ ဒီကောင်လေးကို မမြင်ချင်ဘူးလို့ ငါ
ထားရက်နဲ့ ဘာဖြစ်လို့ ဒီကိုရောက်ရောက်လာတာလဲ၊ ဘာလာ
တာလဲ၊ နောက်ဆို ငါ့အိမ်ဘက်ကို ငါမခေါ်ဘဲ မျက်နှာမူပြီးတော့
မရပ်စေနဲ့"

"ဟိုကောင်လေး ပြောတာကြားတယ်နော်"

www.burmeseclassic.com



"နောက်ကို အနေအထိုင်မတတ်ရင် ကစားစရာလှွင့်လာရင်တောင် မီးရှို့ပစ်မယ်၊ မပြောမရှိနဲ့"

ထိုစကားတွေကို ဒေါ်မိမိညို ဆိုသော အမျိုးသမီးကြီးက ပြော ခဲ့တာဖြစ်သည်။ ခုချိန်မှာ ထိုအမျိုးသမီးကြီး၏နှလုံးအိမ်တစ်ခုလုံးဟာ တစ်ယူသန်ဒေါသမာနများနှင့် ခံ့ထည်တည်ငြိမ်နိုင်စွမ်းမရှိတော့တာ ဘာဖြစ်လို့လဲ ..။

သူမ နားမလည်နိုင်ပါ။ ဘယ်လိုတွေးတွေး နားမလည်နိုင်။

"အဘွား က သမိုင်း ကိုမကျွေးရဘူးဆို၊ အဲဒါကြောင့် သားလဲ မစားဘူး"

ငယ်ငယ်ကဆို သမိုင်း ကိုမုန့်ကျွေးချင်တိုင်း အမြဲဂျိကျသည်။

"ကဲ .. သွားကျွေးချေ၊ ပေးပြီးတာနဲ့ပြန်ခဲ့" လို့များ ခွင့်ပြုလိုက် လျှင် မုန့်တွေ မနိုင်မနင်းသယ်ပြီး ပြေးဆင်းသွားတတ်သည့်ကလေး။

"အဘွား တအားရိုက်လိုက်တာ သမိုင်း မှာ ဒဏ်ရာတွေချည်းပဲ၊ သားနဲ့အတူတူကစားရင်းဖြစ်တဲ့ဥစ္စာ၊ သားကိုပါရိုက်ပါလား"

ရန်ဖြစ်ပြီး အတိုက်အခံ မိုလ်လုတာတွေ ဘာဖြစ်ဖြစ် သူပဲပြေး တိုင်တတ်ကာ သမိုင်း ကို အရိုးရာထင်အောင်ရိုက်တော့လည်းမကြိုက်။ သူပါလိုက်ငိုပြီး ထမင်းမစား၊ ဟင်းမစား စိတ်ကောက်နေတတ်တာ လည်း မောင်မောင်ပဲဖြစ်၏။

သည်တုန်းကဆို အားလုံးက သမိုင်း ကို နားလည်စာနာကြကာ သူမတစ်ယောက်တည်းပဲ မုန်းတီးနာကြည်းနေခဲ့တာလားဟု တွေး မိခဲ့သည်အထိ။

ဒေါ်မိမိညို မေးမှိတ်ထားသည့်မျက်လွှာအောက်က စိတ်အာရုံ ထဲမှာ သွေးသံတရဲရဲဖြစ်အောင် ထိုးကြိတ်နှိပ်စက်နေသော မောင်မောင့် လှုပ်ရှားမှုတွေဟာ အချိန်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွား သည်။ မေးဖျော့ပျောက်ကွယ်သွားခြင်းမရှိခဲ့ပေ။ ဒါလည်း ထားလိုက်





လူငယ်တွေချင်း ခိုက်ရန်ဒေါသဖြစ်ပွယ်ကိစ္စတွေ အကြောင်းအမျိုးမျိုး တက်နိုင်သေးသည်။

ကိုယ့်ရှေ့ကိုရောက်လာသည့်မျက်ဝန်းတွေက ဘာဖြစ်လို့ မရိုးသား လဲ ..။ သမိုင်း ကိုထပ်ခေါ်တော့လည်း မျက်နှာမှာ ဒဏ်ရာဗရပွနှင့် လည်း ကုန်းကွကွပုံပေါက်လျက် 'ကျွန်တော်ကပဲ လွန်တာပါ'ဟု က်လွှာချ၍ညာသည်။

သူမ ကရော .. ခုကျမှ ဘယ်ကအမုန်းတရားကို နိုက်ထုတ်တူး ချင်တာလဲ ..။ အသက်တွေလည်း ကြီးနေပါပြီ၊ မျက်စိကမှုန်း၊ ကထိုင်းဖြစ်နေသင့်တဲ့အရွယ် ..။ အသက်ဒီလောက်ကြီးနေပြီမှန် လည်း ဒေါ်မိမိညို မျက်လုံးတွေလည်း အားကောင်းနေသေးသလို လည်းမထိုင်းသေးပါ။

ညာနေသည့်မျက်ဝန်းတွေကို မြင်နိုင်သေးသည်။ နားထဲရောက် သည့်အသံတွေကိုလည်း မှုမှန်ခြင်း၊ မမှန်ခြင်း ခွဲခြားနိုင်ပါသေး ည်။ ဤလူငယ်နှစ်ယောက်မှာ တစ်ဖက်ဖက်မှာတော့ အကြီးအကျယ် မှားနေတာသေချာ၏။

"မေမေကြီး ..."

ခေါ်သံကြောင့် ပြတင်းပေါင်မှာမှိကာ မေးမှိတ်ထားသည့်မျက်ဝန်း ပြန်ပွင့်သွားခဲ့၏။ အော်ငေါက်လိုက်မှာကိုကြောက်ရွံ့ကာ မိစိန် ဒေါ်မိမိညို ရှေ့မှာ ခါးကျိုးမတတ် ငုံ့ကိုင်းလျက် ...

"အပြင်မှာ ဧည့်သည့်တွေရောက်နေပါတယ် မေမေကြီး .."

"အေး .. သွားတော့ ..."

ဒေါ်မိမိညို ပင့်သက်ရှိုက်ကာ မီးခံသေတ္တာဆီ ခပ်လှုပ်လှုပ်လျှောက် ၏။ သိမ်းဆည်းထားသည့် စာရွက်စာတမ်းတွေ၊ စာချုပ်တွေထဲက ချို့ကို စိတ်မသက်သာစွာထုတ်ယူရင်း မြေးဖြစ်သူကို သတိရမိသည်။

"တစ်နေ့တစ်နေ့ ရှိသမျှထုတ်ရောင်းနေရတဲ့အလုပ်နဲ့ပဲ အဘွား



www.burmeseclassic.com

www.burmeseclassic.com



လက်မလည်ဘူးနော်၊ သားကတော့ ကားတွေ တစ်စီးပြီးတစ်စီး ထည့်လဲစီးနေတယ်၊ ရှက်တောင်ရှက်လာပြီ အသွားရာ၊ လုံးပါးပါးနေပြီဆိုရင်လဲ တိုက်ပေါ်က ခုန်ဆင်းရခါနီးမှတော့ ကပ်မပြောပါနဲ့၊ မြေးအသွားချင်း မက်ဆေ့ချ်လေးဘာလေး ကြိုပို့ပါဦး'' တဲ့။

'ငိုတာကုန်ပြီ မြေးရေ' လို့ ပြောလိုက်ရင် သည်ကလေး သည်ရင်ခွင် ရိပ်မှာပျော်ပါ့မလား ...။





## အခန်း (၃၀)

''ဟင် ...''

ခြံစောင့်ကိုယ်တိုင် လိုက်ပို့သည်။ အထဲက တံခါးဖွင့်မယ့်သူ ရောက် ...သူကိုထားခဲ့တာလည်း တာဝန်ကျေ၏။ ဒါပေမယ့် နောက်ထပ် ...င်လိုက်ရသည့်မျက်နှာလေးတစ်ခုကြောင့် သမိုင်း မျက်မှောင်ကြုတ် ...ွားမိသည်။

ခတ် မျက်နှာနုနုလေးက နဖူးကနေ ဆံပင်တွေအပြောင်သိမ်းပြီး ...းကုပ်လေးနဲ့တင်ထားသဖြင့် ပြည့်ပြည့်ဝင်းဝင်းလေးဖြစ်နေသည်။ ...ဝတ်အကျီပုံစံ အပေါ်အကျီလက်ရှည်ဖားဖား၊ ဘောင်းဘီ ရှည်မွမွ ...လးနှင့် အိမ်နေရင်းပုံစံလေးကလည်း နုသစ်လှပနေ၏။ ပြီး ဝတ်ထား ...ည့်အရောင်က နုံ့သာရောင်လေး ..။

''လာလေ .. သမိုင်း၊ ဝင်ခဲ့ပါ၊ အထဲမှာ မေမေတို့ရှိတယ်''

သူ့ အံ့ဩသည့်စိတ်နှင့် ငေးခနဲ ဖြစ်သွားတာကို ကမန်းကတန်း ...ပ်သိမ်းကာ မျက်နှာကိုပြင်လိုက်သည်။

''အဲကွန်းပျက်နေတယ်ဆိုလို့ လာတာ ..''

''ဟုတ်ပါတယ်၊ သမိုင်း တို့ဆေးဗစ်ကိုပဲ ဖုန်းဆက်လိုက်တာဥက''



www.burmeseclassic.com

www.burmeseclassic.com



သမိုင်း တို့ဆားဗစ်ဆိုတော့ ကိုယ့်အလုပ်နေရာကို သူမက သိနေသည့်သဘောလား …။

ခြေလှမ်းတို့က မသိမသာတွန့်ဆုတ်သွား၏။ မိတ်ကပ်ရောင်နလွှလွှ လေးလွှင်နေသော တိုက်ကြီးတစ်တိုက်လုံးက ပါကေးရောင်တလက်လက်နှင့် ထည်ဝါနေသည်။ အဝင်ဝကနေကြည့်လျှင် ဧည့်ခန်းကျယ်ကြီးထဲကို တစ်ခြမ်းဆင်းနေသည့် လှေကားကြီး၏ ကြေးကနုတ်ပေါင်များက ဝင်းဝင်းလက်လက်ဖြစ်နေ၏။

လှေကားကို အလယ်မှာ လက်ရန်းတစ်ခုပဲထားကာ အပေါ်က ဆင်းတာနှင့် အတွင်းအပြင် သွားလိုရာကိုတန်းရောက်အောင် စနစ်တကျ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထို့ပြင် ဧည့်ခန်းကို အတွင်းအပြင် ခြားနားထားသည့် ဇာကန့်လန့်ကာရှည်ကြီးက ကြမ်းပေါ်မှာ ခပ်နွဲ့နွဲ့ပုံကျလျက် အထဲကို ဝိုးတဝါးမြင်နေရသဖြင့် ကဗျာဆန်၏။

အားလုံးသောမြင်ကွင်းတိုင်းက တခမ်းတနား ဆန်းပြားပါသည်။ ဒါပေမယ့် သမိုင်း ရင်ထဲမှာ ကဗျာတွေ စာတွေ ဘာမှမရှိ။ ခတ် ဆိုသော မိန်းကလေးကိုပဲ တော်တော်ခက်ပါလားဟုတွေးမိရင်း မှုန်းကျပ်နေခဲ့၏။

တိုက်ခန်းရှေ့ကို သူမ ရောက်လာတိုင်း သူ ရှိနေတာနဲ့ပဲဆုံသည်။ ဒါကြောင့်လည်း ပန်းချီပုံနှင့် စာရွက်ခေါက်လေးကို ရောက်လာတိုင်း မြေးဖွင့်တာ၊ ဒီဘက်ကို လှမ်းကြည့်ငေးပြီးမှ ပြန်ခေါက်လိုက်တာ …၊ ပြီးတော့ လူတွေ အလွယ်တကူမမြင်နိုင်အောင် နေရာပြောင်းထားလိုက်တာကအစ သူ အားလုံးကိုမြင်နေခဲ့၏။ ဒီပုံထဲမှာ ဖြည့်စွက် သရုပ်ဖော်သူဟာ သူပဲဆိုတာတော့ ခတ် သေချာသိနေနိုင်၏။

အစက နေသမိုင်း ဆိုသည့်လူတစ်ယောက်ကို လူတကာရဲ့ အနိမ့်မိ သနားစရာသတ္တဝါအဖြစ် သတ်ထားမိခဲ့ပြီး ခုကျတော့ သူမနဲ့ မတိုက်ဆိုင်စွာ စာရွက်တစ်ရွက်ပေါ်မှာ စိတ်တူသဘောတူ သရုပ်ဖော်ပုံ အတူဆွဲခဲ့မိတော့ …။





"သမိုင်း … ဒီမှာလေ၊ လာ … ဒီဘက်ကို …"

အတွေးတွေ တပြန့်တပြောနှင့် သူ့ပုံစံက အိပ်မက်ထဲမှာ လမ်းလျှောက်နေသည်နှင့်တူနေသလားမသိ။

"မျက်နှာကြီးကလဲ စူပွနေတာပဲ၊ သမိုင်း ကြာရင် မရယ်တတ်ဘဲ ဖြစ်သွားမယ်သိလား၊ ကိုယ့်ရဲ့ကက်စတန်မာကို အဲလိုမဆက်ဆံရဘူး"

"ဇောင်းလက်ခတ် … ခဏနေဦး"

"ဟင် …"

ခတ် က အဲကွန်းရှိတဲ့ဘက်ကို ရှေ့ကသွားနေရင်း ခြေလှမ်းရပ်သွားပြီး သူ့ဘက်ကို ပြန်လှည့်ကြည့်တော့ သမိုင်း က သူမနှင့် ခြေငါးလှမ်းခန့်အကွာမှာ ရပ်နေလျက် …

"ငါက မင်းအိမ်မှန်းမသိလို့လာတာ …"

"သိရင်မလာဘူးပေါ့"

သမိုင်း ကမဖြေပါ။ မျက်တောင်ဖျားတွေ စိုက်ခနဲ စင်းကျသွားပြီး မျက်နှာလွှဲနေ၏။ ခတ် က သူ့ရှေ့ကို တုံ့နှေးစွာလှမ်းလာရင်း …

"သမိုင်း ကရော … ခတ် ကိုမှ ဘာဖြစ်လို့ရွေးမုန်းနေရတာလဲ"

"မင်းကိုမုန်းနေတာမဟုတ်ဘူး၊ ဒါပေမယ့် မရင်းနှီးချင်ဘူး၊ အဲဒါကြောင့် မပတ်သက်ချင်တာ၊ မင်းမှမဟုတ်ဘူး၊ ငါ ဘယ်သူနဲ့မှ မရင်းနှီးတာ ကိုယ့်အကြောင်းနဲ့ကိုယ် …"

သမိုင်း က ပစ္စည်းကိရိယာတွေထည့်လာသည့်လွယ်အိတ်ကို ပခုံးပေါ်ထပ်ဆွဲတင်၏။ ပြီးတော့ ရှေ့ကိုပြန်လှည့်ထွက်လျှင် …

"သမိုင်း …"

ခတ် က သမိုင်း ရှေ့မှာ ရပ်နေလိုက်၍ …

"သမိုင်း ခါးသီးနေတဲ့ဘဝဆိုတာကြီးကို ခတ် စိတ်မဝင်စားဘူး၊ ဘယ်လိုဘဝပဲဖြစ်ဖြစ် သမိုင်း ကို လူတွေက ဘယ်လိုအထင်ကြပါစေ ခတ် ရဲ့ခင်မင်မှုက အနိမ့်အမြင့်ပကာသနကင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သမိုင်း အကြောင်း ဘာတစ်ခုမှမသိရခင်ကတည်းကပါ၊ ဘာဖြ
လို့ ကိုယ့်ကိုယ်ကို အဆိုးဆုံး၊ အညံ့ဆုံးလူလို့သတ်မှတ်ပြီး ကြက်
ခတ်ထားလိုက်တာလဲ၊ မောင်မောင်ညို့ကို သမိုင်း အလျှော့ပေးနေ
ရတာတွေ၊ အိမ်မှာ မျက်နှာငယ်ခဲ့ရတာတွေ၊ အဲဒါတွေက ဘဝလား

"မင်း ဘာဖြစ်လို့ ငါ့အကြောင်းစိတ်ဝင်စားနေတာလဲ စော
လက်ခတ်၊ အခု အဲကွန်းပျက်တာရော တကယ်ဟုတ်ရဲ့လား"

"ဟုတ်မဟုတ် သမိုင်း သွားကြည့်လေ၊ ရောက်လာပြီးမှ လှ
ပြန်သွားမလို့လား"

သမိုင်း သက်ပြင်းချလိုက်တာက မေးရိုးနှစ်ဖက် တင်းခနဲ ဖြ
လျက် အံကြိတ်လိုက်သလိုလို ..။ ထို့နောက် လွယ်အိတ်ကို ပခုံးက
ဖြုတ်ချ၍ ဒီတိုင်းတန်းလန်းကိုင်ထားကာ ...

"မင်းနောက်ထပ်မေးချင်တာ ရှိသေးတယ်မို့လား၊ အခုမေ
လိုက်ပါ၊ နောက်ထပ်ဒီလိုပုံစံမျိုး ထပ်မလုပ်နဲ့တော့"

"မေးနေတာကို သမိုင်း က မှန်မှန်ဖြေလို့လား"

"ငါ့ဘက်က အဲဒါအမှန်အတိုင်းပဲ၊ မင်းထင်နေတဲ့ ဟိုတစ်ယော
က ငါမဟုတ်ဘူး၊ နောက်ထပ်ဘယ်နှစ်ခါမေးမေး အဖြေက ဒါပဲ"

ခတ် က ဆွေးရိပ်သမ်းသွားသည့်မျက်ဝန်းလေးတွေကို ခပ်လွဲ
ပို့ပစ်ကာ ...

"ဒုတိယထပ် အာမူးတို့မောင်နှမနှစ်ယောက်ကပြောတယ်၊ အစ်
တစ်ယောက် ဒီအောက်ကိုလာတယ်တဲ့၊ ပြီးတော့ ဘာစာရွက် ဖတ်
သလဲမသိဘူးတဲ့"

"ဘယ်အောက်လဲ၊ ငါနေတဲ့ရှေ့က မင်းပြောတဲ့ တိုက်ခန်း အော
လား"

ခတ် က ခေါင်းလေးညိတ်ပြတော့ သမိုင်း နှုတ်ခမ်းမဲ့သွားကာ

"အဲဒီလမ်းကြောမှာ ကားတွေ ဘက်ခ်ဆုတ်လို့အကောင်းဆုံး





တွေ မိုးခိုလို့အလုံခြုံဆုံး၊ အမြဲတမ်းပိတ်ထားတဲ့ တိုက်ခန်းကျယ်
လေ၊ အဲဒီနေရာမှာ ယောက်ျားမိန်းမ၊ လူတွေ ဘယ်သူဖြစ်ဖြစ်
နေလို့ရတယ်၊ ဖတ်ချင်တဲ့စာအုပ် ဖတ်ခွင့်ရှိတယ်၊ မင်း ဘာတွေ
ရှာတွေ့ပြနေတာလဲ"

"ဟုတ်တယ်၊ ဒါပေမယ့် အဲဒီအစ်ကိုက အီလက်ထရွန်းနစ်ရဲ့
ပေါ်ထပ်ကနေ ဒီဘက်ကို ငေးငေးပြီး စာတွေရေးနေတာ .. တစ်
ကဆို သန်းခေါင်ကျော်အထိပဲတဲ့"

သမိုင်း မျက်နှာပျက်သွားသည်။ ခတ် က ထိုမျက်နှာကို စူးစူး
စိုက်လေးကြည့်ကာ ...

"တစ်ညကလဲ .. ညဆယ့်နှစ်နာရီကျော်နေမှ အောက်ကိုကူး
ပြီး ကားစောင့်တဲ့ကင်းသမားတစ်ယောက်နဲ့ စကားတွေပြောနေတာ
ကြာကြီးပဲတဲ့"

ဘယ်လိုလူမို့လို့ ဒီလောက်ထိ စောင့်ကြည့်နေခဲ့တာလဲ ..။ သမိုင်း
မျက်ဝန်းမှာ ဒေါသရိပ်တွေဖြစ်လာ၏။ ခတ် ကတော့ ကျေနပ်သွားသည့်
ပြုံးသဲ့သဲ့နှင့် ...

"ပြောသေးတယ်၊ အဲဒီအစ်ကိုက ဆံပင်တိုတိုရှင်းရှင်း အရပ်
မြင့်မြင့်နဲ့ ညဘက်ကြီးမှာတောင် ဖြူဝင်းနေတာ အထင်းသားပဲတဲ့၊
ဝတ်ထားတာက အဖြူတွေချည်းပဲဆိုတော့ ..."

"အင်္ကျီအဖြူဝတ်တိုင်း ငါဖြစ်ရောလား၊ မင်း အဲဒီစာရွက်ပေါ်က
စာတွေကို မေ့လိုက်ပါ"

"ဘာဖြစ်လို့မေ့ရမှာလဲ သမိုင်း၊ ဒါဟာ ဘယ်လိုလူမှ လိုက်လို့
မမီနိုင်တဲ့ အလိုအလျောက်ဆက်သွယ်မိတဲ့ကြိုး၊ ကောင်မလေးရဲ့လက်ထဲ
ကို ချုတ်လေးထည့်ပေးခဲ့တဲ့ ဖန်ဆင်းရှင်ဟာ သမိုင်း ပဲမို့လား၊ အဲဒါကို
ငြင်းမပါဘဲ ဖြေစမ်းပါ"

သမိုင်း က ခတ် မျက်နှာလေးကိုစိုက်ကြည့်၍အေးစက်စက်မဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလို့ဖြေမှာမို့လား၊ မယုံဘူး၊ လုံးဝမယုံဘူး၊ ဟုတ် တယ်လို့ သမိုင်း ဝန်မခံသရွေ့ ခတ် ကတော့ ကြိုးစားနေမှာပဲ"

"လောကကြီးထဲမှာ ငါတစ်ယောက်တည်းရှုးတယ်မှတ်နေ မင်းက ငါ့ထက်ပိုရှုးတာပဲ"

"ဟုတ်တယ်၊ ရှုးနေပြီ"

"ဟော .. ဆားဗစ်ကလွှတ်လိုက်တာလား"

လေကားကြီးဘက်က စကားသံကြောင့် သူရင်ဘတ်ကို စိတ် လက်ကိုင်တွန်းပစ်လိုက်ဖို့ ရှေ့တိုးသည့် ခတ် ၏ခြေလှမ်း ရပ်တန့်သွား

ဦးအောင်မြင်နှင့်ဒေါ်စိမ့်သူတို့ အနားရောက်လာတော့ အမူအ တွေပျက်ယွင်းနေကြသည့် သမိုင်း တို့မျက်နှာတွေ ပုံမှန်အနေအထ သို့ ပြန်မရောက်နိုင်သေးဘဲရှိလျက် ...

"ဟို .. သူလေ မေမေ ...၊ သမိုင်း .. သမီးသူငယ်ချင်း ..

"အင်း .. မှတ်မိတယ်"

ဟုပြော၍ သမိုင်း ကိုအကဲခတ်သလို ခြေဆုံးခေါင်းဆုံးကြ သည်။ လူကိုမှတ်မိတာမျိုးမဟုတ်ဘဲ မထင်မှတ်အံ့သြနေတာဖြစ် သည

"မင်းက ကားလဲပြင်လိုက်တာပဲ၊ ခု အဲကွန်းပြင်ဖို့ရောက် ပြန်ပြီ၊ နောက်ထပ်ဘာတွေတတ်သေးလဲ၊ ပြောပါဦး"

သမိုင်း မျက်နှာ နီမြန်းသွား၏။ ကိုယ်ကပဲ အသွင်အမျိုးမျိ ရောက်လာပြီး သူ့သမီးနဲ့ နီးစပ်ဖို့ ကြိုးစားနေသလိုမျိုး ..။

"တစ်မျိုးမထင်နဲ့နော်၊ အန်တီက တကယ်အံ့သြလို့မေး အတတ်ပညာဆိုတာ ဟန်ဆောင်လို့ရတာမှမဟုတ်တာ၊ အခုရောက် တာလဲ သမီးအိမ်မှန်းမသိခဲ့ဘူးထင်တယ် .. ဟုတ်လား"

သမိုင်း မကြည်မလင်မျက်နှာနှင့်ကြည့်၍မဖြေတော့ ဒေါ်စိမ့် ကပဲဆက်၍ ...

"ဖုန်းဆက်လိုက်တာက သမီးရဲ့အဖေလေ၊ အဲကွန်းကလဲ





ကပဲဝယ်ထားတာမို့လို့ပါ၊ နေသမိုင်း ကိုပဲလွှတ်ပေးပါလို့ လမ်းညွှန်တာ ကတော့ သမီးပေါ့"

"ဟုတ်ကဲ့၊ ဘယ်အခန်းက အဲကွန်းလဲ၊ ကျွန်တော့်ကိုပြပါ"

စကားအပိုတွေမပြောချင်သည့်မျက်နှာကို စိုက်ကြည့်ပြီး ဒေါ်စိမ့်သူ မှတ်ချက်တွေ သမီးဖြစ်တဲ့သူထံ ဝေ့ဝဲသွားသည်။ ခတ် က သမိုင်း မျက်နှာမှလွှဲ၍ ဘယ်ကိုမှ အာရုံရောက်ပုံမရှိ။ ဇနီးနဲ့သမီးကို အကဲခတ် ၍ ဦးအောင်မြင်က ပင့်သက်ရှိုက်သည်။

"ကဲ .. မေမေ လိုက်ပြပေးဦးမယ်၊ သမီး အထဲဝင်နေနော်၊ တော် ကြာ ဆရာဝန် လာတော့မှာ"

"သမီး နေကောင်းနေပြီ၊ ဖေဖေကလဲ ..."

သားအဖစကားပြောသံတွေကြားတော့ သမိုင်း ဘက်မှာ လှုပ်ရှားမှု အနည်းငယ် တုံ့ဆိုင်းသွား၏။ ဒေါ်စိမ့်သူကတော့ သမိုင်း ကိုပဲ အကဲခတ် လို့မပြီးနိုင်။

အဲကွန်းပြင်ဖို့ဆို နှစ်ယောက်လာကြတာများသည်။ ဆရာက ထိုင်၍ တပည့်က အလုပ်ရှုပ်နေလျှင် ကော်ဖီမုန့်လောက်တော့ ကျွေးမွေးဧည့်ခံရ သည်။ သမိုင်း ကတော့ တစ်ယောက်တည်းနှင့် ဖြုတ်တပ်ပြင်ဆင်နေတာ အချိန်နည်းနည်းပိုကြာပေမယ့် သေသပ်စွာပြီးစီးသွားခဲ့သည်။

"အန်တီ ဘယ်လောက်ပေးရမလဲ"

"ပစ္စည်းလဲတာပဲပေးပါ၊ လက်ခမလိုပါဘူး"

သမိုင်း က ဘယ်ကိုမှ မျက်လွှာပင့်မကြည့်၊ တစ်ချက်မှမနားဘဲ လွယ်အိတ်ကောက်လွယ်လိုက်ခြင်းနှင့် ဒေါ်စိမ့်သူ ပိုက်ဆံထုတ်ပေးခြင်း ကိုယူ၍ အိမ်ထဲကပြန်းထွက်၏။

နောက်က ဘယ်သူပါလာတာ မလာတာ၊ ဘယ်လိုထင်ကျန်ရစ် တာ ဘာညာ ဘာမှဂရုစိုက်မနေဘဲ အသင့်ဖွင့်ပေးထားသည့်တံခါးနှင့် ထပ်ကိုကျော်လွန်ကာ လမ်းမပေါ်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါက တခြားလူတွေမြင်နိုင်သည့်အပိုင်း ..။ စိတ်ထဲမှာ စွဲထင်ပါလာသည့် ဒေါ်စိမ့်သူ၏မျက်ဝန်းတွေကြောင့် သူ့ရင်ထဲမှာ မတင်မကျခံစားချက်တွေနဲ့ ရှုပ်ထွေးနေဆဲ ...။

သူသည် တခြားသူ တစ်စုံတစ်ယောက်အပေါ်မှာ စိတ်ဝင်စားခြင်းကင်းအောင်နေခဲ့သည်။ ရင်ထဲမှာ ခံစားချက်တွေဖြစ်လာရင်တောင် ချေဖျက်မေ့ပျောက်နိုင်အောင် ကြိုးစားခဲ့တာပါ။ အထူးသဖြင့် စောင်းလက်ခတ် ဆိုသည့်မိန်းကလေး ..။

ကျောက်သားဖြင့်ထုဆစ်ထားတာမဟုတ်ခဲ့သော ရင်ဘတ်က အစုရှိနေသည် နှလုံးအိမ်မှပို့လွှတ်သော ရင်ခုန်သံများကို နားထောင်ချင်ခဲ့၏။ အလွန်လှပ၍ ချစ်စရာကောင်းသည့် သူမ အပေါ်မှာ သူသည် ...။

"ဟင် ..."

လမ်းလျှောက်သွားနေရင်း လူရှင်းသောအရပ်မျက်နှာတစ်ခုဆီ မျက်လုံးကရောက်သွားလျှင် ...

"ဟိတ်ကောင်တွေ .. ဘာလုပ်ကြတာလဲ"

ကျော်ဘုန်းတို့လူစု၏လက်ထဲမှာ မောင်မောင်သည် သွေးတို့ဖြင့် မြင်မကောင်း ..။ တိုက်ခန်းနှစ်ခုကြားက ပိတ်ထားသည့် အသုတ်နှင့်ကော်ဖီဆိုင်လေးကြားထဲမှာပဲဖြစ်၏။ ဆိုင်ပိတ်ထားပေမယ့် စားပွဲတွေ ထိုင်ခုံတွေကို ဒီတိုင်းထပ်ညပ်တင်ထားခဲ့ပြီး ဝါးလုံးနှစ်လုံးနှင့် ကြက်ခြေခတ်ပိတ်ထားတာမျိုးဖြစ်သည်။

ရှုပ်ယှက်ခတ်လဲပြိုနေသော ဆိုင်ခုံတွေကြားထဲမှာ ဖြစ်ပျက်နေကြတာကို ရုတ်တရက် လူသတိမထားမိနိုင်။

ကျော်ဘုန်းက မောင်မောင့်ရဲ့အင်္ကျီရင်ဘတ်စကို ဆွဲထူ၍ ရွယ်ထားပြီးသည့်လက်သီးဆုပ်တစ်ဖက်နှင့် သမိုင်း ဘက်ကိုလှည့်ကြည့်၏။

"လွှတ်လိုက်နော်၊ မင်းတို့လူများပေမယ့် အုတ်ခဲတွေလဲ ငါ့ခြေထောက်နားမှာ အများကြီးပဲ"





အလယ်မှာ လမ်းကြားလေးဖြစ်နေလျက် သမိုင်း က ဟိုဘက်အခြမ်းမှာ အုတ်ခဲကျိုးနှစ်ဖက် ဘယ်ညာကိုင်၍ မေးဆတ်ပြောသည်။ ကျော်ဘုန်းရဲ့လက်သီး ပြေကျသွား၏။

မောင်မောင့်ကိုချုပ်ကိုင်ထားသူနှစ်ယောက်က လွှတ်ချပစ်လိုက်လျှင် မောင်မောင့်ကိုယ်ကြီး ကြိုးတစ်စလို မှုံခနဲ ပစ်ကျသွား၏။

"တော်တော်မိုက်ရိုင်းတဲ့ကောင်တွေ .. တောက် ..."

"ဒုန်း ..."

မောင်မောင့်အဖြစ်ကိုလှမ်းမြင်ကာ ဒေါသဖြစ်ဖြစ်နှင့် အုတ်ခဲကျိုးတစ်စ လွှင့်ခနဲ မြောက်တက်သွား၏။ လူကို တမင်လွဲပစ်တာမို့ ကျော်ဘုန်းတို့၏ခြေထောက်တွေကြားထဲကို အသည်းယားစဖွယ် အရှိန်နှင့် ပစ်ကျသွားခဲ့သည်။

"ဟိတ်ကောင် .. မင်းက ဘာလဲ"

ကျော်ဘုန်း၏ဒေါသက သူ့ဘက်ကိုကူးလာ၏။ သုံးယောက်သား၏အကြည့်တွေ သမိုင်း ဆီမှာစုပြုံကာ ...

"မင်းကောင် ဘယ်လောက်ရှုပ်ထားလဲ .. မင်းသိလား"

"မသိဘူး၊ သိသိ မသိသိ မင်းတို့ အင်အားနဲ့အနိုင်ကျင့်တာကြည့်လို့မကောင်းဘူး၊ သွားမှာလား .. မသွားဘူးလား .. ဒါပဲပြော"

နောက်ထပ် သမိုင်း က အုတ်ခဲထပ်ကောက်ပြီးမေးတော့ ကျော်ဘုန်းတို့ အံတကြိတ်ကြိတ်နှင့် ခုံတွေကြားထဲက တစ်လှမ်းချင်းထွက်ကြ၏။ ပြီးတော့ ကျော်ဘုန်း၏လက်ညိုးက သူ့မျက်နှာဆီသို့ တည့်မတ်စွာ ထိုးညွှန်ကာ...

"ဟီးရိုးဝင်လုပ်ချင်တဲ့ကောင်၊ မင်းမှတ်ထား နေသမိုင်း၊ ဒီပြဿနာ မင်းနဲ့လဲဆိုင်တယ်"

သမိုင်း မျက်မှောင်ကြုတ်သွား၏။ လှမ်းကြည့်လိုက်တော့ မောင်မောင်သည် နှာခေါင်းကနေ သိမ်းမနိုင်အောင်စီးကျနေသည့် သွေးတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ပွတ်သုတ်ယိမ်းထိုးလျက် လူးလဲထနေ၏။ ဒါကို ကျော်ဘုန်းက လှမ်းကြည့်ပြီး ရှုံ့ရှာသလိုမဲ့ကာ ဒီဘက်ပြန် လှည့်ရင်း ...

"အစက မင်းဒုက္ခရောက်အောင် ဒီကောင်လျှောက်ဖွနေတာ၊ မင်းနဲ့ ငါနဲ့ ငြိခဲ့တုန်းကအထိ ငါမသိသေးဘူး၊ စောင်းလက်ခတ်နဲ့ ငါ့ကြားကို မင်းရောက်အောင်တွန်းပို့တယ်၊ မင်းရဲ့နာမည်တစ်လုံးနဲ့ပဲ နောက်ထပ် သွန်းစက်နဲ့ ငါ ထပ်လွဲခဲ့တယ်"

"ဘာဖြစ်လဲ .. အဲဒါ ..၊ မင်းယောက်ျားပဲ၊ ယောက်ျားချင်းယှဉ်ပေါ့၊ ဝမ်းဘိုင်ဝမ်းလေ"

"မင်းကောင်ကို အင်အားနဲ့ဖွဲ့ဖို့မလိုဘူး ဟေ့ကောင်၊ ယောက်ျားဖြစ်ပြီး လက်သီးဆုပ်မတတ်တဲ့ကောင်၊ သူနဲ့ငါ နှစ်ယောက်ချင်းရှင်းတာ၊ သူအရှုပ်သူ မရှင်းတတ်လို့ ဒီလိုဖြစ်ကုန်တာ .. နားလည်လား၊ လက်သီးနှစ်ချက်စာတောင် မခံနိုင်ဘဲ ပျော့ခွေသွားတော့ ငါထိုးသာအောင် ဆွဲထူထားရတာ၊ ဟွန်း .. သေချာကြည့်ပြီးမှပြော ..."

နှုတ်ခမ်းမဲ့သည့်အပြင် တက်ခေါက်သည်။ ထိုးညွှန်ထားသည့် လက်ညှိုးကို ဆတ်ခနဲ ပြန်ရုတ်သည့်မတ်ကာ ...

"မင်း သတိထား၊ ဒီနွေပြဿနာကြောင့် မင်းနဲ့ငါ ထပ်ငြိသွားပြီ"

ပြောပြီး ဘေးတိုက်ခြေလှမ်းများနှင့် စတင်ရွေ့လျား၏။ ပြီးတော့ ပါးစပ်ကမပိတ်ဘဲ ...

"ပါးစပ်နဲ့အရသာခံပြီး ချောင်နိုပုန်းတဲ့ညီအစ်ကိုတွေ၊ မင်းတို့ ပါးစပ်ထဲကို မစင်တုံးတွေထည့်ပိတ်ပေးမယ်၊ မယုံမရှိနဲ့"

"ဟာ .. ဒီကောင် ..."

ဒေါသဖြစ်ဖြစ်နှင့် လက်ကိုတအားလွဲသည်။ **အုတ်ခဲကျိုးကို** ပစ်လွှတ်အုံဆဲဆဲကျမှ တက်တစ်ချက်ခေါက်၍ **တစ်ဖက်မြေပြင်ပေါ်**ကို ဘုန်းခနဲ မြည်အောင် လွှဲပစ်လိုက်မိ၏။

ကျောက်ခဲတချို့နှင့် မြေပြင်သည် **ကျော်ဘုန်းတို့အနီးအနားမှာပဲ**





မြေသားတွေ ဖွားခနဲ စင်ထွက်လျက် ဒေါသတကြီး ပေါက်ကွဲသွား၏။

ကျော်ဘုန်းတို့ထံမှ နောက်ထပ်စကားသံ မကြားရတော့ပေ။ ခပ်လှမ်းလှမ်းမှာရပ်ထားသည့်ကားပေါ်ကို သူတို့တွေ တက်သွားမှ သမိုင်း လက်ထဲက အုတ်ခဲကျိုးတစ်ဖက်ကို လွှတ်ချပစ်လိုက်သည်။

ဘယ်ညာကိုင်ထားသဖြင့် ပေကျံကုန်သော လက်ဖဝါးနှစ်ဖက် ကိုပွတ်သပ်ရင်း မောင်မောင့်ဆီကိုကူးသွားခဲ့၏။ အမျိုးကိုထိလို့ မချိအောင်နာတာမျိုးတော့မဟုတ်ပါ။ မောင်မောင်နဲ့ပတ်သက်၍ သူကိုယ်တိုင် ဒုက္ခတွေအမျိုးမျိုးရောက်ကာ မပတ်သက်အောင်နေလိုခြင်းကြောင့် 'ညီသစ္စာ' ကနေတောင် ထွက်ခွာဖို့ သူကြိုးစားခဲ့ဖူး၏။ ဒါပေမယ့် မျက်စိအောက်မှာ မဖွယ်မရာမြင်ရတော့ မနေနိုင်။

"မင်းအဆင်ပြေလား မောင်မောင်၊ ငါတွဲရမလား"

တွဲပေးပါဆိုမှ တွဲပေးဖို့မေးတာပေမယ့် မတ်တတ်ကနေ ယိမ်းယိုင်သွားသဖြင့် လက်က တွဲကိုင်ပေးမိလျက်သားဖြစ်သွားသည်။ ထိုစဉ်...

"ခွပ် ..."

သမိုင်း မေးဖျား ပင့်ထွက်သွားကာ မျက်လုံးထဲမှာ နေ့ခင်းကြောင်တောင် ရောင်စုံမီးတွေ ထိန်လင်းသွား၏။

"မင်း ငါ့ကိုမထိနဲ့၊ မိန်းမလို မိန်းမရ ခွေးသူခိုးကောင် .."

မောင်မောင့်ထံမှ အံကြိတ်ကြိမ်းဝါးသံက အေးစက်ခက်ထန်နေ၏။ ဒီလိုလက်သီးမျိုးနဲ့ ကျော်ဘုန်းတို့ကိုတော့ သူမတုံ့ပြန်နိုင်ဘူးလား။ ရှယ်တူချင်းမို့ ကိုယ်ခံလိုက်ရတော့ ဒေါသက ထောင်းခနဲထ၏။ သမိုင်း နောက်ကို ခြေတစ်လှမ်းဆုတ်ကာ မောင်မောင့်အင်္ကျီစကို ဆောင့်ဆွဲပစ်လိုက်မိသည်။

ထိုအခါ ဒဏ်ရာများနှင့်မောင်မောင်သည် သူ့လက်ထဲမှာ ဖွဲ့အိတ်တစ်အိတ်လို ပျော့တွဲလေးလံစွာ ပါလာခဲ့၏။

"တောက် ..."

ဆုပ်ထားပြီးသည့်လက်သီးက သွေးသံရဲရဲနှင့်မျက်နှာကြောင့် တုံ့နေး



www.burmeseclassic.com

www.burmeseclassic.com



သွားကာ အသွားမျက်နှာကို သတိရလိုက်တော့ ပြေကျခြင်းသို့ ရောက်၏။

"မင်း ငါ့ကိုစော်ကားတာတွေ တော်တော့ မောင်မောင်၊ သူများတွေလို မင်းညစ်သမျှ ငါဘာမှမတုံ့ပြန်ဘူး၊ မင်းနဲ့ငါကင်းချင်တယ်"

"ကင်းချင်တာလား"

သူ ဘယ်လိုမှမထင်မှတ်လိုက်ဘဲ နောက်ထပ်လက်သီးတစ်ချက်ကြောင့် မျက်နှာလည်ထွက်သွား၏။ ဒီတစ်ခါ သမိုင်း နောက်ကို ယိမ်းယိုင်သွားသည်အထိ ဖြစ်သွားခဲ့၏။ မောင်မောင်က ခပ်ယိုင်ယိုင်ကိုယ်ကိုထိန်းရင်း လျှောရိလျှောရဲလက်ညှိုးတစ်ဖက်နှင့် ...

"မင်းရှင်းချင်ရင် ရှင်းလို့ရတယ်၊ ကင်းချင်ရင် ကြိုက်သလိုနေလိုက်ပေါ့၊ မုရာမာယာတွေနဲ့ လက်နက်ပုန်းမသုံးနဲ့၊ ငါက ရှင်းတယ်ဟုတ်ကောင်၊ ဘယ်သူကောင်းကောင်း မကောင်းကောင်း အဲဒီအကြောင်းလူကြားထဲမှာပြောရဲတယ်၊ မင်းလို ချောင်ကပ်ပြီး လူသနားမခံဘူး။ လက်ညှိုးထိုးချောက်မချဘူး"

"မောင်မောင် .. မင်း ငါ့ကို ထင်ရာတွေမပြောနဲ့၊ မင်းကြောင့်သာ ငါဒုက္ခရောက်ခဲ့တာ၊ မင်းနဲ့တကွ ဘယ်အရာမဆို ငါ လုံးဝစိတ်မဝင်စားဘူး၊ အဲဒါအမှန် .."

"မင်းရဲ့အမှန်တရားတွေကိုပဲ ငါပြောနေတာ၊ တောက် .. မင်း မင်း .. ငါ့ရှေ့ကထွက်သွား ..၊ မင်းသွား ..."

မောင်မောင် ဒေါသဖြစ်နေတာ မနိုင်နိုင်ရာ မဲတာမျိုးနှင့်မတူဖြစ်သင့်တာထက်လည်း ပိုနေ၏။ သမိုင်း ၏မျက်ဝန်းတွေ မောင်မောင့်ထံမှမခွာသလို ခြေလှမ်းလည်းမရွေ့။ မောင်မောင်သည် မျက်ဝန်းမှာမျက်ရည်တွေဝေ့နေသလိုလို စူးလက်သောမျက်လုံးများနှင့် ကြည့်လျက်...

"ငါ့မျက်နှာပေါ်က ဒဏ်ရာတွေက ကျော်ဘုန်းတို့ထိုးတာမဟုတ်ဘူး၊ အဲဒါ မင်းရဲ့လက်သီးချက်တွေ၊ ငါနာကျင်ခဲ့ရသမျှ မင်းနှိပ်စက်တာတွေပဲ၊ အဲဒါတွေ မင်းကြောင့် ..."





သူ လုပ်ခဲ့သမျှကို သူသိသည်။ သမိုင်း ဒုက္ခရောက်ဖို့အတွက် အကွက်ချစီစဉ်ခဲ့သမျှ သူများကိုပစ်သည့်မြားချက်တွေက သူ့ဆီကိုပဲပြန်လာခဲ့၏။

ဒါဟာ အမှန်တရားကြောင့်လို့ သူမမြင်နိုင်ပါ။ သမိုင်း ကို မိန်းကလေးတွေငြိအောင် သူစီစဉ်ခဲ့သည်။ ငြိကုန်သည့်မိန်းကလေးတိုင်း သူထင်သလို ဓားတမ်း၊ တုတ်တမ်း ငြိကြတာမဟုတ်ဘဲ ရွှေလမ်းငွေလမ်းနှင့် ပန်းပေါက်ပေါက်ကြဲသွားကြ၏။

ထိုမိန်းကလေးများနှင့်ပတ်သက်ပြီး မီးပွင့်သွားနိုင်သည့်ဒေါသတွေထဲကတစ်ယောက်တလေကို သတင်းတွေဖြန့်၍ထိခတ်စေခဲ့သည်။ ဒါတွေကလည်း ထင်သလိုခရီးမရောက်ခဲ့ဘဲ ခုကျတော့ သူက လူယုတ်မာ...။

မောင်မောင့်မျက်နှာက သူ့အတွေးနဲ့သူ နီရဲခက်ထန်လာ၏။ အားလုံးဟာ သမိုင်းဘက်က သူမသိလိုက်သော လှုပ်ရှားမှုတွေကြောင့်ပဲမဟုတ်ဘူးလား ..။

နေသမိုင်း ဆိုတဲ့ကောင် ဘယ်လောက်ထိ ကံကောင်းနိုင်မလဲ။ ရင်ထဲမှာ ထိချက်ပြင်းလာတော့ နာကြည်းမှုက ပိုကဲလာသည်။ အမှန်တရား ဘယ်သူ့ဘက်မှာပဲရှိနေနေ တစ်သက်လုံး မျိုသိပ်ခံစားခဲ့ရသောအမှန်တရားများကြောင့် သူ့ဘက်ကအမှန်တရားအတိုင်း တည်စေရမည်။

မိန်းကလေးတချို့ သို့မဟုတ် ယောကျ်ားလေးတချို့ထဲမှာ သို့တည်းမဟုတ် တက္ကသိုလ်တစ်ခုလုံးမှာဖြစ်ဖြစ် တစ်ရပ်ကွက်လုံးနဲ့ပဲနှိုပါစေ.. အားလုံး သမိုင်း ဘက်က ရပ်တည်ကြမယ်ဆိုရင်တောင် 'ညီသစ္စာ' မှာ သမိုင်း ဘယ်တော့မှ ရပ်တည်ခွင့်မရနိုင်။

ထို့အတွက် .. သူ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"အဘွား ..."

"ဟင် .. အမလေး ..."

ဒေါ်မိမိညို လက်ထဲက သောက်လက်စနှင့်ရေခွက် ခွမ်းခနဲ ကျကွဲသွား၏။ ဖူးရောင်ညိုမည်းလျက် သွေးစတွေက မခြောက်တခြောက်နှင့် မောင်မောင့်နာခေါင်းနှင့်နှုတ်ခမ်းသားတို့ကို အကြည့်ရောက်စဉ် မျက်လုံးတွေကို မှိတ်ပစ်လိုက်မိ၏။

"ကြည့်ပါ အဘွားရဲ့၊ အဘွား ကျေနပ်ဖို့ပါ"

"ဘာ ..."

ဒေါ်မိမိညို မျက်ဝန်းတွေပြန်ပွင့်လာတော့ မောင်မောင်က ပြုံးလိုက်၏။ ထိုအခါ နှုတ်ခမ်းမှနာကျင်မှုကြောင့် မျက်ဝန်းမှာ မျက်ရည်စတို့ ဖြစ်ထွန်းလာကြသည်။

အလိုအလျောက်နာကျင်မှုကြောင့် ကျသည့်မျက်ရည်မှ ကြေကွဲခြင်းသို့ပြောင်းကာ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြလေသည်။





"မောင်မောင် .. မင်း .. မင်း ဘာဖြစ်လာတာလဲ၊ အဘွားကို ဘာတွေပြောနေတာလဲ၊ ရှင်းအောင်ပြောစမ်းပါကွယ်"

အသံတွေတုန်ကာ ပီသအောင် မနည်းပြောနေရ၏။ ဒေါ်မိမိညိုသည် မောင်မောင့်အဖြေကိုစောင့်ရင်း စာကြည့်စားပွဲက ကုလားထိုင်ကို ကြည့်ဘဲ နောက်ပြန်ဖြည်းလေးစွာထိုင်၏။

မောင်မောင်က မရှိုက်ဘဲငိုကြွေးသော မျက်ရည်တွေကိုမသုတ်ဘဲ ဒေါ်မိမိညို ခြေထောက်တွေရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပြီး ...

"အဘွားရဲ့မြေးကို သား ထိုးလိုက်လို့ အဘွား ခံစားနေရတယ် မဟုတ်လား"

"အို ..."

"သားသိတယ်၊ အဲဒီနေ့ကတည်းက ဒီနေ့ထိ ပြောင်းလဲသွားတဲ့ အဘွားရဲ့မျက်လုံးတွေကို သား နားလည်ပါတယ်၊ အဲဒါကြောင့် ဒီနေ့ ကျေနပ်ပါတော့လို့ .."

"တော်စမ်း၊ အဲဒီဒဏ်ရာတွေက ဘယ်လိုရလာတာလဲ၊ ဘယ်သူ ဖြစ်လာတာလဲ၊ ပြော .. ငါ့ကိုမြန်မြန်ပြော ..."

"သမိုင်း ထိုးလိုက်တာ ..."

"ဘာ .. ဘာပြောတယ်"

"သူလဲ သားကို မကျေနပ်ခဲ့တဲ့သူပဲ၊ ဒီနေ့ သူ့အုပ်စုနဲ့ သားကို ဝိုင်းချကြတယ်"

"ဘုရား .. ဘုရား ..."

ဒေါ်မိမိညို မျက်ဝန်းတွေ နောက်ထပ်မှိတ်ကျသွား၏။ ရင်ဘတ် ...လက်နဲ့ဖိရင်း သမိုင်း မျက်နှာ ခပ်ငှင်ငှင်ကို စိတ်မှာမြင်လာခဲ့၏။ ဒီမျက်နှာ ...မှာ အကြံကြီးကြံ၊ ရန်ငြိုးဖွဲ့တတ်တဲ့ သိုသိပ်ခြင်းတွေ ရှိနေသည်လား။

"သားနာခဲ့ရပေမယ့် ကျေနပ်ပါတယ်၊ အဘွား ကျေနပ်မှာပဲလို့ ...ထင်လို့ ဒီတိုင်းခံလာခဲ့တာ၊ ဒဏ်ရာရကြတာချင်း မျှရဲ့လား အဘွား၊



www.burmeseclassic.com

www.burmeseclassic.com



အဘွားမြေးရဲ့ဒဏ်ရာနဲ့ သားရခဲ့တဲ့ဒဏ်ရာ ..''

''တော်စမ်း၊ တော်ပါတော့၊ မဇီး .. မင်း ဒီကိုရောက်လာတာ ငါ့ကို ရင်ကွဲအောင် နှိပ်စက်ဖို့လားဟင် ..''

မောင်မောင်က မပြုံးနိုင်သည့်မျက်နှာမဲ့မဲ့နှင့် ခေါင်းခါသည်။ ပြီးမှ...

''မနှိပ်စက်ပါဘူး၊ သားဘာသာ ဖြေရာရှာနေတာပါ၊ အဘွားနား ကနေ တစ်ဖဝါးမှမခွာနိုင်ခဲ့တဲ့စိတ်နဲ့ အဖေတစ်ယောက်လုံးရဲ့စကားကို တောင် သား နားမထောင်ခဲ့ဘူး၊ အဲဒါတွေပြန်တွေးပြီး ငါ့အတွက် ဘာကျန်သလဲလို့ ပြန်တွေးမိခဲ့တော့ ...''

ရှေ့ဆက်မပြောသော်လည်း မောင်မောင် စကားတွေ ဒီလောက် ပြောတတ်နေတာကို ဒေါ်မိမိညို မှင်တက်ငေးမောခဲ့မိ၏။ ပြောဖို့စကား တွေလည်း ကိုယ့်မှာရှိနေသည့်တိုင် ဘာတစ်ခွန်းမှပြောလို့မထွက်ပေ။

အမြဲတမ်း ရယ်မောမပျက် ပေါ့ပါးစွာနေလာခဲ့သည့်ကလေးဟာ အခု ဒီအရွယ်အထိ လေးနက်ခြင်းများမှာ ပျော်မွေ့သူမဟုတ်ဟုထင်ခဲ့၏။ မောင်မောင် ဘာတွေကိုစုဆောင်းပြီး ဘယ်လိုခံစားချက်တွေနဲ့ နှင့်သီးစွာ ရင်ဖွင့်နေတာလဲ ..။

စိတ်ထဲမှာတွေးလိုက်မိတာက ထိုလူငယ်၏ရင်ထဲမှာ အတွင်းကြေ ဒဏ်ရာတစ်ခု ရှိနေခဲ့ခြင်း ..။

''အဘွားရယ်..၊ မပြောပေမယ့် သား .. သား ခံစားမိခဲ့ပါတယ်''

''မဟုတ်တာတွေတွေးပြီး ထင်သလိုမပြောစမ်းနဲ့ မောင်မောင်၊ မင်းက အဘွားရဲ့မြေး၊ ငါ့မြေးက မောင်မောင်ညိုပဲ၊ သမိုင်း က ...''

ဒေါ်မိမိညို အသံတွေတုန်ခါရင်း တိမ်ဝင်သွား၏။ သမိုင်း ဆိုတဲ့ ကောင်လေးကို ငါလုံးဝအသိအမှတ်မပြုဘူး၊ ခုလည်း မပြုဘူး၊ နောက် လည်း .. နောက်လည်း ဘယ်တော့မှ အသိအမှတ်ပြုမှာမဟုတ်ဘူး..။

ရင်ထဲမှာ စကားသံတွေ ဆက်လက်တည်ရှိနေခဲ့ပေမယ့် ဘယ်သူမှ





ကြားနိုင်တော့ပေ။ ဒီစကားတွေကို ဟိုအရင်ကလို ခါးထောက် မာန်ဝင့် ပြောပါလား ..။

မောင်မောင်ကတော့ အဘွားဖြစ်သူ ဘာမှဆက်ပြောမလာခဲ့ခြင်း နှင့်ပတ်သက်၍ ...

''သား .. သိ .. တယ်''

မဲ့ပြုံးနှင့်ဆိုရင်း တအိအိလဲကျသွားလေသည်။

''မြေး .. မောင်မောင် ..''

ဒေါ်မိမိညို၏အော်သံအကြားမှာ မိစိန်တို့၊ ဒေါ်ရွှေးတို့ အပေါ် ထပ်ကို ပြေးလွှားတက်သွားကြ၏။ လက်ထဲမှာ ခရေပန်းကုံးရှည်ကြီး တို့ ငှက်ပျောဖက်နှင့် ဖွဖွထုပ်၍ကိုင်ဝင်လာသော ဒေါ်လုံမေသည် ..

''သား .. ငါ့တူလေး ..''

မောင်မောင် ဒဏ်ရာတွေနှင့် ဒယိမ်းဒယိုင်ပြန်ရောက်လာတာကို မြင်လိုက်သည်နှင့် သူမ တွေးလိုက်မိတာက ငါ့တူလေးနဲ့များ ပတ်သက် နေသည်လား .. ဟု။

ထို့ကြောင့် ဘုရားတင်ဖို့ စိတ်ရှည်လက်ရှည်သီကုံးထားခဲ့သည့် ခရေပန်းတွေကို ငှက်ပျောဖက်လေးပြေးခူး၍ ထည့်ယူလာခဲ့၏။ ဘုရား ပန်းလာပို့ရင်း မောင်မောင့်အဖြစ်ကို 'ဘယ်ကစတာလဲ' ဆိုတာ သိချင်လို့..။

အကြောင်းပြကောင်းနဲ့ လာခဲ့ပေမယ့် မြေးအဘွားနှစ်ယောက်က အပေါ်ထပ်မှာဖြစ်နေသည်။

''မမကြီးအတွက် ခရေပန်းတွေလာပို့တာ ..''

လို့မေးတော့ ဒေါ်ရွှေးက မျက်နှာမကောင်းပေ။

''မမကြီးက အပေါ်ထပ်မှာ၊ ကလေး ဘာဖြစ်လာတာလဲ မသိ ဘူး'' ဟုဖြေ၏။ ဒေါ်လုံမေ နောက်ပြန်မဆုတ်ပါ။ ပန်းတွေကို ဘယ်သူ့ လက်ထဲမှမထည့်ဘဲ ရှေ့ကိုထပ်တိုးပြီးမှ ခြေစုံရပ်၏။

သိပ်မကြာလိုက်မီမှာ ဒေါ်မိမိညို၏ အလန့်တကြားအော်သံကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာတာဖြစ်သည်။ ဒေါ်ရွှေးတို့အပေါ်ထပ်ကို ပြေးတက်သွား ချိန်မှာ ဒေါ်လုံမကတော့ ပန်းတွေကိုကိုင်လျက် နောက်ပြန်ပြေးခဲ့လေသည်။

"မောင်မောင် ဘာဖြစ်သွားလို့လဲ၊ ငါ့သားလေးနဲ့ သက်ဆိုင်နေ သလား"

ခေါင်းထဲမှာ ပူပင်သောကတွေကြောင့် မီးတွေတောက်လောင် နေသလိုပင်။ ကွယ်ရာမှာဆို ကောက်ကျစ်စဉ်းလဲသည့်အပြုံးနှင့် အဘွားဖြစ်သူရှေ့မှာကျတော့ အရမ်းကို ဖြူစင်သူလေ ..။ မောင်မောင် မျက်နှာပေါ်က လှည့်စားသည့်အပြုံးတွေကိုမြင်ယောင်ကာ ဒီကိစ္စ ကိုယ့် ကလေးနှင့် မုချပတ်သက်တော့မှာကို သိလိုက်၏။ ဒါဆိုရင် .. ငါ... အို .. အိမ်မှာလဲ ငါ့သားလေးမှမရှိတာ ...။

ရင်ထဲမှာ နောက်ထပ် ဒိန်းခနဲ ပစ်ဆောင့်၏။ မောင်မောင် ဒဏ်ရာ တွေနှင့်ပြန်လာခြင်း၊ သမိုင်း အိမ်မှာ ရှိမနေခြင်းနှင့်ပတ်သက်၍ ..

မဟုတ်ဘူး .. ဒါကို ငါ သေချာသိရမှဖြစ်မှာ ..။

ဒေါ်လုံမ ကသုတ်ကယက်ပြန်လာခဲ့သည့်ခြေလှမ်းတွေ ရပ်တန့် ကုန်၏။

သတိလက်လွတ်ဖိဆုပ်ထားခဲ့မိသော ခရေပန်းထုပ်ကလည်း လက်ဖဝါးနှစ်ဖက်ထဲမှာ အလံမရှဲ့ဘဲ အိခဲ၍လှုပနေဆဲ။

ဒေါ်လုံမ အိမ်ကြီးဆီကို နောက်ထပ်တစ်ခေါက် ပြန်ရောက်သွား တော့ မိစိန် ပျာယီးပျာယာ ပြေးထွက်လာတာနှင့်ဆုံကာ ...

"မိစိန် .. မိစိန်ရယ် ..၊ ငါ့ကိုပြောစမ်းပါ၊ မောင်မောင် ဘာဖြစ် လာတာလဲ၊ ငါ့တူလေးနဲ့များ ပတ်သက်နေသလားဟင် .."

အပေါ်ထပ်ကဖုန်းတွေ တစ်လုံးမှခေါ်မရလို့ အောက်ကိုပြေးဆင်း လာခဲ့သော မိစိန်ကလည်း နံပါတ်တွေကို ကတုန်ကယင်နှိပ်၍ ခေါင်း ညိတ်ကာ ...

"ဟုတ်တယ်၊ ကျွန်မ ကြားလိုက်တယ်၊ ကိုကိုလေး ထိုးလွှတ် လိုက်တာတဲ့၊ မမကြီး .. မမကြီးလဲ မူးလို့မိန်းနေရတယ်"

"ဘုရား .. ဘုရား ..."

ဒီလောက် သွေးထွက်သံယို ယိုင်လဲလုထိထိဖြစ်အောင် ...။

ဒေါ်လုံမ မျက်လုံးတွေ ပြာခနဲ ဖြစ်သွား၏။ ဒီလိုထိမဟုတ်ဘဲ တောင် နေရာတကာ မောင်မောင့်ကို အရှုံးပေးနေမှကြိုက်သည့် ဒေါ်မိမိညို ..။

"ငါ့သားလေး .. ဒုက္ခရောက်ပြီ"

လက်ထဲကပန်းထုပ် ဖုတ်ခနဲ ပြုတ်ကျသွားသည်။ မျက်ဝန်းအိမ် က မျက်ရည်တွေက သူ့အလိုလိုပြည့်တက်လာခဲ့သည်။ ဒီမျက်ရည်သည် ဝမ်းနည်းပူဆွေး၍မဟုတ်၊ ကြောက်လန့်တုန်ယင်တာလည်းမဟုတ်ဘဲ စိတ်မှိုစိမ့်နာကျင်ခံစားလာရတာမျိုးဖြစ်သည်။

ကိုယ့်အတွက်က ဒီခြံ ဒီဝင်းထဲမှာမနေရလည်း အထူးတလည် ဝမ်းနည်းပူဆွေးရဖို့မရှိပါ။ နေစရာအိမ်ရှိသည်၊ တစ်ဝမ်းတစ်ခါးအတွက် ရုပ်ရှားရုန်းကန်ဖို့ သူမ မှာ ပညာတတ်သည်။ သမိုင်း ကတော့ ဒီလို မဟုတ်ပေ။

'အဘွားက အသိအမှတ်မပြုလဲ ကျွန်တော် ကိုယ့်အဘွားနားမှာပဲ နေချင်တယ်' ဟု ပြောခဲ့ဖူးသည့်စကားတစ်ခွန်းက ဒီနေ့ထိ မပြောင်းလဲ သေး။ ခုတော့ အားလုံးပြောင်းလဲကုန်တော့မည်ထင်သည်။

သမိုင်း ဘယ်ရောက်နေသလဲ၊ မောင်မောင့်ကို သူ တကယ်ထိုး လိုက်ပစ်လိုက်ပြီးမှ ပြန်မလာရဲတော့တာလား ..။ မယုံနိုင်ပေမယ့် ဖြစ် နိုင်ခြေတွေရှိနေ၍ပါ။

ချောင်ပိတ်မိပြီဆို ခွေးတစ်ကောင်တောင်မှ သခင်ကိုပြန်ကိုက် တတ်သည်။ သမိုင်း ဟာ ဒေါ်မိမိညိုနှင့်ပတ်သက်ပြီး မောင်မောင်ညို့ အပေါ်မှာ အစွမ်းကုန် သည်းခံခဲ့သည်မှလွဲလျှင် အလွန်မာနကြီး လှသည့် အဆေးတဲ့သူ ..။







www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မျိုသိပ်သည်းခံခဲ့ရသမျှ တစ်ချက်လွတ်ပေါက်ကွဲသွားတာမျိုးဆိုလျှင် ဒါဖြစ်နိုင်၏။

ဒေါ်လုံမေ သမိုင်း ကို ဘယ်မှာပြေး ရှာရမှန်းမသိဘဲ အိမ်ကလေးထဲမှာ ထိုင်လို့မရ၊ ထရပ်နေတော့လည်း ဂနာမငြိမ်။

ဘုရားစင်ရှေ့ပြေးထိုင်၍ ဒီတစ်ခါ တမ်းတမျှော်လင့်စွာ ဆုတောင်းလိုက်မိတာက …

မောင်မောင် ညာပြောတာဖြစ်ပါစေ …။





## အခန်း (၃၂)

"ကျွန်တော်ထင်ပါတယ်"

"သား .. လူလေး .. လူလေး .. ခဏနေဦး"

အကြောင်းစုံကို သေချာတောင်မပြောလိုက်ရပါ။ သမိုင်း မျက်နှာမှိုင်းတိမ်လိပ်တွေလို ညှို့မှိုင်းသွားခဲ့ပြီး လွယ်ထားသည့်အိတ်ကို ဖြုတ်၍ စားပွဲပေါ်တင်သည်။ ပြီးတော့ 'ညိုသစ္စာ' အိမ်ကြီးဆီ ရဲရင့်သောခြေလှမ်းများနှင့် …

"သား …"

"ကြီးလုံ မလိုက်ခဲ့ပါနဲ့"

အိမ်ကြီးဘက်ကိုကူးသည့် ခရေပင်ကြီးတွေအောက်မှာ သမိုင်းက ရပ်ပစ်လိုက်ပြီး ပြေးလွှားလိုက်လာသည့် ဒေါ်လုံမေ ရှေ့ကနေ ပိတ်ထားလိုက်၏။

"အဘွားရဲ့ဆန္ဒကို ကျွန်တော် ဘယ်တော့မှ အတိုက်အခံမလုပ်ဘူး ကြီးလုံ၊ ခုကိစ္စက မောင်မောင်နဲ့ကျွန်တော် မျက်နှာချင်းဆိုင် ပြောကြရမယ့်ကိစ္စပါ၊ ဘာပြဿနာမှမဖြစ်စေရဘူး၊ ကြီးလုံ စိတ်ချလက်ချ ပြန်နေပါ"

"သားရယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးလုံ ပြန်ပါ"

သမိုင်း မျက်နှာက အံ့သြဖွယ်ကောင်းလောက်အောင် အေးစက် တည်ငြိမ်နေခဲ့သည်။ ဒေါ်မေလုံ ကျန်ရစ်ခဲ့သည်လား၊ ဆက်လက်လိုက် ပါလာသည်လား နောက်ထပ်ပြန်မကြည့်တော့ဘဲ သူ အိမ်ကြီးထဲကို ရောက်လာခဲ့သည်။

ညရှစ်နာရီကျော်ပြီမို့ ဒါက အဘွား တရားထိုင်နေကျအချိန်ဖြစ် တာကိုသိသည်။ ပြီးတော့ အလယ်ခန်းမှာ မီးစိန် မီးပူတိုက်နေမည်၊ ဒေါ်ရွှေးကတော့ အိပ်ရာဝင်ပြီဖြစ်လိမ့်မည်။

'ညိုသစ္စာ' မှာ ညကိုးနာရီမကျော်ဘဲ အတွင်းတံခါးမကြီးကို အသေမပိတ်တတ်ပေ။ ထိုအကျင့်က မကြာခဏ အိမ်ပြန်နောက်ကျ တတ်သည့် မောင်မောင်ကြောင့် အတည်ဖြစ်ခဲ့ရခြင်းပင်။

တစ်အိမ်လုံး တိတ်ဆိတ်နေခြင်းကို တစ်ချက်ဝေ့ကြည့်ပြီး သူ အပေါ်ထပ်ကို တောက်လျှောက်တက်ခဲ့သည်။ မောင်မောင်က ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် အိပ်ရာထက်မှာ ခေါင်းအုံးတွေဆင့်ခံပြီး ခပ်လျှော လျှောထိုင်နေ၏။ ပြီးတော့ လက်တစ်ဝါး လောက်စာအုပ်ထူထူလေးမှာ ဘာတွေရေးနေမှန်းမသိ။

အခန်းတံခါးဝမှာ သမိုင်း ရပ်မိတာနှင့် ချက်ချင်းမော့ကြည့်သည်။

"မင်း ဘာလာလုပ်တာလဲ"

"မလာချင်ပါဘူး၊ မင်းတပ်လိုက်တဲ့ပုဒ်မက ကြီးလွန်းလို့ အဲဒါ မေးမလို့လာတာ .."

"မမေးနဲ့၊ မင်းနဲ့ ငါစကားမပြောချင်ဘူး"

"မပြောချင်ရင်လဲ တိတိကျကျလုပ်၊ မှန်မှန်ကန်ကန်ပြောပေါ့"

"ဘာကွ .."

သမိုင်း က ရှေ့ကို တစ်လှမ်းချင်းဝင်လာသည်။ အိပ်ရာထက်မှာ နေရင်း သမိုင်း ဝင်လာပုံကို ဒေါသလည်းဖြစ်၊ အံ့သြခြင်းလည်း မကင်း





နိုင်ဘဲ ရူးရူးရဲရဲကြည့်နေသည့် မောင်မောင့်မျက်လုံးတွေက ချက်ချင်း မှိုထသတ်ပုတ်တော့မည့်အတိုင်း ..။ တစ်သက်လုံး သူ ဘာပြောပြော၊ မှားမှားမှန်မှန် ပါးစပ်ပိတ်၊ ခေါင်းငုံ့ပြီး ငြိမ်ခံခဲ့သမျှ ဒီလိုမျက်နှာ ဒီလို ကြည့်တွေကို သမိုင်းထံမှာ သူ မမြင်ဖူးခဲ့ပေ။ ထို့ကြောင့် သမိုင်း သူ့အိပ်ရာဘေးကို ရောက်လာခဲ့တဲ့အထိ စကားပြောဖို့မေ့နေခဲ့၏။

"မင်းကို ငါက ထိုးကြိတ်လွှတ်လိုက်တယ်လို့ အဘွားကို ပြော သလား"

တရားခံစစ်သလိုမေးတော့ ဒေါသက ထောင်းခနဲ ဖြစ်၏။ ကိုင် ထားသလို နာနေခဲ့သည့်ဝေဒနာကိုမေ့လျော့ကာ မောင်မောင် အိပ်ရာထက်မှာလှဲနေရာကနေ ခြေချထိုင်လိုက်၏။

"မကသေးဘူး၊ မင်းအုပ်စုနဲ့ ငါ့ကို ဝိုင်းသမတယ်လို့ ပြောလိုက် သေးတယ်၊ မင်းဘာလုပ်ချင်သလဲ"

"အဲဒီလိုမဟုတ်မဟတ် လိမ်ညာလုည့်စားပြောတာတွေက ငါခံ ရတာ ရိုးနေပါပြီ၊ မင်းရဲ့ပါးစပ်ကို မစင်ပုံတစ်ပုံလို့ သဘောထားလိုက် တော့ ဘာကောင်တွေပဲနားနား ဘာနံ့တွေပဲထွက်ထွက် ဥပေက္ခာ ထားလိုက်နိုင်တယ်"

"ဟိတ်ကောင် .. အ ..."

လူကနာနေပေမယ့် ဒေါသကြောင့် မေ့လျော့စွာ ထရပ်လိုက်မိ၏။ မောင်မောင့်မျက်နှာ ရှုံ့မဲ့သွားကာ ကုန်းကွကွဖြစ်သွား၏။ သမိုင်း က နေရာမှမရွှေဘဲ မလှုပ်မယှက် စိုက်ကြည့်နေကာ ...

"တော်တော်နာသွားလား မောင်မောင်၊ မင်း ကလေးဘဝကတည်း က ငါ့ကို အဘွားမုန်းနေတဲ့အပေါ်မှာ အခွင့်ကောင်းယူပြီး ရှေ့မှာတစ်မျိုး၊ ကွယ်ရာတစ်မျိုး၊ အမျိုးမျိုးလီဆယ်တိုင်တန်းခဲ့တာတွေ၊ ကိုယ့်ကိုယ်ကို မကောင်းဘဲရေကူးကန်ထဲခုန်ချပြီး ငါတွန်းချတယ်လို့ပြောတယ်၊ ကိုယ့် လက်ဝါးကိုယ် ဓားနဲ့ခြစ်ပြီး ငါက ခုတ်ချွန်တဲ့ဓားနဲ့ ထိုးပါတယ်လို့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဟွန်း‥ ငါ့ကိုမကျွေးရင်မစားပါဘူးလို့ ခြေကန်ငိုပြီး သွားကျေ
လိုက်ပါဆိုတော့ ခုန့်တွေယူလာပြီး မုင်း ‥ ငါ့ရှေ့မှာဘာလုပ်သလဲ''

မောင်မောင်က အလွန်အမင်းစိတ်ပျက်ရှုံ့ရှာသည့်မျက်နှာပေးနှ
သမိုင်း ကို စိုက်ကြည့်နေ၏။ ဒီထိ ဘယ်လိုသံတွေ့တွေနဲ့ရောက်လာပြ
ပုတ်သင်ဥပါပေါ်အောင် တူးဖော်နေတာ ဘာကြောင့်လဲ ‥။

''မင်းမမှတ်မိတာတော့ မဖြစ်နိုင်ပါဘူး၊ ဒီလိုကောင်စားကို ဘာ
လို့ ပြန်ဖြေရမှာလဲဆိုတဲ့ မာနတွေနဲ့ ပါးစပ်ပိတ်နေတာ ‥''

မောင်မောင်က စူးစိုက်ကြည့်နေဆဲ ‥။ ခပ်ကုန်းကုန်းရပ်နေသေ
လည်း ဆုပ်ကျစ်ထားသည့်လက်သီးက သူ့မျက်နှာဆီ အချိန်မရွေးကျလာ
နိုင်တာကို သမိုင်း ကသိသည်။

ဒါပေမယ့် ဒီနေ့အဖြစ်ကို သူ ဘယ်လိုမှရှင်းဖို့မလွယ်မှန်း သိထားသည
အဖြစ်က အမြဲတမ်း ငြိမ်သက်သည်းခံလာခဲ့ခြင်းကိုပုတ်ခေါက်နေခဲ့၏။ သူ
ဒီနေ့ မောင်မောင့်ရင်ထဲက ငြိုးမယ်ဖွဲ့ခြင်းတွေကို နားလည်ရမှဖြစ်မည်

''ပြောလေ ‥။ မင်းဆက်ပြောပါ၊ ငါကလဲ မင်းလိုကောင်က
ခွေးတစ်ကောင်ဟောင်နေတာလောက်တောင် ဂရုမစိုက်ဘူး၊ တော်ကြ
အဘွားထွက်လာတာနဲ့ မင်းကို ဆွဲထုတ်သွားမှာပဲ''

''မှန်ပါတယ်၊ မင်းတစ်သက်လုံး အဘွားကို အားကိုးလာခဲ့တဲ့ကော
ပဲ၊ ငါကလဲ အဘွားရဲ့ချစ်ခြင်းကိုရနေခဲ့တဲ့ကောင်အဖြစ် မင်းကို အထ
ကြီးခဲ့တာ၊ အမြဲတမ်း အမုန်းဘက်ကနေရတဲ့ဘဝနဲ့ မင်းကို ဘာမှမတုံ့ပြ
ဘဲ လည်စင်းခံခဲ့တာ၊ မုန့်တွေ မင်း ငါ့ရှေ့မှာပစ်ချပြီး ဖနောင့်နဲ့ပေါက်
တာကို အဘွားဘာမှမသိခဲ့ပေမယ့် ဒေါ်ရွှေ မြင်တယ်၊ ဒီနေ့ထိ ဒီအိ
မှာ အဘွားကလွဲရင် မင်းလိုပဲ ငါ့ကို အရေးပေးဆက်ဆံခဲ့ကြတာ ဘာဖြ
လို့လဲသိချင်လား၊ မင်းရဲ့ယုတ်မာကောက် ကျစ်မှုတချို့ကို ဒေါ်ရွှေက
မြင်တွေ့နေခဲ့လို့ …''

မောင်မောင့်မျက်ခုံးနှစ်ဖက် မသိမသာ တွန့်သွား၏။





''ငါ့ဘဝတစ်ခုလုံးနဲ့ ရင်းထားရပေမယ့် အဲဒီအမှန်တရားလက်တစ်ဆုပ်စာလောက်နဲ့ပဲ ငါသည်းခံနေနိုင်ခဲ့တာ၊ မင်းကတော့ တစ်နှာရီတစ်စက္ကန့်မှမလျော့တဲ့ ကောက်ကျစ်မှုတွေနဲ့ ငါ့ကို ဒီနေ့ထိ ဒုက္ခပေးနေတုန်း၊ ငါ အခု မင်းဆီကိုလာတာ အဘွားရှေ့မှာ ရှင်းပြဒူးထောက်ဖို့မဟုတ်ဘူး''

''ရမှမရနိုင်တာ၊ အပိုတွေ ထည့်ပြောမနေစမ်းပါနဲ့''

''ထားလိုက်ပါ၊ ငါသိချင်တာ တစ်ခုပဲရှိတယ်၊ မင်းရဲ့ဘဝတစ်လျှောက်လုံး ငါ့ကိုဒုက္ခပေးရေးအစီအစဉ်တွေနဲ့ ချီတက်လာခဲ့တာဘာဖြစ်လို့လဲ၊ မင်းနဲ့ငါ အခု နှစ်ယောက်တည်းရှိတာပဲ၊ အမှန်အတိုင်းပြောလိုက်စမ်းပါ''

''အဟွန်း …''

မောင်မောင်က တစ်သက်လုံးမှာ တစ်ခါမှ မမြင်ဖူးခဲ့သော အေးစက်ခက်ထန်သည့်မျက်နှာနှင့် မဲ့သည်။ ပြီးတော့ ခေါင်းကပတ်တီးကိုလက်ချောင်းတွေနှင့် အမိပွာယ်မဲ့ တို့ထိစမ်းကြည့်ပြီး …

''မင်းက ကေသရာဇာလို ခြေလှမ်းတွေနဲ့ဝင်လာပြီး သားကောင်မလိုက်ရဲဘဲနဲ့ မစင်နံ့လျှောက်ခံနေတာပါလား၊ မင်းကို ဒုက္ခရောက်အောင်လုပ်နေမှန်းသိရက်နဲ့ ဘာဖြစ်လို့ လာမေးနေတာလဲ၊ ဘာလဲ၊ ချစ်လို့ကျီစယ်နေတယ်ထင်လို့လား''

''မုန်းနေတာကို မင်းရှင်းပြဖို့လိုတယ်၊ နှစ်ရှည်လများ မင်းမုန်းတီးအငြိုးကြီးခဲ့တာ ဒီနေ့ ငါသိရမှဖြစ်မယ်''

''ဘာထူးမှာလဲ ‥ ပြောပါဦး''

''အဲဒါ ငါ့ကိစ္စပါ၊ တစ်ခုရှိတာက 'အဘွားရေ' လို့ မင်းပြေးတိုင်သလို ငါဘယ်တော့မှမလုပ်ဘူး''

''ဟားဟား‥ ကျလဲကျပ့်ကွာ၊ ဘယ်မှာမှ လူရာမဝင်ခဲ့တာကိုများလူတတ်ကြီးလုပ်ပြောနေသေးတယ်၊ ဒီမှာ နေသမိုင်း… မင်း သိပ်သိချင်



www.burmeseclassic.com

www.burmeseclassic.com



ရင်ပြောပြမယ်၊ မင်းကို ငါမုန်းခဲ့တာ မေမေ မဆုံးခင်ကတည်းက…"

မောင်မောင် စကားရပ်ပြီး စာကြည့်စားပွဲဆီလျှောက်သွားတော့ သမိုင်း မျက်လုံးတွေက မမိုတ်မသုန် ပူးတွဲပါသွားခဲ့သည်။ စားပွဲပေါ်မှာ လက်တစ်ဖက်တင်လိုက်ကာ မောင်မောင့်မျက်နှာ ခပ်စောင်းစောင်း လှည့်လာ၍ …

"မင်းလို အမျိုးတစ်ခြမ်းယုတ်နေတဲ့ ပေါက်လွှတ်ပဲစားကောင်ကို မေမေက ငါ့ထက်ပိုပြီး ဦးစားပေးလွန်းလို့ …"

မောင်မောင့်လေသံက ရောဂါသည်နှင့်မတူဘဲ သူ့လက်နဲ့ သတ်ပစ်ခါနီးလူကို မသေခင် အမှန်အတိုင်းပြောမယ်၊ နားထောင်သွားလို့ ပြောနေသလို အထက်စီးလေသံမျိုး …။

အခန်းအပြင်ဘက်မှာ စိပ်ပုတီးကိုင်လျက် ရပ်တန့်နေခဲ့သော ဒေါ်မြိ ညိုကတော့ ခြေထောက်တို့သည် ရှေ့နောက် တစ်ခုခုသော အရပ်မျက်နှာကိုသွားဖို့လည်းမလှုပ်၊ အသံပေးဖို့လည်းသတိမရဘဲ ကြားနေရသမျှမှာ မှင်တက်မိနေလေသည်။

"ငါ့မှာ ဖေဖေ့ဘက်က အဘိုးအဘွားတွေ ရှာထားခဲ့တဲ့အမွေတွေနဲ့ အခု ဖေဖေ ချမ်းသာနေတာတွေ၊ ဒါတွေနဲ့ ငါ ဘာမှ လိုလေသေးမရှိ သုံးဖြုန်းသွားလို့ရတယ်၊ ရွှေတိုရွှေစလောက်ပဲရှိတဲ့ ရေနံချေးဝနေတဲ့ ဒီလိုအိမ်ကြီးထဲမှာ နှစ်ရှည်လများ နေဖို့မလိုဘူး၊ မေမေ့ဆီက ဖေဖေ ထွက်သွားကတည်းက လိုက်သွားချင်ခဲ့တဲ့ ငါ့ရင်ဘတ်ထဲမှာ အဘွားက မင်းကိုမုန်းနေတဲ့အချက်တစ်ခုတည်းနဲ့ ဖေဖေ့ကို လက်တွဲဖြုတ်ချန်ရစ်ခဲ့တာ၊ အဲဒါ မင်းကို ဒုက္ခပေးဖို့ပဲ၊ အဖေ အမေရှိပါလျက်နဲ့ ငါ့မှာ မင်းကြောင့် မိခင်မေတ္တာတော်မွှတ်သလို ခံစားခဲ့ရတယ်၊ ဖေဖေ ကိုယ်တိုင် အထီးကျန်ဆန့်လွန်းလို့ ဒီကထွက်သွားတဲ့အထိဖြစ်တာ မင်းကြောင့်၊ မင်းကို မိဘမဲ့ မျက်နှာငယ်လေးဆိုပြီး မေမေက လင်ပစ်၊ သားပစ် ဂရုစိုက်တယ်၊ အဘွားက ခွဲခြားနှိမ့်ချတယ်ဆိုပြီး အနိုင်ပေး





တယ်၊ မေမေရှိစဉ်မှာ မင်းနဲ့ယှဉ်လိုက်တိုင်း ငါ အမြဲအရှုံးပေးခဲ့ရတာတွေရော မှတ်မိသေးရဲ့လား"

မောင်မောင်က သမိုင်း ဘက်ကိုလှည့်ရပ်လိုက်ပြီး စားပွဲစွန်းမှာ တင်ပါးနဲ့ မှေးထိုင်၏။

"သားကို ဖေဖေ စောင့်နေမယ်၊ မင်းအမေနဲ့ မနေနဲ့လို့ ကပ်မှာသွားခဲ့တဲ့ ဖေဖေ့အသံကိုကြားမိတိုင်း၊ ဖေဖေနဲ့ ခွဲနေရတာကို သတိရတိုင်း မင်းကိုမုန်းတယ်၊ ဥပဒေဆိုတာသာမရှိခဲ့ရင် မင်းကို ငါ သတ်ပစ်မိမှာ.."

သမိုင်း ဘာစကားမှ မပြောနိုင်တော့ပေ။ မောင်မောင့်အမေမေလေး (ခေါ်) ဒေါ်မြခွာညို၏ နူးညံ့ရည်မွန်သောမျက်နှာလေး ကွက်ခနဲပေါ်လာကာ သူ့ဘက်က နောက်ထပ်လည်စင်းပေးလိုက်ဖို့ ဆုံးဖြတ်ချက်တွေ တန်းစီဝင်လာ၏။

"အဘွားကို ငါချစ်ပေမယ့် မင်းကိုမုန်းတာက ပိုတယ်၊ တကယ်လို့သာ အဘွားက မင်းကို ချစ်ခင်ကြင်နာစိတ်တွေဖြစ်ခဲ့မယ်ဆိုရင် မင်းနဲ့ပတ်သက်ပြီး ငါ့ဘက်ကငဲ့ညှာစရာ ဘာမှရှိခဲ့မှာမဟုတ်ဘူး၊ သွားပြောလိုက်လေ၊ ဟိုးအစကနေ ခု ငါ့ခေါင်းမှာ ဒဏ်ရာရလာခဲ့တဲ့ အကြောင်းရင်းအထိ၊ ဘယ်သူမုန်းမုန်း ငါဂရုမစိုက်ဘူး"

သမိုင်း ခေါင်းတစ်ချက်ခါလိုက်ပြီး တံခါးဘက်ကိုပြန်လှည့်၏။

"မသွားနဲ့ဦး ဟေ့ကောင်၊ ငါပြောလို့မပြီးသေးဘူး"

သမိုင်း လှည့်မကြည့်ဘဲ ဒီတိုင်းရပ်တန့်သွား၏။

"မင်းကို တက္ကသိုလ်မှာ မိန်းကလေးတွေ ပါးလိုက်ရိုက်အောင်၊ တစ်ကျောင်းလုံးကကောင်တွေ ခဲနဲ့ကောက်ထုချင်အောင် လိုင်းတွေပူးပေးလိုက်တာ ငါပဲ၊ အဲဒါတွေရော သိရဲ့လား၊ မသိသေးရင်မှတ်သွား၊ အဲဒီအကျိုးဆက်နဲ့ပတ်သက်ပြီး မင်း အပေါက်ကျဉ်းကျဉ်းနဲ့ သေရလိမ့်မယ်"

"သေပါစေ၊ ငါကျေနပ်နိုင်တယ်၊ မင်းလုပ်ခဲ့သမျှတွေကိုလဲ ငါမေ့လိုက်မယ်၊ အဲဒါ မေလေးကြောင့် …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ .."

မောင်မောင့်မျက်လုံးတွေ မီးဝင်းဝင်းတောက်သွား၏။

"အဘွားက ငါ့ကိုမချစ်ပေမယ့် မေလေးအချစ်တွေကို ငါရခဲ့တယ်၊ မင်းမရတာကို ငါရခဲ့တယ်ဆိုတော့ ကျေပါတယ်"

"အံမာကွာ.. ကဲ.. မကျေနပ်ထားလိုက်၊ မင်းဘာလုပ်မလဲ ပြော..."

မောင်မောင်က ခါးသိပ်မဆန့်နိုင်ဘဲ ဒေါသတွေနှင့် သူ့ရှေ့ကို ရောက်လာသည်။

"ပြောစမ်း .. ဟေ့ကောင် .."

သမိုင်း ပခုံးတစ်ဖက်ကို ခပ်ဆတ်ဆတ်တွန်းပစ်လိုက်၏။ သမိုင်းက မတုံ့ပြန်ဘဲ စိုက်ကြည့်ကာ ...

"မင်း တစ်သက်လုံးနိုင်ခဲ့တယ်၊ နောက်လဲ နိုင်နေဦးမှာပဲ၊ ဘာလိုသေးလို့လဲ"

"လိုတယ်၊ မင်း အခု ငါ့ရှေ့ရောက်အောင်လာပြီး မေးခွန်းတွေထုတ်ရဲတာကို လုံးဝမကျေနပ်ဘူး၊ အဲဒီအပြစ်အတွက် မင်း ဒီခြံထဲကနေ အမြန်ဆုံးထွက်သွားရမယ်"

သမိုင်း မျက်နှာ တင်းခနဲဖြစ်သွား၏။

"ငါ အဲဒါကို အလိုရှိတယ်၊ မင်း သတ္တိရှိလား"

"အဘွားကိုယ်တိုင် နှင်လွှတ်တယ်ဆိုရင် ခုဖြစ်ဖြစ် .. တော်ကြာဖြစ်ဖြစ် ငါသွားမယ်"

"ပြေးပေါက်များတဲ့လူဆိုးတွေ ဓားစာခံ ရှာတာမျိုးပဲကွ၊ မင်း အလကားကောင် ..."

"ညီညွတ်စွာ မှာ ဘာပိုင်ဆိုင်မှုမရှိတော့ဘဲ မင်း ငါ့ကို ဘာဖြစ်လို့ သွားစေချင်နေတာလဲ"

"ဟား ဟား ဟား ...."

မရယ်ချင်ဘဲ ခေါင်းမော့ရယ်တော့ အသံက ခြောက်ကပ်ကပ်





ကြီးဖြစ်နေ၏။

"အဲဒါပေါ့၊ မင်းက တစ်ပဲနှစ်ပြားကောင်ဆိုတော့ တစ်ပဲနှစ်ပြားစကားပဲပြောတတ်မယ်၊ ဒီမှာ သမိုင်း... မင်းက မသိချင်ယောင်ဆောင်ပေမယ့် ငါ့ရဲ့ပိုင်ဆိုင်မှုတွေကို နောက်ထပ် ငါရှုတ်မပြချင်ဘူး၊ မင်းစိတ်ကိုပဲ မင်းပြန်မေး၊ ဒီခြံအခွံကြီးကို ဖြစ်သလိုထုတ်လိုက်ရင်ပဲ တစ်သောင်းဝန်းကျင်က ပြေးမလွတ်နိုင်ဘူးဆိုတော့ မင်း ဒါကို မျှော်လင့်နေတာလား"

သမိုင်း မျက်နှာမှာ လှုပ်ရှားမှုတွေ တဒင်္ဂရပ်ဆိုင်းသွားသလိုဖြစ်သွား၏။

"မင်းမသိရင် လိုရင်းကိုပဲ ငါပြောမယ်၊ မင်းကြောင့် ဆုံးရှုံးခဲ့ရတဲ့ မေမေ့မေတ္တာ၊ ခွဲခွာနေခဲ့ရတဲ့ ဖေဖေ့ရင်ခွင်၊ အဲဒါတွေကို အညီအမျှ မင်း ပြန်ပေးရမယ်"

"မင်းမှာ ဆုံးရှုံးဖို့၊ ခွဲခွာဖို့တွေ ရှိခဲ့ဖူးသေးတယ်၊ ငါ့မှာ မွေးလာပြီးကတည်းက ဘာမှမရှိခဲ့ဘူး မောင်မောင်၊ မင်းရူးနေတာလား၊ ကန်းနေတာလား"

"မကန်းဘူး၊ မင်းလို ဘာမှမရှိခဲ့တဲ့ကောင်ကြောင့် ရှိလျက်နဲ့ ဆုံးရှုံးလိုက်ရတဲ့ ငါ့အဖြစ်ကို ဘယ်တော့မှမမေ့နိုင်ဘူး၊ အဲဒါကြောင့် မင်းကို တစ်လျှောက်လုံး ငါဒုက္ခပေးခဲ့တာ၊ ငယ်ငယ်တုန်းက အဘွား ဒေါသဖြစ်အောင် ငါစွမ်းဆောင်နိုင်တယ်၊ မင်းကိုယ်ကအရေပြားတွေ စုတ်ပြတ်သွားအောင်ရိုက်ဖို့လဲ အဘွားကို ငါပြောနိုင်ခဲ့တယ်၊ အရွယ်ရောက်လာကြတော့ မင်းမှာလဲ ပညာတွေတတ်လာတာပဲ၊ ခုတ်ရာ တခြား ရှရာတခြားဖြစ်ခဲ့သမျှ ငါစတေးခဲ့ရတာတွေနဲ့ မတန်တော့ဘူး"

"ကျွတ် ..."

သမိုင်း စုတ်သပ်ရင်း ဖျတ်ခနဲ လှည့်သွား၏။ စိတ်ပျက်စွာ ဖိပိတ်ပစ်လိုက်သည့်မျက်ဝန်းမှာ တိုစိပ်သောမျက်တောင်တွေ မညီမညာကော့တက်သွားတာကို မလိုလားဘဲ တစ်စတစ်ဆုံး လိုက်ကြည့်ဖြစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်က အံကြိတ်၏။

ဒီနေ့ သင်းက သတ္တိတွေ ကျည်အပြည့်ထည့်၍ ရဲရဲဝံ့ဝံ့ရောက်လာခဲ့တဲ့အတိုင်း သူ့ဘက်က လူမသိ သူမသိ ကျရှုံးခဲ့ရသော၊ မကျေနပ်ခဲ့သမျှ အကြိတ်အခဲတွေကိုလည်း ဆက်လက်မျိုသိပ်ထားဖို့ ရင်ဘတ်က လက်မခံတော့ပေ။

ထို့ကြောင့် ပြောချင်တဲ့အတိုင်းပြောမည်၊ ပွင့်ပွင့်လင်းလင်းကြေညာမည်။ ကိုယ့်ဘက်က လုပ်ခွင့်ရှိလို့လုပ်တယ်၊ ဘာဖြစ်သွားနိုင်သလဲ..။ ဤကဲ့သို့ မေးပြီးစိန်ခေါ်လိုက်ရတာကိုပဲ ကျေနပ်ခြင်းတစ်ခုလို ..။

"ငါ့ရဲ့အပြင်းပြဆုံးဆန္ဒက မင်း 'ညိုသစ္စာ' ကနေ လွင့်သွားဖို့ပဲ"

"'ညိုသစ္စာ' ဆိုတဲ့ခြံစည်းရိုးတစ်ခုက အရေးမပါဘူး မောင်မောင်၊ စည်းရိုးရဲ့အထဲမှာပဲနေနေ၊ အပြင်မှာပဲနေနေ ဒေါ်မိမိညိုက အမြဲတမ်း ငါ့ရဲ့အသွား၊ အသွား ဘယ်ရောက်သွားသွား အသွားနဲ့ မလှမ်းမကမ်းမှာ ငါရှိနေမယ်၊ မင်းခြေထောက်နဲ့ မင်းဆန္ဒကတော့ မင်းအပိုင်း"

"မလိုချင်ဘူး၊ ဟိတ်ကောင်.. ကလေကချေ အောက်တန်းစား၊ မင်းထွက်သွားရမယ်၊ မင်းကို ငါ ဒီမှာမမြင်ချင်ဘူး၊ သွား ... ထွက်သွား"

သမိုင်း လှည့်ထွက်လာခဲ့သည်။ မာန်တင်းပြောလိုက်ရပေမယ့် ကျောခိုင်းလိုက်ပြီးသည့်အချိန်မှာ မျက်နှာပြင်ဟာ မီးကင်ထားသည့် သံပြားချပ်လို နီညိုရောင်ရင့်တက်လာခဲ့၏။

လူတစ်ယောက်ဟာ အမုန်းတရားတစ်ခုကို ဤမျှအထိ လက်သပ်မွေးမြူခဲ့ပြီး ကိုယ့်ကိုသတ်ပစ်ချင်လောက်အောင် မျိုသိပ်အံကြိတ်နေခဲ့မည်မထင် ..။ ခုတော့ ...။

မုန်းတဲ့အထဲမှာ ရည်ရွယ်ချက်တွေ အပြည့်နဲ့ဖြစ်နေသည်။ ကိုယ့်ရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အားလုံးကို ဖိဆုပ်ချေမွပစ်ဖို့ အကြံကြီးကြံနေခဲ့သည်။ ကိုယ့်ဘက်က တောက်လျှောက်အရှုံးပေးလာခဲ့သမျှ သူ့ဘက်မှာကျေနပ်သွားဖို့ ပန်းတိုင်ဆိုတာမရှိ။





"အမလေး ..."

"ဟာ ..."

သူလည်း အတွေးလွန်လာခဲ့သည်။ မိစိန် အခန်းထဲက ပြေးထွက်လာသဖြင့် နှစ်ယောက်သား အင့်ခနဲ တိုက်မိကာ သူမ ကိုင်လာသည့် စာအုပ်လေးလည်း ပြုတ်ကျသွား၏။

"ကန်တော့ ကိုကိုလေး .. ကန်တော့နော်၊ ဟို .. မေမေကြီး မူးလဲသွားလို့ ..."

"ဟင် ..."

သူ့မျက်လုံးတွေ အခန်းဆီကို တန်းခနဲ ရောက်သွား၏။ အသွားခုတစ်လော မူးနေတယ်ချည်းပဲကြားရ၏။ ပြီးတော့ နေမကောင်းသည့်အသံ ကြားရခဲ့သောအသွားဟာ မကြာမကြာ အခန်းအောင်းလာခဲ့သည်။

သူ အောက်ထပ်ရောက်တော့ စာအုပ်ထဲက နံပါတ်တွေရှာရင်း ဖုန်းကိုတစ်ဖက်ကကိုင်ထားသည့်မိစိန်ကို မြင်ရ၏။ သူ အနားရောက်သွားလျှင် ...

"ဟုတ်ကဲ့ရှင့်၊ သတိကောင်းကောင်းရနေပါသေးတယ်၊ အရမ်းမူးနေလို့၊ ချွေးတွေလဲ တအားထွက်နေတာပဲ၊ ဟုတ်ကဲ့ .. အမြန်ဆုံးလာပေးပါရှင်"

"ဆယ်နာရီထိုးနေပြီ၊ ဒေါက်တာ အချိန်မီရောက်ပါ့မလား၊ ငါ သွားပင့်လိုက်မယ်"

"မသွားနဲ့ ကိုကိုလေး၊ ခုပဲလာမယ်လို့ပြောတယ်"

"သား ..."

သူ တစ်ခုခုထွေပ်ပြောမလို့ပြင်လိုက်စဉ် ဒေါ်လုံမေကို အိမ်တံခါးဝမှာတွေ့လိုက်ရ၏။ မိစိန်ကတော့ ဖုန်းချခဲ့ပြီး စာအုပ်နှင့်အိမ်ပေါ် ထပ်ကို ပြန်ပြေးသွားသည်။

"လူလေး .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လုံမေသည် သမိုင်း လက်ကို အထိတ်တလန့်ပြေးဆွဲ၍ ..

"မမကြီး .. ဘာဖြစ်သွားတာလဲ၊ မင်း .. မင်း ဘာတွေပြော.."

"မဟုတ်တာ၊ ကြီးလုံ ..၊ ကျွန်တော် အဘွားနဲ့တွေ့ဖို့လာတာမှ မဟုတ်တာ၊ အဘွားကို ဖြူသည် မည်းသည် ပြောဖို့လဲ ကျွန်တော် ဘယ်တော့မှမကြိုးစားဘူး၊ ဘာဖြစ်လို့ ကြီးလုံ အဲလိုထင်လိုက်တာလဲ"

"ဒါဆို ..."

ဒေါ်လုံမေ မျက်ဝန်းတွေ အထိတ်တလန့် ပြူးကျယ်လျက် နှုတ်ခမ်းတွေမှာ တလှုပ်လှုပ်နှင့် ဆွံ့အသွားၐ၏။

"မောင်မောင်ရော ..."

သမိုင်း က ဒေါ်လုံမေ ဖြစ်နေပုံကို နားမလည်နိုင်စွာကြည့်နေလျက် ...

"ကြီးလုံ.. ကျွန်တော့်ကို တစ်ခုခုရမ်းကားခဲ့ပြီလို့ ထင်နေတာလား"

"ကြီးလုံက ..."

"ကျွန်တော် အဲဒီလိုမိုက်ရိုင်းတတ်ရင် နေသမိုင်း ဆိုတဲ့ဘဝ ပြောင်းသွားတာကြာပြီ၊ ကျွန်တော် စိတ်ဝင်စားတာက မောင်မောင်နဲ့ ကျွန်တော် အမြဲတမ်းငြိနေကြတဲ့ပြဿနာတွေ၊ အဘွားရင်ထဲက စေတနာ မေတ္တာတွေအကြောင်းမဟုတ်ဘူး၊ အဘွား ခုဖြစ်သွားတာ မောင်မောင်နဲ့ကျွန်တော့်ရဲ့ ရှုပ်ထွေးမှုတွေနဲ့ သက်ဆိုင်နေသလား"

ဒေါ်လုံမေ မဖြေနိုင် ..။

သူမ သိနေသမျှ သမိုင်း မသိခဲ့သော အကြောင်းအခြင်းအရာ များစွာနှင့်ပတ်သက်၍ ...။





## အခန်း (၃၃)

အလင်းရောင်ကိုဖြတ်သန်းလိုက်သည့် အရိပ်တစ်ချက် ဖြစ်သွားသဖြင့် မှိတ်ထားသည့်မျက်လုံးတို့ကို ဖွင့်ကြည့်လိုက်မိသည်။ မောင်မောင်က အနက်ရောင်စပို့ရှပ်လက်တိုနှင့် အနီရောင်ချည်ပုဆိုးကို ဖြစ်ကတတ်ဆန်းပုံဝတ်ထား၏။

ငယ်ငယ်ကတည်းက ပုဆိုးကို ပုံပန်းကျအောင် ဝတ်တတ်ဖို့ သင်ပေးခဲ့ပါသည်။ အထူးသဖြင့် ဘွားအေရှေ့ကိုရောက်လာလျှင် ခေါင်းမှာဆံ့းဆီလူးနေရမည်။ နှစ်သက်ရာအင်္ကျီအရောင်ဒီဇိုင်းကို ဝတ်ခွင့်ရှိပေမယ့် ရှပ်အင်္ကျီဝတ်ပြီဆို လည်ပင်းလက်ဖျားအဆုံး ကြယ်သီးအစုံတပ်ရမည်။

"ပုဆိုးဆိုတာ တစ်ခါဝတ်ထားလိုက်တာနဲ့ ခါးမှာအသားကျပြီး ခါးစည်းရာထင်နေတဲ့အထိ မြဲရမယ် မြေး၊ ယောကျ်ားလေးတစ် ယောက်လုံ့အလယ်မှာ ပုဆိုးကြီးဖြန့်ဝတ်နေတာ မြင်လို့ကောင်းလား၊ အဲဒါ မိဘက ငယ်စဉ်ကတည်းက ဆုံးမရတယ်၊ ဒီလိုမဖွယ်မရာတွေပြီဆို 'မိဘက မဆုံးမဘူးထင်ပါရဲ့၊ အရှက်မရှိလိုက်တာ' လို့ အရင်ပြောတာ ဒါက ငယ်ကျင့်နဲ့ဆိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သေချာနားဝင်အောင် သင်လွန်းတော့ နားမထောင်တာလည်း မဟုတ်ဘဲ မောင်မောင်တို့ ဘောင်းဘီအတိုအရှည်တွေပဲ ခါးက မချွတ် တမ်းဝတ်လာ၏။ တတ်နိုင်သမျှ ရုပ်အင်္ကျီကိုရှောင်ကာ စပို့ရှပ်ဒီဇိုင်းတွေ မထပ်အောင်ဝတ်သည်။

''ဘုရားဖူးသွားမှာ မြေးရယ်၊ ပုဆိုးနဲ့တိုက်ပုံလေးဝတ်ပါလား'' လို့ တစ်ခါတလေပြောမိလျှင် 'ဘွားကလဲ ·· စိတ်ကျဉ်းကျပ်လို့ပါ' ဟု တရားဝင်ငြင်းခဲ့၏။ ခုတော့ ဘွားအေတစ်ယောက်ရှေ့ကိုဝင်လာပုံက ပုဆိုးကို ခါးပုံစအရှည်ကြီးထုတ်၍ ခြေသလုံးပေါ်အောင် တိုတိုတုတ် တုတ်ဝတ်ထား၏။

ကြယ်သီးနှစ်လုံးပါသည့်စပို့ရှပ်ကိုတောင် ကြယ်သီးတွေမတပ် ဘဲထားသဖြင့် ကော်လံနားမှာ အင်္ကျီကပုံမကျဘဲ ရုံ့ခွဲ့နေ၏။

''အနန်းဆီမလိမ်းချင်ဘူး ဘွားရာ၊ ဒါလဲ အတူတူပဲ' လို့ပြောပြီး အမြဲတမ်းလိမ်းခဲ့တဲ့ ဂျယ်လ်ဆိုသည့် ချွဲပျစ်ပျစ်အရည်တွေနှင့်ဆံပင်က ဒီနေ့တော့ ပုံကျပန်းကျမဟုတ်ဘဲ ထိုးထိုးထောင်ထောင် ရှုပ်ပွလျက်··။

''မြေး ·· ဘာပြောစရာရှိလို့လဲ''

ဒေါ်မိမိညိုသည် မောင်မောင့်တစ်ကိုယ်လုံးကို အသေးစိပ်ဒေး မောရင်း နာကျင်စွာပေါ်လာသည့် အတွေးတို့ကို ဖျောက်ပစ်လိုက်သည်။ မောင်မောင်ကလည်း လက်နှစ်ဖက်စုံချလျက် ခုတင်နားထိ တိုးရပ်လာ ပြီး ···

''အဘွား သိပြီးပြီမို့လား''

ဒေါ်မိမိညိုက မဖြေ။ မောင်မောင်က မျက်နှာကြက်မီးရောင် အောက်မှာ နဖူးပြန့်ပြန့်၊ နှာတံချွန်ချွန်နှင့် လေးကိုင်းသဏ္ဍာန်နှုတ်ခမ်း အစုံကိုပိုင်ဆိုင်လျက် ယခုအရွယ်အထိ မာနကောက်ကြောင်းတွေ ထင်ရှားစွာကျန်နေဆဲရှိသည့် ဘွားအေဖြစ်သူကို စူးစိုက်ကြည့်၏။

''ပြောပါ၊ သားကိုပြောချင်တဲ့စကားတွေ အဘွားမှာရှိနေမှာပါ။





မစိန်ပြောတယ်၊ သမိုင်းနဲ့ သားတို့ အထဲမှာ စကားများနေတုန်း အခန်း အပြင်မှာ အဘွား လဲကျသွားတာတဲ့၊ သမိုင်း အတွက် ရင်ထုမနာ ခံစားသွားရတာတွေ၊ မင်းကို ဒီလိုမထင်ခဲ့ဘူးဆိုတဲ့စကားတွေ၊ အဘွား ပြောပါ၊ အဘွား နေမကောင်းနေတုန်း ဒါတွေလာမပြောသင့်ပေမယ့် သားမအောင့်နိုင်တော့ဘူး၊ အဘွားရင်ထဲကို သားမြင်ချင်တယ်၊ အဲဒါ ကိုပြောပြလိုက်ပါ''

ဒေါ်မိမိညိုသည် ခေါင်းအုံးဘေးမှာ ပက်လက်ကျနေသည့် လက် ဝါးမှာ လျော့ရဲရဲတင်နေသည့်စိပ်ပုတီးကို တင်းခနဲဆုပ်လိုက်တော့ မောင်မောင့်မျက်လုံးတွေ ထိုဆီရောက်၏။ ပြီးတော့ မျက်လုံးချင်း ပြန်ဆုံ မိလျှင် ···

''အဘွားနေကောင်းလားလို့ပဲ ရိုးရိုးလေးမေးပါလား မြေးရယ်''

''အဘွားကျန်းမာရေးကို သား ပူပါတယ်၊ ဒါပေမယ့် ရင်ထဲမှာ ပြင်းပြင်းထန်ထန်ဖြစ်နေတာကို ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့လို့ ပါ၊ ဟိုတုန်းက သမိုင်း အပေါ်မှာ ရက်စက်ရင့်သီးခဲ့တဲ့ အဘွားရဲ့ အကြည့်၊ အဘွားရဲ့သတ်မှတ်ချက်တွေ ပြောင်းကုန်ပြီလား''

''မပြောင်းပါဘူးကွယ်၊ မြေးကို အဘွား သိပ်ချစ်ပါတယ်''

မောင်မောင့်မျက်နှာမှာ ကျေနပ်ခြင်းတစ်ဝက် ဖြတ်ပြေးသွားသည်။ ဒါပေမယ့် ခဏလေးပဲဖြစ်ကာ ···

''အဘွား တကယ်ပြောနေတာလား၊ သားရင်ထဲမှာ ခံစားနေရ သလောက် ···''

''မြေးရယ် ··၊ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာဆိုတာ ဘယ်လိုအနှောင့် အယှက် အဖျက်အဆီးကြောင့်မှ မပျက်စီးနိုင်တဲ့အရာပါ၊ မြေးက ဘာကိုစိုးရိမ်နေတာလဲ''

မောင်မောင် ဘာမှပြန်မဖြေဘဲ ဒေါ်မိမိညို မျက်နှာကို စူးစိုက်ကြည့် ၏။ မတ်တတ်ကနေ ခုတင်ဘေးမှာ ဖြည်းလေးစွာထိုင်ချလိုက်၍ ···



www.burmeseclassic.com

www.burmeseclassic.com



"အဘွား .. တကယ်ဆိုရင် သားက ရက်စက်ရာကျသွားပြီ"

"ပြောပါ .."

ဟု မျက်ခုံးခပ်ပင့်ပင့်နှင့် မေးလိုက်သည့်ဒေါ်မိမိညို့မျက်နှာမှာ စိုးရိမ်စိတ်နှင့်သိလိုခြင်း၊ ထိတ်လန့်ခြင်း ဘာမှမထင်။ မျက်ဝန်းတို့သည် အေးချမ်းနေတာလား၊ အေးစက်စက် တည်ငြိမ်နေသည်လား။ မောင်မောင် မျက်စိလည်လောက်အောင် လှုပ်ရှားမှုအားလုံး ကင်းမဲ့နေခဲ့၏။

"သား ဖေဖေနဲ့ လိုက်သွားတော့မယ်"

"လိုက်သွားတော့မယ် .. ဟုတ်လား၊ ဒါဆို မြေးရဲ့ဖေဖေ မြန်မာပြည်ကိုရောက်နေပြီပေါ့"

မောင်မောင် ခေါင်းညိတ်လိုက်တော့ ဒေါ်မိမိညို့ မျက်ဝန်းတွေ မောင်မောင့်မျက်နှာကနေ ဘေးကိုတိမ်းသွား၏။ စိပ်ပုတီးကိုင်ထား သည့်လက်ကို ရင်ဘတ်ပေါ်မှာ ခပ်ဖွဖွတင်လိုက်ကာ ...

"အင်း .. မြေးလိုက်ချင်မှာပေါ့၊ ဟိုက မိဘပဲ"

မောင်မောင်က ဒေါ်မိမိညို့ကို အံ့သြစိုးရိမ်သောမျက်ဝန်းများနှင့် မမှိတ်မသုန်ကြည့်နေ၏။ အဘွားဒေါ်မိမိညို၏မာနက သေးသေးကွေး ကွေးမဟုတ်ပေ။

"သမက်တွေ ဘယ်သမက်မှမကောင်းဘူး၊ ငါ့မြေးမျက်နှာလေး ကိုငဲ့နေလို့ မျိုသိပ်နေရတာ၊ သင်းရော ဘာထူးလို့လဲ၊ သူကြောင့်မဟုတ် ဘူးဆိုပေမယ့် အိမ်ထောင်ကွဲရတဲ့သောကနဲ့ သမီးငယ် ဆုံးခဲ့ရတာ လင်ကံမကောင်းခဲ့တဲ့ ငါ့သမီးလေးတွေ ..."

ဟု သူ့ကွယ်ရာမှာ တစ်ခါပြောနေသံကြားဖူးသည်။ ကလေး အရွယ်တုန်းကတော့ ထင်ရာလုပ်နေခွင့်ရဖို့အပြင် ဘာမှလေးနက် တာမရှိ

အမြဲတမ်း အနိုင်ရနေခဲ့သည့် နိုင်ငံခြင်းများစွာထဲမှာ သမိုင်း ကို နိုင်ရတာ အပျော်ဆုံး ..။ သူဘာပြောပြော ပါးစပ်ဟလိုက်တာနှင့် အဘွားက တုတ်ကိုင်ပြီးသား ..။





သမိုင်း ကိုအပြစ်ပေးတဲ့နေရာမှာ ဘယ်သူ့ကြောင့်၊ ဘယ်သူ့ဘာ ဖြစ်သလဲ အစစ်အဆေးမရှိ။ ထိုအပျော်တွေဟာ နောက်ပိုင်းကာလများမှာ ပုန်းနေဖုံထဲကို ရောက်လာခဲ့သလိုပင်။ အပျော်တစ်ဝက်၊ ဒေါသတစ်ဖက် နှင့် သူမှာပဲ လှူးလှူးလှိမ့်လှိမ့်။

ထို့ကြောင့် သူ တမ်းတလာမိတာက ဖေဖေ ..။ ရည်ရွယ်ထားတဲ့ အတိုင်းမဖြစ်သေးလို့ ဘယ်သူမှမသိအောင် လျှို့ဝှက်ဆက်သွယ်ရတာ ဖြစ်သည့်တိုင် သားအဖ ချိတ်ဆက်ထားခဲ့တာ မြဲမြဲပြီးသား ..။

"မြေးက တကယ်လိုက်သွားတော့မယ်ပေါ့၊ အင်းလေ .. ကျောင်း လည်း အချိန်လဲတန်ပြီကိုး၊ အဘွား မတားပါဘူး၊ မြေးရဲ့ဖေဖေအကြောင်း မြေးပါးစပ်ထဲမှာ မကြာမကြာပါလာကတည်းက ဒီလိုပြောလာတဲ့တစ်နေ့ မှာ ခံနိုင်ရည်ရှိအောင် အဘွား ကြိုးစားထားပါတယ်"

"အဘွားကို သားချစ်ပါတယ်"

ခေါင်းညိတ်တာမပီပြင်ပေမယ့် အဘွား နှုတ်ခမ်းမှာ ပြုံးရိပ်ထင် လာတာကိုတော့ သူ့ရင်ထဲမှာ တစ်မျိုးကြီးဖြစ်သွားမိသည်။ ဒါပေမယ့် သူ ဘာမှမပြောဖြစ်လိုက်တဲ့ အဘွားမျက်ဝန်းတွေ မှိတ်ကျသွားခဲ့လျှင် ..

"အဘွား ..."

သူ့ခေါ်သံကြောင့် ဒေါ်မိမိညို မျက်လုံးပြန်ဖွင့်၏။

"အဘွား .. သားကို စိတ်ဆိုးသွားတာလားဟင်၊ သားက သမိုင်း အပေါ်မှာ ..."

သူ စလိုက်ပြီးမှ ဒီကိစ္စတွေကို အဘွား တကယ်သိသွားခြင်း၊ မသိခြင်းက မသေချာသေးသည်မို့ တစ်ပိုင်းတစ်စနှင့် ရပ်ပစ်လိုက်၏။

"အဘွားကိုတော့ ဘယ်တုန်းကမှ အချစ်မပျက်ခဲ့ပါဘူး၊ အဲဒါ တကယ်ပါ၊ အဘွားကသာ သမိုင်း ကို သားနေရာမှာ အစားမထိုးခဲ့ရင် ..."

ဒေါ်မိမိညို၏ ခပ်ယဲ့ယဲ့အပြုံးကြောင့် မောင်မောင့်စကားသံ ရပ် သွား၏။ သူမမေးပေမယ့် ဒေါ်မိမိညို ရင်ထဲမှာ မေးခွန်းတချို့ ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ဟိုတုန်းကလို ပြောပါဦးလား ..။

"သမိုင်း လဲ ဘွားရဲ့မြေးပဲမဟုတ်ဘူးလား၊ သားနဲ့အတူတူကျောင်း သွားဖို့ ကားပေါ်ခေါ်တင်တာ ဘာဖြစ်လို့လဲ"

ဆိုတဲ့ စကားမျိုးတွေလေ ..။

"သားမှာ ဒီညီတစ်ယောက်ပဲရှိတာ၊ အဘွားက ဘာဖြစ်လို့ ခွဲခြား နေရတာလဲ"

ဆိုတာမျိုးတွေ ...။

ဒီတစ်ခါပြုံးမိလိုက်သည့် နှုတ်ခမ်းသားတို့က တော်တော်နှင့် နေရာ မကျဘဲရှိလေသည်။ ဝမ်းမြောက်ရွှန်းလို့တော့ ပျော်ပါ့မလား၊ နာကျင်နေ သည့်နှလုံးအိမ်က နေပူပူ၊ ကုန်းခြောက်ခြောက်မှာ ဖုတ်လိုက်ဖုတ်လိုက် ခုန်နေသည့် ဝှစ်ဆိတ်လေးထက် အဖြစ်ဆိုး၏။

မောင်မောင်ကတော့ မကြာမကြာ စူးစိုက်သွားတတ်ပေမယ့် ဒေါ်မိမိညိုမျက်နှာကို မှန်ကန်အောင် မဖတ်နိုင်ခဲ့ပါ။

"အဘွားဆီကို သား ပြန်လာဦးမှာပါ"

"လာခဲ့ပါ၊ အဘွားရဲ့ရင်ခွင်က မြေးအတွက် တံခါးမရှိ၊ ဓားမရှိ ပါကွယ်၊ တစ်ခုပဲ အဘွားကြေကွဲမိပါတယ်၊ အဲဒါ ဘာလဲဆိုတော့ .."

ဒေါ်မိမိညိုက စိပ်ပုတီးကိုင်သည့်လက်တစ်ဖက်ကို မောင်မောင့် လက်မောင်းမှာ ဖေးတင်လိုက်ပြီး ...

"မြေးရဲ့သည်းခံမှုကို အဘွားက အခွင့်ကောင်းယူသလိုဖြစ်ခဲ့ရ တယ်၊ တကယ်ဆိုရင် မြေးကို အဘွားရဲ့ဘေးမှာ မပြည့်မစုံဘဝနဲ့ ဆွဲခေါ်မထားသင့်ဘူး၊ မြေးရဲ့အဖေက အဘွားထက် အများကြီးချမ်းသာ တဲ့သူပါ"

"အဘွားနဲ့နေရတာ သားပျော်တယ် အဘွား၊ အဘွားမှာ ဘာမှ မရှိတော့လို့ ဟိုကိုလိုက်ချင်တာလဲမဟုတ်ဘူး၊ သား ဒီမှာနေဖြစ်တာ ကိုက သမိုင်း ကြောင့် ..."





လွှတ်ခနဲ ထွက်သွားမိပြန်သည်။ ဒီတစ်ခါ အဘွား ပြုံးလိုက်ဦး လားဆိုပြီး အလန့်တကြားကြည့်မိသေးသည်။ ငေးစိုက်နေသည့် ကဝ်နီးတွေက ပြုံးခြင်းရယ်ခြင်းမရှိမှ ...

"သား ဟိုစဉ်ကတည်းက သမိုင်း ကို သံယောဇဉ်ရှိခဲ့တာ အဘွား သိပါတယ်၊ သူ့ကြောင့် စိတ်ဒုက္ခရောက်စရာတွေဖြစ်ခဲ့ရင်တောင် အဘွား ကို နေရာတကာပြန်မပြောခဲ့ဘူး"

ဒေါ်မိမိညိုက ခေါင်းအုံးထက်မှာ တစ်ဖက်သတ်တည်းပုံကျနေ သည့်ဆံပင်တွေဘက်ကို မျက်နှာမသိမသာတိမ်းသွားရင်း ခေါင်းညိတ်၏။

"ဒါပေမယ့် ခု အဲဒါတွေကို သား မခံနိုင်တော့ဘူး"

"သမိုင်း ကို အဘွား တစ်စက်မှအရေးမပေးခဲ့တာသိရက်နဲ့ မြေးက သူ့အတွက် ဘာဖြစ်လို့ မျိုသိပ်တာတွေလုပ်ခဲ့တာလဲ၊ သူ ဒီလောက်ထိ ဆိုးနေတယ်ဆိုရင် ..."

"သူက အဘွားအပြစ်ပေးရင် ခေါင်းငုံ့နေပေမယ့် ကွယ်ရာမှာ ကဲ့မျိုး၊ အဲဒီစိတ်ဒုက္ခတွေကို စုဆောင်းခဲ့ရလို့ ဒီနေ့ ထွက်ပေါက်ရှာ တာပါ၊ သားကိုခွင့်လွှတ်ပါ အဘွားရယ် .. နော် ..."

"ခွင့်လွှတ်ပါတယ်၊ ခွင့်လဲပြုတယ်၊ မြေး စိတ်အေးချမ်းသာ သွားပါ"

မောင်မောင့်မျက်နှာ မကြည်လင်နိုင်ဘဲဖြစ်နေခဲ့၏။ အဘွား ခွင့် ပြုလိုက်တာ မြန်လွန်းသည်ဟုတွေးမိရင်း ... ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"အန်တီ ..."

"ဒေါ်လေး ..."

မိန်းကလေးနှစ်ယောက်၏ခေါ်သံကို ပြိုင်တူကြားလိုက်ရသဖြင့် ဒေါ်လုံမေက လှည့်ကြည့်၏။ နာမည်တွေကို ပြည့်စုံစွာမမှတ်မိသော်လည်း ခတ်နှင့်ဝတ်လျှာကိုမြင်လိုက်တာနှင့် မှတ်မိသည်။ ထို့ကြောင့် ပြုံးပြရင်း ခြံဝသို့လျှောက်လာခဲ့၏။

"သမီးတို့ ဘယ်ကလှည့်လာကြတာလဲ"

ခြံတံခါးခပ်နွဲ့နွဲ့ကို ဖွင့်မလို့ကိုင်လိုက်ပြီးမှ လက်ပြန်ရုပ်လိုက်ခြင်း။ အားနာစွာပြုံးမိခြင်းက တစ်ပြိုင်နက်ဖြစ်၏။

"ဟိုလေ ..."

"ရတယ် အန်တီ၊ မဖွင့်ပါနဲ့၊ သမီးတို့ ဖိတ်စာလာပေးတာ ..."

ခတ် က ဝင်ပြောပြီး ခြံထဲကို မျက်လုံးတစ်ချက်ဝေ့၏။ ပြီးမှ...

"သမီးတို့နဲ့ ကပ်လျက်ခြံကိုဝယ်လိုက်တယ်လေ၊ အဲဒါ မနက်ဖြန် အိမ်တက်မင်္ဂလာဆွမ်းကပ်မှာ၊ အဟွန်း .. သိပ်တော့မဆိုင်ဘူးထင်တယ်၊ အဲ ... ဟပ်ချိုး .."





ပြောနေရင်း နှာချေလိုက်သေးသည်။ ဒေါ်လုံမေ က သတိထားမိကာ ...

"အပေါ်ထပ်အင်္ကျီလေးလဲဝတ်လို့၊ သမီး နေမကောင်းဘူးထင်တယ်"

"ဘာမှမဟုတ်ဘူး ဒေါ်လေး၊ ခတ် က နှာစေးချောင်းဆိုးဖြစ်ရင် အဲဒီလိုပဲ တော်တော်နဲ့မပျောက်ဘူး၊ ဟိုလေ ... အိမ်တက်ကို ဒေါ်လေးရော၊ သမိုင်းရော လာခဲ့ပါနော်၊ မေမေတို့နဲ့လဲ မိတ်ဆက်ပေးချင်လို့ပါ"

"ဟင် ..."

ဒေါ်လုံမေ မျက်နှာပျက်သွား၏။ သို့သော် ပြုံးပြနိုင်အောင် ကြိုးစားပြင်ဆင်၍...

"အားနာလိုက်တာ သမီးတို့ရယ်၊ သမီးတို့သူငယ်ချင်းက အိမ်မှာမရှိဘူး"

"ရှင် ..."

"ပြီးတော့ သူ့အဘွားကလဲ သိပ်မကျန်းမာဘူးဖြစ်နေတယ်"

မောင်မောင် မရှိတော့သည့်အပြင် သမိုင်း ကိုလိုက်ခေါ်တော့လည်း မရသည့်အဖြစ်တွေကိုတော့ သေချာပြောမပြတော့ပါ။

"မနက်ဖြန်ဆိုတော့ တော်ကြာ အဒေါ်တို့မလာနိုင်ရင် စိတ်ဆိုးမှာစိုးလို့ပြောပြတာ .."

"သြော် .. အဲဒီလိုဆိုရင်လဲရပါတယ်၊ သမိုင်း က ညအိပ်ညနေ ခရီးသွားနေတာလား၊ ဘယ်ကိုသွားတာလဲဟင်"

မစပ်စုသင့်ပေမယ့် ခတ် ဘယ်လိုမှမမျိုသိပ်နိုင်။ ဒေါ်လုံမေ မျက်နှာမကောင်းရှာပါ။

"ခရီးသွားတာမဟုတ်ပါဘူးကွယ်၊ အိမ်မှာ တစ်ယောက်တစ်မျိုး အတွေးကိုယ်စီနဲ့ တခြားကိုလွင့်နေကြတာပဲ၊ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

www.burmeseclassic.com



"ရပါတယ် အန်တီ၊ မပြောပါနဲ့တော့၊ စပ်စုတယ်လို့မထင်ပါနဲ့နော်၊ သမီးတို့က သူငယ်ချင်းတွေ ဆုံချင်လို့ပါ"

ဝတ်လှ ာ က ကြားဖြတ်ဝင်ပြောရင်း ခတ် ကို ကားပေါ်မြန်မြန်ရောက်အောင် ပြန်ခေါ်လာခဲ့၏။

"ဟပ်ချိုး ..."

"ဟွန်း .. ဖြစ်ရမယ်၊ ရော .. တစ်ရှူး ..."

အလွယ်တကူ ကားထဲကတစ်ရှူးကိုပဲ ထုတ်ပေးလိုက်ကာ ..

"နင်ကလဲ .. အရမ်းသိသာတာပဲ မယ်ခတ်ရယ်"

"ဘာလဲ ..၊ မသိဘူး၊ ငါနေမကောင်းဘဲ သူ့ကိုတွေ့ချင်လို့ လာခဲ့တာ .."

"အေးပါ၊ ဖိတ်စာလာပို့တာပါလို့ပြောပြီးမှ အသည်းအသန်မေးနေတော့ သိသာသွားမှာစိုးလို့ပြောတာ၊ နောက်ပြီး ယောက်ျားလေးဘက်ကို ကိုယ့်မိဘနဲ့ပေးတွေ့စေချင်တယ်ဆိုတာ ဘယ်အဆင့်လဲမသိဘူးလား"

"ငါက ချစ်နေတာကိုး .."

"မေးမှပြောစမ်းပါ၊ အတင်းကိုပြောချင်နေတာပဲလား"

ဝတ်လှ ာ က ကားမောင်းရင်း လှည့်ကြည့်၍ငေါ့သည်။ ခတ် က ဆံပင်ရှည်တွေဖြန့်လျက်သားနှင့် နှစ်မ်းရောင်အပေါ်ထပ်ပါးလေး ထပ်ဝတ်ထားသည်။

နှပ်ညှစ်လိုက်၊ နှာချေလိုက် တစ်လျှောက်လုံးပွတ်သုတ်လာခဲ့တော့ နှာခေါင်းနှင့်တစ်ဝိုက်မှာ သွေးထွက်တော့မတတ်နီရဲတက်လာ၏။ တစ်ရှူးကုန်တော့လည်း ကိုယ့်ဘာသာလှမ်းမယူဘဲ လက်ဖမိုးလေးနဲ့ကပ်လိုက်၊ ကားမောင်းနေသူမျက်နှာရှေ့ကို လက်ဝါးဖြန့်လိုက်။

ဝတ်လှ ာ ကတော့ ကားမောင်းရင်း၊ စကားပြောရင်းနှင့် တစ်ရှူးတွေရောင်းကောင်းနေ၏။ နောက်ဆုံးမှာ စိတ်မရှည်တော့ဘဲ တစ်ရှူးတစ်ဘူးလုံး ပေါင်ပေါ်တင်ပေးလိုက်မှ ငြိမ်းချမ်းတော့သည်။





"နင်ကသာ မေမေကိုယ်တိုင်ခွင့်ပြုတာလို့ပြောနေ၊ အန်တီ့စိတ်နဲ့ဆို သမိုင်းရဲ့အဆင့်အတန်းလောက်နဲ့ ဘယ်လိုမှ ..."

"ဝတ်လှာရယ်.. ငါက လက်ထပ်မယ့်သူခေါ်ပြတာမှမဟုတ်တာ၊ အရမ်းခင်တဲ့သူပါလို့ ပြောထားတာဥစ္စာ .."

"အဲဒါပြောတာလေ၊ နင့်ကို ယောက်ျားလေးသူငယ်ချင်းထားတာတောင်မကြိုက်တဲ့ဟာ၊ သူငယ်ချင်းဖြစ်ခွင့်ပြုတယ်ဆိုတာကစပြီး အံ့သြစရာကောင်းနေတာ၊ ငါသိထားတာကတော့ ဒီလိုမျိုး ခေါ်တွေ့မယ်ဆိုတာ အကဲခတ်ချင်တာပဲ၊ နင်ပြောတဲ့အတိုင်း စဉ်းစားကြည့်ရင်လဲ သမိုင်းက မှန်ကုပ်ကုပ် ခပ်တည်တည်နဲ့ နင်က သည်းသည်းလှုပ်နေတာ အန်တီတို့ အကဲခတ်မိမှာ၊ ဘာပဲဖြစ်ဖြစ် နင့်မျက်လုံးတွေထဲမှာ သူငယ်ချင်းသံယောဇဉ် တစ်စက်မှမရှိတာ မသိဘဲမနေဘူး"

"နင့်လောက်ငါမတွေးပါဘူး၊ ဒါပေမယ့် သားအမိချင်းဆိုတော့ မေမေလဲ ငါ့လိုပဲ သမိုင်း နေထိုင်သွားလာပုံကိုသတိထားမိရင်း စဉ်းစားငုံညှာစာရင်းထဲ သွင်းထားလိုက်တာဖြစ်မှာ၊ ဖေဖေကလဲပြောတယ်၊ ကြည့်ရတဲ့ပုံဆို ဒီကောင်လေးက လူတော်လေးပါတဲ့၊ ချစ်သူတွေ ဖြစ်နေပါပြီပြောလဲ ဖေဖေရော၊ မေမေရော ပြင်းပြင်းထန်ထန် တားမြစ်မယ့်ပုံမရှိဘူး၊ ငါ့ဘက်ကတော့ ..."

"ဖိတ်စာတစ်ခြမ်း သေချာနေပြီ"

"ဟုတ်တယ် .. အဟွတ် .. အဟာမ်း ..."

"ခတ် ရယ်၊ ကိုယ့်ကျန်းမာရေးကိုလဲ ဂရုမစိုက်ပါဘူး၊ နင့်ပုံစံကြည့်ရတာ ဖာတ်ပေါင်းခန်းကျမှ ..."

"ဘာလဲ၊ ငါသေသွားမှာစိုးလို့လား၊ ကိုရီးယားဇာတ်လမ်းတွဲတွေထဲကလို..၊ အဟွန်း .. ဒီမှာကြည့် .. သွေးမပြောနဲ့၊ နှပ်တောင်မထွက်တော့ဘူး၊ ညှစ်သာညှစ်နေရတာယ်၊ ပင်ပန်းလိုက်တာ"

နှပ်ညှစ်ပြီး လက်ဖဝါးလေး ဖြန့်ပြသေးသည်။ ပြီးတော့ နှုတ်ခမ်းမှညည်း



www.burmeseclassic.com

www.burmeseclassic.com



၏။ ကိုရီးယားစာတ်လမ်းတွဲတွေထဲမှာတော့ မင်းသား မင်းသမီး တစ်ယောက်ယောက်ကို သေနိုင်းတော့မယ်ဆို နှာခေါင်းထဲက သွေးထွက်ပြလိုက်ပြီး နောက်တစ်ခန်းမှာ မျက်ကွင်းတွေညိုမည်း၊ ပြီးတော့ သေသွားလေသတည်း ..။

ကိုယ်ဘာသာပြောရင်းတွေးမိကာ ဝတ်လှာ ကြဲဖန်ပူနေတာကို ဒေါ်သမပါပေမယ့် မျက်စောင်းတော့ထိုးမိသေး၏။

"ထိုးပါ၊ ထိုးပါ၊ အဲဒီမျက်စောင်းကို တစ်နေ့မမြင်ရရင် မနေနိုင်လို့ နေ့တိုင်း ဒရိုင်ဘာလာလုပ်ပေးနေတာ ..."

"ကျေးဇူးတင်ပါတယ်ဆိုမှ ..."

"မတင်နဲ့၊ အဲဒါကိုမလိုချင်ဘူး၊ ရွှေမင်းသားနဲ့ ရွှေဂပေါဆက်ဖို့ပဲ၊ ရှင့်ကိုယ်ရှင်တောင့်ထားဦး"

"အကောင်းကြီးရှိသေးတယ်၊ အယ် .. ဟဲ့ .. အဲဒါဘယ်ကိုမောင်းနေတာလဲ"

စကားပြောနေရာကနေ စတီယာရင်ပဲ ထဆွဲတော့မလို ခတ် ဖြုံးပြုအော်သည်။

"လန့်လိုက်တာဟယ်၊ အိမ်ကိုပြန်မလို့ပေါ့၊ ဘယ်သွားဦးမှာမို့လို့လဲ"

"သမိုင်း ဆီကို ..."

"အဲဒီမှာ သူရှိမယ်လို့ ဘယ်သူပြောလဲ၊ သူ့အဒေါ်တောင်မသိတဲ့ဟာ..."

"မသိဘူးလို့ ငါတို့ကိုမပြောလိုက်ပါဘူး၊ နင်ပဲ မေးချိန်ဖြေချိန်မရအောင် ဆွဲခေါ်လာတာ၊ မောင်းသာမောင်းပါ ဝတ်လှာရယ်၊ သူအဲဒီမှာပဲရှိမှာ .."





## အခန်း (၃၅)

"တစ်နေ့ကို အခါရှစ်ဆယ်လောက်မရှိပေမယ့် အားတာနဲ့ ဒီနားမှာ ရပ်ရပ်ငေးတာ အချိန်တိုင်းလိုလိုပဲနော်"

ကိုနေမျိုး အနားရောက်လာတာတောင် သတိမထားလိုက်မိဘဲ အသံကြားမှ ကိုယ့်ကိုယ်ကိုပြင်ဆင်ဖို့ လှုပ်ရှားလိုက်တာ နောက်ကျသွား၏။

"ကိုမျိုး ..."

"နေပါ၊ မင်းနေရာမှာမင်းနေပါ၊ မစပ်စုချင်ပေမယ့် လူပြောသူပြောများလာတော့ နည်းနည်းစိတ်ဝင်စားလာတယ်ကွ"

အပေါ်ထပ်ဆောင်က ဝရန်တာသေးသေးကွေးကွေးလေး၏ထောင့်မှာ ခွေးခြေခုံပုလေးနှင့် သမိုင်း က ထိုင်နေတာဖြစ်သည်။ ကိုနေမျိုးက သမိုင်း ကိုလက်ကာပြ၍ သူမှာအသင့်ပါလာသည့် ခွေးခြေခုံလေး ချထိုင်၏။ ပြီးတော့ သမိုင်း မျက်နှာမူနေကျ ဟိုရှေ့က သုံးထပ်တိုက်ဆီသို့ကြည့်ကာ ...

"အဲဒီမှာ .. စပ်ငယ်ငယ် ကုလားမောင်နှမရှိတယ်၊ သူတို့က ဒုတိယထပ်မှာနေတာ၊ အပေါ်ထပ်နဲ့မြေညီထပ်မှာတော့ လူမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုက်ကိုဝယ်ကြတဲ့သူဌေးတွေ တော်တော်ချမ်းသာသလားမသိဘူး။ ပိုင်ရှင် နှစ်လက်သုံးလက်သာပြောင်းသွားတယ်၊ လူငှားမတင်ဘူး၊ စီးပွားရေးလဲမလုပ်ဘူး၊ ဒါပေမယ့် အဲဒီက ကုလားမိသားစုကိုလဲ ဘယ်ပိုင်ရှင်ကမှ မပြောင်းနိုင်ဘူး၊ အိမ်စောင့်လိုပဲထားသလား၊ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေနေကြတာလားမသိပါဘူး၊ ငါ မြေညီထပ်ကိုကြိုက်စျေးပေးငှားတာတောင် မငှားဘူးကွ''

ဟုတ်လိမ့်မည်။ ကိုနေမျိုးက လုပ်ငန်းခွဲတိုင်းမှာရှိတဲ့ ဝန်ထမ်းတွေအားလုံးကို ညီအစ်ကိုလို တရင်းတနှီးဆက်ဆံကာ တခမ်းတနားမနေတတ်၍သာ ..။ သူ့မှာ ကိုယ်ပိုင်လုပ်ငန်းတွေ ထူထောင်ထားတာမနည်းလှပေ။ အားလုံးက အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ကုန်မာတွေပဲဖြစ်သည်။ သူ တစ်ဖက်ကိုအတွေးရောက်သွားတုန်း ကိုလှမျိုးက လှည့်ကြည့်ကာ ...

''လူဌေးတို့ပြောတုန်းက ငါ အမှတ်တမဲ့ပဲ၊ မနေ့ညနေကတော့ အဲဒီဒုတိယထပ်ကကုလားလေး ငါ့ကိုမေးတယ်ကွ''

သမိုင်း က မျက်နှာပူသလိုပုံနှင့် စကားထောက်လည်းမလာ၊ မျက်နှာလည်း ခပ်ငုံ့ငုံ့နှင့် နှုတ်ဆိတ်နေ၏။

''ဟိုအစ်ကိုကြီးကိုပြောလိုက်ပါ၊ ဒီဘက်ကူးမလာတော့ဘူးလားတဲ့''

မီးရောင်တစ်ခြမ်းကျနေသည့်မျက်နှာမှာ အနီရောင်သမ်းသွားတာကို ကိုနေမျိုးက မသိမသာကြည့်၍ပြုံး၏။ သမိုင်း က စကားနည်းသလောက်ပြုံးခဲရယ်ခဲတဲ့သူဖြစ်သည်။ ပြီးတော့ ရိုးသား၏။ ဒါကြောင့်လည်း အားလုံးထဲမှာ သမိုင်း ကို သူ အရေးပေးခဲ့ဆုံးဖြစ်သည်။

ကိုယ့်ရဲ့ညီဝမ်းကွဲနဲ့ဆက်မိပြီး ဒီရောက်လာတာဖြစ်ပေမယ့် ညီနဲ့မခြား နွေးထွေးစွာ ဆက်ဆံခဲ့သည်။ ထို့ပြင် နောက်ဆုံးမှရောက်လာပြီး အတော်ဆုံးတပည့်လို့ သတ်မှတ်လောက်တဲ့အထိ သမိုင်း က တော်သည်။





ဒီရက်ပိုင်းမှာ ကျောင်းလည်းပြီး၊ အိမ်မှာ ဘာအဆင်မပြေဖြစ်လာမှန်းမသိဘဲ နေ့ရော ညရော အလုပ်ချည်းလုပ်နေတာမို့ သူ့ကိုပဲ အကဲခတ်မိနေခဲ့၏။

''လူဌေးတို့ပြောသလို မင်းနဲ့ အဲဒီက ပိုင်ရှင်ကောင်မလေးနဲ့ ..''

''ဟာ .. အဲဒါမဟုတ်ဘူး''

''ဖုန်းတစ်ခါဆက်သေးတယ်ဆို ..''

''မဆိုင်ဘူး ကိုမျိုး၊ အဲဒါ ...''

''မနေ့က ကိုယ်တိုင်လာမေးဆိုပဲ''

''ကျွန်တော် မသိပါဘူး''

''မင်း ဒီထောင့်မှာထိုင်ပြီး ညတိုင်းငေးနေတာက ...''

''ဒီလိုပဲ ဟိုကြည့်ဒီကြည့်ပါ''

''ဒါပြင်းဖို့တော့ မင်းသွက်သားပဲ''

နောက်ထပ် နီရဲသွားမှာဖြစ်သည့် မျက်နှာကိုတော့ မမြင်လိုက်ရပါ။ သမိုင်း မျက်နှာကြီးငုံ့သွားလျက် ...

''ကျောင်းမှာ မေးထူးခေါ်ပြောသိခဲ့ကြတာပါ''

ဟု အလိုအလျောက် ဝန်ခံချက်ပေး၏။ ကိုယ့်ကိုမကြည့်မှန်းသိတော့ ကိုနေမျိုး မျက်နှာကြီး လွတ်လပ်စွာ ပြုံးသွားခဲ့ပြီး ...

''လူဌေးကပြောတော့ ဟိုအရင်က မင်း အဲဒီဘက်အခြမ်းမှာတွေ သွားသွားရေးနေတယ်ဆို ..''

''ဟုတ်တယ်၊ ဒီဘက်မှာ သိပ်မရင်းနှီးတော့ လူဌေးတို့၊ မိုးဆွေတို့မရှိရင် မနေတတ်တာနဲ့ သွားထိုင်တာ ...''

''ဘာဖြစ်ဖြစ်ကွာ ...၊ ကဲ ... မင်းက ရိုးသားတယ်ပဲထားပါ၊ ဟို ကောင်မလေးကတော့ ...''

''ရိုးပါတယ် ကိုနေမျိုးရာ၊ သူက လူကုံထံအသိုင်းအဝိုင်းမှာ မိန်းကလေးပါ၊ ပွင့်လဲပွင့်လင်းတယ်၊ အဲဒါကြောင့် ကျွန်တော်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သူ သိက္ခာကျမှာစိုးလို့ တော်ရုံအရေးတကြီးအကြောင်းမရှိဘဲ မတွေ့ဖြစ်တာ ...''

''ကောင်မလေးက တော်တော်စိတ်ဝင်စားနေတဲ့ပုံ'' ဆိုတဲ့စကားကို အလုပ်ရုံတစ်ရုံလုံး ပြောနေကြတာပါ။ သမိုင်း ကတော့ မိန်းကလေးကို ကာကွယ်ပြောနေ၏။ ဒါလည်း မြင့်မြတ်တဲ့စိတ်ဓာတ်ပဲလေ ..။

ကိုနေမျိုးက လင်းတချို့ မှောင်တချို့နှင့် တိုက်ကြီးဆီငေးကြည့်နေရင်း ခေါင်းညိတ်၍ ...

''အေးလေ .. ငါက အပြောင်အပြက်ပြောချင်လို့ မဟုတ်ပါဘူး။ မင်းရိုးသားတာကို သဘောလဲကျပါတယ်၊ ဒါပေမယ့် ရိုးသားတဲ့ဂုဏ်က နေရာတကာတော့ မခမ်းနားဘူးကွ၊ တကယ့်ကိုရိုးသားနေရင် ကိုယ့်အယူအဆနဲ့ကိုယ် ကျေနပ်နိုင်ဦးမယ်၊ ရိုးသားဟန်ဆောင်နေတာဆိုရင် လူမသိသူမသိနဲ့ ကိုယ်ပဲ ပင်ပန်းဆင်းရဲရတာ၊ မင်းကိုပြောချင်တာက ရိုးသားမှုကို ကြိုးစားတဲ့နေရာမှာပဲထားလိုက်ပါ၊ နှလုံးသားရေးရာမှာ ဟန်ဆောင်နေရင် မင်း ဒဏ်ရာပြင်းပြင်းနဲ့ လဲလိမ့်မယ်''

ကိုနေမျိုးပြန်သွားတော့ သူ့ရဲ့ဝဲဘက်ရင်အုံကို ပြန်စမ်းကြည့်မိသည်။

ဒဏ်ရာပြင်းထန်နေပြီလား ... ...။





အခန်း (၃၆)

''မင်း မပြီးသေးဘူးလား သမိုင်း''

''ပြီးပြီ၊ ဆားကစ်ပြားတွေမစုံလို့ ရှာနေတာ ..''

နေရာမှထ၍ အလုပ်တွေကို လက်စသပ်လိုက်သည်။ ဧွေးလွင်က စီးကရက်မီးညှိနေရင်း သူလုပ်ကိုင်နေတာတွေ ပြီးတဲ့အထိစောင့်ကာ..

''နေ့လယ်က ကြီးလုံကို မင်းဘာလို့ထွက်မတွေ့လိုက်တာလဲ''

ဒေါ်လုံမေကို သူနဲ့ရင်းနှီးတဲ့သူ တစ်ယောက်စနှစ်ယောက်စက ကြီးလုံလို့ပဲခေါ်ကြ၏။ သမိုင်း ဒီဘက်လှည့်လာတော့ ဧွေးလွင်က စီးကရက်ဘူးနဲ့မီးခြစ်ကို ကမ်းပေး၍ ...

''အရေးကြီးတယ်လို့ ပြောတယ်ကွ၊ မောင်မောင်လဲ နိုင်ငံခြားထွက်သွားပြီတဲ့၊ တစ်ခုခုပြောစရာရှိနေသလားမသိဘူး''

သမိုင်း က တစ်ဖက်က စီးကရက်ရှိုက်ရင်း ဘူးနဲ့မီးခြစ်ကို ပြန်လှမ်းပေးကာ ...

''ငါ ဒီည ခဏတော့သွားမှာပါ''

''ဘာဖြစ်လို့မပြန်ချင်တာလဲ၊ မင်းရဲ့အဘွား ကျိုင်ရှားမို့လား''



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်စ ဒီတစ်စ အနည်းအကျဉ်းလောက်တော့သိထား ကြတာမို့ ငွေးလွှင်က ထပ်မေးသည်။ သမိုင်း က စီးကရက်ကိုင်လျက် အပြင် ဝရန်တာဘက်ကို ထွက်သွား၏။

ငွေးလွှင် ကလည်းလိုက်၍ ...

"ခုတစ်လော မင်းကိုမေးတဲ့လူတွေ ခဏခဏပဲနော်"

ပြုံးရိပ်သမ်းနေသည့် ငွေးလွှင်မျက်လုံးတွေကို သမိုင်း က ဘေ သလိုလုပ်နေ၏။ ကိုယ့်ပြဿနာတွေကို ကိုယ်သာသိပါသည်။ လူတွေ အထင်ကြီးအားကျဖွယ်ထင်ရပေမယ့် သူ နိမ့်ပါးကျရှုံးခဲ့ရသမျှ ပြဿနာ တွေနဲ့ပတ်သက်ပြီး အစမကောင်းခဲ့လို့ အနှောင်းမသေချာခဲ့ရခြင်း တွေကို ဘယ်သူသိမှာလဲ။

အများသူငါအတွက် ဘဝမှာ အလှဆုံးအချိန်ဟု သတ်မှတ်ကြ သည့် တက္ကသိုလ်စာမျက်နှာများဟာ သူ့ဘဝအတွက်တော့ အကျည်း တန်အရုပ်ဆိုးလွန်းသော မင်နီကြက်ခြေများနှင့် ပြည့်နက်လျက်သာ။

လူတကာ၏ ဟားတိုက်လှောင်ရယ်သံတွေ၊ သနားကရုဏာ ဖြစ် သွားကြတဲ့ စုတ်သပ်နှစ်သိမ့်သံတွေ ...။ ဒါတွေကို မေ့မရနိုင်ခဲ့သည့် အကြောင်းများထဲမှာ စောင်းလက်ခတ် ဆိုသော မိန်းမလှတစ်ယောက် ကြောင့် ပိုခက်သည်။ သူမကို မေ့ချင်ပေမယ့် မရ။ ထားခဲ့ပြီးဖြစ်ပါလျက် နှင့် ပတ်သက်နေမိဆဲဖြစ်ခဲ့၏။ သူမနဲ့မှ တိုက်ဆိုင်မှုတွေဖြစ်ခဲ့ရတာ ဒီနေ့ထိ မပြီးနိုင်သေးပေ။

အဆိုးအကောင်း၊ တော်ခြင်း၊ ညံ့ခြင်းကို ကောင်းစွာဆင်ခြင် ပိုင်း ဖြတ်နိုင်သည့်လူပင်မဆိုထားနှင့်၊ တိရစ္ဆာန်တွေတောင် သာယာမှုကို နှစ်သက်တတ်ကြသည်။ ချစ်ဖွယ်သောစကားတွေကိုသာဆို၍ မြင်တိုင်း လှနေသည့် မိန်းမလှလေးတစ်ယောက်အပေါ်မှာ ဘယ်သောအခါမှ မတုန် လှုပ်မိအောင်နေပေမယ့် ရင်ဘတ်ထဲမှာ တဒိတ်ဒိတ်ခေါင့်ခုန်နေသည့် နှလုံးသွေးတို့က ကျောက်စက်ရေတွေမဟုတ် ...။





ဦးနှောက်က အကြိမ်ကြိမ်ပယ်ချနေသည့်ကြားမှ တဒိတ်ဒိတ်ခုန်၍ ညှိအော်ဟစ်နေကြသည်။ သူမကြောင့် အိပ်ရေးပျက်ခဲ့ရသည့်ညတွေ ညှိးတော့တာ ကိုယ်သာအသိဆုံး ..။

"သမိုင်း ..."

စိတ်ကူးထဲမှာ ခဏလေးနစ်သွားတုန်း ငွေးလွှင်ခေါ်သံကြောင့် ပြန်ဝင်၏။

"မင်းကို လာလာမေးနေတဲ့ကောင်မလေး ဟိုဘက်တိုက်ကဆို မင်းသိပြီးပြီလား"

တစ်ဖက်ခြမ်းက တိုက်ကြီးကို မေးဆတ်ပြတော့ မတုန်လှုပ်သည့် မှာနှင့် သမိုင်း ခေါင်းညိတ်လိုက်ကာ ...

"သိတယ်၊ အဲဒီတိုက်မှာနေတာမဟုတ်ပါဘူး၊ ခဏတဖြုတ် တာ .."

'ဒါကျတော့ သိနေသားနဲ့' ဆိုသည့်အပြုံးနှင့် ငွေးလွှင် က ရယ် ...

"ဟုတ်ပါတယ်၊ ငါပြောချင်တာ အဲဒါပါ၊ ကောင်မလေးက လှ ယ်နော်၊ သူ့မိဘကလဲ တော်တော်ချမ်းသာတယ်တဲ့၊ ဘာပဲဖြစ်ဖြစ် ကျွားပဲကွာ၊ မင်းပုံစံကိုကြည့်ပြီး ငါတို့ အသည်းယားနေကြတာ၊ ရောက်ခင် မြားကုန်တာတော့မကောင်းပါဘူး၊ ကောင်မလေးကို ုင်ထဲကနေ ဆွဲထုတ်ဖို့ ဗွတ်အတင်းကြိုးစားနေရတာ ငါသိပါတယ်၊ သဗ္ဗန်နည်းရာကျတာပေါ့"

သူ့ စကားမဆုံးခင် သမိုင်း ကခေါင်းခါ၍...

"ငါ့ကိုမြှောက်မပေးပါနဲ့၊ ဒါတွေကို ဆုံးဖြတ်ရဲတာ၊ မရဲတာက ပ်နဲ့မဆိုင်ဘူး"

"ဟင် ... ဒါဆို မင်းစိတ်ဝင်စားနေတာတော့ တကယ်ပေါ့"

သမိုင်း ဆီက စကားအငွေ့လေးရလိုက်တာနှင့် ငွေးလွှင် အရှူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းထမေးတော့သည်။ စကားနည်းသလောက် ရင်ထဲက တစ်
တစ်ရာကို ဘယ်တော့မှ ဖွင့်ဟမတိုင်ပင်တတ်ခဲ့တဲ့ သမိုင်း။

"သမိုင်းရာ၊ မင်းရုပ်မင်းရည်နဲ့ ဘာဖြစ်လဲကွ၊ လောလောဆ
သူလို မင်း အခြေအနေမမြင့်ပေမယ့် ကိုယ့်မျိုးရိုးအဆင့်အတန်းက
နိမ့်လို့လား၊ ဘယ်နေရာမှာ မတူတန်တာရှိလဲ"

'ရှိတယ်' ဆိုသည့်စကားကို ရင်ထဲမှာ ပြတ်သားစွာဆိုမိပေမ
သမိုင်း ဘာတစ်ခွန်းမှမပြောဘဲနေလျက် ...

"မိုးတောင်ရွာလာပြီ၊ မင်း အပြင်သွားမလို့ဆို ..."

မဆီမဆိုင်မေးလိုက်တော့ ရွှေးလွင် မျက်နှာ ရှုံ့တွတွဖြစ်သွား

"အောက်ခန်းမှာ ဘယ်သူမှမရှိဘူး၊ အကုန်လုံး ရှီးရှမ်းဘက်
မင်းထွက်သွားရင် တံခါးစေ့ပစ်ခဲ့ .."

"မင်းရော .. ထမင်းထွက်မစားတော့ဘူးလား၊ ညထိ မိုးရွာနေ
မနေကလို ထွက်မစားဖြစ်ဘဲ ညဥ့်နက်မှ ဗိုက်အောင့်ဦးမယ်"

"မင်းပြန်လာမှသွားမယ်"

ရွှေးလွင် စကားဆက်ချင်ပေမယ့် မဆက်နိုင်တော့ဘဲ ထွက်လာ
၏။ မိုးစက်သံခပ်စိပ်စိပ်နှင့် ညနေခင်းခပ်မှောင်မှောင်ကိုငေးကာ
ကရက်လက်ကြားညှပ်လျက်နှင့် သမိုင်း တစ်ယောက်တည်းကျန်ခဲ့

မိုးစက်တွေ စိစိုစွတ်စွတ်ဖြစ်လာတော့ လက်ဖွဖွပိုက်ကာ ခေါင်
အစွန်းအောက်ကို နည်းနည်းဆုတ်၍ ပန်းနှင့်မှီရပ်သည်။ သူ့မျက်လုံး
ကတော့ ဘယ်ကိုပဲငေးနေနေ၊ စာရွက်ခေါက်လေးညှပ်လျက်သားရှိသ
တိုက်ကြီးဆီမှာပဲ လမ်းဆုံးနေခဲ့သည်။

"မိုးမစိုတဲ့နေရာမှာ ပြောင်းထားလိုက်တယ် သိလား" ဟု ခ
ပြောသည့်စကားသံလေးကို သတိရမိတိုင်း ပြန်လည်ဖျောက်ဖျက်
ရတာလည်း ပင်ပန်းလှန်း၏။

"တစ်ခုခုထပ်ဖြည့်ရေးမလားလို့ ခတ် ရောက်တိုင်း ပြေးကြ





တာ အမောပဲ"

"အဲဒီလူဟာ သမိုင်း ပဲဆိုတာ ဘာဖြစ်လို့ဝန်မခံတာလဲ"

"ခတ် သိတယ်၊ သမိုင်း ဝန်ခံလိုက်ပါ၊ ဟုတ်တယ်မို့လားဟင်"

သူ့ဘက်က ဝန်ခံစကားမဆိုခဲ့ဘဲ ဖွတ်တရွတ်ဝန်ခံနိုင်း၏။ ဖြစ်နိုင်ခြေ တစ်စုံတစ်ရာမှ အရိပ်အယောင်မပြဘဲလည်း သူမဘာသာ သေချာနေခဲ့သည်။ ချစ်ဖွယ်သောမျက်နှာ၊ ဝီယဝါစာသော စကားသံလေးကို မြင်သလို၊ မကြားသလို သူ ဘယ်လောက်ထိနေရမလဲ ..။

နှုတ်ဖျားမှ စီးကရက်မီးခိုးဖြူဖြူလေးတွေ တလွန့်လွန့်တက်နေတာကို ခံစားငေးရင်း မျက်တောင်ဖျားတို့ မှေးစင်းကြည့်နေမိသည့် မြင်ကွင်းထဲမှာ ထူးခြားသည့်လှုပ်ရှားမှုတွေ ဝင်လာ၏။

သမိုင်း ခပ်နွဲ့နွဲ့လက်ပိုက်မှီရပ်နေရင်းမှ ကိုယ်က မသိမသာ မတ်သွား၏။ ရေပိုက်သမားတွေ ရောက်လာကြတာကိုရော၊ ဖြုတ်ထုတ် ဆေးကြောနေကြတာရော ရွှေးလွင်နဲ့ စကားပြောနေကတည်းက သူမြင်သည်။

ခတ် တို့တိုက်ကြီး၏ ခေါင်းရင်းဘက်မှာဖြစ်သည်။ ထိုထဲက လူနှစ်ယောက်သည် မီးခြစ်ကိုင်လျက် ဟိုရှာ ဒီရှာလုပ်ရင်း ခတ် တို့တိုက်ရှေ့တံခါးတွေဆီရောက်လာ၏။

တစ်ယောက်က ခပ်မြင့်မြင့်မှာညှပ်ထားသည့်စာရွက်ခေါက်ကို လှမ်းဖြုတ်လိုက်ပြီး ရှာနေသည့်တစ်ယောက်ကို 'ဒီမှာရပြီ' ဆိုသည့်အကြောင်း စာရွက်ဖြန့်ရင်းပြ၏။ ရှာနေသူက မရှာတော့ဘဲ ကိုင်ထားသည့်မီးခြစ်ကို ကမ်းပေးလိုက်လျှင် ...

"ဟာ .. ဟေ့ .. ဟေ့လူ ..."

"ဖြောင်း .. ဖြောင်း ... ဖြောင်း ..."

စာရွက်ကို အရှည်အတိုင်း ဖြစ်သလိုလိပ်ကာ မီးခြစ်လိုက်ဟန်မြင်သည်နှင့် သူ့မျက်လုံးထဲမှာ မီးပွင့်သွား၏။ မီးခြစ်ကမီးသည် စာရွက်ကိုမစွဲဘဲ ဂက်စ်ငွေ့နောက်လိုက်သည့်မီးလို သူ့ခေါင်းထဲကိုပြေးဝင်၍



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခနဲထပေါက်သွားသလားမသိ။ အော်ကြီးဟစ်ကျယ်ခေါ်ကာ လက်
တီးလိုက်လျှင် သူတို့တွေလှမ်းမော့ကြည့်တော့ လက်ကာ ခေါင်းခါနှင့် ..

"မလုပ်နဲ့၊ အဲဒါကိုမလုပ်နဲ့၊ လုံးဝမလုပ်နဲ့နော်"

ပတ်ဝန်းကျင်နှင့်တကွသော အရာအားလုံးကို မေ့လျော့သွားခဲ့
အပေါ်ထပ်ကနေအောက်ကို ဘယ်ခြေလှမ်းတွေနှင့် ကျော်ခွ ဆင်းပြေး
မှန်းလည်းမသိဘဲ လမ်းကိုဖြတ်ကူး၏။

ရေပိုက်သမားတွေသာမကဘဲ တစ်ယောက်တည်း အော်ဟစ်ပြေး
လွှားလာသည့် သူ့အရေးအခင်းကို လမ်းပေါ်ကလူတွေတောင် တအံ့တဩ
ကြည့်နေကြ၏။

"အဲဒါကို မီးရှို့လို့မရဘူး၊ ကျွန်တော် အစားပေးမယ်"

"ကျွန်မကိုပေး .."

စာရွက်ကိုဆုပ်ကိုင်မိသည့် လက်နှစ်ဖက် ..။

"ဟင် ..."

"သမိုင်း ..."

ခတ် မျက်နှာလေးကလည်း မောဟိုက်အံ့ဩနေသလို မျက်လုံး
အဝိုင်းသားနှင့် ..။

"ဧောင်းလက်ခတ် .."

သူ ဘယ်လိုမှမယုံနိုင် ..။ ထို့ကြောင့် စာရွက်နှင့်အတူ ဖိဆုပ်ထား
မိသည့် ခတ် ရဲ့လက်ကလေးကိုလည်း လွှတ်ဖို့မေ့နေခဲ့သည်။

"ဘာဖြစ်လာကြတာလဲ၊ ထူးထူးဆန်းဆန်းပါလား၊ ဒီစာရွက်
စုတ်ကို ..."

ရေပိုက်သမားက ပိုက်ဆက်ပို့ ပိုက်သားပျောသွားအောင် အပူပေး
ပါ။ သမိုင်းနဲ့ခတ်ကို တစ်လှည့်စီကြည့်၍ စိတ်ပျက်လက်ပျက် ရှုံ့မဲ့နေ၏
ထိုအချိန်တွင် ဝတ်လွှာနဲ့စုမြတ်တို့က ကားပေါ်မှာပဲရှိနေသေးက
အံ့ဩလွန်းလို့ နှုတ်ခမ်းတွေပွင့်ဟသွားတာ တော်တော်နှင့်ပြန်မစေ့နိုင်





ကားပေါ်ကနေ ရေပိုက်သမားတွေ စာရွက်ကို မီးရှို့ဖို့လုပ်နေတာ
ကိုလှမ်းမြင်ပြီး ခတ် လှမ်းအော်တာ ကမ္ဘာပြိုတဲ့အတိုင်း ..။

"ဟိုမှာ .. ဟိုမှာ မလုပ်နဲ့နော်၊ ကားရပ်လိုက်တော့ .. ရပ်.."

ကားက မှန်အလုံတင်ထားသဖြင့် လှမ်းအော်ပေမယ့် အပြင်က
မကြားနိုင်တာကိုသိသည်။ ထို့ကြောင့် လက်ညှိုးလေးထိုး၍ တအားအော်
ရင်း ကားမောင်းနေသည့်ဝတ်လွှာကိုလည်း အတင်းဆွဲလှုပ် ရပ်နိုင်း၏။

ဒီညနေကျမှ ကားရှင်းနေသဖြင့် တိုက်ရှေ့ထိရောက်အောင် ဝတ်လွှာ
က ကားကိုလိမ့်ဝင်ပစ်လိုက်၏။ သူမတို့သုံးယောက်စလုံး၏ အာရုံတွေထဲ
မှာ စာရွက်နှင့်မီးခြစ်မှလွဲ၍ ရုတ်တရက် ဘာကိုမှမမြင်တော့ဘဲ ဖြစ်သွားခဲ့
ကြတာအမှန်ပင်။

ခတ် ပြေးဆင်းသွားတဲ့အထိ သမိုင်း ပြေးလာတာကို သတိမထား
မိကြတာလည်း တကယ် ..။ နှစ်ယောက် တစ်ပြိုင်နက် လက်ချင်း
ထပ်ဆုပ်မိကြကာမှ ...

"သမိုင်း ..."

ခတ် ၏ နောက်ထပ် ကတုန်ကယင်ခေါ်လိုက်သံလေးကြားမှ သူ့
လက်ကိုလွှတ်မိသည်။ ပြီးတော့ ရေစိုနေသည့်ဆံပင်တွေကို တစ်ချက်သပ်
၍ မျက်နှာလွှဲဖို့ကြိုးစား၏။

"ဒီရက်ပိုင်းမှာ သမိုင်း ကိုတွေ့ဖို့ ခတ် အမျိုးမျိုးကြိုးစားတယ်
သိလား၊ ဒါပေမယ့် ခုလာတာက သမိုင်းကိုရှာတာမဟုတ်ပါဘူး၊ ခရီး
သွားတော့မှာမို့လို့ ဒါလေးကို လာပြန်သိမ်းတာ .."

သမိုင်းဘက်က လှုပ်ရှားမှုတစ်စုံတစ်ရာဖြစ်သွားခြင်းကို မျှော်စောင့်
ရင်း ခတ် က သူ့မျက်နှာတစောင်းကို မော့ငေးနေ၏။ ထိုစဉ် မိုးက
သည်းလာသည်။ စုမြတ် က ထီးဆောင်း၍ အနားရောက်လာကာ ..

"နောက်နည်းနည်းဆုတ်လေ၊ ခြေထောက်တွေ မိုးစင်လိမ့်မယ်"

လက်ကိုဆွဲပေးမယ့် ခတ် က ပြန်ရုန်းကာ ...



www.burmeseclassic.com

"ခတ် လေ .. မယုံနိုင်အောင်ပဲ သိလား၊ သမိုင်း ဒါလေးကို ယူထားပေးနော်"

လက်ထဲရောက်လာသည့်စာရွက်ခေါက်လေးကို ဆုပ်ကိုင်ထားလိုက်မိကာ ခတ် မျက်နှာလေးကို ခပ်စောင်းစောင်းငဲ့ကြည့်မိ၏။ မိုးစက်မိုးသားရောင်တို့ဖြင့် ညှိမှောင်နေသည့် နေဝင်ရီသရောက ရှိနေသင့်သော အလင်းအားကိုတောင် လုံလောက်စွာမပေးနိုင်တော့ဘဲရှိ၏။ ဒါပေမယ့် အနက်ရောင်ဆွယ်တာလက်ရှည်လေးနှင့် ဆံပင်တွေ ဖြန့်ချထားသည့် ခတ် မျက်နှာဝင်းဝင်းလေးကတော့ မှတ်မှတ်စင်စင်လှပလျက် ..။

"ပြီးတော့လေ .. သမိုင်း စိတ်ဝင်စားတဲ့အခါ မဆုံးသေးတဲ့ စာကြောင်းလေးကို ဖြည့်ရေးထားပေး .."

မိုးက ပိုသည်းလာ၏။ မိုးနိုသူတချို့ ထပ်ရောက်လာသဖြင့် စူးစမ်းကြည့်လာသူတွေရှေ့မှာ ခတ် တစ်ဖက်သတ်ခံစားကြေညာနေတာကို စုမြတ် က မကြည့်ဖြူနိုင်တော့ပေ။

"နေကောင်းတာမဟုတ်ဘဲနဲ့ မိုးရေတွေစိုကုန်ပြီ ခတ်ရာ၊ သွားမယ်"

မကြည်လင်သည့်အကြည့်တစ်ချက် သမိုင်း ဆီရောသွား၏။ သမိုင်းက အကြည့်နှင့် မျက်လုံးချင်းဆုံတော့ စုမြတ် က ဆတ်ခနဲ လွှဲပစ်၏။

ယောကျ်ားဖြစ်ပြီး ဘာမှလည်း မာန်တက်စရာမရှိဘဲ မာန်တွေတက်နေတာ ..။ ဒီလောက်ထိ အေးစက်စက်ဖြစ်နိုင်လွန်းတာကို မကျေနပ်ပေ။

"သမိုင်း ..."

စုမြတ်ထံအကြည့်ရောက်သွားသည့် သမိုင်း ကို ခတ် က ခေါ်လိုက်ကာ ...

"သမိုင်း တစ်ခုခုပြောစရာရှိသေးလားဟင်၊ ခတ် သွားတော့မယ်"

သမိုင်း က စာရွက်ခေါက်လေးကိုငုံ့ကြည့်ပြီး ခေါင်းခါ၍ ...

"မရှိပါဘူး"

ခတ် ငေးခနဲဖြစ်လျက် မရိုတရိလေးပြုံး၏။ ပြီးတော့ သွားလေ





တွေပေါ်အောင်ရယ်ကာ ...

"ဒါဆို သွားမယ်နော်"

သွားမယ်နော် လို့နှုတ်ဆက်လိုက်သည်နှင့် စုမြတ် က ခပ်တည်တည်မျက်နှာလေးနှင့် အနားကပ်လာပြီး ထီးမိုးပေးသည်။ ဒီလောက်ထိ မတုန်မလှုပ် ဂရုမစိုက်ဘဲနေနိုင်ရအောင် ဒီက ရွက်ကြမ်းရေကျို ပုံစံလောက်နဲ့ အညတရ မိန်းမချိုးလား၊ ဒါမှမဟုတ်ရင် သင်းက လူမဟုတ်တဲ့ ကျောက်ဆစ်ရုပ်လား ..။

လိုက်မှန်းသိလို့ ပြေးနေတာ၊ ခယနေလို့ လူပါးဝတာ၊ မုန်းဖို့ကောင်းလိုက်တာမှ .. ဟွန်း ...။ ကိုယ့်လူကတော့ ဒီစာရွက်လေးတစ်ရွက်ကို ရောဂါသည်းပြီး မအိပ်နိုင်၊ မစားနိုင် ..။ ဂရုမစိုက်ပြီးရင်း မစိုက်နေတာကို ရှက်ရမှန်းမသိ၊ မုန်းရမှန်းမသိ။

'နေပါစေတော့ဟာ၊ ငါနေတတ်အောင် ကြိုးစားမှာပါ' လို့ အားလျှော့စကားပြောပြီး ခရီးသွားတော့ဖို့ ဆုံးဖြတ်လိုက်တာတောင် 'ဟို စာရွက်လေး သွားယူဦးမယ်' တဲ့။

ဟိုလူတွေ မီးရှို့ဖို့လုပ်နေတာမြင်လို့ ကားပေါ်ကနေ အသံပြာအောင် အော်ပြီး ပြေးဆင်းတာ ရပ်ပေးလိုက်တာမြန်လို့ပေါ့။ နည်းနည်းလေး နောက်ကျလျှင် ကားပေါ်ကနေ ခိုင်ဗင်ထိုးချမလားမသိ။

"စောင်းလက်ခတ် .."

ခတ် ကိုလည်းမပြောရက်ဘဲ တစ်ယောက်တည်းဒေါသတွေထွက်ပြီး ခတ် လက်ကလေးကိုတောင် ဆုပ်ကိုင်ထားမိသေးသည်။ မင်းသမီးကတော့ ဘယ်တုန်းကတည်းက မင်းသားရဲ့ခေါ်သံကို မျှော်လင့်နေခဲ့သည်မသိ၊ ခေါ်လိုက်တာနှင့် ဖျတ်ခနဲလှည့်ကြည့်၏။

"ဘယ်ကိုသွားမှာလဲ"

"မိုးကုတ်ကိုသွားမှာ၊ သတိရရင် ဖုန်းဆက်လေ၊ နောက်တွေ့ရင် စုမြတ်တို့ဆီက ဖုန်းနံပါတ်ယူထားလိုက် .."

www.burmeseclassic.com



ခတ် စကားပြောရင်း ကားထဲဝင်ထိုင်ပြီးသားဖြစ်သွားတာ စုမြတ် တွန်းတင်လိုက်တာပါ။ သမိုင်း ကတော့ အစကတည်းက မိုးရေကျ နေတဲ့ဘက်မှာမို့ ရပ်ကျန်ခဲ့တော့လည်း ထိုနေရာမှာပဲဖြစ်လျက် ...

"စုမြတ် ကလဲဟာ .. ငါ ..."

"တော်ပြီလေ၊ နင်ပဲ တော်ပါပြီ၊ နေပါစေတော့ဆိုလို့ အခု လိုက်ပို့ပေးတာ .."

"အဲဒါက ..."

"အဟွန်း .. စာရွက်လေး ပြေးယူလိုက်တာကြည့်ပြီး ဖီးလ်တွေ ဖြစ်သွားပြန်ပြီလား၊ ဒီနေရာမှာ ဘယ်လောက်ပေါက်ကွဲသင့်လဲ၊ တော်ပါတော့ မိခတ်ရယ်"

"စုမြတ်ရယ်၊ သူများတွေရင်ထဲက ခံစားချက်တွေကို ကိုယ့်အထင်နဲ့ ဝေဖန်မနေပါနဲ့"

ဝတ်လွှာ က ကားဘက်ခ်ဆုတ်ရင်းပြောတော့ စုမြတ် က ဒေါသ မစင်သည့်မျက်နှာနှင့် လှည့်ကြည့်၏။

"အဲဒါကြောင့် သူ့ကို ငါတို့အလိုလိုက်ခဲ့တာတွေ ပြန်တွေးကြည့်ဦးလေ၊ ဟိုပြေးစုံစမ်း၊ ဒီလိုက်မိတ်ဖွဲ့၊ နေသမိုင်း ဆိုတဲ့ကောင် ဒီလောက်တောင် ဘုန်းကံမြင့်မားမှန်း ခုမှပိုသိတော့တယ်"

ဟုတ်တော့လည်းဟုတ်သည် ဆိုသည့်သက်ပြင်းလေးနှင့် ဝတ်လွှာ ငြိမ်သွား၏။ ခတ် ကတော့ သမိုင်း လမ်းကူးပြန်သွားသည့်ပုံရိပ်လေး ပျောက်သွားတဲ့အထိ လည်ပင်းလိမ်အောင်ကြည့်နေဆဲ ..။

သူများတွေ ထင်ကြေးများစွာနှင့် ဝေဖန်ပြောဆိုနေကြပေမယ့် ခတ်ရင်ထဲမှာတော့ ...

ဘယ်သူ ဘာပြောပြော ချစ်တယ် ... ...။





## အခန်း (၃၇)

"ဟိုတုန်းကလိုမျက်နှာမျိုးမဟုတ်ဘူး သား၊ အရမ်းကို နူးညံ့ အေးချမ်းနေတာ၊ တကယ်ပြောတာပါ၊ သွားတွေ့လိုက်ပါ လူလေးရယ်.. နော်၊ မမကြီးက နေ့တိုင်းမေးနေတာ ..."

မောင်မောင်မရှိတော့လို့ ကိုယ့်ကို တစ်ခုခု အတိုအတောင်းနိုင်းချင်တာမျိုးလားဟု တွေးလိုက်မိသေးသည်။ ဒါကို ကြီးလုံကလည်း တွေးမိပုံပေါ်ကာ တွန့်ဆုတ်ဆုတ်ဖြစ်နေသည့် သူ့လက်မောင်းကို အားမလိုအားမရ ကိုင်လှုပ်၍ နှစ်သိမ့်ခဲ့၏။

"ကလေးတွေမှမဟုတ်တာ လူလေးရယ်၊ ဟိုတစ်ယောက်မရှိလို့ ဒီတစ်ယောက်ကိုခေါ်တာမျိုးလဲမဟုတ်ပါဘူး၊ လူလေးက မရှိလို့ အကဲခတ်နိုင်တာ၊ မမကြီး မောင်မောင် မသွားခင် တရှောင်ရှောင်ဖြစ်သွားကတည်းက အမူအရာတွေ အရမ်းပြောင်းသွားတာ၊ လူလေးအပေါ်မှာ သူ တစ်ခုခု ခံစားချက်ပြောင်းနေတာဖြစ်နိုင်ပါတယ်"

သူ ညဦးပိုင်း ကြီးလုံဆီဝင်ခဲ့တုန်း ဝမ်းသာအားရကြီးဖြစ်ကာ အိမ်ကြီးဆီကိုသွားဖို့ လွှတ်ခဲ့တာဖြစ်သည်။ အဘွားနဲ့ရင်ဆိုင်ရတိုင်း ကိုယ့်ရဲ့သမိုင်းရာဇဝင်တွေ အစပေါ်သည်။ အဖေလည်းမနေရ၊ အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



လည်းမနေရ၊ ဆွေစဉ်မျိုးဆက်အတိုင်း နောက်ကြောင်းတွေကို တူးဆွပြီး ဆဲရေးတာထက် ပိုခံရခက်စေသောစကားတွေနှင့် ပစ်ပေါက်သည်။

မခေါ်ဘဲသွားမိတိုင်း ဆွဲထုတ်မတတ် နှင်လွှတ်ခံရ၏။ ဘာရယ် မဟုတ်ပါ။ သူ အဲဒီဘက်ကိုရောက်ရောက်သွားမိတာက မေမေ့ဓာတ်ပုံကြီး ဧည့်ခန်းမှာရှိနေတာကို ကြည့်မဝနိုင်လို့ ..။

ငယ်ငယ်တုန်းကဆို ပြေးချောင်းကြည့်လိုက်၊ ပြန်လှည့်ပြေးလိုက်..။ အရွယ်လေးရလာတော့ မေမေ့ပုံကိုမဟုတ်ဘဲ မေမေနဲ့ တော်တော်ဆင်တူသောအဘွားကို ခင်တွယ်ချင်ခဲ့သည်။ သူက ကိုယ့်ကိုမုန်းနေပေမယ့် သွေး ဆိုသည့် ဆက်သွယ်ချက်က သူ့ကိုကျတော့ မုန်းခွင့်မပေးခဲ့ပေ။ ရက်စက်မှု ကြေကွဲသည်ဆိုတာ သူ့အတွက်ပဲ ဖြစ်ခဲ့သည်လား။

အဘွားကို နာကြည်းသလိုလို တစ်ခါတလေ မခံရပ်နိုင်အောင် ကြေကွဲခဲ့ရဖူးတာတွေရှိသည်။ ဒါပေမယ့် အားလုံးဟာ တာရှည်ခံဝေဒနာ မဟုတ်ခဲ့ဘဲ ထွက်သွားဖို့ကြိုးစားတိုင်းလည်း မအောင်မြင်။

ခုတော့ မောင်မောင်ထွက်သွားတော့မည်ဆိုတာ သိလိုက်ကတည်းက ကိုယ့်ကြောင့်လို့ ခေါင်းစဉ်ကျန်ရစ်ခဲ့မည်ကိုသိကာ တကယ်သွားပြီ ဆိုတော့ ပိုညစ်သွား၏။

အဘွားနဲ့ နောက်ထပ်ပြင်းထန်သော ပဋိပက္ခတွေ မဖြစ်ချင်တော့သည်မို့ ရှောင်ထွက်ခဲ့ရခြင်းဖြစ်သည့်နောက်တွင် ...

"အဘွား .. ကျွန်တော်ရောက်ပါပြီ"

သူရောက်လာသည့်အကြောင်း ကြီးလုံက အကြောင်းကြားထားပြီးပါပြီ။ ထို့ကြောင့် ဒေါ်နေညွှန့်ရီ၏ဓာတ်ပုံကြီးရှေ့မှာ ငေးနေသည့် ဒေါ်မိမိညွှန့်ကလည်း သူ့ကိုစောင့်နေတာပဲဖြစ်နိုင်၏။

အသံပေးလိုက်သည်နှင့် ဒီဘက်ကိုလှည့်ကြည့်လာသောမျက်ဝန်းမှာ မျက်ရည်စတွေနှင့် ..။ သမိုင်း မျက်လွှာချပစ်လိုက်မိသည်။

အဘွားရှေ့ရောက်ပြီဆို တစ်ခုခုပစ်ပေါက်ပြောဆိုနေကျအတိုင်း





ပြောဦးမှာပဲဆိုသည့်အသိနှင့် အကြည့်ချင်းရင်မဆိုင်ရဲတာ အကျင့်ပါနေခဲ့သည်။

ဒေါ်မိမိညွှန့်ကတော့ သမိုင်း ကို ခုမှမြင်ဖူးသည့်လူလို ခြေဖျား ခေါင်းဖျားအထိ အပြန်ပြန်အလှန်လှန်ကြည့်သည်။ ပြီးတော့ နောက်ထပ် ဝေ့တက်လာသည့်မျက်ရည်တွေကို မျက်တောင်ဖျားနှင့် ပုတ်ခတ် သိမ်းဆည်း၍ ...

"ဝင်ခဲ့ကြလေ .."

ဝင်ခဲ့ကြဆိုတော့ သူမပါပါသည်မို့ နောက်မှာရပ်နေသည့် ဒေါ်လုံမေ ရှေ့ကိုဝင်လိုက်ခဲ့သည်။ သမိုင်း က ဒေါ်မိမိညွှန့်နှင့် မလှမ်းမကမ်းနေရာ မှာ ဒူးထောက်ထိုင်လိုက်ပြီး ဒေါ်လုံမေက ဘေးမှာ မတ်တတ်။

"ထပါ၊ ဆိုဖာပေါ်မှာထိုင်ပါ"

သမိုင်း ဖျတ်ခနဲ မော့ကြည့်၏။ ဒေါ်မိမိညွှန့်က မျက်ရည်စတို့ကို သိမ်းဆည်းနိုင်ဖို့ကြိုးစားရင်း ရွှံ့ကျောက်အံဆွဲတစ်ခုထဲက တစ်စုံတစ်ရာကို သွားထုတ်ယူတော့ တချွင်ချွင်မြည်သွား၏။

"ဒါက မင်းမေမေရဲ့ အိပ်ခန်းသော့နဲ့ အထဲက ဗီရိုအံဆွဲသော့ တွေ ..."

သမိုင်း ရှေ့မှာချပေးလိုက်ရင်း ဘေးက တစ်ယောက်ခုံမှာ လေးဖင့်စွာထိုင်လိုက်သည်။

"အဘွားကိုခွင့်လွှတ်ပါ၊ အဲဒါကိုပြောချင်လို့ ဘယ်လိုပြောရမှန်း မသိဘူး၊ မင်းအပေါ်မှာ အဘွားက ..."

ဒေါ်မိမိညွှန့် အသံတွေ တိမ်ဝင်သွားကာ မျက်နှာငုံ့ကျသွား၏။

"မင်းကို အဘွား ရက်စက်ခဲ့တယ်၊ သမီးကြီးကိုချစ်တဲ့စိတ်နဲ့ အတ္တတွေကြီးခဲ့တာပါ၊ ဒါတွေဟာ ..ခုတော့ ..."

လူကြီးမို့ ခံစားချက်တွေ နှင့်သီးလာတော့ မခံနိုင်။ ရှိုက်သံမထွက် အောင်ထိန်းရင်း ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။

"မမကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အဘွား ..."

သမိုင်းနဲ့ဒေါ်လုံမေတို့ ဒေါ်မိမိညိုကို ပြေးရှုတွဲထူလိုက်၏။ သမိုင်းက ယပ်တောင်ယူ၍ စိုးရိမ်တကြီးခတ်သည်။

"အဘွား ... အဘွား ..."

"အင်း .. ရတယ်၊ ရပါပြီ"

ဒေါ်မိမိညို သတိမလစ်ပါ။ မှုံဝေနေသည့်ခေါင်းထဲမှာ လေအေးအေးလေးဝင်လာတော့ သက်သောင့်သက်သာဖြစ်သွား၏။ မျက်လုံးတွေဖွင့်လိုက်တော့ သူ့ခြေထောက်နားမှာ ဒူးထောက်လျက် စိုးရိမ်တကြီးမော့ကြည့်နေသော သမိုင်း မျက်နှာကိုပဲ ဦးဆုံးမြင်ရကာ ...

"မြေး ..."

နှုတ်ဖျားမှ တိုးသဲ့သောခေါ်သံသည် သမိုင်း နားထဲမှာတော့ ရေခဲမြစ်ကြီးထဲကို ဗွမ်းခနဲ ပြုတ်ကျသွားသလိုပင်။ သုပ်ခနဲ တုန်ခါသွားကာ အေးစိမ့်ကြည့်နူးခြင်းဖြင့် ...

"အဘွား .. ကျွန်တော့်ကို .. အဘွား ..."

"မောင်မောင်မရှိလို့ မင်းကို အဘွား ဂရုစိုက်တာမဟုတ်ဘူး"

ဘာမှရှင်းပြစရာမလိုဘဲ ယုံကြည်နေသည့်စိတ်နှင့် သမိုင်း ခေါင်းညိတ်လိုက်သည်။

"သူမရှိလို့မဟုတ်ပါဘူး၊ မရှိချင်တဲ့သူကို မရှိခွင့်ပေးလိုက်တာ၊ အဘွား ကြည်ကြည်ဖြူဖြူနဲ့ သွားခွင့်ပေးခဲ့တာပါ"

တစ်သက်လုံး မြှုပ်ကွယ်နေခဲ့သည့် သွေးသားကြင်နာမှုဟာ သမိုင်းကို သေလုအောင် ထိုးကြိတ်နေခဲ့သည့်မြင်ကွင်းကြောင့် အံ့ကြွလာမှုခြင်းဖြစ်၏။ ထို့ကြောင့် ကိုယ့်စိတ်ကိုနားလည်လိုက်သည်မှာ သမိုင်းကို ဒီခြံဒီဝင်းထဲမှာပဲထား၍ ကြည့်ရှုစောင့်ရှောက်နေခဲ့ခြင်းဟာ သူမ ကိုယ့်ကိုယ်ကို ခံယူခဲ့သလို မရှုံသာလို့မဟုတ်၊ စေတနာ မေတ္တာခေါင်းပါးစွာ အမုန်းများနဲ့လည်းမဟုတ်ခဲ့ဘဲ မြေး ဆိုသည့် သွေးသားသံယောဇဉ်နှင့်သာဖြစ်လေသည်။





တယူသန်အတ္တစွဲနှင့် ဘယ်လိုပဲ ပစ်စလက်ခတ်ထားခဲ့ပါစေ၊ တစ်ပါးသူလက်ချက်ကြောင့် အနာတရဖြစ်မည်ဆိုလျှင် သွေးတစ်စက်တောင်မှ စွန့်ထင်းမခံနိုင်။ ထို့ပြင် အနာတရဖြစ်စေသူဟာ မောင်မောင်ဖြစ်နေသည့်အတွက် နာကျင်ခဲ့ရသည့်ဝေဒနာက မေးနှစ်လက်နှင့် တစ်ပြိုင်တည်း ထိုးစိုက်ခံလိုက်ရသည့်အတိုင်း ..။

သူမ တောင်းပန်နေမိပေမယ့် ရင်ထဲမှာခံစားရသလောက်တော့ မပြောနိုင်ခဲ့ပါ။ ဖြစ်ကြောင်းကုန်စင်ဖွင့်ချပြီး ရှင်းလိုက်တာနှင့် မြေးနှစ်ယောက်၏ပဋိပက္ခက ဒီ့ထက် အဆများစွာ ပိုမိုလာဖို့တွေရှိနေသည်။ ထို့ကြောင့် ...

"အဘွား .. ဒီစကားတွေကို ပြောချင်နေတာ ကြာပါပြီ၊ ဒါပေမယ့် မြေး နားလည်ပါ့မလားလို့ စိုးတယ်၊ မယုံမှာလဲကြောက်တယ်၊ မောင်မောင် မရှိတော့လို့ ခေါ်လိုက်သလိုဖြစ်ရင်လဲ အဘွားကိုခွင့်လွှတ်ပါကွယ်၊ မဟုတ်ဘူးဆိုတာကလွဲလို့ ..."

သူမ သေချာမရှင်းချင်တော့ပါ။ တကယ်တော့ ဘဝတစ်လျှောက်လုံးမှာ သမိုင်းနဲ့ဒေါ်လုံမေကိုပဲ အမြင်စောင်းကာ စည်းစိမ်တွေကုန်ပြီ၊ ရောင်းလိုက်ရပြီဆိုသည့်အသံတွေ လွှင့်ခဲ့သည်။ တကယ်ယုံအောင်လည်း လှုပ်ရှားပြခဲ့သေးသည်။

သမင်လိုချင်လို့ တောခြောက်ပေမယ့် ကျားနဲ့တွေ့လို့ ပြေးခဲ့ရသည့် အဖြစ်မျိုးနှယ် ..။ 'အဘွားမှာလဲ လုံးပါးပါးပြီနော်' လို့ အထင်မြင်သေးသည့်စကားတွေပြောခဲ့တာက သူမ ချစ်ရပါသောမြေး ဖြစ်နေ၏။ သူ့အဖေ နှစ်ပေါင်းများစွာ ရုန်းကန်ရှာဖွေခဲ့တဲ့ ချမ်းသာမှုတွေထက် ကိုယ့်မှာ အဆပေါင်းများစွာရှိနေသေးတယ်ဆိုတာ နှုတ်ဆက်ချိန်ကျမှ ဘယ်လိုဖွင့်ပြောမလဲ ..။

သို့တည်းမဟုတ် သမိုင်းကိုမုန်းတဲ့စိတ်နဲ့ပဲ ရှိနေတဲ့အချိန်ဆိုလျှင် ..

"အဘွားမှာ ဘာမှမရှိတော့ဘူးဆိုပြီး ဆင်းရဲမှာကြောက်လို့ မြေး



www.burmeseclassic.com

www.burmeseclassic.com



အမေဆီကိုသွားချင်တာလား၊ မသွားပါနဲ့ မြေးရယ်၊ အဘွားမှာ ဘာတစ်ခုမှ မချို့ယွင်းသေးဘူး၊ ရွှေငွေရတနာတွေအားလုံး အပြည့်ရှိတယ်၊ သမိုင်းတို့တူဝရီး မက်မောမနေအောင် တမင်ဟန်ဆောင်နေပြတာ ...''

ဟု မြေးဖြစ်တဲ့သူကို ချော့မော့ပြောဆိုမိဦးမှာပါ။ ခုတော့ ကိုယ်ကလည်း ဟန်ဆောင်နဲ့မိသည်၊ သူကလည်း ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက တစ်ယောက်နှစ်မျက်နှာဘဝနဲ့ ဟန်ဆောင်လာခဲ့တာ ကိုယ့်ထက်တောင် တော်နေပါသေးသည်။

ဘာတစ်ခုမှမသိနဲ့ဘဲ တစ်ယောက်တည်းနဲ့ စိတ်မျက်နှာနှစ်ဖက်ကို လက်နက်မဲ့ရင်ဆိုင်နေခဲ့ရရှာသူက သမိုင်း တစ်ယောက်တည်း။ ဟန်ဆောင်နိုင်လှချည်ရဲ့ ဆိုသည့်အံ့ဩမှုဟာ ဘာမှမပေါက်ကွဲခဲ့ပေမယ့် တစ်သက်လုံး အချစ်ကြီးချစ်လာခဲ့သမျှကို ခဏလေးအတွင်းမှာ စွန့်လွှတ်နိုင်တဲ့အထိ အေးစက်ထုံထိုင်းခြင်းကို ဖြစ်စေခဲ့သည်။

မေတ္တာ၏သဘောတရား ဘယ်သို့ရှိသည်ကိုမသိပါ၊ ဒါပေမယ့် ချစ်ခဲ့တဲ့သူကို ထားခဲ့လိုက်နိုင်ပြီး မုန်းနေသည်ထင်သည့်လူကို မျှော်လင့်တမ်းတသော ချစ်ခြင်းများဖြင့် ...

''အဘွားကိုနားလည်တယ်၊ ယုံကြည်တယ်ဆိုရင် ပြီးခဲ့တဲ့အတိတ်ကိုမေ့လိုက်ပြီး အဘွားရဲ့အရိပ်အောက်မှာနေဖို့ ပြန်လာခဲ့ပါ၊ မြေးရဲ့ မေမေအခန်းမှာပဲနေပါ၊ အဘွား တောင်းပန်ပါတယ်၊ မြေး နစ်နာခဲ့ရသမျှအတွက် ...''

''မဟုတ်ပါဘူး၊ ကျွန်တော် အဲဒီလိုတစ်ခါမှမတွက်ခဲ့ပါဘူး အဘွားရယ်၊ မတောင်းပန်ပါနဲ့၊ ဟိုတုန်းကတည်းက ခုချိန်ထိ ကျွန်တော် အဘွားရဲ့အရိပ်အောက်မှာပဲနေခဲ့တာပါ၊ ခု အပြင်မှာနေမိတာကလဲ ဟို.. မောင်မောင်ကိစ္စကြောင့် .. ကျွန်တော့်ကို အဘွား ...''

ဒေါ်မိမိညိုက သူ့လက်အစုံကို ဖျစ်ညှပ်လိုက်သဖြင့် စကားက ဒီမှာပဲရပ်သွား၏။





''အဘွား ဝမ်းသာလိုက်တာ၊ မြေး တကယ်ကျေနပ်တယ်ဆိုရင်လေ .. ခုကစပြီး အိမ်ထောင်တွေကျ၊ သားတွေ သမီးတွေရတဲ့အထိ အိုကွယ် ... နောင်သက်တစ်ဆုံးအထိ ဒီမှာပဲနေပါ၊ မြေးကသာ ထပ်ခွဲသွားဦးမယ်ဆိုရင် အဘွားမှားခဲ့တဲ့အမှားတွေနဲ့ပေါင်းပြီး ခုထက် အဆပေါင်းများစွာ အဘွား ခံစားရမှာ ...''

ဒေါ်လုံ့မေ့မှာ ဘာစကားမှမပြောနိုင်ခဲ့ဘဲ မျက်ရည်တွေပဲ သုတ်လို့မနိုင် ..။ ဒေါ်မိမိညို၏ပခုံးတစ်ဖက်မှာ သမိုင်း၏နဖူး ထိကပ်သွားချိန်၊ ဒေါ်မိမိညို၏ ကြင်နာသောလက်နှစ်ဖက်က သမိုင်း၏ခေါင်းထက်မှာ တယုတယပွေ့ပိုက်လိုက်ချိန်တွင် ...

နွေးထွေးသော စီးကြောင်းတစ်ခု သူမ၏နှလုံးအိမ်ဆီ တိုးဝင်စီးမျောလာသလိုပင်။ လိုချင်ခဲ့တာ မေတ္တာပါ၊ ကလေးရဲ့ဘဝတစ်လျှောက်လုံး ငတ်မွတ်ခဲ့ရှာတာလည်း မေတ္တာပဲဖြစ်၏။

ဒီလိုသာ နွေးထွေးကြင်နာသည့် မိသားစုဘဝကို ရရှိမည်ဆိုလျှင် နောက်ထပ် ဘယ်လိုအခက်အခဲမျိုးကိုမှ ကြောက်ရွံ့နောက်တွန့်ဖို့ မလိုတော့ပေ။

ဒါဟာ သည်းခံမျိုသိပ်ခဲ့ရသည့်အကြောင်းတွေကြောင့် အကျိုးဖြစ်ခဲ့သည်လား ..။ မေတ္တာလက်နက်သည် အရာရာကို အောင်နိုင်သည်ဖြစ်ရာ ... ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

ကားဂိတ်နားက မုန့်ဆိုင်လေးမှာ တစ်ယောက်တည်းထိုင်ရင်း နာရီကြည့်လိုက်၊ ကားမျှော်လိုက်နှင့် ခတ် မျက်နှာလေးပျက်နေတာကို သတိထားကြည့်နေသည့်လူရှိလျှင် သိမှာပင်။

စုမြတ်နဲ့ဝတ်လွှာ ဒီညနေကားနှင့် ပါလာမည်ဟု အသေအချာ ဖုန်းဆက်ထားသည်။ ထို့ပြင် 'နင်ကြားချင်တဲ့ စကားလက်ဆောင်တွေ အများကြီးပြောဖို့ရှိတယ်' လို့ စုမြတ်က မက်လုံးပေးသွားခဲ့၏။

သူမ မိုးကုတ်ကိုရောက်နေခဲ့တာ ဆယ်ရက်တိတိရှိပြီ။ 'သူ့ကို ဖုန်းနံပါတ်ပေးလိုက်ပါ' ဟု အတန်တန်မှာခဲ့သဖြင့် သမိုင်း ဆီကဖုန်းကိုမျှော်နေခဲ့တုန်း စုမြတ် ကဆက်တော့ ရင်မောသွားခဲ့သေး၏။

"နင့်လူက အလကားပါ၊ ငါပြောသားပဲ၊ ဘာနံပါတ်မှမတောင်းပါဘူး" စသည့် စကားတွေပဲကြားရတော့မည်ထင်ခဲ့သည်။ တကယ်ပြောတော့ ကျေနပ်အားရနေသည့်အသံကြီးနှင့် ...

"သြော် .. ဝမ်းသာစရာစကားတွေပေါ့၊ တကယ်ပါဆို ..."

"မပြောနိုင်ပါဘူး၊ လာမှပြောမယ်" တဲ့။





သမိုင်း အကြောင်းလားဟု ဖုန်းမချခင် အသည်းအသန်မေးတော့ 'ဟုတ်တယ်' ဟုပြောပြီး ဖုန်းချပစ်၏။ ထိုစကားနှစ်လုံးကပဲ ရင်ခုန်သံများနှင့်နှိပ်စက်ကာ တစ်ညလုံးအိပ်ပျက်ခဲ့ရ၏။

ဖုန်းတောင်မှဆက်ဖော်မရသည့်အဖြစ်မှာ စုမြတ်တို့ပြောသည့် ဝမ်းသာစရာအကြောင်းက ဘာဖြစ်နိုင်မလဲ ..။

နာရီကိုငုံ့ကြည့်ပြီး ရှေ့မှာဒီတိုင်းရှိနေသည့်အအေးဘူးကို အလုပ်မရှိ အလုပ်ရှာဖောက်ဖို့စိတ်ကူးနှင့် လက်လှမ်းလိုက်စဉ် ...

"အစ်မ ..."

"ဟင် ..."

"ဒီမှာ .. လူတစ်ယောက်က စာပေးခိုင်းလို့ .."

"ဘယ်သူ .."

"မသိဘူးခင်ဗျ .."

ခတ် လက်ထဲကိုရောက်လာသည့် စာရွက်ခေါက်လေးကိုမြင်သည်နှင့် ရင်ထဲမှာ ဒိန်းခနဲမြည်ဟည်းသွား၏။ ခေါက်ရိုးရာများမှာ အဆမတန်ကြေနေပြီဖြစ်သည့် စာရွက်လေးဟာ ...

"ဒါ ..."

ခတ် ကိုယ်လေး ဆတ်ခနဲတောင့်မတ်သွားသည်။ ဖြန့်ကြည့်လိုက်တော့ သမိုင်းနဲ့ သူမရဲ့ သံယောဇဉ်ခေါက်ချိုးတံတားလေးဖြစ်သော ပန်းလိုချင်သည့်ကောင်မလေးရဲ့ ပန်းချီပုံ။ ဒါပေမယ့် ခုတော့ နောက်ထပ်ပုံသေးသေးလေးတစ်ပုံ ထပ်ဖြည့်ဆွဲထားလို့ပါ။

ခတ် ဆွဲထားသည့်ကောင်မလေးပုံစံ၊ ဒီဂါဝန်လေးနဲ့ပဲဖြစ်ကာ ဘေးမှာ သူမအရွယ် ကောင်လေးတစ်ယောက်နှင့် နှစ်ယောက်တွဲပုံလေး ..။

ကောင်လေးက တစ်ဖက်မှာ ချူတံလေးကိုင်လျက် တစ်ဖက်ကလက်နှင့် ကောင်မလေးကို ပန်းတွေပေးနေသည်။ ထို့ပြင် ပုံရဲ့အောက်နားမှာ NTM ဆိုသည့် စာလုံးလေးတွေကို ဆိုင်းပုံစံ လှလှပပထိုးထား၏။



www.burmeseclassic.com

www.burmeseclassic.com



"သမိုင်း …"

ခတ် နေရာမှ ဖျတ်ခနဲထရပ်၏။ စာရွက်လေးကို ကမန်းကတန်း ပြန်ခေါက်၍ အိတ်ထဲထည့်လိုက်ကာ ပြေးထွက်တော့မလိုပြင်ပြီးမှ အအေးဖိုးပိုက်ဆံထုတ်ရပြန်သည်။

ရင်ခုန်ခြင်းသာမက လက်တွေပါတုန်ကာ ဆိုင်ထဲကထွက်လာခဲ့တဲ့အထိ ဘာလုပ်ရမှန်းလည်းမသိ။ သမိုင်း ရောက်နေတာလား၊ စုမြတ်တို့လား ..။ မဟုတ်ဘူး .. စုမြတ်တို့ပါလာမယ့်ကားက လာမှမလာသေးတာ ..။

ဒီမှာ တခြားတည်းခိုစရာ အသိမိတ်ဆွေမရှိဘဲ စုမြတ်တို့ကတော့ သူမကို စနောက်ဖို့အတွက် ညအိပ်ညနေ ဒုက္ခခံနေမှာမဟုတ်။ ဒါလည်း သေချာပါသည်။

သမိုင်း ရှိနေရမည်။ ခတ် ဟိုပြေးရမလို၊ ဒီပြေးရမလိုနှင့် အိုးပတ်ဝန်းကျင်မှာလည်း ဘယ်ကြည့်ကြည့် သမိုင်း ကိုမမြင် ..။ စိတ်ထဲမှာ ယုံနိုင်ခြင်း၊ မယုံနိုင်ခြင်းက လွန်ဆွဲနေဆဲဖြစ်လျက် ကားနှစ်စီး ရပ်ထားသည့်ဘက်ကို အပြေးတစ်ပိုင်းသွားမိ၏။

ကားနားထားတာမို့ လူတွေလည်းမရှိ၊ ရှိနေသည့် လူတစ်ယောက်၊ နှစ်ယောက်စကလည်း ခေါင်းပင်မဖော်အားကြပေ။ ထိုစဉ် ခတ် ဒီဘက်ကို ဆတ်ခနဲ ပြန်အလှည့် …

"အား …"

"ဆောရီးဗျာ …"

တစ်စုံတစ်ယောက်နှင့် အင့်ခနဲတိုက်မိပြီး …

"ဆောရီးနော် .."

"သမိုင်း .."

ခတ် က ဝမ်းသာအားရခေါ်လျှင် သမိုင်း က ပြန်ပြုံးပြကာ ..

"တစ်ယောက်တည်းလား၊ ဟိုနှစ်ယောက်ရော .."





ခတ် ဘာမှမဖြေနိုင်။ သမိုင်း သည် သူမ ထင်ခဲ့သော ပုံရိပ်အမျိုးမျိုးထဲမှ တစ်ခုနဲ့မှမဟုတ်ဘဲ သာမန်မိတ်ဆွေတစ်ယောက်ကို နှုတ်ဆက်သည့်အပြုံးနှင့် …။

"သမိုင်း …"

နောက်ထပ်ခေါ်လိုက်မိတဲ့အထိ ခတ် ဘာမှ ရှေ့ဆက်မပြောနိုင်။ သမိုင်း သည် သူမ မမြင်ဖူးခဲ့သော တင့်တယ်ချောမွေ့သည့်ပုံစံနှင့်ဖြစ်နေခဲ့ပြီ။

အဖြူခွတ်ခွတ် ဆွယ်တာလက်ရှည်၊ ဘောင်းဘီရှည်အညိုဖျော့နှင့် စီးထားသည့်ရှူးဖိနပ်အနက်ရောင်က လက်တောက်နေ၏။ အင်္ကျီအဖြူရောင်ကိုပဲဝတ်တာတစ်ခုမှလွဲလျှင် အားလုံး ပြောင်းလဲနေခဲ့သည်။ ခပ်နွမ်းနွမ်းပုံစံနဲ့တုန်းကလည်း သမိုင်း က အရောင်မမှိန်ပါ။

ခုလိုကျတော့ ပို၍တင့်တယ်နေခဲ့သည်။ သူ့ကို မယုံနိုင်စွာကြည့်နေမိရင်း ကိုယ့်စိတ်ကူးတွေကို ပြန်ပြီး ဆုံးမနေရသည်။

သမိုင်း မမှားပါ။ တစ်ဖက်သတ်ရူးနေခဲ့ရတာက ကိုယ်ပဲ၊ သူ့ဘက်က ဘယ်တုန်းကမှ မလှုပ်ရှား၊ မယိမ်းယိုင်ခဲ့ပါဘဲ …

"သြော် .. အင်း .. ဆောရီးနော်၊ ခတ် ကလဲ အလောတကြီးဖြစ်သွားတာ၊ ခတ် လဲမှားပါတယ်"

"ဘာတွေလောကြီးစရာရှိလို့လဲ၊ အကူအညီလိုရင်ပြောလေ"

ခတ် က ကြေကွဲသလိုလေးပြုံး၏။ ပြောင်းလဲသွားတာတွေမှာ သမိုင်း စကားပြောတတ်လာခြင်းက အမှတ်တရပါလား ..။

"ရပါတယ်၊ ဘာမှမဟုတ်ဘူး၊ ဟို .. သမိုင်း မိုးကုတ်ကိုရောက်နေတာလားဟင်"

"အင်း … ကိုယ့်အဖေက မိုးကုတ်သားလေ၊ ကျောက်တွင်းသူဌေးတွေဘာတွေတော့မဟုတ်ပါဘူး၊ မြို့လယ်ရပ်ကွက်မှာလေ"

"သြော် …"



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ဖူးစာပါတော့ ဖေဖေ ဆယ်နှစ်သားလောက်မှာပဲ ရန်ကုန်ကိုပြောင်းခဲ့ကြတာတဲ့"

"ဟုတ်လား၊ ခတ် တို့ဖေဖေကလဲ မိုးကုတ်ဇာတိပဲလေ၊ ဒီမှာ ဆွေမျိုးတွေအများကြီးပဲ"

"တိုက်ဆိုင်ပြန်ပြီနော်"

ခတ် ငိုချင်နေပါပြီ။ မေးချင်တာတွေ ပါးစပ်ထဲမှာ ယားနေသည်။ ဘာမှလည်းမမေးရဲ ..။ ဒါပေမယ့် ဒီတိုင်း နှုတ်ဆက်သွားဖို့ကလည်း မဖြစ်နိုင်ဘဲရှိရာ ...

"သမိုင်း ..."

"ဟင် ..."

"ဟို.. ဟိုလေ.. သမိုင်း စုမြတ်တို့နဲ့ ဆုံဖြစ်သေးလားဟင် .."

"ဆုံတယ်၊ သူတို့က ကိုယ့်ကို မကြည်ကြဘူးထင်လို့ .."

"အဟွန်း .. အဲဒီလိုပုံစံဖြစ်ခဲ့ရင် ခတ် တောင်းပန်ပါတယ်"

မျက်တောင်တွေ တဖျပ်ဖျပ်ခတ်ရင်း ခတ် မျက်နှာလေးငုံ့ကျသွားတာကို သမိုင်း က လိုက်ငုံ့ကြည့်၏။

"ဒါဆို ခတ် သွားမယ်နော်"

သူ့ရှေ့မှာ မျက်ရည်ကျဖို့တော့ ရှက်မိပါ၏။ ထို့ကြောင့် သူ့ဆီက စကားကိုမစောင့်ဘဲ ခတ် လှည့်ထွက်လာခဲ့သည်။

"စောင်းလက်ခတ် .."

ပခုံးမှာလွယ်ထားသည့် ဆလင်းဘက်ခ်အိတ်ကြိုးလေး တင်းခနဲဖြစ်သွားသည်။ ပြီးတော့ ပခုံးမှလျှောကာ လက်မောင်းကနေ တောက်လျှောက် ကျွတ်ထွက်သွားခဲ့ပြီး ...

"ဘာမှမေးစရာမရှိတော့ဘူးလား"

"ဟင် ..."

သူက ခတ် ရဲ့အိတ်လေးကိုကိုင်၍ ရှေ့တိုးလာသည်။ ပါးပြင်





တစ်ဖက်မှာ မျက်ရည်ကြောင်းလေး စွန်းထင်နေပြီဖြစ်သည့် ခတ် မျက်နှာလေးကို ငုံ့မိုးကြည့်ပြီး နူးညံ့ရိဝေသောမျက်ဝန်းများနှင့် ပြုံးသည်။

"ကိုယ်ပန်းပေးထားတယ်လေ၊ တစ်နည်းအားဖြင့် ဝန်ချတောင်းပန်တာပါ၊ ခွင့်မလွှတ်နိုင်ဘူးဆိုတဲ့သဘောနဲ့ ကျောခိုင်းသွားတာလား"

ခတ် သူ့မျက်နှာကိုငေးရင်း မယုံနိုင်ပေမယ့် နှုတ်ခမ်းသားလေးတွေ ပြုံးချိုသွား၏။ သမိုင်း က သူ့မ ပခုံးတစ်ဖက်မှာ ဆလင်းဘက်ခ်အိတ်လေးကို အသာလေး ပြန်ချိတ်ပေးလိုက်ပြီး ...

"ကိုယ့် အဆင့်တွေလွန်သွားတဲ့အတွက် တောင်းပန်ပါတယ်၊ ဒါပေမယ့် မင်းအတွက်ခံစားချက်တွေက ကိုယ်ထင်တာထက်ပိုပြီး ရင်းနှီးနေခဲ့လို့ ..."

ခတ် ရှေ့မှာ နီးနီးကပ်ကပ်လေးရပ်ပြီး လက်ဖဝါးလေးတစ်ဖက်ကို မရဲတရဲ ဆုပ်ကိုင်သည်။ ပြီးတော့ ဖိညှစ်ဆုပ်၏။

"မင်းကိုချစ်တယ်"

ခတ် မျက်ဝန်းမှာ မျက်ရည်တွေ နောက်ထပ်နေရာယူကြ၏။ ဒါက လှိုက်လှဲကြည်နူးခြင်းမှဖန်ဆင်းသော ရင်ခုန်သံများရဲ့အမိန့် ..။

"ပြောပါဦး၊ ကိုယ့်ကို နားလည်ပေးမှာလား၊ ကိုယ် ကျီစားတာ လွန်သွားလားဟင်၊ အားလုံးအတွက် အထပ်ထပ်တောင်းပန်တာပါ"

"သမိုင်း ရယ် .."

ပါးပြင်ထက်ကမျက်ရည်ကို သူသုတ်ပေးတော့ သူ့ရင်ခွင်ထဲကို တိုးဝင်နဲ့မိသည်။ ထိုအခါ မျက်ရည်တို့သည် ပျော်ပျော်ကြီး ကြွေဆင်းနေခဲ့ပြီး ...

"သမိုင်း ကို ခတ် ဘယ်တော့မှ အပြစ်မြင်မိမှာမဟုတ်ဘူး၊ အမြစ်တွယ်ခဲ့တာကိုက နားလည်တဲ့သံယောဇဉ်တွေနဲ့ပါ"

ခတ် ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိ၏။ နေလှဲ ရပ်ထားသော ကားနှစ်စီး၏ ထောင့်မှန်ကျနေရာလေးဟာ ကွယ်ရိပ်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလိုဖြစ်ခဲ့သည်မို့ ခတ် ရဲ့နဖူးပြေပြေလေးမှာ အနမ်းတစ်ပွင့် မရဲတရဲ ဆင်း၏။

ကြည်နူးခြင်းနှင့်ရင်ခုန်သံနှစ်ရပ်က နှစ်ယောက်စလုံးရင်မှာ သိမ့်ခနဲ လှုပ်ကြွသွားခဲ့သည်။ ထို့နောက် ပါးပြင်လေးတစ်ဖက်ကို ပါးချင်းကပ်မိ. သလိုနှင့် ဖွဖွလေးနမ်းမိပြန်သည်။

သူ့ အနမ်းသူ့မိုးလုပ်နေပေမယ့် ခတ် က ကြည်ဖြူစွာနဲ့ပါ။ ဒီထက် မကသော အပြစ်တွေ ကျူးလွန်ပါစေ၊ သူ့ကိုမုန်းဖို့အတွက် နောက်ထပ် များပြားသော အစက်အခဲ၊ အကောက်အကွေ့များစွာ ဘယ်လောက်ရှိလာ ပါစေ၊ သူဟာ ကိုယ့်အတွက် ထာဝရရင်ခွင်သခင် ဖြစ်ခဲ့ပြီးသည့်နောက် ကိုယ့်ဘဝ၊ ကိုယ့်အချစ်နှင့် ပေးဆပ်မှုအားလုံးကြောင့် ကိုယ်ဟာ သူ့ အတွက် ... ...

သမိုင်းသစ်ကောင်းကင် ... ... ...။


ပရိသတ်အတွက်
ထာဝရ

ရွှေအသင်္ခါဝပ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သျှမ

သမိုင်းသစ်

ကောင်းကင်

www.burmeseclassic.com